www.burmeseclassic.com

ရွှေပြည်သိမ်းစာပေ

# လုံမ

အချစ်ကဖန်ဆင်းရှင်



အချစ်

လုံးချင်းဝတ္ထုသစ်

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၁၅ ခုနှစ်။

ထုတ်ဝေသူ
ဦးမြိုးကျော်သူ (၅၀၁၆) (ရွှေပြည်သိမ်းစာပေ)
အမှတ် ၂၂၁ (၄)လွှာ၊ ဗိုလ်မြတ်ထွန်းလမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ
ဦးအေးလွင် (ဝ၈၂၁၀) (ရွှေပဒေသာပုံနှိပ်တိုက်)
အမှတ် (၃၃)၊ ကျိုတော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း
ယုဝ

အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

၈၉၅. ၈၃
လုံမ
အချစ်က ဖန်ဆင်းရှင်/လုံမ။ – ရန်ကုန်။
ရွှေပြည်သိမ်းစာပေ၊ ၂၀၁၅
၂၄၄ စာ၊ ၁၂ x ၁၈ စင်တီမီတာ
(၁) အချစ်က ဖန်ဆင်းရှင်

# လုံမ

အချစ်က ဖန်ဆင်းရှင်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"သခင်လေးအဖေ သခင်ကြီးဦးသုဝေမောင်ပါသွားတဲ့ လေယာဉ် ပျက်ကျလို့တဲ့၊ မြန်မာနယ်စပ်မှာပဲရှိသေးတယ်၊ ပါသွားတဲ့လူတွေ အကုန်လုံး သေသလား၊ ရှင်သလား သတင်းအတိအကျမရသေးဘူး"

"လေယာဉ်ပျက်ကျမှတော့ အကုန်သေပြီပေါ့၊ ဒုက္ခပါပဲ၊ သခင်လေးမှာ အမေဆိုတာလည်း ခေါ်စရာရှိတော့တာမဟုတ်ဘူး၊ လူမမယ်အရွယ်လေးနဲ့ သနားစရာကောင်းလိုက်တာ"

"သူ့ကိုပြောလို့တော့ မဖြစ်သေးဘူးထင်တယ်၊ ဘယ်လိုလုပ်ကြမလဲ၊ ကလေးက ငယ်သေးတယ်၊ စိတ်ဒဏ်ရာရတော့မှာပဲ၊ ရင်နာစရာကောင်းလိုက်တာ"

"သူ့ကိုပြောမထွက်ပါဘူးကွယ်၊ မပြောကြပါနဲ့"

မပြောပါနှင့်ဟု သူ့ကိုကရုဏာသက်စွာ မကြားစေချင်သော်လည်း သူအားလုံးကြားနေရသည်။ ကြီးကြီးမြခင်နှင့် ဒရိုင်ဘာ ဖြိုးစောင့်ဦးသံလုံးတို့ ပြောနေသံကို သူကြားနေရတာပါ။

ကြီးကြီးမြခင်က ငိုနေသည်။ ဦးသံလုံးက ယောက်ျားတန်မဲ့ အကြိတ်ကာ မျက်ရည်ကျနေ၏။ ခန်းဆီးစအကွယ်မှာရပ်နေသော သူရော ငိုချလိုက်ရမှာလား။

www.burmeseclassic.com



ရှေ့ထွက်ပြီး တကယ်ဟုတ်ရဲ့လားလို့ မေးရဦးမှာလား။ ဒယ်ဒီ ပါသွားသည့်လေယာဉ် ပျက်ကျသည်ဆိုတာမယုံပါ။

ဒယ်ဒီသေသွားသည်ဆိုတာ မဖြစ်နိုင်ပါ။ ဒယ်ဒီ မြန်မြန်ပြန်လာမည်၊ သားနှင့်ကြာကြာမခွဲနိုင်ပါဘူးဟု သေချာပြောသွားခဲ့တာ မဟုတ်ပါလား။

ဒယ်ဒီက စီးပွားရေးလုပ်ငန်းရှင်ကြီးဖြစ်သော်လည်း သူ့ကိုထားပြီး ခရီးကြာကြာမထွက်ပါ။ ငါးရက် တစ်ပတ်ထက်ပိုမည့်ခရီးစဉ်ဆိုလျှင် သူ့လက်ကိုဆွဲကာ ခေါ်သွားတတ်သည်။ ဒါကြောင့်မို့လည်း နိုင်ငံတကာကိုရော မြန်မာပြည်တွင်း နေရာအနှံ့ကိုရော သူမရောက်ဖူးသည့်နေရာဆိုတာ မရှိသလောက်ပင်။

အခုက နှစ်ရက်တည်းမို့ သူ့ကိုခေါ်မသွားခဲ့တာပါ။

"သား . . ဒယ်ဒီ မြန်မြန်ပြန်လာမယ်နော်၊ နှစ်ရက်တည်းမို့ သားခရီးပန်းမှာစိုးလို့ မခေါ်သွားတာပါ၊ သားလိုချင်တာမှာလိုက်၊ ဒယ်ဒီ ဝယ်လာမယ်"

"ရပါတယ် ဒယ်ဒီ၊ သားအတွက် ဒယ်ဒီပြန်လာဖို့ပဲလိုတာပါ၊ သားအနားမှာ ဒယ်ဒီရှိရင် ပြည့်စုံနေတာပဲ၊ ဒယ်ဒီမရှိရင် သားမနေတတ်ဘူး။ အရမ်းလွမ်းတယ် သတိရတယ်၊ ပျင်းလည်းပျင်းတယ်၊ တစ်ယောက်တည်းလည်း မအိပ်တတ်ဘူး၊ မအိပ်ရဲဘူး၊ မြန်မြန်ပြန်လာပါနော် ဒယ်ဒီ"

သူ သေသေချာချာ ဒယ်ဒီကိုဖက်နမ်းပြီးမှာလိုက်တာပါ။ ဒယ်ဒီကလည်း သူ့ကိုဖက်ပွေ့နမ်းရှုံ့ပြီး သေချာကတိပေးခဲ့တာပါ။

အခုတော့ ဘာကြောင့် ဒီလိုဖြစ်သွားတာလဲ။ မာမီက သူလေး နှစ်သားအရွယ်လောက်မှာ ထားရစ်ခဲ့တာ၊ အခု သူကိုးနှစ်သားအရွယ်မှာ ဒယ်ဒီကထားခဲ့ပြန်ပြီလား။

သူဘယ်သူနဲ့နေရမှာလဲ၊ တစ်ယောက်တည်း ဘယ်လိုနေရမှာလဲ၊



ဒယ်ဒီက သူ့ဘဝပါ။ ဒယ်ဒီက သူ့ရဲ့ခိုကိုးရာပါ။

ဒယ်ဒီက . . .

"ထင်ရှားလေး . . သခင်လေး၊ အမယ်လေး အကုန်ကြားသွားပြီထင်တယ်၊ ကလေးငိုနေတယ်၊ လုပ်ပါဦး ချော့ပါဦး သံလုံးရဲ့"

ကြီးကြီးမြခင်ရဲ့အော်ဟစ်လိုက်သံကို သူမကြား။ ဒယ်ဒီပြန်လာမည့်လမ်းကိုမျှော်ငေးကာ ဒယ်ဒီအသံကိုကြားယောင်နေသည်။ ဦးသံလုံးက သူ့ကိုဖက်ပွေ့ကာ ဆိုဖာခုံမှာထိုင်စေ၏။

ကြီးကြီးမြခင်က သူ့မျက်ရည်တွေကို သုတ်ပေးရင်းနှင့် ရင်ခွင်မှာဖက်ပွေ့ထားကာ . .

"ကြီးကြီးတို့ရှိပါတယ် သားရယ်၊ သားလေး ဝမ်းမနည်းနဲ့၊ အားမငယ်နဲ့သိလား၊ သားကို ကြီးကြီးတို့စောင့်ရှောက်မှာပါ"

"ဒယ် . . ဒယ်ဒီက တကယ်သေသွားပြီလား၊ တကယ်မရှိတော့ဘူးလား"

"အဲဒါ အသေအချာမသိရသေးပါဘူး သခင်လေးရယ်၊ လေယာဉ်ပျက်ကျသွားတယ်ဆိုတဲ့ သတင်းပဲရတာပါ၊ ဘယ်နေရာမှာ ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ သေချာမသိရသေးပါဘူး၊ စက်ချို့ယွင်းပြီး အချိန်မီဆင်းနိုင်တယ်ဆိုရင် လူအသေအပျောက်နည်းမှာပါ၊ သခင်ကြီးက အသက်ရှင်ပြီး ပြန်လာနိုင်ရင် ပြန်လာမှာပါ"

"ဟုတ်တယ် . . ဒယ်ဒီပြန်လာမှာပါနော် ဦးသံလုံး၊ ဒယ်ဒီက ကျွန်တော့်ကို တစ်ယောက်တည်းမှထားလောက်ပါဘူးနော်"

"ဟုတ်ပါတယ်၊ ပြန်လာမှာပါ၊ ပြန်လာမှပါ သခင်လေး၊ သခင်ကြီးက သခင်လေးကို တစ်ယောက်တည်းမထားရက်လို့ စိတ်မချလို့ ပြန်လာမှာပါ"

ငိုသံပါကြီးနှင့်ပြောရင်း အသံထွက်ကာ ဦးသံလုံး ငိုချလိုက်တော

www.burmeseclassic.com



ကြောင့်၊ သူဝမ်းနည်းလွန်းစွာ ရင်ဝမှာဆို့နင့်နေသည်။ မသေသွားဆိုလျှင် ဘာကြောင့် ဒီလိုငိုချရတာလဲ။

ကြီးကြီးမြခင်ကလည်း သူ့ကိုဖက်ကာ သည်းထန်စွာ ရှိုက်နေသည်။

''ဘာလို့ငိုတာလဲ၊ ဘာလို့ငိုနေကြတာလဲ၊ ဒယ်ဒီ မသေသွား ပြန်လာမှာ၊ ဒယ်ဒီက သားကိုချစ်တယ် တစ်ယောက်တည်းမထားခဲ့ဘူး။ ပြန်လာမှာ၊ ပြန်လာမယ်လို့ ပြောသွားတယ် မငိုကြနဲ့၊ မျက်ရည်မကျနဲ့''

မငိုကြနဲ့ မျက်ရည်မကျနဲ့လို့ အော်ဟစ်ရင်းနှင့် သူကိုယ်တိုင် ငိုမိသည်၊ မျက်ရည်ကျမိသည်။

ဒယ်ဒီမသေနိုင်ပါဘူးလို့ အားတင်းထားသော်လည်း တစ်ယောက်တည်း ကျန်ခဲ့ရမှာကိုတွေးပြီး သူ မငိုဘဲမနေနိုင်ပါ။

ဒယ်ဒီက သူ့ဘဝ သူ့ကမ္ဘာပါ။ ပြန်လာခဲ့ပါ ဒယ်ဒီရယ်. . ။

***

# အခန်း (၂)

''ကြီးကြီး သားနဲ့လာအိပ်မယ်လေသား။ သားတစ်ယောက်တည်း မအိပ်တတ်ဘူး မဟုတ်လား''

''ဟင့်အင်း. . ဒယ်ဒီနဲ့ပဲ သားအိပ်မှာ''

''သား''

''ဒယ်ဒီက သားကိုတစ်ယောက်တည်း ဘယ်တော့မှထားမှာ မဟုတ်ပါဘူး၊ သားကို ဒယ်ဒီ ဘယ်လောက်ချစ်တယ်ဆိုတာ ကြီးကြီး သိတယ်မဟုတ်လား''

''သိတာပေါ့ သားရယ်၊ အငြိုငြင်မခံရက်အောင် အလိုလိုက်ပြီး ချစ်တာ ကြီးကြီးသိတာပေါ့၊ မိတဆိုးလေးရယ်လို့ သူ့မှာသနားပြီး တကယ်ကို မိခင်မေတ္တာရော ဖခင်မေတ္တာရောပေးပြီး ချစ်ရှာတာပါ''

''အဲဒါဆို သားကိုတစ်ယောက်တည်းထားပြီး ဘယ်ထွက်သွားပါ့မလဲ၊ ဒယ်ဒီပြန်လာမှာပါ၊ သားနဲ့အတူတူအိပ်မှာပါ၊ သားနဲ့အတူတူ လာနေမှာပါ၊ သားကို ခွဲမသွားပါဘူး။ ခွဲမထားပါဘူး''

''ဪ. . သားလေးရယ်''

ငယ်ရွယ်နုနယ်သေးသောကလေးရဲ့ ရင်ထဲမှာ ဘယ်လောက် တောင် ထိခိုက်ခံစားနေရသလဲ၊ မစားနိုင် မသောက်နိုင် မျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



ချောင်ကျနေတာက မှန်းဆစရာမလိုဘဲ ဖအေဖြစ်သူကို မျှော်လင့်စောင့်စားနေတာ သိသာပါသည်။

အဖေ့ကို သိပ်ချစ်ရှာသည့်ကလေး။ မအေမရှိလို့ ဖအေကို တွယ်ကပ်ရင်းနှင့် သံယောဇဉ် ထုထည်ကြီးမားခဲ့တာ မိမိတို့မသိလို့ မဟုတ်ပါ။ ဒါပေမဲ့ စိတ်အစွဲအလမ်းနှင့် ကလေးဒုက္ခရောက်မှာကိုတော့ စိုးရိမ်သည်။

သေသည် ရှင်သည် သေချာမသိရသေးပေမယ့် လေယာဉ်ပျက်ကျတာဆိုလျှင် အသက်ရှင်ကျန်ရစ်သူရှိပါဦးမလား။ ပြန်မလာခဲ့ဘူးဆိုလျှင်တော့ ဒီကလေးဘဝ မတွေးဝံ့စရာပင်။

''ကြီးကြီး''

''ဟင် သားလေး''

''ဒယ်ဒီက သားကို တစ်ပတ်ကျော်အောင် တစ်ခါမှခွဲမထားဖူးဘူး။ အခုလည်း ပြန်လာမှာ၊ အဲဒါကြောင့် အရင်လိုပဲ ဒယ်ဒီနဲ့အိပ်တဲ့ အိပ်ခန်းထဲမှာ သားတစ်ယောက်တည်းစောင့်မယ်၊ ကြီးကြီးဘာသာ သွားအိပ်တော့နော်''

''မဟုတ်ဘူးလေ သားရယ်၊ ကြီးကြီးစောင့်အိပ်ပါ့မယ်၊ သားလေး လန့်မှာစိုးလို့ပါ''

''ဟုတ်တယ်၊ သားလန့်မှာစိုးရတယ်၊ သားက လန့်တတ်လို့ ဒယ်ဒီက သားနဲ့အတူတူအိပ်ပေးတာပဲ၊ မအိပ်ခင် သားကိုပုံပြင်ပြောပြတယ်၊ ဘုရားစာတွေ ဆိုသိပ်တယ်၊ အိပ်ခါနီးတိုင်း ဒယ်ဒီကိုယ်တိုင် နို့တစ်ခွက်ဖျော်တိုက်တယ်၊ မနက်ဆိုလည်း သားအိပ်ရာမနိုးခင် အခန်းထဲက ထွက်သွားတယ်ဆိုတာမရှိဘူး။ သားနိုးလို့ ရေမိုးချိုးအဝတ်အစားလဲပြီးမှ ဒယ်ဒီလုပ်စရာရှိတာလုပ်တာ''

''သားမှာ အမေမရှိလို့ ဂရုစိုက်တာပေါ့ကွယ်၊ တချို့အဖေတွေ



က သားယောကျ်ားလေးဆို သိပ်ချစ်ကြတာမဟုတ်ဘူး။ သမီးမိန်းကလေးကိုပဲ ချစ်တာများတယ်၊ ဒါပေမဲ့ သားအဖေကတော့ စံပြဖခင်ပါပဲ၊ မိတဆိုးလေးဆိုပြီး အခြားအဖော် အပေါ်အပါးမရှာဘဲ၊ သားကို အရိပ်တကြည့်ကြည့် မြတ်နိုးရှာတာ''

''ဒယ်... ဒယ်ဒီကို သားမခွဲနိုင်ဘူး ကြီးကြီး၊ သားကိုချစ်တယ်ဆိုရင် ဒီလိုမထားခဲ့ရဘူးလေ၊ သားဘယ်သူနဲ့နေရမှာလဲ၊ ဘယ်သူနဲ့အိပ်ရမှာလဲ၊ သားကို နို့ဖျော်တိုက်မယ့်၊ ပုံပြောပြမယ့်၊ ဘုရားစာဆိုသိပ်မယ့် ဒယ်ဒီနဲ့ပဲနေချင်တယ်၊ ဒယ်ဒီမသေရဘူး။ သေလို့မဖြစ်ဘူး''

''အေး... အေးပါကွယ်၊ သားအဖေပြန်လာမှာပါ၊ မငိုပါနဲ့ သားရယ်၊ သားလေးတစ်နေ့လုံးလည်း ဘာမှမစားဘူး၊ ရောဂါရလိမ့်မယ်၊ ကျန်းမာရေးထိခိုက်လိမ့်မယ်''

''ထိခိုက်ချင်လည်း ထိခိုက်ပါစေ၊ ဒယ်ဒီသာ ပြန်မလာရင် ဒယ်ဒီနောက်ကို သားလိုက်သွားမှာ''

''သားလေး... မပြောကောင်းမဆိုကောင်းကွယ်''

ထင်ရှားလေးကို ဒေါ်မြခင်သနားလွန်းစွာ ထွေးဖက်ထားလိုက်မိသည်။ ဒီကလေးက မိမိလက်ပေါ်မှာ ကြီးပြင်းလာခဲ့သည့်ကလေးပါ။ နှစ်နှစ်သားအရွယ်လေးမှာ မိခင်ဆုံးတော့ မောင်ဝမ်းကွဲတော်စပ်သော သုဝေမောင်က 'မမ အိမ်မှာလာနေပေးပါ'ဟု ဖုန်းဆက်ကာခေါ်လို့ ခုချိန်ထိနေပေးနေရခြင်းပင်။

မိမိက အပျိုကြီးမို့ မောင်ကိုရော၊ မောင်ကမွေးသည့်သားကိုရော သံယောဇဉ်ဖြစ်ရပါသည်။ ထိုကလေးလေးဘဝကတည်းက မိတဆိုး ထင်ရှားသုဝေလေးအပေါ် အသနားပိုအချစ်ပိုရသည်။ အခု ဖခင်ဖြစ်သူက ဘာမှန်းသေချာမသိရသေး။ တကယ်လို့သာ ဆုံးပါးသွားပြီဆိုလျှင် အစွဲအလမ်းကြီးသော ဒီကလေးကို ဘယ်လိုဖြေသိမ့်နှစ်သိမ့်ရမလဲ။

www.burmeseclassic.com

www.burmeseclassic.com



ကလေးက ဒီအဖေမှ ဒီအဖေ။ မိခင်အစားရော ဖခင်အစားရောမို့ တခြားကလေးတွေထက် ငြိတွယ်မှုကြီးမားတာ အပြစ်မဆိုသာ။ မိမိကို အတူလာမအိပ်ပါနှင့်ဟုပြောသော်လည်း ဒီအတိုင်းစောင့်ကြည့်ဦးမှဖြစ်မှာပါ။

တစ်ယောက်တည်းအိပ်လေ့ အိပ်ထမရှိဘူးမဟုတ်လား။ အရွယ်နှင့်မလိုက်အောင် သိတတ်နားလည်သော ဒီကလေးက ဖအေဖြစ်သူအပေါ် စွဲလမ်းမှုကိုတော့ ဖြတ်လို့ရမှာမဟုတ်ပေ။

ဒီအဖေနှင့် ဒီသားနှစ်ဦးတည်း သံယောဇဉ်ကြီးစွာနေလာခဲ့ကြတာ မဟုတ်လား။

ကံတရားတွေကလည်း ကြောက်ဖို့ကောင်းလိုက်တာ။ ဒီကလေးလေးအတွက် ဘာတွေများ လုပ်ပေးရပါ့မလဲ။

***

## အခန်း (၃)

"ဘယ်လိုလုပ်ကြမလဲ သံလုံ၊ သေတယ်ဆိုလည်း ခုနစ်ရက်တစ်ပတ်ရက်လည်ဆွမ်းသွပ်ရဦးမယ်၊ ကလေးကလည်း ထမင်းမစားဟင်းမစားနဲ့ ဒုက္ခရောက်တော့မယ်၊ နှင်စုံစမ်းတဲ့ကိစ္စ ဘာထူးလာလဲ"

"ဖြစ်တဲ့နေရာကိုတော့ သိရပြီလို့ သက်ဆိုင်ရာက ပြောပါတယ်၊ လူအသေအပျောက်ကိုတော့ ဒီကလူတွေလွှတ်ပြီး သေချာစုံစမ်းခိုင်းထားတယ်တဲ့၊ သတင်းအတိအကျရတာနဲ့ သူတို့လာပြီး အကြောင်းကြားမယ်လို့ပြောတာပဲ"

သုဝေမောင်ကိစ္စက အခုထိ မရေရာသေးပါ။ နေရာက ဘယ်လောက်ဝေးလို့ အလောတကြီးစုံစမ်းတာတောင် အတိအကျမသိရသေးတာလဲ။ တကယ်ကို ရင်မောစရာပါ။

"တကယ်လို့ သုဝေသေတယ်ဆိုရင် ထင်ရှားအတွက် ငါတို့ဘယ်လိုလုပ်ကြမလဲ၊ သူ့အဖေသေရင် သူလိုက်သေမယ်လုပ်နေတာ"

"ဒီလိုပဲ ကြည့်ထိန်းရတော့မှာပေါ့ မမခင်ရယ်၊ သခင်ကြီးကတော့ တကယ်ကို စိတ်ချမှာမဟုတ်ပါဘူး။ သူ့သားကိုအရမ်းချစ်တာ၊ ကလေးကလည်း ဖအေကိုခင်တွယ်လိုက်တာမှ"

"အေးလေ . . အဲဒါကြောင့် ငါလည်းပြောတာပေါ့၊ သူ့အဖေ

www.burmeseclassic.com

www.burmeseclassic.com



သာ တကယ်သေရင် မလွယ်ပါဘူးလို့ ကျောင်းပို့ ကျောင်းကြို၊ ထမင်းကျွေးတာ ရေချိုး အဝတ်အစားလဲပေးတာကအစ တာဝန်ကျေလွန်းနွေးထွေးကြင်နာလွန်းတဲ့ ဒီအဖေကို ဘယ်လိုလုပ် ဒီကလေးခွဲနိုင်မှာလဲ၊ သူ့မျက်စိထဲမြင်ပြီး အမြဲတမ်း သတိရနေမှာပေ့ါ"

"အခုလည်း အိမ်ရှေ့မှာ လမ်းဘက်ကိုမျှော်ပြီးထိုင်နေတယ်၊ သူ့အဖေဖုန်းဆက်မလားလို့ ဖုန်းကိုကိုင်ကြည့်လိုက်၊ သူ့အဖေစီးတဲ့ ကားကိုကြည့်လိုက်နဲ့ စိတ်မချမ်းသာပါဘူး မမခင်ရယ်"

"သူ့ စိတ်အပြောင်းအလဲဖြစ်အောင် ကားနဲ့မြို့တစ်ပတ်မောင်းပို့လိုက်ပါလား"

"သခင်လေးကို ကျွန်တော်ပြောပါသေးတယ်၊ လျှောက်လည်မလာ၊ ဦးသံလုံးလိုက်ပို့မယ်ဆိုတော့ သူ့အဖေလာမှ ပို့နိုင်းမယ်တဲ့၊ ဒယ်ဒီက နေပြည်တော်ဆာဖာရီဥယျာဉ်နဲ့ ဗုဒ္ဓဂယာလိုက်ပို့မယ် ပြောထားတယ်လို့ ပြောတယ်"

"စိတ်မကောင်းလိုက်တာကွယ်၊ ညနေကျဆရာဝန်ခေါ်ပြီး စမ်းသပ်ခိုင်းဦးမှပါ၊ ညဆိုလည်း သိပ်မအိပ်ဘူး၊ သူ့အဖေကိုစောင့်နေတာတဲ့၊ စိတ်ကိုဆေးနဲ့ကုကြည့်ရဦးမှာပဲ"

"အေးလေ.. ဒီကလေးကို မမခင်ပဲ စောင့်ရှောက်ရတော့မှာ"

ရက်ကြာလာတော့ ဦးသံလုံးလည်း စိတ်ဓာတ်ကျချင်လာသည်။ သေသည် ရှင်သည် သေချာမသိရသေးသည်က စိတ်ကိုပိုပြီးထိခိုက်စေ၏။

ကိုယ်တွေမှာလည်း မစားနိုင် မသောက်နိုင် မလုပ်ချင်မကိုင်ချင်အောင် စိတ်တွေ ပင်ပန်းနေရတာပါ။

ထင်ရှားလေးဆို ဒီထက်ပိုဆိုးမည်ပေ့ါ။ သူ့အဖေ တကယ်သေသွားသည်ဆိုသော သတင်းသာအတိအကျသိရလျှင် တကယ်ပင်



လိုက်သေသွားလိမ့်မည် ထင်သည်။

ဒီလိုမဟုတ်လည်း တရိရိ စိတ်ထိခိုက်ပြီး လုံးပါးပါးမှာသေချာပါသည်။ သခင်ကြီး ဘာမှမဖြစ်ပါစေနှင့်။ မဖြစ်ပါစေနှင့်ဟု ဆုတောင်းရှင်း ...။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"ဒယ်ဒီ. . . ဒယ်ဒီ့အသံ၊ ဒယ်ဒီ ဖုန်းဆက်တယ်၊ ကြီးကြီးရေ ကြီးကြီး ဒယ်ဒီဖုန်းဆက်တယ်"

"ဟယ်. . . ဟုတ်ရဲ့လား"

ဒယ်ဒီကို ထင်ရှား စကားပြန်မပြောနိုင်သေးဘဲ ကြီးကြီးတို့ကို အရင်လှမ်းအော်လိုက်၍ ကြီးကြီးနှင့် ဦးသံလုံးပြေးလာကြသည်။ ကြီးကြီးတို့ ရောက်လာတော့လည်း ကြီးကြီးတို့ကို အာရုံမရောက်နိုင်ပါ။ ဒယ်ဒီ အသံကိုကြားရ၍ ဝမ်းသာအားရဖြစ်နေကာ. . .

"ဒယ်ဒီ. . . ဒယ်ဒီ ဘယ်မှာလဲ၊ ဒယ်ဒီ မသေဘူးနော်"

"ဒယ်ဒီ မသေပါဘူးသား။ ဒါပေမဲ့ ဒဏ်ရာတွေရထားလို့ ဒီမှာ ခဏတော့နေရဦးမယ်"

"ဒီရောက်မှ ဆေးကုလို့မရဘူးလား ဒယ်ဒီ၊ ဒီမှာဆေးကောင်း ဝါးကောင်းတွေရှိတယ်၊ ဆရာဝန်ကြီးတွေရှိတယ်"

"ဒယ်ဒီမှာ တခြားကိစ္စလေးတွေရှိလို့ပါသား၊ ဒယ်ဒီပြန်လာမှာပါ၊ ခဏပဲစောင့်နော်"

"ဟုတ်ကဲ့ပါ၊ ဒါပေမဲ့ ဒယ်ဒီကို သားလွမ်းနေ သတိရနေပြီ ဒယ်ဒီ သေပြီလို့ထင်ပြီး သားပါလိုက်သေဖို့ စဉ်းစားထားတာ"



"သားရယ်. . . ဒယ်ဒီသားလေး ဘယ်လောက်ခံစားနေရမယ် ဆိုတာ ဒယ်ဒီသိပါတယ်၊ ဒီက မြန်မာနိုင်ငံနယ်စပ်တောထဲမှာဆိုတော့ အလှမ်းဝေးလို့ ဘယ်လိုမှဆက်သွယ်လို့မရဘူးသား။ အခု ကယ်ဆယ် ရေးတွေရောက်လာလို့ သူတို့က မြို့ပေါ်ခေါ်လာတာနဲ့၊ သူတို့ဖုန်းနဲ့ပဲ သားကိုဆက်သွယ်လိုက်တာ"

"ဘာပဲဖြစ်ဖြစ် မသေလို့တော်သေးတာပဲ၊ မြန်မြန်တော့ ပြန် လာခဲ့ပါ ဒယ်ဒီ၊ ဒယ်ဒီ့ကိုမြင်ရမှ သား စိတ်ချမှာ"

"အေးပါ သားရယ်၊ ဒါဆိုဒါပဲနော် သား၊ ကြီးကြီးတို့ကိုလည်း ပြောလိုက်၊ ဒယ်ဒီနောက်မှ ဖုန်းထပ်ဆက်မယ် ဘာမှစိတ်မပူနဲ့လို့"

"ဟုတ်ကဲ့ ဒယ်ဒီ"

ဒယ်ဒီဖုန်းချသွားသည်အထိ သူဖုန်းမပိတ်မိသေးပါ။ ဒယ်ဒီ့ အသံကိုကြားရလို့ ဖော်မပြနိုင်အောင် ဝမ်းသာမိပေမယ့် ဒယ်ဒီ့အသံ ပျောက်သွားသည့်အခါမှာ လွမ်းတမ်းတသည့်စိတ်နှင့် ဝမ်းနည်းရလေ သည်။

"သား. . . သားအဖေက ဘာတဲ့လဲ၊ တကယ်သားအဖေအသံ ရော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ် ကြီးကြီးရဲ့၊ ကြီးကြီးတို့ကိုတောင် စိတ်မပူဖို့ ပြောခိုင်းသေးတယ်၊ ကြီးကြီးတို့နဲ့လည်း ဖုန်းပြောဦးမယ်တဲ့"

"အေး. . . အေး။ အဲဒါဆို ကောင်းတာပေါ့ တော်သေးတာပေါ့ ကွယ်၊ မသေကောင်း မပျောက်ကောင်း မောင်သုဝေအသက်ရှင်နေသေး လို့ တော်ပါသေးရဲ့"

"သခင်ကြီးမသေဘူးဆိုတာ ဝမ်းသာလိုက်တာ၊ ဘယ်နေ့ပြန် ရောက်မှာတဲ့လဲ သခင်လေး"

"ဒဏ်ရာတွေရထားလို့ ခဏတော့နေရဦးမယ်တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ဒဏ်ရာတွေကုဖို့က ဒီမှာထက်ပိုကောင်းတဲ့နေရာ ရှိဦးမှာတဲ့လား။ ဒဏ်ရာက ဘယ်လောက်များလို့ ကယ်ဆယ်ရေး ရဟတ်ယာဉ်တွေနဲ့ ပြန်လိုက်မလာရတာလဲ"

"မသိဘူး။ ကိစ္စလေးရှိသေးလို့လို့ပြောတယ်၊ သားလည်း မြန်မြန်ပြန်လာဖို့တော့ပြောလိုက်ပါတယ်"

"အေးလေ၊ ဘာဖြစ်ဖြစ် အသက်မသေဘူးပြန်လာမယ်ဆိုတာနဲ့ ဝမ်းသာရပါပြီ၊ သားအရမ်းပျော်နေလားဟင်"

ကြီးကြီးရဲ့အမေးကို ထင်ရှား ပျော်ရွှင်စွာနှင့်ပင် ဝမ်းသာအားရ ခေါင်းညိတ်ပြလိုက်ကာ

"ဝမ်းသာတာပေါ့ ကြီးကြီးရယ်၊ ဒယ်ဒီသေရင် သားလိုက်သေဖို့တောင် စဉ်းစားနေတာ၊ ဒယ်ဒီကို သားအရမ်းချစ်တာ ကြီးကြီး၊ သားကို အလိုလိုက်တယ်၊ ဖြည့်ဆည်းပေးတယ်၊ ဝတ္တရားတွေကျေတယ် ကျောင်းမှာဆို ဒယ်ဒီကြောင့် အရမ်းမျက်နှာပွင့်တာ၊ ငွေကြေးလည်း ချမ်းသာတယ်၊ တခြား ဖခင်တွေလုပ်လေ့လုပ်ထသိပ်မရှိတဲ့ ကျောင်းမှာ ကျောင်းကြိုလုပ်ပေးတယ်၊ ရေချိုးအဝတ်အစားလဲ၊ မတည့်တဲ့အစားအစာမစားမိဖို့ကအစ ဂရုစိုက်တတ်လို့ သူငယ်ချင်းတွေ ဝိုင်းအားကျကြတဲ့အဖြစ်ပါ"

"သားက ဒါကိုဂုဏ်ယူနေတာပေါ့၊ အေးလေ. . သားအဖေကတော့ စံပြဖခင်ပါပဲ၊ အခု အသက်မသေဘဲပြန်ရောက်လာမှ၊ သားအပေါ် မေတ္တာတရားကြီးမားလွန်းလို့ သေမင်းက လက်မခံတာဘဲဖြစ်မယ်"

"ဟုတ်မယ်. . ဟုတ်မယ် ကြီးကြီး၊ သားကညတိုင်း မသေပါစေနဲ့၊ သားကိုဂရုစိုက်ဖို့ အသက်ရှင်ပြီး ပြန်လာပါစေလို့ ဆုတောင်းနေတာ၊ သားမေတ္တာလည်း မှန်လို့ပေါ့နော်"





"ဒါပေါ့သားရယ်၊ သားတို့သားအဖ တစ်ယောက်အပေါ်တစ်ယောက်မေတ္တာမှန်ကြလို့ပေါ့"

ကြီးကြီးနှင့် ဦးသံလုံးတို့လည်း သူ့လိုပင်ပျော်နေကြသည်။ ဒယ်ဒီယုံကြည်စိတ်ချထားသောလူတွေပဲ မဟုတ်လား။ ဒယ်ဒီအပေါ် သားစုတွေထက်ပင်ကောင်းကာ တာဝန်ကျေတတ်ကြသည့်သူတွေပင်။

ကြီးကြီးက ဒယ်ဒီ့အစ်မဝမ်းကွဲပါ။ မာမီဆုံးပြီးကတည်းက ရောက်လာခဲ့တာဟု ပြောသည်။

ဦးသံလုံးကလည်း ငယ်ငယ်ကတည်းက ဒီခြံကြီးထဲမှာ အလုပ်လုပ်ခဲ့တာဖြစ်၏။ ဦးသံလုံးမှာ မွေးရာပါစကားမပီသသည့် သူနှင့်ရွယ်တူသားတစ်ယောက်ရှိသည်။

ဒယ်ဒီက ထိုကလေးကို ခြံထဲကအိမ်လေးထဲမှာထား၍ ကူညီစောင့်ရှောက်ပေးသည်။ အနည်းငယ်စာတတ်အောင်လည်း ဆရာတစ်ယောက်ခေါ်၍ ပညာသင်ပေးထား၏။ ဒါကြောင့်လည်း ဦးသံလုံးမှာ သူ့ယုံသဖွယ်တာဝန်ကျေနေခဲ့တာပါ။ မိန်းမက ထိုကလေးမွေးပြီးပြီးချင်း ဆုံးသွားတာမို့ တခြားအတွက်အတာလည်းမရှိပေ။

"ဦးသံလုံး"

"ဗျာ. . သခင်လေး"

"ဒယ်ဒီပြန်လာရင် စိတ်ကြည်ကြည်လင်လင်ဖြစ်အောင် ခြံထဲကို ရှင်းထားပါ၊ ကားကိုလည်း သေချာစစ်ဆေးထားပါ၊ ကြီးကြီးကလည်း အိမ်အားလုံး သန့်ရှင်းရေးဝန်ထမ်း ဒေါ်အေးကို တစ်အိမ်လုံးသန့်ရှင်းခိုင်းထားနော်၊ ဒယ်ဒီပြန်လာတဲ့နေ့ကျရင် ဒယ်ဒီကြိုက်တဲ့ ဟင်းလေးတွေ ချက်ထားပါ"

"အင်း. . သားလည်း သားဒယ်ဒီ ပြန်လာရင် ကျန်းကျန်းမာမာ ရှိအောင်လို့ အစားကောင်းကောင်းစားပြီး ဆေးသောက်ရမယ်၊ မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ရင် သားပိန်ကျနေတာမြင်ပြီး သားဒယ်ဒီစိတ်မကောင်းဖြစ်လိမ့်မယ်''

''ဟုတ်တယ်နော်၊ ဒယ်ဒီစိတ်မကောင်းဖြစ်သွားလိမ့်မယ်၊ သာ
ထမင်းစားမယ် ကြီးကြီး၊ ဆေးလည်းသောက်မယ်''

ထင်ရှား တက်တက်ကြွကြွ သွက်သွက်လက်လက် ချက်ချင်
ဖြစ်သွားသည်။ ကြီးကြီးဒေါ်မြခင်တို့လည်း ဝမ်းသာပျော်ရွှင်နေကြသည်

စိတ်ပင်ပန်းဆင်းရဲမှုတွေဟာ အတိတ်မှာပဲကျန်ခဲ့သလိုလို
မနက်ဖြန်။ ။ ဒါမှမဟုတ် တစ်နေ့နေ့ ဒယ်ဒီပြန်ရောက်လာမည်ဆိုတာ
ကြောင့် ။ ။ ။

***



## အခန်း (၅)

ဒယ်ဒီ ဒီနေ့ရောက်လာမည်ဆိုတာ ဖုန်းထပ်ဆက်ထားတာမို့ ဒယ်ဒီ့အတွက် အစားအသောက်ကအစ ပြင်ဆင်ချက်ပြုတ်လုပ်ကိုင်ထားကြသည်။ ကြီးကြီးမြခင်က သူတို့သားအဖအတွက်တော့ နိုင်နိုင်နင်းနင်း ချက်ပြုတ်ကျွေးတတ်သည်။

အေးအေးဆိုသည့် အိမ်အကူကတော့ ဈေးဝယ်သည့်နေ့နှင့် ချပ်လျှော် သန့်ရှင်းရေးလုပ်ရသောနေ့တွင်သာ နေ့စားအဖြစ်ရောက်လာတတ်သည်။ သားသမီးနှစ်ယောက်မွေးထား၍ ထိုတာဝန်တွေကြောင့် အိမ်မှာအချိန်ပြည့်လာမနေနိုင်ခြင်းပင်။

တခြားခေါ်ဖို့ကျတော့လည်း အိမ်မှာသူစိမ်းမထားချင်၍ ခွဲခွဲ မြဲမြဲ ဘယ်သူ့ကိုမှ ခေါ်မထားဖြစ်ပေ။

''သူစိမ်းခေါ်ရတာ အိမ်မှာလူပိုရှုပ်တာပါပဲ၊ စိတ်ခတ်မကောင်း ရင် အိမ်ကလူတွေ လုံခြုံမှုမရှိဘူး။ ခုခေတ်မှာ လူတိုင်းကိုယုံကြည်ရဖို့ က ခပ်ခက်ခက်ရယ်''

ဒယ်ဒီတို့စကားများကြောင့် လူပိုခေါ်မထားဖြစ်တာလည်းပါ သည်။

''သား ရေမိုးချိုးထားချည်တော့လေ၊ ဒယ်ဒီရောက်လာရင်



www.burmeseclassic.com

www.burmeseclassic.com



လန်းလန်းဆန်းဆန်းလေးမြင်ရအောင်''

''ဟုတ်ကဲ့ ႋ ဒါဆို သားရေချိုးလိုက်တော့မယ်''

ထင်ရှား သွက်လက်စွာပင် အပေါ်ထပ်ပြေးတက်၍ ရေအမြန်ချိုးလိုက်သည်။ ဒယ်ဒီဝယ်ပေးထားသော အဝါရောင်စပို့စ်ရှပ်လေးနှင့် အနက်ရောင်ဂျင်းဘောင်းဘီလေးကို ရွေးဝတ်လိုက်၏။

ဒယ်ဒီက အဝတ်အစားမှန်သမျှ သူနှင့်လိုက်ဖက်အောင် ရွေးဝယ်ပေးတတ်သူပါ။

ဒယ်ဒီပြန်လာလျှင် ကုန်တိုက်လိုက်ပို့နိုင်းပြီး ထပ်ဝယ်ခိုင်းရဦးမည်။

''ဒေါက်ႋ ဒေါက်''

''ဘယ်သူလဲ''

အခန်းထဲက အော်မေးလိုက်သော်လည်း အပြင်ကတုံ့ပြန်သံမကြားရချေ။ ဒါဆိုလျှင်တော့ ဦးသံလုံးရဲ့သား ရွှေအဖိုးလုံးပဲဖြစ်လိမ့်မည်။ သူအခန်းတံခါးဖွင့်ကြည့်လိုက်တော့ အမှန်တကယ်ပင် ဖိုးလုံးဖြစ်နေ၏။

''ဘာလဲကွ ဖိုးလုံး''

မေးငေါ့ကာမေးလိုက်တော့ ဖိုးလုံးက လက်ဟန်ခြေဟန်ဖြင့် အောက်မှာ ဒယ်ဒီရောက်နေပြီဟူသည့်သဘောမျိုးလုပ်ပြ၏။ သူ ဘောင်းဘီဇစ်ကို အမြန်ဆွဲလိုက်ကာ

''ဘာႋ ဒယ်ဒီရောက်နေပြီလား''

ဖိုးလုံးခေါင်းညိတ်ပြသည်။ ပြီးတော့ အအအော်လျက် လက်ဟန်ခြေဖြင့် ဘာတွေလုပ်ပြနေမှန်းမသိ။ သူဖိုးလုံးကို တွန်းထိုးရှောင်ကွင်းကာ အောက်ထပ်ဧည့်ခန်းထဲကို ပြေးဆင်းလာခဲ့သည်။

''ဒယ်ဒီ''





''သား''

သူဒယ်ဒီ့ကို မျက်ရည်ဝဲစွာဖြင့် ပြေးဖက်လိုက်သည်။ ဒယ်ဒီက သူ့မျက်နှာအနှံ့ တရှိုက်မက်မက်နမ်း၏။ သူလည်း ဒယ်ဒီ့ပါးနှစ်ဖက်ကို လွမ်းမောတမ်းတစွာ ဘယ်ပြန်ညာပြန်နမ်းပစ်လိုက်သည်။

သေပြီႋ လူ့လောကကြီးမှာ မရှိတော့ဘူး သတ်မှတ်ရတော့မလိုဖြစ်ပြီးမှ သက်ရှိထင်ရှား ကိုယ့်ရှေ့မှာ မျက်ဝါးထင်ထင်မြင်တွေ့လိုက်ရတာမဟုတ်ပါလား။

''သားလေး၊ ပိန်သွားလိုက်တာ သားရယ်၊ ဒယ်ဒီစိတ်မကောင်းလိုက်တာ၊ ဒယ်ဒီ့အတွက် အရမ်းစိုးရိမ်သွားတာလား သား''

''ဟုတ်တယ် ဒယ်ဒီ၊ ဒယ်ဒီသေရင် ဒယ်ဒီ့နောက်ကို သားလိုက်လာမလို့၊ သားတစ်ယောက်တည်း ဘယ်လိုလုပ်နေရမှာလဲ၊ သား ဒယ်ဒီနဲ့ မခွဲနိုင်ဘူး''

''အေးပါ သားရယ်၊ အခုမခွဲရတော့ပါဘူး၊ ဒယ်ဒီ အသက်မသေဘဲ သားအနားကိုပြန်ရောက်လာပြီပဲ''

''ဒယ်ဒီ ဘယ်နေရာထိခိုက်သွားသေးလဲဟင်၊ ဒဏ်ရာတွေ ဘယ်လောက်များလဲ''

''ခြေထောက်နဲ့ ရင်ဘတ်မှာ နည်းနည်းပါပဲ၊ ဒယ်ဒီတို့ဖြစ်တဲ့နေရာက ရွာနဲ့နီးတော့ ရွာသူရွာသားတွေက ချက်ချင်းပဲသက်စွန့်ဆံဖျားလာပြီး ကယ်ကြတယ်၊ တကယ်ကို ရိုးသားဖြူစင်ကြတဲ့ ရွာသူရွာသားတွေပါ၊ လေယာဉ်ကပျက်ကျတာမဟုတ်ဘဲ စက်ချို့ယွင်းမှုကြောင့် အရေးပေါ် ရတဲ့နေရာမှာဆင်းလိုက်လို့ တော်သေးတာပေါ့၊ အသက်သေပျောက်တာမရှိပါဘူး၊ ကြောက်အားလန့်အားတိုးတာ ခွေ့တာနဲ့ ဒဏ်ရာနည်းနည်းရသွားတာပဲရှိပါတယ်၊ တချို့ဒဏ်ရာပြင်းတဲ့လူနည်းနည်းပါတာကိုလည်း ရွာက ဆေးဆရာကြီးတွေက မေတ္တာနဲ့ကုပေးကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ မောင်သုဝေရယ်၊ မမတို့မှာ သတင်းကြား ကြားချင်း ထိတ်လန့်ရ ငိုကြွေးလိုက်ကြရတာ၊ ဆွမ်းပဲသွတ်ရတော့မလား ဖြစ်တဲ့နေရာမှာ အလောင်းမှရှာတွေ့ပါ့မလားနဲ့၊ ဘယ်လိုမှကိုဖြေလို့မရ ဘူး။ မင့်သားကတော့ မပြောနဲ့တော့ဟေ့၊ ထမင်းမစား ဆေးမသောက် နဲ့ မင်းနောက်လိုက်မယ်ဆိုတာချည်းပဲ၊ မင်းသတင်းသာ မြန်မြန်မရရင် သူကအရင်ဒုက္ခရောက်တော့မှာ"

"ဟုတ်လား သား။ ဒယ်ဒီ့ကို အဲလောက်တောင်ချစ်တာလား"

ရင်ခွင်မှာ ဖက်ပွေ့ထားရင်းမေးတော့ ဒယ်ဒီ့ကို သွက်လက်စွာ ခေါင်းညိတ်ပြလိုက်သည်။ ငရဲလို ခံစားခဲ့ရသည့်နေ့ရက်တွေကို ဒယ်ဒီ့ကို နောက်မှ ပြောပြရမည်။

"ဟင်"

ဒယ်ဒီ့ဘေးနံမှာ သူနှင့်ရွယ်တူလောက်ရှိနိုင်မည့် ကောင်မလေး တစ်ယောက်ထိုင်နေပါလား။ ပုံစံက စုတ်ချွန်းချွန်း စုတ်ပြတ်ပြတ် ညစ်တီး ညစ်ပတ်နှင့် ဘယ်ကကောင်မလေး သူတို့အိမ်ကိုရောက်နေရတာလဲ။ သူ့ကိုယ်ကမတ်လျက် ကောင်မလေးကို ရွံရှာသလို ခပ်စိမ်းစိမ်းကြည့်မိ စဉ်မှာ..

"ဪ..သားနဲ့မိတ်ဆက်ပေးရဦးမယ်၊ သူ့နာမည်က ကသစ် ဖြူတဲ့ သားမှတ်ထားနော်"

"သူက ဘယ်သူမို့လို့ သားကမှတ်ရမှာလဲ"

"ဪ..ဒယ်ဒီတို့ လေယာဉ်ပျက်ကျတော့ ကယ်ဆယ်ခဲ့ တဲ့ ရွာကလေ၊ ဒယ်ဒီတို့ကို ဆေးကုပေးတဲ့ဆရာကြီးရဲ့မြေးမလေး။ ဆရာကြီးကလည်း အသက်တော်တော်ကြီးနေပြီ၊ အဲဒါကြောင့် ဒယ်ဒီ က သူ့ကိုမွေးစားဖို့ခေါ်လာခဲ့တာ"

"ဟာ..ဒယ်ဒီကလည်း ဘာလို့မွေးစားမှာလဲ၊ ရှုပ်ရှုပ်ယှက် ယှက်၊ ဒယ်ဒီက သူစိမ်းတွေကိုသိပ်ယုံကြည်တတ်တဲ့လူမဟုတ်ဘူး မဟုတ်လား။ ဘာလို့ခေါ်ထားမှာလဲ ဒယ်ဒီရာ"





"သား အဲလိုမပြောရဘူးလေ၊ ကသစ်က ဒယ်ဒီ့အသက်သခင် ကျေးဇူးရှင်ရဲ့မြေးမလေးပါ၊ ဟိုမှာတုန်းက သူပဲ ဒယ်ဒီတို့ကိုချက်ပြုတ် လုပ်ကိုင်ကျွေးပြီးပြုစုတာ၊ ဆေးကြိုတာလည်းသူပဲ၊ အရမ်းကို လိမ္မာတဲ့ ကလေး၊ သားထက်တစ်နှစ်ငယ်တယ်၊ ကသစ်လို့ခေါ်ချင်ခေါ်၊ ညီမလေး လို့ ခေါ်ချင်ခေါ်"

"မခေါ်ချင်ပါဘူး"

တိုးတိတ်စွာပြောလျက်၊ ထိုကောင်မလေးကို ရွံရှာသလို မျက် မှောင်ကြုတ်ကြည့်ပစ်လိုက်သည်။ တကယ်ကိုရုပ်က နံပြည်စုတ်ပါ။ နှာခေါင်းမှာ နှပ်ချေးဖတ်နိုက်လိုက်၊ လက်သန်းကိုပါးစပ်မှာ ကိုက်နေလိုက် ဖြင့်၊ မျက်လုံးကပြူး၊ နှုတ်ခမ်းကထော်၊ အရပ်က ကလန်ကလား၊ အဝတ် အစားတွေက နွမ်းနွမ်းဖတ်ဖတ်။ သူအော့နလုံးပင်နာချင်လာသည်။

"မမခင်..ကသစ်ဖြူလေးအတွက် မမခင်အခန်းဘေးက လွတ်နေတဲ့အခန်းကို နေရာချပေးလိုက်ပါ၊ ကလေးကနေရာစိမ်း လူစိမ်း တွေနဲ့နေရမှာဆိုတော့ သူအားငယ်နေမှာစိုးလို့ နွေးနွေးထွေးထွေးဆက်ဆံ ပေးပါ မမခင်"

"စိတ်ချပါမောင်သုဝေ၊ မင်းအသက်သခင်ကျေးဇူးရှင်ရဲ့ မြေး လေးပဲ၊ မမခင်တို့ ဂရုစိုက်ရမှာပေါ့ကွယ်"

"ကသစ်ဖြူ..ဘာမှအားမငယ်နဲ့နော်သမီး။ ဦးမောင်ရဲ့သား က သမီးထက်တစ်နှစ်ကြီးတယ်၊ ကိုကိုလို့ခေါ်ရမယ်ကြားလား"

"ဟုတ်ကဲ့"

"ဟောဒါက ဦးမောင်ရဲ့အစ်မဒေါ်မြခင်၊ ကြီးကြီးလို့ခေါ်၊ သူ က ဦးသံလုံး၊ အိမ်ကြီးတစ်အိမ်လုံးကို စောင့်ရှောက်တယ်၊ ကသလည်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းတယ်''

''အႉ . . အဘားႉ . . အဘား''

အပေါ်ထပ်ကနေ ထင်ရှားကိုခေါ်ပြီး ဆင်းလာသော ဖိုးလုံးက သူ့ကိုလည်း မိတ်ဆက်ပေးစေချင်ဟန်ဖြင့် ရင်ဘတ်ကိုပုတ်ပြနေတာမို့ ဦးသုဝေမောင်သဘောပေါက်ကာ

''ကသစ်ရေ . . သူ့ကိုလည်း မှတ်ထားဦး၊ ဦးသံလုံးရဲ့သား ဖိုးလုံးတဲ့၊ မွေးရာပါစကားမပြောတတ်တာပေါ့၊ သမီးတို့နဲ့အဖော်ရမှာပါ၊ ခြံနောက်ဘက်တန်းလျားမှာနေတယ်''

''အဘားႉ . . ဘား''

''အေးပါ ဖိုးလုံးရဲ့''

ဖော်ရွေဟန်ရှိသောဖိုးလုံးကို ကသစ်ဖြူ ခင်မင်သွားခဲ့သည်။ ထင်ရှားဆိုသည့်ကောင်လေးကိုတော့ ကသစ်ဖြူ ကြည့်လို့မရပါ။ သူမကို မလိုလားတာကို ရှေ့မှာတင်ပေါ်တင်ကြီးပြောနေတာ မဟုတ်ပါလား။ အားမနာလျှာမကျိုး နှာခေါင်းတရှုံ့ရှုံ့မျက်မှောင်ကြီး ကြုတ်ကြည့်နေတာ။ သူမကို အထင်သေးရှုံ့ရှာနေသလိုပါ။

''ကသစ်ဖြူ''

''ရှင်''

''မနက်ဖြန်ကျရင် ကုန်တိုက်ကို သမီးအတွက် အဝတ်အစား ဝယ်ပေးဖို့ ခေါ်သွားမယ်၊ ဒီနေ့တော့ ခရီးပန်းလာတာဆိုတော့ နားလိုက်ပါ၊ ကြီးကြီးက သမီးနေရမယ့်အခန်းကို လိုက်ပို့လိမ့်မယ်နော် သမီး''

''ဟုတ်ကဲ့ရှင့်''

''လာ သမီးလေး''

ကသစ်ဖြူဆိုသည့် ကောင်မလေးကို ကြီးကြီးကခေါ်သွားသည်။ ဦးသံလုံးတို့သားအဖလည်း ပြန်ထွက်သွားကြ၏။





အခုမှ ညှော်ခန်းထဲမှာ သူနှင့်ဒယ်ဒီနှစ်ယောက်တည်းရှိတော့သည်။

''ဒယ်ဒီ''

''ဟင် သားလေး''

''သားကိုလည်း အဝတ်အစားဝယ်ပေးရဦးမှာနော်၊ ကုန်တိုက်ကို သားနဲ့သွားမယ်၊ ဟိုကောင်မလေးကိုခေါ်မလာခဲ့နဲ့''

''ဩော် . . သူ့အတွက် အဝတ်အစားဝယ်ရမှာ သူ့ကိုခေါ်မှ ဖြစ်မှာပေါ့သားရဲ့၊ သူ့ကိုယ်တိုင်းကို ဒယ်ဒီက မမှန်းတတ်ဘူးလေ''

''သူနဲ့အတူတူတော့ မသွားချင်ပါဘူး ဒယ်ဒီရာ၊ ရှက်စရာကြီး''

''ဘယ်နှယ့်ရှက်ရမှာလဲ၊ လူလူချင်းကို အဲလိုမပြောရဘူးလေ သားရဲ့''

''တောသူမ ညစ်ညစ်ပတ်ပတ်နဲ့ ရုပ်လည်းဆိုးတယ်''

''အဲဒါဆိုလည်း သားမှာအဝတ်အစားသစ်တွေ အများကြီးရှိသေးတာပဲ၊ သားကနောက်မှ ဝယ်လိုက်ပေါ့နော် သား''

''ဒယ်ဒီကလည်း သားကႉ . .''

''ကဲပါ သားလေးရယ်၊ သူ့ခင်မျာ အရမ်းချို့တဲ့ရှာတာပါ၊ ဒယ်ဒီ့ အသက်သခင်ကျေးဇူးရှင်ရဲ့ မြေးမလေး၊ သားကတောင် ကျေးဇူးတင်ပြီး ဂရုစိုက်ရဦးမှာ၊ သူ့ကိုမငြိုငြင်ရဘူးနော် သား''

သူနားမထောင်နိုင်သလို ငြိမ်နေလိုက်သည်။ ဒီကောင်မလေး အတွက် ဒယ်ဒီအချိန်ပေးလာမှာကို သူမကြိုက်ပါ။

ရုပ်ချောချော၊ လှလှပပ သန့်သန့်ပြန့်ပြန့်လည်းမဟုတ်။ အမြဲတမ်း နှာခေါင်းနှိုက်ပြီး လက်သန်းကိုက်တတ်တာ အဲဒီကောင်မလေးရဲ့ အကျင့်ဗီဇလား မသိပေ။

သူက ကျောင်းမှာဆိုရင်တောင် ရုပ်ချောရုပ်လှပြီး သန့်ပြန့်နေ



www.burmeseclassic.com

www.burmeseclassic.com



မှ သူငယ်ချင်းအပေါင်းအသင်းလုပ်တတ်သည့်ကောင်ပါ။

အခု ဒီလိုကောင်မလေးနှင့် တစ်အိမ်တည်းအတူနေရတော့မှာကိုတွေးပြီး၊ သူနှလုံးနာကာ အော်ဂလီဆန်ချင်နေသည်။

တကယ်ကို ရင်ထဲမှာလက်မခံနိုင်စွာဖြင့် . . . ။

***

# အခန်း (၆)

နောက်တစ်နေ့မှာ ဒယ်ဒီက ကာသစ်ဖြူကို ကုန်တိုက်ကိုခေါ်သွားပြီး အဝတ်အစားတွေ တစ်ပုံတစ်ပင် ဝယ်ချလာသည်။ သူ့အတွက်တော့ ဘာတစ်ခုမှပါမလာ။

သူ့ထက်ထိုကောင်မလေးကို ဦးစားပေးလိုက်ပြီလားဆိုသည့် အတွေးကြောင့် ကာသစ်ဖြူကို အမုန်းစိတ်တွေပိုသွားခဲ့လေသည်။ ကာသစ်ဖြူကတော့ အဝတ်အစားသစ်တွေရလို့ ဘူချွမရလောက်အောင်ပင် ပျော်နေသည်။

"ကြီးကြီးလှလားဟင်၊ သမီးနဲ့လိုက်ရဲ့လား"

"လိုက်ပါ့ လှပါ့ကွယ်၊ ဒီအဝတ်အစားတွေသာ ဝတ်လိုက်ရင် သမီးက အရမ်းကိုလှသွားမှာ"

"အဲဒါကြောင့် ဦးဦးမောင်ကို ကျေးဇူးတင်နေတာ ကြီးကြီးရဲ့၊ အဲဒီကုန်တိုက်ရဲ့အပေါ်ဆုံးထပ်မှာလေ စားသောက်ဆိုင်အကြီးကြီးလည်း ရှိတယ်၊ အဲဒီမှာလည်း မုန့်တွေအများကြီး ဝယ်ကျွေးသေးတယ်၊ စားကောင်းကောင်းနဲ့စားလိုက်တာ၊ သမီးဗိုက်ကို တင်းသွားတာပဲ"

"ဟုတ်လား . . ကြီးကြီးနေ့လယ်စာစားဖို့ ပြင်ဆင်ထားတာ မစားတော့ဘူးပေါ့၊ ဗိုက်ဆာနေတာတောင် အဆာခံပြီးစောင့်နေကြတာ"

www.burmeseclassic.com



"သူမစားဖူးတာတွေ စားဖူးအောင်ကျွေးရင်းနဲ့ ကျွန်တော် လည်း နည်းနည်းစားလာခဲ့လို့ပါ မမခင်၊ သားနဲ့မမခင်ပဲ စားလိုက်တော့၊ ကိုသံလုံးတို့ကိုပါ တစ်ခါတည်း ထမင်းတွေ ဟင်းတွေပေးလိုက်ပေ့ါ"

"ဩော် . . ထင်ရှားလေး ဘယ်လဲ"

ထင်ရှားခြေဆောင့်ကာ အပေါ်ထပ်တက်သွားသည်။ သူနှင့် ထမင်းအတူတူမစားလို့ စိတ်ကောက်သွားတာဖြစ်လိမ့်မည်။ ဒါကို ဒေါ်မြခင်သဘောပေါက်ကာ . .

"မောင်သုဝေရယ် . . မင့်သားက မင်းနဲ့ထမင်းအတူစားဖို့ စောင့်နေတာ၊ မင်းကစားခဲ့ပြီပြောတော့ သူစိတ်မကောင်းဖြစ်သွားတာပေ့ါ"

"ဩော် . . ကျွန်တော်က ဒီအချိန်လောက်ဆိုစားပြီးလောက်ပြီ ထင်လို့ ဟိုမှာတစ်ခါတည်းစားခဲ့လိုက်လို့ပါ"

"မင့်သားအကြောင်းလည်း သိသားနဲ့၊ မင်းဘယ်သွားသွား ဘယ်အချိန်တုန်းက မင်းပြန်မလာသေးဘဲ ထမင်းစားနှင့်ဖူးလို့လဲ၊ မင်းကိုယ်တိုင် ဟင်းထည့်ပေးမှ၊ တစ်ခါတလေ မင်းခွံကျွေးတာကို စားချင်တာလေ"

"သားက အသက်ပဲဆယ်နှစ်ကျော်နေပြီ၊ ကလေးစိတ်က မပျောက်သေးဘူး"

"ဒါက မင်းအလိုလိုက်ခဲ့တာတွေလေ၊ အခုမှကလေးကို အပြစ်ပြောမလို့လား"

"အပြစ်မပြောပါဘူး မမခင်ရယ်၊ ကသစ်ဖြူလေးကိုတော့ ဒီလိုမဆက်ဆံစေချင်တာ အမှန်ပဲ၊ သူ့ခင်မျာသနားစရာလေးပါ"

"အစမို့ပါကွယ်၊ သူစိမ်းတွေနဲ့ ရောရောနှောနှောမှ မနေဖူးတာ၊ နောက်တော့လည်း သံယောဇဉ်ဖြစ်သွားမှာပေ့ါ"

"အင်း . . မျှော်လင့်ရတာပဲ၊ သမီး ကသစ်ဖြူ၊ သမီးကိုကိုက နည်းနည်းဆိုးချင်တယ်၊ သမီးက ခွင့်လွှတ်နားလည်ပေးလိုက်ပါနော်"

"ဟုတ်ကဲ့ပါ ဦးဦးမောင်"

"ဒါနဲ့ ဦးဦးမောင်လို့ခေါ်မယ့်အစား ဖေဖေလို့ခေါ်ပါလား သမီး"

"ရှင်"

"သမီးမှာလည်း အဖေ အမေ မရှိတော့ဘူး မဟုတ်လား၊ ဦးမောင်ကို ဖခင်တစ်ယောက်လို သဘောထားပေ့ါ"

"ဟုတ်ကဲ့ပါရှင့်"

ကသစ်ဖြူ ဝမ်းသာသွားသည်၊ သူမလည်း မိဘမေတ္တာငတ်နေတာ မဟုတ်ပါလား၊ မိဘတွေက ငယ်ငယ်လေးကတည်းက ဆုံးပါးသွားတာမို့ အဘိုးနှင့်သာနေခဲ့ရသည်၊ အဘိုးဆေးဝါးဖော်စပ်ဖို့အတွက် အဘိုးနှင့်အတူ တောထဲမှာဆေးမြစ်တူး အခြောက်လှမ်း၊ ထုထောင်းဖြင့် အဘိုးကို ကူညီပေးရသည်။

ဟိုမှာက ကျောင်းတက်ရဖို့လည်း ခက်ခဲသည်။ အဘိုးက ပညာတတ်ကြီးဖြစ်စေချင်တာကြောင့် ရန်ကုန်မြို့ကြီးကိုထည့်လွှတ်လိုက်ခြင်းဖြစ်သည်။ တကယ်တော့ အသက်ကြီးပြီဖြစ်သော အဘိုးကို သူမ မခွဲချင်ပါ။ ဒီအချိန်မှာ အဘိုးကိုအနီးကပ်ပြုစုစောင့်ရှောက်သင့်တာပါ။

ဒါပေမဲ့ အဘိုးက သူမရဲ့အနာဂတ်ထိ ကြိုတွေးကာ လွှတ်လိုက်ခြင်းဖြစ်သည်။ အဘိုးကသေလူ။ ဘယ်နေ့သေမလဲ မသိနိုင်ဘူး၊ အဘိုးသေရင် ငါ့မြေးလေး ပညာမတတ် ဆင်းဆင်းရဲရဲနဲ့ တစ်ယောက်တည်း ယောင်လည်လည် ဒုက္ခရောက်နေမှာ။

လိုက်သွားလိုက်ပါ မြေးလေးရယ်၊ အဘိုးအတွက် နောက်ဆံမတင်းပါနဲ့၊ ရွာကလူတွေက အဘိုးကိုစောင့်ရှောက်ကြပါလိမ့်မယ်ဆိုပြီး ဇွတ်ကိုထည့်လွှတ်လိုက်တာ။

"သမီးလေး ကသစ်ဖြူ"





ရွှေပြည်သိမ်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နှမ်း…ဦးဦးအောင်…အဲ… မေမေ"

"သမီး ဘာတွေတွေးနေတာလဲ"

"ဖေဖေလို့ခေါ်နိုင်းတာကို သမီးပျော်လို့ပါ၊ သူများတွေလိုပဲ ဖေဖေ မေမေ အရမ်းခေါ်ချင်ခဲ့တာပါ၊ အခုကျတော့"

"အေးပေါ့ သမီးမိဘလို သဘောထားလိုက်ရင် ဖေဖေဖြစ်သွားပြီပေါ့"

"ကျေးဇူးတင်ပါတယ် ဖေဖေ"

"အင်း… ထင်ရှားလေးကိုတော့ သမီးတော်တော်လေးသည်းခံရမယ်၊ သူက နည်းနည်းကြီးကျယ်ချင်တယ်သမီးရဲ့၊ အဲဒါကလည်း ဖေဖေအလိုလိုက်ခဲ့လို့ပါ၊ သူလည်း အမေဖြစ်သူ ငယ်ငယ်လေးကတည်းက ဆုံးသွားလို့ မိတဆိုးလေးဖြစ်နေရှာတာ၊ အခြေအနေချင်းမတူပေမယ့် သမီးနဲ့ ဘဝတူချင်းတွေပါကွယ်"

"ဟုတ်ကဲ့ပါ သမီး သည်းခံပါ့မယ်"

လိမ္မာရေးခြားရှိသော ကသစ်ဖြူကို ဒေါ်မြခင်သံယောဇဉ်ဖြစ်သွားမိလေသည်။ ကောင်မလေးက တောသူဆိုပေမယ့် နုံနုံအအလေးတော့မဟုတ်။ အလိုက်သိပြီး ထက်မြက်မည့်ပုံပင်။ အဝတ်အစားကောင်းကောင်းလေး ဝတ်လိုက်လျှင် သန့်သန့်ပြန့်ပြန့်လေးတော့ ဖြစ်လာမှာပါ။

ထင်ရှားလေးက ညစ်တီးညစ်ပတ် ပေပေစုတ်စုတ်မကြိုက်။ သူ့ကိုယ်သူလည်း အမြဲသေသပ်စတိုင်လ်ကျအောင်နေတတ်သည်။ ကသစ်ဖြူက အသားညိုညို စုတ်ချွန်းချွန်းလေးမို့ သူ့မျက်စိထဲကြည့်လို့မရဘဲ အမြင်ကတ်နေတာဖြစ်လိမ့်မည်။

တစ်နေ့တော့ အဆင်ပြေသွားမှာပါ။ အခုတော့ ထမင်းစားအောင် သူ့အဖေကို ချော့နိုင်းမှပဲဖြစ်တော့မည်။

"မောင်သုဝေ… မင့်သားကို သွားချော့လိုက်ဦး၊ ထမင်းမစားနိုင်လည်း မင့်သားနဲ့ နည်းနည်းပါစေ၊ ဟန်ဆောင်ပန်ဆောင်တော့ စားလိုက်ဦး"



"ဟုတ်ကဲ့ပါ မမခင်၊ ကဲ… သမီးလေး အဝတ်အစားတွေကို အခန်းထဲသွားထားပြီး ဝတ်ကြည့်လိုက်ဦးနော်၊ မိန်းကလေးအသုံးအဆောင်နဲ့ ပတ်သက်တာတော့ မမခင်က ဝယ်ပေးလိုက်ပါ၊ ကျွန်တော်က သိပ်နားမလည်ဘူး"

"အေးပါကွယ် စိတ်ချပါ၊ မမခင်ဈေးသွားရင် သူ့ကိုခေါ်သွားလိုက်ပါ့မယ်၊ သမီးလေးရော မိသားစု စုံစုံညီညီထမင်းဝင်စားလိုက်ပါလား"

"ဟုတ်တယ် သမီး ဗိုက်ပြည့်လည်း နည်းနည်းတော့ စားပေါ့နော် သမီး"

"ဟုတ်ကဲ့"

ဒီလောက် ကြင်နာနွေးထွေးနေကြတာမို့ သူမ မငြင်းဆန်မိတော့ချေ။ ထင်ရှား ဆိုးသည်ဆိုလည်း ကြီးကြီးနှင့် ဖေဖေ့ရဲ့မေတ္တာကြောင့် သူမ ခွင့်လွှတ်နားလည်နိုင်အောင် ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်သည်။

မိသားစုဘဝလေးတစ်ခုပဲ ပိုင်ဆိုင်ချင်တာပါ။ သူမမှာ တခြားမျှော်လင့်ချက် ဘာမှမရှိဘူးဆိုတာ…။

***

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

"ဒေါက်.. ဒေါက်.. သားလေး"

အသံပေးရင်း အခန်းထဲဝင်လာခဲ့ချိန်မှာ သားတော်မောင်က အိပ်ရာခုတင်ပေါ်မှောက်လျှားကြီးထိုးနေလေသည်။

သားဘေးကို ဝင်ထိုင်ကာ သားကိုယ်ကြီးကို ဆွဲထူပွေ့ဖက်ထားလိုက်ပြီး

"ဘာဖြစ်လို့ စိတ်ကောက်နေတာလဲ သား၊ ထမင်းစားမယ်ဆို"

"ဒယ်ဒီက ဟိုကောင်မလေးနဲ့ စားခဲ့ပြီးပြီမဟုတ်လား၊ သားကတော့ အဆာခံပြီး ဒယ်ဒီ့ကိုစောင့်နေရတာ"

"ဟုတ်ပါပြီ၊ အခုဒယ်ဒီက သားနဲ့အတူစားမလို့ လာခေါ်တာပါ၊ ထသား ထမင်းသွားစားရအောင်"

"နေပါစေတော့၊ ဒယ်ဒီ ဗိုက်ပြည့်နေတာ ဟန်ဆောင် ဖယ်ဆောင် သားကျေနပ်အောင်စားပေးမလို့ မဟုတ်လား"

"မဟုတ်ပါဘူး သားရယ်၊ ဒယ်ဒီက သားနဲ့အတူတူ စားချင်တာပါ၊ ကသစ်ဖြူလေးကျတော့ အဲလိုတန်ဖိုးကြီး အစားအသောက်တွေ စားဖူးတာမဟုတ်ဘူးလေ၊ အဲဒါကြောင့် ဒယ်ဒီက ကျွေးခဲ့တာပါ"

"သူ့ကိုကျွေးချင်ကျွေးပေါ့၊ ဒယ်ဒီက ဘာလို့သူနဲ့အတူစားခဲ့





ရတာလဲ"

"အဟင်း.. သားလေးက သဝန်တိုနေတာပဲကွ၊ ကဲပါ ဒယ်ဒီနဲ့ ထမင်းတူတူစားရအောင်နော်သား၊ လာပါသားရယ် ဒယ်ဒီ့ကိုချစ်ရင်ထ"

ထင်ရှား စိတ်ကောက်မပြေချင်သေးသော်လည်း ဒယ်ဒီက ပွေ့ဖက်ကာ ဆွဲခေါ်နေတာကြောင့် လိုက်လာခဲ့ရသည်။ ထိုကောင်မလေးအပေါ် သူ့ထက်ဒယ်ဒီအချစ်ပိုသွားမှာ စိုးရိမ်ပါသည်။ သွေးမတော်သားမစပ်သည့် သူစိမ်းမိန်းကလေးအပေါ် ဒီလောက်ထိဂရုမစိုက်လည်းဘာဖြစ်မှာမို့လဲ။ ကျေးဇူးရှင်ရဲ့ဆွေမျိုးသားချင်းဖြစ်နေသည်ဆိုလည်းငွေကြေးထောက်ပံ့ပေးကမ်းလိုက်လျှင်ပြီးပြီပေါ့။

"ဟင်"

ထမင်းဝိုင်းမှာ ကသစ်ဖြူကို တွေ့လိုက်ရတော့ သူနှာခေါင်းရှုံ့သွားမိလေသည်။ အပြင်ကစားလာခဲ့သည်ဆိုပြီး ဘာလို့ ထမင်းဝိုင်းမှာ လာထိုင်နေရတာလဲ။

"လာ ထင်ရှားလေး၊ သားကြိုက်တဲ့ ပုစွန်တုပ်ကြီးကြီးချက်ထားတာ၊ အမဲသားလည်း နှပ်ထားတယ်"

"လာ သား"

တွန့်ဆုတ်ဆုတ်ဖြစ်နေသော သူ့ကိုဒယ်ဒီက ထိုင်ခုံမှာဆွဲ၍ထိုင်ခိုင်းသည်။

"ကြီးကြီး သမီးဖွန်းနဲ့မစားတတ်ဘူး၊ လက်နဲ့စားမယ်နော်"

"ဪ.. သမီးစားတတ်သလိုစားလေ၊ ဘေစင်မှာလက်ဆေးလိုက် သမီး"

"သမီး ခုနကဆေးထားတယ်၊ စားလိုက်တော့မယ်နော်"

"အေးအေး.. ဒါဆိုလည်း စား"



www.burmeseclassic.com

www.burmeseclassic.com



နှာခေါင်းကိုတစ်ချက်ပွတ်ဆွဲပြီးမှ ထမင်းပန်းကန်ကိုနှိုက်တော့ သူ့အော်ဂလီဆန်လျက် မျက်နှာလွှဲလိုက်ရ၏။

"ရော့ . . သမီးလေး။ ဟင်းတွေထည့်စားလေ၊ အမဲသားစားတယ်မဟုတ်လား"

"သမီး အမဲသားမစားဘူး ဖေဖေရဲ့"

"ဩော် . . ဒါဆို ပုစွန်နဲ့စား ရော့ သမီး"

"ဟာ"

ဖေဖေတွေ ဘာတွေဖြစ်လို့ သူတော်တော်လေး နားကြားပြင်းကတ်သွားသည်။ ပြီးတော့ ဒယ်ဒီက သူ့ကိုမေ့လျော့လျက် ကသစ်ဖြူ ပန်းကန်ထဲကိုပဲ ဟင်းတွေတစ်မျိုးပြီး တစ်မျိုး ခပ်ထည့်ပေးနေ၏။ သူ ဝမ်းနည်းစိတ်နှင့် တင်းသွားကာ

"ဒယ်ဒီ သားကိုထမင်းခွံ့ကျွေးပါ"

"ဟင် . . ဒယ်ဒီ ခွံ့ကျွေးရမှာလား။ သားကြိုက်တဲ့ဟင်းတွေ ကိုယ့်ဘာသာ အားရပါးရစားပါလား သားရဲ့"

"ဟင့်အင်း ဒယ်ဒီခွံ့ကျွေး"

ထင်ရှားရဲ့ကလေးဆန်မှုကြောင့် ကသစ်ဖြူ ခစ်ခနဲရယ်မိလိုက် ချိန်မှာ ထင်ရှားမျက်မှောင်ကြုတ်၍ကြည့်လာပြီး

"ရုပ်ဆိုးမ နင်က ဘာရယ်တာလဲ"

"သား အဲလိုမခေါ်ရဘူးလေ သားရဲ့"

"ခေါ်မှာပဲ ရုပ်ကဆိုးတာကို၊ လူကလည်း ညစ်ပတ်သေးတယ် ထမင်းစားတာ လက်ကြီးနဲ့ ရွံစရာကြီး၊ ပန်းကန်တွေလည်း ပေချော တာပဲ"

"တောသူဆိုတော့ ဒီလိုပဲစားတတ်လို့ပေါ့ သားရယ်၊ နောက် တော့ ကြီးကြီးက သင်ပေးမှာပါ"





"နှပ်ချေးဖတ်လည်း နှိုက်တယ်၊ လက်သန်းကချေးတွေနဲ့ ပါးစပ် မှာ ကိုက်သေးတယ်၊ သူနဲ့ထမင်းတစ်ဝိုင်းတည်း မစားချင်ဘူး ဒယ်ဒီ"

"သားရယ်၊ အဲလိုမပြောပါနဲ့ဆိုကွာ"

ကသစ်ဖြူက မျက်ရည်လေးဝဲစွာ ထမင်းဝိုင်းက ထသွားမည် ပြင်တော့ စိတ်မကောင်းဖြစ်ရသည်။ ကြီးကြီးကလက်ကို ဆွဲထားကာ

"ထိုင်စားပါ သမီးရယ်၊ စိတ်မကောင်းမဖြစ်ပါနဲ့၊ ထင်ရှားလေး က သမီးကိုခင်လို့စနေတာပါ"

"သူ့ကိုမခင်ချင်ပါဘူး ကြီးကြီးရာ၊ မြင်နေရတာရွံစရာကောင်း တယ်"

"သား . . ထပ်မပြောနဲ့တော့ကွာ၊ အဲလောက်ရိုင်းလာရင် ဒယ်ဒီ မကြိုက်ဘူး"

"ဟုတ်တာပြောတာပဲ ဒယ်ဒီ၊ သူ့ပုံစံကြည့်ပါဦး၊ မျက်နှာက လည်းကွက်ပြီး အဆီတွေပြောင်နေတာပဲ၊ အမြဲတမ်း နှာခေါင်းကိုနှိုက် တယ်၊ နှာခေါင်းမနှိုက်ရင် လက်သန်းကိုက်တယ်၊ လက်သည်းမှာလည်း ချေးတွေနဲ့၊ အဲလောက်ရွံစရာကောင်းတာရှိပါဦးမလား၊ ဆံပင်ကလည်း ကွေးကောက်ရှုပ်ပွနေတာပဲ"

"သားရယ် . . လူတစ်ယောက်ကို အဲလောက်ရှုတ်ချ ဝေဖန် တာ မကောင်းဘူးကွ၊ တောမှာနေရတာ ဘယ်မှာအလှပြင်ချိန်၊ ကိုယ် ကိုယ်ကိုယ် သချိန်ရှိမှာလဲ၊ သူတို့ဘဝလေးတွေက ထမင်းနပ်မှန်အောင် သေရုံစားရဖို့ ရုန်းကန်ရတာ သနားဖို့ကောင်းပါတယ် သားရယ်"

"သမီးလေး ဘယ်လဲ"

ဖေဖေ့ ဟန့်တားသံကြားပေမယ့် ထမင်းပန်းကန်လေးယူကာ နောက်ဖေးပေါက်ကနေ အပြင်ကိုထွက်လာခဲ့သည်၊ ဝမ်းနည်းစိတ်ကြောင့် ဖေဖေတို့ရှေ့မှာ မျက်ရည်ကျမိမှာစိုးလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အဘား. . . အဘား"

"ဟင်"

နောက်ဘက်က အုတ်ခုံလေးမှာ ထမင်းပန်းကန်ကိုင်ပြီး ထိုင်နေသော ကသစ်ဖြူအနားကို ဖိုးလုံးရောက်လာပြီး ခြေဟန်လက်ဟန်ဖြင့် ဘာဖြစ်လာတာလဲဟု မေးနေသည်။ ရွာမှာစကားမပြောတတ်သော သူငယ်ချင်းတွေနှင့် ပေါင်းသင်းခဲ့ဖူးတာမို့ ရွှေအတို့ရဲ့ အထာကို ကသစ်ဖြူ သဘောပေါက်နေခဲ့သည်။

"ဘာမှမဖြစ်ပါဘူး ဖိုးလုံးရဲ့၊ ဟိုထဲမှာထမင်းစားရတာ မွန်းကျပ်လို့ အပြင်မှာထွက်စားတာပါ"

"အဘားဘား. . . အဘား"

"ဟင်. . . နင်တို့အိမ်လေးထဲကို လိုက်ခဲ့လို့ပြောတာလား"

"အဘား. . . အဘား"

"ဩော်. . . လိုက်မယ်လေ၊ ဦးသံလုံးရော ရှိတယ်မဟုတ်လား"

"အဘား"

ဖိုးလုံးက သူမထမင်းပန်းကန်ကိုင်ကာလိုက်လာ၍ ခုန်ဆွခုန်ဆွနှင့် ပျော်နေသည်။ ပျဉ်ထောင်တစ်လုံးအိမ်လေးထဲရောက်သည့်အခါမှာ ဦးသံလုံးက အံ့ဩနေပြီး. . .

"ကသစ်ဖြူလေးပါလား။ ဦးသံလုံးတို့နဲ့ ထမင်းလာစားတာလား သမီး"

"ဟုတ်ကဲ့ ဦးသံလုံး"

"အေး. . . လာလေကွယ်၊ မမခင်က ထမင်းဟင်းတွေပေးထားလို့ ဦးသံလုံးတို့လည်း စားဖို့လုပ်နေတာ"

"ဖိုးလုံးရော မစားသေးဘူးလား"

"အဘားဘား"





ဖိုးလုံးက သူလည်းစားမည်ဖြစ်ကြောင်းပြောပြီး လက်ဆေးပန်းကန်ယူ၍ ထမင်းဝိုင်းမှာထိုင်၏။ ပြီးတော့ သူ့အဖေပန်းကန်ထဲ ဟင်းဦးချပြီး သူမပန်းကန်ထဲ ဟင်းတွေထည့်ပေးသည်။

"အဘားဘား"

"စားရမှာလား၊ ဟင်းတွေက များနေပြီ"

"အဘား"

"အေးပါ စားပါ့မယ်"

"သားကတော့ ကသစ်ဖြူကို အရမ်းခင်နေပြီကွ၊ သူ့မှာ ဒီခြံထဲ တစ်ယောက်တည်းနေရတော့ ပျင်းနေတာလေ"

"ဟင်. . . ထင်ရှားက သူနဲ့လာမဆော့ဘူးလား"

"သခင်လေးက တူတယ်တန်တယ်လို့မှ မထင်တာ ဘယ်လာဆော့ပါ့မလဲကွယ်၊ သူ့ရဲ့အခိုင်းအစေလို့ပဲ အောက်မေ့တာလေ၊ သားကတော့ ခင်တွယ်ရှာပါတယ်"

"ထင်ရှားက နည်းနည်းကြီးကျယ်သလိုပဲနော်၊ ဒါနဲ့ ထင်ရှားကို ဘာလို့ သခင်လေးလို့ခေါ်တာလဲ"

"ကိုယ်က သူတို့ရဲ့ အခစားဝန်ထမ်းလေ၊ သူတို့က မျိုးနဲ့ရိုးနဲ့ ချမ်းသာလာကြတာ၊ ငယ်ငယ်ကတည်းက ရိုရိုကျိုးကျိုး ဆက်ဆံလာရတော့ ဒီလိုခေါ်လာတာ နှုတ်ကျိုးနေတာပေါ့လေ၊ ဒါပေမဲ့ သခင်ကြီးက အရမ်းကြီးခွဲခြားဆက်ဆံတာမျိုးမလုပ်ပါဘူး။ သခင်လေးကလည်း စိတ်ရင်းတော့ ကောင်းရှာပါတယ်၊ အလိုလိုက်ခံထားရလို့ နည်းနည်းဆိုးချင်နေပါ"

နည်းနည်းလေးဆိုးချင်သည်ဆိုတာကြောင့် ကသစ်ဖြူ နှုတ်ခမ်းလေးမဲ့ကျသွားကာ

"နည်းနည်းတော့ မဟုတ်လောက်ဘူးထင်ပါတယ် ဦးလေး



www.burmeseclassic.com

www.burmeseclassic.com



သံလုံးရယ်၊ တော်တော်များ ဆိုးသလားလို့''

''အဘား. . . ဘား''

ကသစ်ဖြူပြောတာကို ဖိုးလုံးက လက်ခုပ်တီးလက်မထောင်ကာ ထောက်ခံနေသည်။ ဒီသစ်သားအိမ်လေးမှာ ဦးသံလုံးတို့သားအဖနှင့် စကားပြောရမှ လွတ်လပ်ပေါ့ပါးမှုရှိသည်ဟု ထင်မိသည်။

တိုက်အိမ်ကြီးမှာတော့ ဖေဖေနှင့် ကြီးကြီးကသဘောကောင်း ပေမယ့် ထင်ရှားမျက်လုံးတွေအောက်မှာတော့ မွန်းကျပ်လွန်းလှလေသည်။

ဖိုးလုံးက ထမင်းစားပြီးသွားသောအခါ ကစားရအောင်ဟု ခြေဟန်လက်ဟန်ဖြင့် ပြောပြန်သည်။

''ငါအခု ကစားလို့မရသေးဘူး ဖိုးလုံးရဲ့၊ ကြီးကြီးကို အလုပ်တွေ ကူလုပ်လိုက်ဦးမယ်၊ ညနေကျမှ ကစားကြမယ်နော် ဖိုးလုံး''

''အဘား. . . အဘား''

ဖိုးလုံးသာစကားပြောတတ်လျှင် သူမပို့ပြီး အပျင်းပြေလိမ့်မည် ထင်သည်။ ဘာဖြစ်ဖြစ် သူမအတွက် ဖိုးလုံးကအပျင်းပြေမည့် သူငယ်ချင်းတစ်ယောက်ဖြစ်လာမှာပါ။

ဘဝဟာ ဒီလိုနဲ့ပဲ. . .။

***

## အခန်း (၈)

''ဖိုးလုံး ငါ့ကိုမိအောင်ဖမ်းနော်၊ ဖမ်းလို့မိရင် ခေါင်းခေါက်လို့ ရတယ်၊ ငါဖမ်းရမယ့်အလှည့်မိရင်လည်း ငါနင့်ကိုခေါက်မှာ''

''အဘား. . . ဘား''

ဖိုးလုံးက သူမကိုလိုက်ဖမ်းနေပြီမို့ သူမ ပန်းအိုးတွေကို ကွေ့ပတ်ကာ အသည်းအသန်ရှောင်ပြေးနေရသည်။ ဖိုးလုံးက စကားမပြောတတ်သော်လည်း ကိုယ်လုံးတောင့်တောင့်တင်းတင်းဖြင့် ခြေတွေလက်တွေက သန်မြန်သည်။

ကြီးကြီးကို အိမ်အလုပ်တွေပြီးအောင် အကုန်လုပ်ပေးပြီးမှ ကြီးကြီးကိုခွင့်တောင်းပြီး ဖိုးလုံးနှင့်လာကစားတာပါ။ ရွာမှာဆိုလည်း အဘိုးကို အလုပ်တွေကူလုပ်ပြီးလျှင် သူငယ်ချင်းတွေနှင့် ဒီလိုမျိုးကစားနေကျပင်။

''အဘား''

''ဘယ်ရမလဲ ဖိုးလုံးရယ်၊ ငါက နင့်ထက်လျင်တာပေါ့''

ဖိုးလုံးလည်း ဒီလိုပြေးလွှားကစားရတာကို ပျော်နေပုံရသည်။ ကလေးအရွယ်ပဲရှိသေးတာမို့ ဒီလိုမျိုးခုန်ပေါက်ပြေးလွှားကာ ကစားချင်ရှာမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူများအိမ်မှာခိုကပ်နေရသလို၊ သူဌေးသား ထင်ရှားကလည်း ရှယ်တူဖြစ်ပေမယ့် အဆင့်အတန်းခွဲကာ တထီးတနန်းမို့ ဖိုးလုံးပျင်းရှာပေလိမ့်မည်။

"ဖိုးလုံး၊ ပန်းအိုးတွေ မထိစေနဲ့နော်၊ ငါလည်းမထိအောင်ပြေးနေတာ၊ ပန်းအိုးကွဲသွားရင် ငါတို့နောက်နေ့ မကစားရဘဲနေ့လိမ့်မယ်"

"အဘားဘား"

"အေးပါ မိအောင်ဖမ်း၊ ရွာမှာဆို ငါ့ကိုမိအောင်ဖမ်းနိုင်တဲ့သူမရှိဘူး"

နှပ်ချေးဖတ်နှိုက်လိုက်၊ ဂါဝန်လေးဖြင့် သုတ်လိုက်၊ ပြေးလိုက်လွှားလိုက်ဖြင့် ကသစ်ဖြူလည်း ပျော်နေမိသည်။ ဒါမှလည်းစိတ်ထွက်ပေါက်ရပြီး ရွာကိုမေ့ပျောက်နိုင်မှာပါ။

မဟုတ်လျှင် ရွာနှင့်အဘိုးကိုသတိရပြီး သူမတစ်ချိန်လုံးငိုချင်နေမိသည်။

"ခွမ်း"

"ဟင်. . . အမယ်လေး"

ပန်းအိုးက ဖိုးလုံးရော သူမရော ထိမိခိုက်မိမရှိပါဘဲ ဘာကြောင့်ကွဲသွားရတာပါလဲ။

"ဟင်. . . ထင်ရှား၊ အဲ. . . ကိုကို နင်ဘာလုပ်လိုက်တာလဲ"

"ဘာကိုကိုလဲ၊ ငါ့ကို ကိုကိုလို့ခေါ်စရာမလိုဘူး၊ သခင်လေးလို့ခေါ်"

"ဘာ"

"ငါပြောတာနားမထောင်ရင်၊ နင့်ကိုအခုချက်ချင်း အိမ်ပေါ်ကဆင်းခိုင်းမယ် ကြားလား ရုပ်ဆိုးမ"





"အဘားဘား"

ဖိုးလုံးက ရုပ်မဆိုးပါဘူး၊ လှပါတယ်ဟု ကသစ်ဖြူဘက်က ဝင်ပြောပေးနေသည်။ ကသစ်ဖြူကတော့ ကွဲကြေသွားသောပန်းအိုးကိုကြည့်၍ ဘာလုပ်ရမှန်းမသိဘဲ ဝမ်းနည်းစွာ မျက်ရည်ဝဲနေသည်။

"ရုပ်ဆိုးမ. . . နင့်ကိုငါထပ်ပြောမယ်၊ ငါ့ဒယ်ဒီကိုလည်း ဖေဖေလို့ နင်ခေါ်စရာမလိုဘူး၊ နင့်အဖေမှမဟုတ်တာ ဘာလို့ခေါ်တာလဲ"

"ဖေဖေ. . . အဲ. . . ဦးဦးမောင်က ခေါ်ခိုင်းလို့ပါ"

"ခေါ်ခိုင်းလည်း ခေါ်စရာမလိုဘူး၊ ငါ့ဒယ်ဒီက ငါ့ဒယ်ဒီပဲ၊ နင်ဖေဖေ ခေါ်စရာမလိုဘူး နားလည်လား၊ ပြီးရင် ငါတို့နဲ့ ထမင်းတစ်ဝိုင်းတည်း ဘယ်တော့မှမစားပါနဲ့၊ ရုပ်ဆိုးမ အမြဲတမ်း နှပ်ချေးဖတ်နှိုက်လက်သန်းမှာချေးဗလပျစ်နဲ့ ကိုက်နေတာ ရွံစရာကောင်းတယ်၊ ဘယ်လိုဟာမှန်းမသိဘူး"

"အဲ. . . အကျင့်ပါနေလို့ပါ ထင်ရှား"

"ဘာ. . . နင်နဲ့ငါ အဆင့်အတန်းချင်းတူလို့ ထင်ရှားလို့ခေါ်တာလား၊ ငါဘာပြောထားလဲ"

"ဟုတ်. . . ဟုတ်ကဲ့ သခင်လေး"

"ဟင်း. . . ဟင်း အဲလိုလုပ်စမ်းပါ၊ အဲလိုဖြစ်နေရမယ်၊ နေဦး နင်တို့က သူများအိမ်မှာခိုကပ်နေကြပြီး ဒီလိုမျိုးပြေးလွှားဆော့နေရလား၊ အလိုက်ကန်းဆိုးကို မသိဘူး၊ သူများအိမ်မှာ ခိုကပ်နေရင် အလိုက်ကန်းဆိုး သိရတယ်၊ သွား. . . ကြီးကြီးကိုအလုပ်တွေသွားကူလုပ်ချေ"

"ကူလုပ်ပြီးပါပြီ၊ ကြီးကြီးဆီမှာ ခွင့်တောင်းပြီးမှ ဖိုးလုံးနဲ့ လာကစားတာပါ"

"အဘားဘား. . . ဘား"

ဖိုးလုံးက ကစားပါစေ၊ သနားပါတယ်ဟု ပြောပေးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားက မဲ့ပြုံးပြုံးလိုက်ပြီး

"မင်းတို့ကစားချင်တယ်ဆိုရင် ငါ့ကိုဟိုဘက်ဒီဘက် နှစ်ခေါက်စီ ကုန်းပိုးပေးရမယ် ဘယ်လိုလဲ"

"အဘား. . . အဘား"

ဖိုးလုံးက ပိုးမယ်ဟုပြောပြီး သူ့ကျောပေါ်ကို တက်ခိုင်း၏။ ရွယ်တူချင်းကို ထင်ရှားလုံးဝမညှာတာတတ်ပေ။ ဖိုးလုံးမှာ ချွေးတရွှဲရွှဲဖြင့် မနိုင်မနင်းပိုးပေးသည်။

ဖိုးလုံးပြီးတော့ သူမအလှည့်။

"အဘား"

ဖိုးလုံးက ပိုးနိုင်လား။ မပိုးနိုင်လျှင် သူပိုးမည်ဟု ပြော၏။ ဒီကိုယ်ခန္ဓာလောက်ကို သူမ မပိုးနိုင်စရာမရှိပါ။ ရွာမှာဆို ဝေးလံခေါင်သီသော တောနက်ထဲကိုသွား၍ ဆေးဥ ဆေးမြစ်တွေကို ရွာအထိ ထမ်းပိုးခဲ့ရတာပဲ မဟုတ်လား။

"တက်ပါ. . . သခင်လေး"

ကျောပေါ်တင်ရတာရော သခင်လေးလို့ခေါ်ရတာရော တကယ်ကို အောင့်သီးအောင့်သက်ခံရခက်လေသည်။ ဒါပေမဲ့ သူ့ဆန္ဒစားလျှင် ရဲမှုပါ။ ဖေဖေကလည်း ထင်ရှားကိုသည်းခံနားလည်ဖို့ အတန်တန်မှာထားခဲ့သည် မဟုတ်လား။

ဒီလောက်ချမ်းသာကြွယ်ဝသော သူဌေးသားဖြစ်မှတော့ ဒီလိုမောက်မာတတ်တာ မဆန်းပေ။ သူမရဲ့ စားဝတ်နေရေး၊ ပညာရေးအတွက် တာဝန်ယူထားသည့် ကျေးဇူးရှင်တွေရဲ့သားဆိုတော့လည်း. . .။

***



## အခန်း (၄)

"ဘာ. . . သားက ဖိုးလုံးနဲ့ ကသစ်ဖြူကို ကုန်းပိုးခိုင်းတယ်ဟုတ်လား"

"ဟုတ်တယ်. . . ပန်းအိုးကိုခွဲပစ်တာကအစ မမခင်မြင်တယ်၊ ကသစ်ဖြူလေး ပျော်ရွှင်ပြီး ဖိုးလုံးနဲ့ဆော့ကစားတာကိုကြည့်နေတာပါ၊ သွားပြောလိုက်ရင်လည်း လက်ခံမှာမဟုတ်ဘူးလေ၊ ထင်ရှားလေးက တမင်ကို အနိုင်ကျင့်တာပါကွယ် ဒီကလေး"

သားအကြောင်းကြားလိုက်ရတာ ဦးသုဝေမောင်အတော်လေး စိတ်ပျက်သွားမိသည်။ ကသစ်ဖြူလေးကို ဒီလိုမလုပ်စေချင်ပါ။ ကလေးမလေးကို သူ့အဘိုးဆီမှာ သေချာစောင့်ရှောက်ရစိုက်ပါမည်ဟု ကတိတွေ ပေးထားခဲ့တာ မဟုတ်ပါလား။ ကိုယ့်ရဲ့အသက်သခင်ကျေးဇူးရှင် မြေးမလေးဆိုပေမယ့် မိမဲ့ဖမဲ့လေးကို စေတနာသဒ္ဒါသန့်သန့်ဖြင့် မွေးစားချင်စိတ်ကိုရှိခဲ့တာပါ။

သားဘက်က ဒီလောက်အခြေအနေဆိုးနေမှတော့ ဘယ်လိုလုပ်မလဲ။

"ဘယ်လိုလုပ်ကြမလဲ မမခင်၊ ကသစ်ဖြူအဘိုးကို ကျွန်တော် သေချာကတိပေးထားခဲ့တာ၊ ပျော်ရွှင်အောင် စိတ်ချမ်းသာအောင်ထားပါ့



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ ပညာလည်း ကောင်းကောင်းသင်ပေးပါ့မယ်၊ သမီးရင်းလေးလို သဘောထားပါ့မယ်ဆိုပြီး''

''အေးလေ. . မင်းက မင်းပေးတဲ့ကတိတည်ပါတယ်၊ မင်း လိုအပ်တာ ဖြည့်ဆည်းပြီးစောင့်ရှောက်နေတာပဲ၊ ထင်ရှားလေးက ဆိုး နေတာပါ''

''သားကို ဘယ်လိုပြောရမလဲ မမခင်ရယ်၊ ဒယ်ဒီ့အသက် သခင်ကျေးဇူးရှင်ရဲ့မြေးလေးပါလို့ပြောလည်း နားမလည်ဘူး''

''ကလေးဆိုတော့ ဒါတွေ ဘယ်နားလည်ပါ့မလဲ၊ သူက သူ့ အဖေ သူ့ထက်သူများကို ပိုချစ်သွားမှာကိုပဲ စိုးရိမ်နေမှာပေါ့၊ အဲဒါကြောင့် ကသစ်ဖြူလေးကို မနာလိုပြီး ရန်ရှာနေတာ၊ ဒါပေမဲ့ တဖြည်းဖြည်း ဖျောင်းဖျရုံပေါ့ကွယ်''

ဒေါ်မြခင်လည်းပြောရင်း သက်ပြင်းချသည်။ ကသစ်ဖြူလေးက လိမ္မာရေးခြားရှိလို့ ဒီလိုမျိုး စိတ်ဆင်းရဲတာမျိုးမဖြစ်စေချင်လို့ပါ။ ကလေးလေးဖြစ်ပါလျက် ငယ်ရွယ်တဲ့အသက်နဲ့ မလိုက်ဘဲ သိတတ် လွန်းသည်။ အလုပ်တွေဆိုလည်း ဟိုဟာ ဒီဟာခိုင်းလိုက်တာနှင့် မလုပ်တတ်တာမရှိ။

သန့်ရှင်းရေးလည်း လုပ်နိုင်သည်။ ထမင်းဟင်းချက်သည့် နေရာမှာလည်း သူပါတတ်၏။ မသိတာရှိလျှင် မေးပြီးလုပ်သည်။

''မမခင်''

''ဟင် မောင်သုဝေ''

''ကသစ်ဖြူလေးကို ကျောင်းအပ်ရမယ်၊ သားကိုထားတဲ့ အကောင်းဆုံးပုဂ္ဂလိကကျောင်းကိုပဲ ထားရမလားလို့''

''ကောင်းတာပေါ့ကွယ်၊ သူတို့နှစ်ယောက်ကို ကျောင်းတစ်ကျောင်းတည်း ပို့လို့ရတာပေါ့''





''သားနဲ့ အဆင်ပြေပါ့မလား''

''အစမပြေလည်း နောက်တော့ပြေမှာပေါ့၊ မဟုတ်ရင် တစ်ကျောင်းစီဆို မင်းဒုက္ခများမှာ၊ မင့်သားက သူ့ကိုမင်းကိုယ်တိုင်ကျောင်းကို လိုက်ပို့မှကြိုက်တာ''

''ဟုတ်တယ်၊ ကသစ်ဖြူကို ကိုသံလုံးနဲ့ တခြားကျောင်း ပို့နိုင်းဖို့ဆိုရင် ကားနောက်တစ်စီးထပ်ဝယ်ရမယ်၊ ကျွန်တော်ကိုယ်တိုင်လည်း ကားမောင်းရမယ်''

''ကားကိုတော့ မင်းမမောင်းပါနဲ့ကွယ်၊ ကိုယ်ကအာရုံနဲ့ ဦးနှောက်နဲ့ အလုပ်လုပ်ရတဲ့သူ၊ ကားမောင်းရင်း အလုပ်အကြောင်း စဉ်းစားမိရင် တစ်ခုခုဖြစ်မှဖြင့် ဒုက္ခများကုန်ပါလိမ့်မယ်''

''ဒါဆိုရင်တော့ သားနဲ့တစ်ကျောင်းတည်းထားမှပဲဖြစ်မှာ၊ နှစ်အစကျောင်းတွေ အပ်ရတော့မှာဆိုတော့ ကသစ်ဖြူလေးကိုကျောင်း အပ်ဖို့ ကျွန်တော်စီစဉ်မှပဲ''

''အေးပါ. . မင့်သားကို နောက်မှအေးအေးဆေးဆေးပြောပြပေါ့၊ သူတဖြည်းဖြည်းတော့ နားလည်လာမယ်ထင်ပါတယ်''

''အဲလို မျှော်လင့်ရင်းနဲ့ သားက ပိုပိုဆိုးလာတယ် မမခင်ရယ်''

ဦးသုဝေမောင်လည်း သက်ပြင်းချမိပြန်သည်။ တကယ်ဆို ကိုယ့်အိမ်မှာ အဖော်ရှိတာ ဝမ်းတောင်သာရဦးမှာ။ အတူတူစား အတူတူကစား ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲ။ ကသစ်ဖြူလေးနှင့် သားကို အဲလိုဖြစ်စေချင် အဆင်ပြေစေချင်တာပါ။

''ဦးဦးမောင်. . သမီး သံပရာရည်လေးဖျော်ထားတာ သောက်လိုက်ပါဦး''

''ဟင်''

သံပရာရည်ဖန်ခွက်လေးကမ်းပေးနေသော ကသစ်ဖြူကို အံ့ဩ



www.burmeseclassic.com

www.burmeseclassic.com



စွာ ကြည့်မိသည်။ ဖေဖေလို့ခေါ်နေရင်းက ဘယ်နှယ့်ဦးဦးမောင် ဖြ
ဖြစ်သွားရတာလဲ။

"သမီး ဖေဖေ့ကို ဘာလို့ ဦးဦးမောင်လို့ခေါ်လိုက်တာလဲ"

"ဟို . . သ . . သခင်လေးက ဖေဖေလို့မခေါ်ရဘူးဆိုလို့ပါ"

"သခင်လေး . . သားကိုပြောတာလား"

"ဟုတ်ကဲ့၊ သူ့ကိုသခင်လေးလို့ခေါ်ရမယ်တဲ့"

"သားကတော့ အမျိုးမျိုးကို ဖန်ဆင်းနေတော့တာပဲ၊ တကယ်
ကို ဆိုးတယ်ကွာ"

ဦးသုဝေမောင် တကယ်ကို စိတ်ပျက်သွားမိလေသည်။ သား
ကို အရင်က အဲလောက်ဆိုးတတ်မည့်ကလေးလို့ မထင်မိ။ မိတဆိုး
လေးမို့ အလိုလိုက်မိတာ၊ သားကို လူမိုက်အားပေးလုပ်မိသလိုဖြစ်သွား
ခဲ့ပြီလား။

သားကို ဒီလိုတော့ အဖြစ်မခံနိုင်။ ဘယ်လိုများလုပ်ရပါတော့
မလဲ။

"သမီးလေး ထိုင်ပါဦး"

"ဟုတ်ကဲ့"

"သားကမခေါ်စေချင်ဘူးဆိုပေမယ့်လည်း သူ့ကွယ်ရာမှာတော့
ဖေဖေလို့ခေါ်လို့ရတာပဲ သမီးရဲ့"

"နှုတ်ကျိုးသွားရင် သူ့ရှေ့မှာလည်း ခေါ်မိမှာစိုးလို့ပါ"

"အဲဒါလည်း ဟုတ်တာပဲ မောင်သုဝေရယ်၊ မင့်သားက လည်
ကလည်နဲ့"

"သူ့ကို သခင်လေးလို့ခေါ်နိုင်းတာကြီးကလည်း လုံးဝကို မဖြ
သင့်တာ"

"ရပါတယ် ဦးသံလုံးတောင်ခေါ်သေးတာပဲ၊ ဖိုးလုံးစကားပြေ



တတ်ရင်လည်း အဲလိုခေါ်မှာပဲလေ၊ သိပ်ခက်ခဲတာမှမဟုတ်တာ၊ သမီး
ခေါ်နိုင်ပါတယ်"

"အေး . . သမီးလေးက လိမ္မာသိတတ်လို့ တော်သေးတာပဲ၊
နားလည်ပေးလိုက်ပါ သမီးရယ်၊ ဖေဖေက သမီးကိုမွေးစားလိုက်တော့
သူ့ကို ချစ်တဲ့အချစ်တွေ လျော့သွားမှာစိုးရိမ်နေတာကြောင့်ပါ"

"ဟုတ်ကဲ့ပါ သမီးနားလည်ပါတယ်"

"အေးပါ . . ကျေးဇူးတင်ပါတယ် သမီးရယ်၊ သမီးလေးနားလည်
သိတတ်လို့ တော်သေးတယ်၊ ဖေဖေတို့က သမီးကိုမျက်နှာပူ အားနာနေတာ"

"အဲလိုမပြောပါနဲ့ ဖေဖေ၊ အဲ . . ဦးဦးမောင်၊ ဦးဦးမောင်တို့က
သာ သမီးရဲ့ကျေးဇူးရှင်တွေပါ၊ အဘိုးကလည်း မှာလိုက်ပါတယ်၊ ကိုယ်
ကျေးဇူးပြုတာကို မမျှော်လင့်နဲ့၊ ကိုယ့်ကိုကျေးဇူးပြုတာကိုသာ ပြန်ပေး
ဆပ်ပါတဲ့"

မြင့်မြတ်လိုက်သည့် စိတ်ထားလေးပါလားလို့ လေးစားမိလိုက်
သည်။ မြေးကိုသင်ပေးလိုက်သည့် စကားလေးက တန်ဖိုးရှိလှပေ၏။
ဒါကလည်း ကလေးကလိုက်နာတတ်လို့ပါ။

သားထင်ရှားလို စိတ်မျိုးဆိုလျှင် ဘယ်လောက်ပြောပြော
နားလည်မှာ မဟုတ်ပေ။ သားကို ဘယ်လိုနားလည်အောင်ပြောပြီး
ဖျောင်းဖျနားချရမလဲ။

ကသစ်ဖြူလေးလို လိမ္မာသိတတ်လျှင် ဘယ်လောက်ကောင်း
လဲ။ အရင်ကတစ်ယောက်တည်း သားဒီလိုဆိုးတတ်မှန်းသိပ်မသိခဲ့။
အခု နှိုင်းယှဉ်စရာရှိမှ စိတ်ဓာတ်ကွာဟတာကို သိလာခဲ့ရသည်။

တစ်ခုခုစီစဉ်မှပဲ ဖြစ်တော့မှာမို့ . . . ။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ဟာ. . . သူနဲ့ကျောင်းအတူတူသွားရမှာလား ဒယ်ဒီ၊ မဖြစ်ဘူးနော်၊ သူနဲ့ကားအတူတူမစီးနိုင်ဘူး"

ကျောင်းဝတ်စုံလေးဝတ်ကာ ကျောင်းလွယ်အိတ်လေးလွယ်ထားလျက်နှင့် ထင်ရှားရဲ့စကားကြောင့် ကသစ်ဖြူခြေလှမ်းတို့ တုံ့ဆိုင်းသွားသည်။ ဦးသုဝေမောင်က ကသစ်ဖြူလက်ကလေးကို ဆုပ်ကိုင်ထားပြီး . . .

"သား အဲလိုမပြောရဘူးလေ သား၊ ကသစ်ဖြူက သားနဲ့တစ်ကျောင်းတည်းတက်မှာပဲ၊ ဘာလို့ကားအတူတူမစီးချင်ရတာလဲ"

"သူ့လိုတောသူမ ရုပ်ဆိုးနဲ့ ကားအတူစီးလာတာတွေ့ရင် သူငယ်ချင်းတွေက ကဲ့ရဲ့ကြမှာပေါ့ ဒယ်ဒီ၊ ဘာလဲ ညာလဲနဲ့ လှောင်ပြောင်သရော်ကြမှာပေါ့၊ သူ့ကိုလုံးဝ သားကားပေါ်မတင်နိုင်ဘူး"

"ဒါဆို သားကို ဦးသံလုံးလိုက်ပို့လိမ့်မယ်၊ ဒယ်ဒီက ကားငှားပြီး ကသစ်ဖြူကိုလိုက်ပို့မယ်"

"ဟာ. . . ဒယ်ဒီ အဲလိုလုပ်လို့ဖြစ်မလား၊ သားကို ဒယ်ဒီ ဘယ်ချိန်တုန်းက ကျောင်းလိုက်မပို့ဘဲနေဖူးလို့လဲ၊ အဲဒီကောင်မလေးကို ဦးသံလုံးနဲ့လွှတ်လိုက်ပေါ့၊ သားကို ဦးသံလုံးကလိုက်ပို့ပြီး ရုပ်ဆိုးမကို





ဒယ်ဒီက လိုက်ပို့တော့လည်း သူငယ်ချင်းတွေအမြင်မှာ သားကဘာဖြစ်သွားမလဲ"

"ကျွတ်. . . သားရယ်၊ ဒယ်ဒီကားမောင်းလို့ဖြစ်မလား၊ မကျွမ်းကျင်လို့ မောင်းစသိပ်မရှိလို့ ဟိုတစ်ခါလည်း လူကိုတိုက်မိမလို အက်ဆီးဒင့်ဖြစ်ပြီးသွားပြီ၊ အရင်ကတည်းက ကိုသံလုံးမောင်းတာပဲ ဒယ်ဒီစီးလာတာ သားသိရဲ့သားနဲ့"

"အဲဒါဆိုလည်း ရုပ်ဆိုးမကို တက္ကစီတစ်စီးပေါ်တင်ပေးလိုက်ပေါ့ ဒယ်ဒီ၊ ဦးသံလုံးနဲ့ ဒယ်ဒီက အရင်လိုပဲ သားကိုလိုက်ပို့"

"သား"

ဖွတ်တရွတ်ပြောနေတာကြောင့် သားကို ဦးသုဝေမောင်စိတ်ပျက်စိတ်ကုန်သွားမိသည်။ ကသစ်ဖြူလေးက တွန့်ဆုတ်ကာ မျက်ရည်ဝဲနေတော့ စိတ်မကောင်းလည်း ဖြစ်ရ၏။

"သား ကားပေါ်တက်၊ ကိုသံလုံးလိုက်ပို့လိမ့်မယ်"

"ဒယ်ဒီ"

"စကားမရှည်နဲ့တော့ သား၊ မင်းကသစ်ဖြူနဲ့ ကားအတူမစီးချင်ဘူးမဟုတ်လား၊ သူ့ကိုဒယ်ဒီတက္ကစီနဲ့ လိုက်ပို့မယ်"

"ဟာ. . . ဒယ်ဒီ အဲလို"

"ကဲ. . . သွားပါဆိုကွာ"

"ဂျိန်း"

ထင်ရှားကို ကားပေါ်ဆွဲတင်၍ စိတ်ဆိုးလွန်းစွာ ကားတံခါးကိုအားနဲ့ ပိတ်ပစ်လိုက်သည်။

"ကိုသံလုံး မောင်းတော့၊ ကျောင်းကိုလိုက်ပို့လိုက်"

ဒေါသသံဖြင့် ပြောလိုက်တာကြောင့် ဦးသံလုံးက ကားကိုရှေ့မောင်းထွက်လာသည်။ ထင်ရှားတက်တစ်ချက် ခပ်ပြင်းပြင်းခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လျက်၊ ဘက်မှန်ထဲက မြင်နေရသော ကသစ်ဖြူမျက်နှာကို မှန်းတီး ရွံ့ရှာစွာ မျက်မှောင်ကြုတ်၍ကြည့်ပစ်လိုက်သည်။

"ကျောင်းကို မသွားဘူး။ တခြားမောင်းချင်တဲ့နေရာကိုမောင်း ဦးသံလုံး"

"ဗျာ . . သခင်လေး ကျွန်တော်အဲလိုတော့ မလုပ်ရဲပါဘူး သခင်ကြီးက စိုးရိမ်နေမှာပေါ့၊ သခင်ကြီးမှာတဲ့အတိုင်း ကျောင်းကိုလိုက် ပို့မှပဲဖြစ်မှာပါ"

"ကျွန်တော်ကျောင်းမတက်ချင်ဘူး။ ဒယ်ဒီက ဟိုကောင်မလေး ကို လိုက်ပို့တာ သူငယ်ချင်းတွေသိရင် ကျွန်တော့်ကိုလှောင်ကြလိမ့် မယ်၊ ကျွန်တော်လုံးဝကျောင်းမတက်ဘူး"

"အဲလိုမလုပ်ပါနဲ့ သခင်လေးရယ်၊ ကသစ်ဖြူလေးက တောရွာ မှာ နေတာ ထိုင်တာစတိုင်မကျပေမယ့် စိတ်ထားလေးဖြူစင်ပြီး ချစ်စရာ ကောင်းပါတယ်"

"ဘာ . . ဒီလောက်ညစ်ပတ်ပေစုတ်နေတာ၊ ပြီးတော့ ဒယ်ဒီ က သူ့ကို ဂရုစိုက်နေတာ ကျွန်တော်မကြိုက်ဘူး"

"သခင်ကြီးက ဂရုစိုက်ချင်လို့ စိုက်နေတာမဟုတ်ပါဘူး။ သူ့ ကျေးဇူးရှင်ရဲ့မြေးမလေးမို့ လုပ်ပေးသင့်တာကို လုပ်ပေးနေတာပါ"

"တာဝန်ဝတ္တရားတွေထက်ပိုတယ်၊ သားအရင်းထက်တောင် ဂရုစိုက်နေတာ ဦးသံလုံးမတွေ့ဘူးလား။ ကျွန်တော့်ကိုကျတော့ ဦးသံလုံး နဲ့ ထည့်လွှတ်လိုက်တယ်၊ သူ့ကိုကျတော့ ဒယ်ဒီကိုယ်တိုင်လိုက်ပို့တယ်"

"အဲဒါက သခင်ကြီးက ကားမောင်းလို့မှမဖြစ်တာ၊ ကသစ်ဖြူ ကို တက္ကစီသမားနဲ့ မျက်နှာလွှဲခဲပစ်ထည့်လွှတ်လိုက်လို့လည်း မဖြစ်ဘူး လေ၊ စိတ်ကိုလျှော့ပြီး နားလည်ပေးလိုက်ပါ သခင်လေးရယ်နော်"

ဦးသံလုံးပြောတာကို လက်မခံနိုင်သလို ထင်ရှားခေါင်းတယ်





သမ်းဖြင့် ခါးပတ်တွေကို ဆွဲဖြုတ်ပစ်သည်။

"ဟာ . . သခင်လေး ဘာလုပ်တာလဲ၊ အန္တရာယ်များပါတယ် သခင်လေးရယ်၊ ခါးပတ်ပြန်တပ်ထားပါနော်၊ တပ်လိုက်ပါ သခင်လေး"

"ကျောင်းကိုမောင်းမယ်ဆိုရင် ကျွန်တော်ကားပေါ်က ခုန်ချ လိုက်မှာနော် ဦးသံလုံး"

"ဟာ . . ဒုက္ခပါပဲ သခင်လေးရယ်"

ဦးသံလုံး ဘာလုပ်ရမှန်းမသိတော့ဘဲ လမ်းဘေးချကာ ကားကို ရပ်လိုက်ရသည်။ သခင်လေးက အရင်က ဒီလိုမဟုတ်ပါ။ အခုမှ သူ့ ဒယ်ဒီမေတ္တာတွေ ခွဲဝေပေးလိုက်ရမှာစိုးရိမ်ပြီး လူမိုက်ဆန်ဆန်ဖွတ် ဘွတ်ဖြစ်လာတာ ကြောက်ဖို့တောင်ကောင်းလာသည်။

သခင်ကြီးသိရင်တော့ ကိုယ့်ကိုအပြစ်တင်မလားမသိပေ။ ဒါပေ မဲ့လည်း မတတ်နိုင်တော့ပါ။ သွေးဆူနေသော သခင်လေးက လုပ်ချင် ဘာလုပ်လိုက်လျှင် အသက်ပါဆုံးရှုံးနိုင်သည်။

ဒါဆိုလည်း ကိုယ့်အပြစ်ကင်းမှာမှမဟုတ်ဘဲ။

"သခင်လေး . . အိမ်ကိုပဲ ပြန်မောင်းလိုက်မယ်နော်"

"ဟင့်အင်း မမောင်းနဲ့၊ အရင်က ဒယ်ဒီခရီးတစ်ခုခုက ပြန် လာရင် ကျွန်တော့်ကို ကစားကွင်းလိုက်ပို့၊ လိုအပ်တာဝယ်ပေး၊ စား သောက်ဆိုင်တွေမှာ လိုက်ကျွေးနဲ့ မပျက်မကွက်လုပ်ခဲ့တာ၊ အခုတော့ ဟိုရုပ်ဆိုးမဝေယျာဝစ္စတွေနဲ့ပဲ အချိန်ကုန်နေတယ်၊ ကျွန်တော့်ကို လုံးဝ ဂရုမစိုက်တော့ဘူး"

"အဲဒါကြောင့်ချည်းမဟုတ်ပါဘူး သခင်လေးရယ်၊ ကျန်းမာရေး သိပ်မကောင်းလို့ ကုမ္ပဏီကိုတောင် မသွားနိုင်ဖြစ်နေတာပါ၊ အရေးကြီး တာင်ရှိလို့သွားရင်တောင် မီတင်ပြီးတာနဲ့ ချက်ချင်းအိမ်ပြန်လာရတာလေ၊ ကျန်းမာရေးအရ အနားယူဖို့လိုလို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဟိုရုပ်ဆိုးမအတွက်ကျတော့ ဘာလို့အချိန်ပေးနေတာလဲ၊ ကျွန်တော့်ထက်ပိုပြီး ဂရုစိုက်နေရတာလဲ"

"ကသစ်ဖြူက သူစိမ်းလေ၊ တာဝန်ဝတ္တရားမကျေရင် ကျေးဇူးရှင်ကို စော်ကားမိရာရောက်ဦးမယ်၊ သူစိမ်းကိုသွေးသားအရင်းထက် ပိုစရာအကြောင်းတော့မရှိပါဘူး၊ သခင်လေးစိတ်တွေကို လျှော့လိုက်ပါ သခင်လေးရယ်နော်"

"ဒယ်ဒီ အဲဒီရုပ်ဆိုးမကို ဦးစားပေးနေရင် ကျွန်တော့်စိတ်တွေကို လျှော့လို့ရမှာမဟုတ်ဘူး ဦးသံလုံး၊ ကျွန်တော်အိမ်လည်း မပြန်ချင်ဘူး၊ ကျောင်းလည်း မတက်ချင်ဘူး၊ ကစားကွင်းမှာအချိန်ဖြုန်းပြီး ပြန်မယ်"

"ဟင်း"

ဦးသံလုံး စိတ်တွေ ညစ်ညူးကာ သက်ပြင်းတွေချလိုက်မိသည်။ သခင်လေးကို ဘယ်လိုမှ ဖျောင်းဖျလို့ရမှာ မဟုတ်တော့။

သခင်ကြီးကိုနောက်မှ အကျိုးအကြောင်းပြောပြရတော့မည်။ အခုတော့ သခင်လေး ဆန္ဒရှိရာကိုပဲ ‥‥။

***



## အခန်း (၁၁)

"ဘာ ‥‥ သားကျောင်းမတက်ဘူး၊ တစ်နေကုန်ကစားကွင်းမှာနေခဲ့တာ၊ မမခင်ဆီကို ကျောင်းအုပ်ကြီးက ဖုန်းဆက်တာလား"

"မေခင်သံလုံးကလည်း ပြောတာပါ၊ ကျောင်းအုပ်ကြီး နေ့လယ်ဖုန်းဆက်ကတည်းက ပြောလိုက်ရင် မင်းအစည်းအဝေးမလုပ်ဘဲ ပြန်လာနေမှာစိုးလို့ပါ"

"အခု၊ အဲဒီကောင်ဘယ်မှာလဲ"

"အခန်းထဲမှာလေ၊ သံလုံးကိုတော့ ကသစ်ဖြူလေးကို သွားကြိုခိုင်းလိုက်တယ်"

"အခု အဲဒီကောင်ကိုခေါ်လိုက်၊ ကျွန်တော် ဒီကောင့်ကိုဆုံးမမှဖြစ်တော့မယ်"

"စိတ်ငပိုက်မာန်ပါ မလုပ်ပါနဲ့ဦးကွယ်၊ စိတ်အေးအေးထား စမ်းပါဦး၊ ဘယ်လိုလုပ်ရမယ်ဆိုတာ မမခင်နဲ့ အရင်တိုင်ပင်ပါ၊ ထိုင်စမ်းပါကွယ် ထိုင်"

ဒေါ်မြခင်က ဦးသုဝေမောင်လက်ကို ဆွဲထားကာ ထိုင်ခိုင်းသည်။ ဦးသုဝေမောင် တက်တခေါက်ခေါက်ဖြင့် ဒေါသတွေဖြစ်နေသည်။ လူမမယ်ဒ ခရွယ် လက်တောက်လောက်ရှိသောသားက ဖအေကို



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်ရဲလောက်အောင် မိုက်ရိုင်းနေပြီတဲ့လား။ ဒီလိုသားဆိုးမျိုးတော့ အဖြစ်မခံနိုင်ပါ။

"မမခင်"

"အင်းပြော မောင်သုဝေ"

"သားကို ဘယ်လိုမှဖျောင်းဖျနားချလို့ရမှာ မဟုတ်တော့ဘူး မမခင်၊ ဒီလိုအရွဲ့တိုက်နေရင် သားလူမိုက်လူပေလေးဖြစ်တော့မယ်"

"အဲဒါကိုတော့ မမခင်လည်း စိုးရိမ်တယ်ကွယ်၊ ကသစ်ဖြူလေးအပေါ် ဒီလိုအဆင့်အတန်းခွဲဆက်ဆံလွန်းတာလည်း မကြိုက်ဘူး။ အရင်က ထင်ရှားလေး အဲလောက်မဆိုးပါဘူး။ မမခင်စိတ်အထင်တော့ ကသစ်လေးအပေါ် မင်းမေတ္တာတွေပိုသွားမှာ စိုးရိမ်နေတာပဲ၊ ဒီအတောအတွင်းမှာ ကသစ်လေးကို အာရုံစိုက်ပေးနေရတာနဲ့ သူ့ကိုဂရုမစိုက်နိုင်သလိုဖြစ်နေတယ် မဟုတ်လား"

"အဲဒါကို သူနားလည်ပေးသင့်တာပေါ့ မမခင်၊ သူက ကသစ်ဖြူထက် တစ်နှစ်တောင်ကြီးတယ်၊ ဒါကို ကသစ်ဖြူလောက်တောင် မရင့်ကျက်ဘူး။ ဒီအရွယ်လေးနဲ့ ကျွန်တော့်ကိုအရွဲ့တိုက်တတ်နေတာကောင်းတဲ့လက္ခဏာလား။ ပုဂ္ဂလိကကျောင်းဆိုတာ မိဘလက်မှတ်ထိုးခွင့်မတိုင်ဘဲ ခွင့်ပျက်လို့မရဘူး။ ခဏခဏ ဒီလိုပုံစံမျိုးလုပ်နေမယ်ဆိုရင် သူကျောင်းထုတ်ခံရမှာ"

"အေးလေ၊ အဲဒါကြောင့် ဘာလုပ်ကြမလဲလို့ မမခင်မေးနေတာပေါ့၊ ကသစ်ဖြူလေး တခြားကျောင်းမှာပြောင်းပြီးထားမလား။ အဲဒါ စဉ်းစားပါဦး"

ဦးသုဝေမောင် ကျွတ်ခနဲ စုပ်သပ်လျက် ခေါင်းယမ်းလိုက်ကာ

"အဲဒီတစ်ခုတည်းပြောင်းလိုက်တော့ရော ဘာတွေအဆင်ပြေလာမှာလဲ၊ ကျွန်တော်နဲ့ ကိုသံလုံးက သူ့ကိုကျောင်းလိုက်ပို့ရမယ်၊ ကသစ်ဖြူကိုတော့ တက္ကစီသမားနဲ့လွှတ်လိုက်ရမှာလား။ ကသစ်ဖြူက မိန်းကလေး အဲလိုမျက်နှာလွှဲခဲပစ်လုပ်လို့မရဘူး မမခင်၊ ဒီလောက်ထိ မနာလိုဖြစ်ရအောင် လိုအပ်လို့လား၊ ကသစ်ဖြူက သူ့ကို အစစအရာရာ သိမ်သိမ်ငယ်ငယ်နဲ့ သည်းခံနေခဲ့ရတာပါ၊ ကသစ်ဖြူ ဘယ်လောက်တောင် သနားရာကောင်းလိုက်သလဲ၊ ဒီကလေးမလေးကို ကျွန်တော်မှမဖေးမရင်၊ သူ့ရွာကိုအမြန်ဆုံးတောင် ပြန်ပြေးသွားချင်လိမ့်မယ်"

"အဲဒါလည်း ဟုတ်တာပါပဲကွယ်၊ ကသစ်ဖြူ တော်တော်လေး သနားစရာကောင်းပါတယ်၊ မနက်ကဆို ကတုန်ကယင်လေးကိုဖြစ်နေရှာတာ၊ အဲလောက်ကြီး ထင်ရှားလေးပြောလိမ့်မယ်လို့လည်း မထင်ဘူးနေမှာပေါ့"

"ဟုတ်တယ်၊ တက္ကစီပေါ်မှာ သူငိုတယ်၊ ရွာကိုပြန်လိုက်ရတော့မလားလို့လည်း သူမေးတယ်၊ ကျွန်တော်အရမ်းကို စိတ်မကောင်းဖြစ်သွားမိတယ် မမခင်၊ ကျွန်တော်က ကျေးဇူးဆပ်ချင်လို့ခေါ်လာခဲ့တာ၊ သူတို့ရဲ့ရိုးသားမှုကို စော်ကားမိသလိုဖြစ်နေပြီလားလို့တောင် တွေးမိတယ်"

"မမခင် ဘာပြောရမှန်း မသိတော့ပါဘူးကွယ်"

ဒေါ်မြခင်က ဘာမှမစဉ်းစားတတ်သလို မျက်ရည်တွေပင် ဝဲလာသည်။ ဦးသုဝေမောင်လည်း သက်ပြင်းတွေချမိကာ

"သားကို နိုင်ငံခြားမှာကျောင်းထားလိုက်ရင် ကောင်းမလား မမခင်"

"ဟင်. . နိုင်ငံခြားမှာ၊ ကလေးက မငယ်လွန်းသေးဘူးလား ကွယ်"

"ဒီထက်ငယ်တဲ့သူတွေတောင် ကျောင်းသွားတက်နေတာပါ၊ ဟိုမှာက သူ့အမေရဲ့အမျိုးတွေ အများကြီးပဲ၊ အရင်ကတည်းက သား



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်နေကြတာ မမခင်လည်း သိရဲ့သားနဲ့''

''အဲဒါသိပါတယ်၊ ဒါပေမဲ့ သူ့ကိုခွဲထုတ်ရပ့်မလားဆိုပြီး မင်ကိုထင်ရှားလေး ပိုမုန်းသွားနိုင်တယ်နော်''

''ဒီလို အရွဲ့တိုက်ပြီး ပျက်စီးသွားမှာထက်စာရင်တော့ တော်သေးတာပေါ့ မမခင်ရယ်၊ ဟိုက သူ့အဒေါ်တွေက သူမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မယ်လေ၊ ဟိုမှာကလည်း စည်းကမ်းကြီးတယ် ပညာရေးကို ဦးစားပေးတယ်၊ ဒီမှာလိုနေချင်တိုင်းနေလို့မရဘူး၊ ပညာကို အပြိုင်အဆိုင်ကြိုးစားချင်စိတ်ရှိအောင် တွန်းအားပေးနေကြတာ''

''မင့်သားက ဟိုကိုသွားဖို့လက်ခံမှာတဲ့လား''

''ဒါကိုတော့ သူ့ကိုပြောကြည့်ရမှာပဲ မမခင်၊ သားကို ကျွန်တော် လည်း မခွဲနိုင်ပါဘူး၊ သူ့ပညာရေးအတွက်တော့ ရင်နာနာနဲ့လွှတ်ရတော့ မှာပဲ၊ တကယ်လို့ သူစိတ်နာသွားမယ်ဆိုလည်း မတတ်နိုင်ဘူး၊ သား သမီးကောင်းစားဖို့အတွက် မိဘဆိုတာ စွန့်လွှတ်နိုင်သလောက်စွန့်လွှတ် နေရတာပဲမဟုတ်လား''

''အေးလေ မင်းသဘောပါပဲကွယ်၊ မမခင်ကတော့ ဘာမှ မပြောတတ်တော့ပါဘူး၊ ကောင်းသလိုသာ စီစဉ်တော့မောင်သုဝေရယ်''

ဒေါ်မြခင်က ထင်ရှားကိုခွဲရမှာ မခံစားနိုင်သလို ထထွက်သွား သည်။ ဦးသုဝေမောင်လည်း သားကိုခွဲရမှာ သက်ပြင်းမောတွေနှင့်ပါ။ ဒါပေမဲ့ သားအတွက် ရင်တစ်ခုလုံးကြေကွဲမည်ဆိုရင်တောင် ကြေကွဲခံ ရတော့မှာ မဟုတ်ပါလား။

ဒါဟာ မိဘမေတ္တာဆိုတာ သားသိဖို့တော့ . . .။

***



## အခန်း (၁၂)

''သား မသိဘူး၊ သား မသွားဘူး ဒယ်ဒီ၊ ဒယ်ဒီက ဘာလို့ ဟိုကိုလွှတ်နေတာလဲ''

''မင်းပညာရေးအတွက် အခုမင်းဒီမှာကျောင်းမတက်ဘဲ ဦးသံ လုံးကို ဟိုလိုက်ပို့နိုင်း ဒီလိုက်ပို့နိုင်းလုပ်နေတယ်၊ ကျောင်းအုပ်ကြီး နေ့ တိုင်းဖုန်းဆက်တယ်၊ တစ်ပတ်ဆိုရင် သူတို့ကျောင်းထုတ်တော့မယ်တဲ့၊ အဲ့ဒါကို ဒယ်ဒီက မင်းဒီလိုဆိုးပေနေတာပါဆိုပြီး ကျောင်းထုတ်ခိုင်းရ မှာလား၊ နိုင်ငံခြားမှာ ကျောင်းသွားတက်မှာမို့ပါဆိုပြီး ကျောင်းထွက်ခွင့် တင်လိုက်လို့ သိက္ခာရှိတာ၊ အဲဒါ သားသား နားလည်လား''

ထင်ရှား နားမလည်သလို ခေါင်းယမ်းသည်။ လက်သီးကိုဆုပ် ထားရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျနေ၏။ ဒယ်ဒီ့ကို စိမ်းမျက် သော မျက်လုံးများနှင့်ကြည့်ကာ. .

''ကသစ်ဖြူကြောင့် သားကိုအဝေးပို့တာမဟုတ်လား၊ ဒယ်ဒီ ဘာပြောပြော သားနားမလည်နိုင်ဘူး ဒယ်ဒီ၊ အဲဒီရုပ်ဆိုးမရောက်လာ ကတည်းက သားကို ဒယ်ဒီမကြင်နာတော့ဘူး၊ ဂရုမစိုက်တော့ဘူး၊ ရုပ် ဆိုးမကိုပဲ ဦးစားပေးတယ်၊ ရုပ်ဆိုးမကိုပဲ ဂရုစိုက်တယ်၊ သူ့အတွက်ပဲ အချိန်ပေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



“ဘာကြောင့်ဆိုတဲ့အကြောင်းရင်းကို သားကိုရှင်းပြနေတာပဲ၊ သားမှနားမလည်တာ”

“သားအရင်းထက် သူစိမ်းအတွက်ပဲတွေးနေတာ ဘာကိုနားလည်ပေးရမှာလဲ၊ သားရုပ်ဆိုးမကိုလည်း မုန်းတယ်၊ ဒယ်ဒီ့ကိုလည်း မုန်းတယ်”

“သားရယ်”

ရင်မှာနင့်ခနဲ ခံစားလိုက်ရသည်။ သားပါးစပ်က ဒီလိုအမုန်းစကားတွေ ထွက်လာတာ မခံစားနိုင်ပါ။ ဒါပေမဲ့ သားအတွက်တော့ နာကျင်ခံရမှာပါပဲ။

“သားမုန်းလည်း မတတ်နိုင်ဘူးသား၊ ဒယ်ဒီ့သားက ဒီလိုလူဆိုးလေးဖြစ်လိမ့်မယ်လို့ ဒယ်ဒီမထင်မိဘူး၊ အဆင့်အတန်းခွဲ ဆက်ဆံတတ်တာလည်း ဒယ်ဒီမကြိုက်ဘူး၊ ကျေးဇူးတရားကို မသိတတ်တဲ့လူမျိုးဖြစ်နေတာကိုလည်း ဒယ်ဒီသဘောမကျဘူး၊ ဒယ်ဒီ့သားကို စိတ်သဘောထားမြင့်မြတ်စေချင်တာ လိမ္မာသိတတ်စေချင်တာ”

“ရုပ်ဆိုးမအပေါ်လား ဒယ်ဒီ၊ ဒယ်ဒီ့အချစ်တွေခွဲဝေယူနေတဲ့သူကို ဘာကြောင့် သားကကြည်ဖြူရမှာလဲ၊ ညစ်ပတ်စုတ်ပြတ်ရုပ်ဆိုးနေတဲ့သူကို သားက အဆင့်အတန်းတူထားပေးရမှာလား၊ ကျောင်းမှာ သားကလှောင်ပြောင်ခံနေရမှာလား”

“အေးလေ . . သား သဘောမကျလို့ မုန်းတာကို ဒယ်ဒီလည်း မတားနိုင်တော့ပါဘူး၊ သားမုန်းချင်တဲ့သူမုန်းတော့ ဒယ်ဒီမတတ်နိုင်တော့ဘူး၊ ဒါပေမဲ့ သားအဲဒီလိုဖြစ်ပြီး ပျက်စီးသွားမှာကိုတော့ ဒယ်ဒီ လက်မခံနိုင်ဘူးသား၊ နိုင်ငံခြားက သားအဒေါ်တွေဆီမှာနေရမယ် ကျောင်းတက်ရမယ်”

“ဒယ်ဒီ”





ထင်ရှားအသံပြာပြာလေးနှင့်အော်သည်။ သူစိမ်းမိန်းကလေးအတွက် တစ်ခါမှမခွဲဖူးသောသားကို မမြင်ကွယ်ရာမှာ အဝေးပို့ရက်တာမို့ ရင်မှာနာကြည်းသွားမိသည်။

“ထင်ရှားလေး သား”

အပေါ်ထပ်ပြေးတက်သွားသော ထင်ရှားကို ခေါ်မြခင်အထိတ်အလန့် စိုးရိမ်စွာခေါ်သည်။ ဦးသုဝေမောင်က သက်ပြင်းချကာ

“ထားလိုက်နေပါစေ မမခင်၊ အမုန်းတွေနဲ့ သူသွားပါစေ၊ ဒါမှ သူခွဲနိုင်မှာပေါ့၊ သားကိုခွဲရမှာ ကျွန်တော်လည်း ရင်တွေနာနေပါတယ်၊ ဒါပေမဲ့ နိုင်ငံခြားကိုလွှတ်တယ်ဆိုတာ သူ့အတွက်ပဲ မမခင်၊ ပြီးတော့ သားအတွက်ကြောင့် ကျေးဇူးရှင်ကို စော်ကားမိတာမျိုးလည်း မဖြစ်ချင်ဘူး၊ ကျွန်တော်တို့ လေယာဉ်ပျက်ကျတဲ့အချိန်မှာ အဲဒီရွာကလူတွေနဲ့ ကာသစ်ဖြူရဲ့ အဘိုးဆေးဆရာကြီးသာ မကယ်ရင် ကျွန်တော်အသက်ရှင်လျက်နဲ့ သားကိုတွေ့ဖို့ပြန်လာနိုင်မှာမဟုတ်ဘူး၊ အခုသားနဲ့တွေ့နေရတာ သူတို့ကျေးဇူးကြောင့်ပါ”

“အေးကွယ် . . အဲဒါကို ထင်ရှားလေးနားလည်ပေးရင် ကောင်းမှာပဲ၊ သူက ကာသစ်ဖြူလေးရုပ်ဆိုးတာနဲ့ ညစ်ပတ်တဲ့အကျင့်တွေကို ရွံရှာရင်းက မင်းအချစ်တွေပါခွဲဝေယူသလို ခံစားရတော့ နုနယ်တဲ့စိတ်နဲ့ ဒီလိုတွေဖြစ်သွားတာပါ၊ ရင့်ကျက်လာတော့လည်း သူ့အလိုလိုနားလည်သွားမှာပေါ့ကွယ်”

“တစ်ချိန်ချိန်ကျရင် ဒီလိုခွဲခွာခြင်းက သူ့အတွက်ပဲဆိုတာ သားတွေးတတ်သွားရင် ကျွန်တော်ရင်ကွဲရကျိုးနပ်ပါတယ် မမခင်”

“အခု သူသွားဖို့အတွက် အားလုံးစီစဉ်ပြီးပြီမဟုတ်လား”

“ဟုတ်ကဲ့ မမခင်၊ လေယာဉ်တက်ဖို့ကအစ စီစဉ်ပြီးပါပြီ”

“မင်းကိုယ်တိုင် လိုက်မပို့ဘူးလား မောင်သုဝေ”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လိုက်ပို့နေရင် ခွဲရခက်နေမှာပေါ့ မမခင်၊ ဟိုက သူ့အဒေါ်လာခေါ်ဖို့ပြောထားတယ်၊ သူတို့က ဟိုမှာကျောင်းလည်း ရွှေ့ပြီးပြီ၊ သူလာမယ်ဆိုတာကိုလည်း ပျော်နေကြတယ်၊ သူလည်းဟိုမှာ ပျော်သွားမှာပါ မမခင်ရယ်၊ ကျွန်တော်နဲ့ ကသစ်ဖြူကို မုန်းနေတဲ့စိတ်နဲ့ မေ့နိုင်အောင်ကြိုးစားရင်း သူပျော်အောင်နေပါလိမ့်မယ်"

ပြောရင်းနှင့် ဦးသုဝေမောင် မျက်ရည်တွေကျနေသည်။ သားကို မခွဲနိုင်လို့ပါ။ သားကိုခွဲရမှာ ရင်တွေအဆမတန်နာကျင်နေလို့ပါ။ ဒါကို သားတစ်နေ့ နားလည်ပါစေလို့ ဆုတောင်းရုံပဲရှိတော့တာမို့ . . .။

***



## အခန်း (၁၃)

"ခွမ်း . . ခွမ်း . . ခွမ်း"

ပန်းအိုးတွေ တစ်အိုးပြီးတစ်အိုး ရိုက်ခွဲနေသော ထင်ရှားကို ကသစ်ဖြူ ထိတ်လန့်တုန်လှုပ်စွာ ကြည့်နေမိသည်။ သူ့အဖေက နိုင်ငံခြားသို့လွှတ်မည်ဆို၍ ပေါက်ကွဲနေခြင်းဖြစ်သည်။

တုတ်တိုဖြင့် အပွင့်အခက်ဝေဆာနေသော ပန်းပွင့်တွေကို သည်းရိုက်၏။ သူအရမ်းချစ်သော အဖေကိုခွဲရမှာမို့ မခံစားနိုင်၍ စိတ်နှက်ပေါက်အဖြစ် ဒီလိုလုပ်နေတာနေမှာပါ။

"အဘား"

"တိတ်တိတ်နေ ဖိုးလုံး တော်ကြာငါတို့ကိုပါ လာရိုက်နေဦးမယ်"

ဖိုးလုံးကို အသံမထွက်အောင်သတိပေးရသည်။ ဒီအချိန်မှာ သူမကိုလည်း မုန်းနေမှာမဟုတ်လား။ သူမကြောင့်သာမဟုတ်လျှင် သူ သားအဖခွဲရမှာ မဟုတ်ဘူးလို့တွေးပြီး သူမကိုမုန်းတီးနာကြည်းနေမှာ အမှန်ပင်။

"အဘား . . အဘား"

"ဟင် . . သွားကြမလား"

www.burmeseclassic.com



ဖိုးလုံးက ဒီနေရာကသွားရအောင်ဟု ဆွဲခေါ်သည်။ သူမလည်း ဖိုးလုံးဆွဲခေါ်ရာ သစ်သားအိမ်လေးဘက်လိုက်လာခဲ့သည်။

ဟိုအိမ်ကြီးမှာ အလုပ်တွေ ကူလုပ်ပေးပြီးတာနှင့် အသက်ရှူချောင်အောင် ဖိုးလုံးတို့အိမ်ဘက် သူမရောက်လာနေကျပါ။ ထမင်းစားချိန်ဆိုလည်း ထမင်းပန်းကန်ယူကာ ဖိုးလုံးတို့နှင့်အတူစားရတာ လွတ်လပ်မှုရှိသည်ဟု ထင်မိသည်။

ထင်ရှားမျက်လုံးတွေအောက်မှာ မွန်းကျပ်လွန်းလို့ပါ။

"ကသစ်ဖြူ အိမ်ပေါ်တက်လေ၊ သခင်လေးသောင်းကျန်းနေ တယ် မဟုတ်လား။ သခင်လေးလည်း သနားပါတယ်၊ သူ့အဖေရင်ခွင်ထဲမှာ ပြုစုယုယခံပြီးနေလာခဲ့တာဆိုတော့ ဘယ်ခွဲနိုင်ပါ့မလဲ၊ ခွဲချင်ပါ့မလဲ ဒီအသက် ဒီအရွယ်လေးနဲ့ တစ်မြို့တစ်နယ်တင်မဟုတ်ဘဲ ရွေခြားမြေခြား နိုင်ငံခြားအထိ ခွဲနေရမှာ ဝမ်းနည်းရှာမှာပဲ"

"ဒီလိုခွဲရမယ်ဆိုတော့ ကျွန်မလည်း သခင်လေးကို သနား ပါတယ်၊ ကျွန်မတောင် အဘိုးနဲ့ရွာကိုခွဲနေရတာ အရမ်းခံစားရတယ်"

"အဘား ဘား"

ဖိုးလုံးလည်း သခင်လေးကို သနားသည်ဟုပြောတာဖြစ်မည် ဒီလို ခွဲခွာခြင်းအတွက် ဘယ်သူ့ရင်ထဲမှာမှ မကောင်းကြပေ။

"ကဲ... ထမင်းစားရအောင်၊ ကသစ်ဖြူ ထမင်းဗူးလာခဲ့ မဟုတ်လား"

"ဟုတ်ကဲ့... ကြီးကြီးနဲ့ ဖေဖေတို့အတွက် ပြင်ပေးခဲ့ပြီးမှ လာတာပါ၊ ထမင်းဝိုင်းမှာ ကျွန်မကိုမြင်ရင် သူပိုပြီး စိတ်တိုနေမှာစိုး လေ"

ထင်ရှား ကွယ်ရာမှာတော့ ဦးသုဝေမောင်ကို ဖေဖေလို့ခေါ် သည်။ ဖိုးလုံးက အိမ်ရှေ့ကွပ်ပျစ်လေးမှာ ထမင်းဟင်းပန်းကန်တွေ ထားပြီး ထမင်းပွဲပြင်သည်။



"ဖိုးလုံး နင့်အဖေအတွက် လက်ဆေးဖလုံ ငါယူပေးမယ်"

ဦးသံလုံးအတွက် လက်ဆေးဖလုံကို နောက်ဖေးကနေ သွားယူပေးလိုက်သည်။ ကြီးကြီးနှင့် ဖေဖေက သူတို့နှင့်အတူတူစားစေချင်သော်လည်း သခင်လေးစိတ်သက်သာအောင် သူမရှောင်နေလိုက်တာပါ။

"ရုပ်ဆိုးမ"

"ဟင်"

ထင်ရှားရောက်လာပြီး အသံကျယ်ကျယ်နှင့် အော်လိုက်တာကြောင့် သူမတို့ လန့်ဖြန့်သွားကြသည်။ ထင်ရှားက သူမလက်ထဲက ထမင်းပန်းကန်ကို ဖျတ်ခနဲဆွဲလုလျက်

"နင့်ကြောင့် ... နင့်ကြောင့် ရုပ်ဆိုးမ၊ နင့်ကြောင့် ငါ့ဒယ်ဒီ ခွဲရမှာ၊ နင့်ကိုမုန်းတယ်၊ မုန်းတယ် ရုပ်ဆိုးမ"

"ခွမ်း"

"သခင်လေး"

"အဘား"

ဒီလိုလုပ်လိမ့်မည်ဟု မထင်မှတ်ပေ။ အားလုံး အံ့ဩမှင်တက်ကျ် ကြောက်လန့်နေကြသည်။ ထိုအချိန်မှာ ဒေါ်မြခင်နှင့် ဦးသုဝေမောင်တို့ ရောက်လာပြီး

"သား... မင်းဒါဘာလုပ်တာလဲ၊ မင်းအရမ်းကို ရိုင်းနေပါလား။ သူများစားနေတဲ့ ထမင်းပန်းကန်ကိုခွဲတာ အရမ်းအောက်တန်းကျတဲ့ လုပ်ရပ်ပဲ"

"ဘယ်လိုထင်ထင် သားဂရုမစိုက်ဘူး ဒယ်ဒီ၊ ရုပ်ဆိုးမကို သားမုန်းတယ်၊ ရုပ်ဆိုးမကြောင့် သားကို ဒယ်ဒီမချစ်တော့တာ"

"လျှောက်ပြောမနေနဲ့သား ...၊ သားက အိမ်ရှင်၊ အိမ်ရှင်က

www.burmeseclassic.com



ညှော်သည်ကို အဆင်ပြေအောင် မဆက်ဆံဘဲ ရန်လိုနေတာ၊ မင်း
နားလည်မှုမရှိတာဘဲ သား။ အဲဒါက ယောကျ်ားတစ်ယောက်အတွက်
အရမ်းအရှက်သိက္ခာမဲ့တဲ့လုပ်ရပ်ပဲ၊ မင်းငါ့သားဖြစ်တာတောင် ငါရှက်မိ
တယ်''

''ဒယ်ဒီ''

''ယောကျ်ားဆိုတာ ယောကျ်ားစိတ်ရှိရတယ်ကွ၊ မြင့်မြတ်ရ
တယ်၊ သဘောထားကြီးရတယ်၊ သေးသိမ်တဲ့ စိတ်မမွေးရဘူး၊ အခု
မင်းက မိန်းမစိတ်ထက်တောင် နိမ့်ကျနေတာ''

''မောင်သုဝေ အဲလောက်ကြီး ကလေးကိုမပြောပါနဲ့ကွယ်''

ဒေါ်မြခင်နှစ်သိမ့်မှ ထင်ရှားလက်သီးဆုပ်ထားလျက်က မျက်ရည်
တွေ ကျလာသည်။ ဦးသုဝေစကားတွေ ဆက်နားမထောင်ချင်တော့
သလို အံကြိတ်ကာ အိမ်ဘက်ကို ချာခနဲလှည့်ပြေးသွားသည်။ ဒေါ်မြခင်
လည်း ထင်ရှားနောက်က ပြေးလိုက်သွား၏။

''ဖေဖေ''

''ဖေဖေ တောင်းပန်ပါတယ် သမီး၊ သားရဲ့ရိုင်းစိုင်းမှုတွေ
အတွက် သမီးကိုအရမ်းလည်း အားနာမိပါတယ်''

''အဲလိုမပြောပါနဲ့၊ အခု သခင်လေးစိတ်ဆိုးသွားပြီ လိုက်ချော့
လိုက်ပါ ဖေဖေ''

''မချော့ဘူး သမီး၊ မှန်းလက်စနဲ့ မှန်းပါစေတော့၊ ဒါမှ သူ
လည်း မခံချင်စိတ်တွေနဲ့ ဟိုမှာနေတတ်သွားမှာ၊ ဘာကြောင့် စွန့်လွှတ်
လိုက်ရတယ်ဆိုတာ သူတစ်နေ့နားလည်လာမှာပါ၊ ဘာမှ စိတ်မကောင်း
မဖြစ်နဲ့ သမီး၊ သူရင့်ကျက်ဖို့ စိတ်နာမှလည်း ကောင်းမှာလေ''

''သခင်လေးကို ဒီလိုခွဲလိုက်ရမှာတော့ သနားမိတယ် သခင်
ကြီးရယ်၊ သခင်လေးက ငယ်လွန်းသေးတယ်လေ''





''ခင်ဗျားတို့ထက် ကျွန်တော်က ပိုပြီးခံစားရပါတယ်၊ ဒါပေမဲ့
ကသစ်ဖြူလေးအတွက်လည်း တွေးပေးရဦးမယ်၊ သားလူဆိုးလူမိုက်
မဖြစ်ဖို့လည်း တွေးပေးရမှာပေါ့၊ ဒါတွေက မိဘတွေရဲ့ဝတ္တရားပဲ၊ ကသစ်
ဖြူက ကျွန်တော့်သမီးပဲလေ''

ဦးသုဝေမောင်ရဲ့ မေတ္တာတွေကြောင့် ကသစ်ဖြူ ကြည်နူး
မျက်ရည်တွေ ဝေ့သီလာသည်။ သူမတကယ်ကို ဖခင်မေတ္တာ အစစ်
အမှန်တွေရနေပြီပဲ၊ ဘဝမှာ တောင့်တသမျှ ပြည့်ပြီမို့ အရာရာသည်းခံ
မို့ ဆုံးဖြတ်လိုက်သည်။ သခင်လေး သူမအပေါ်ဘယ်လောက်ဆိုးဆိုးပါ။

ဖေဖေ့သားမို့ သူမသည်းခံပါမည်။ ဝမ်းနည်းခြင်းတွေ နာကျင်
ခြင်း လုံးဝမရှိတော့ပါ။

ရှင်က ဖေဖေ့သားဖြစ်နေလို့ပါ သခင်လေး. . .။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"လေယာဉ်ကွင်းတောင် လိုက်မပို့တော့ဘူးလား ကိုမောင်၊ နှင့်သားအရမ်းကို စိတ်မကောင်းဖြစ်သွားလိမ့်မယ်"

မိန်းမဖြစ်သူရဲ့ အစ်မ မဝေပြောတော့ ဦးသုဝေမောင်ခေါင်းခါလိုက်သည်။ မျက်ရည်ဝဲမိတာကို လက်ဖမိုးနှင့် ပွတ်သပ်သုတ်ကာ

"သံယောဇဉ်အမျှင်တန်းပြရင် ဒီကောင်ပြန်လာချင်နေလိမ့်မယ်၊ ဟိုမှာ ပညာကောင်းကောင်း သင်မှာမဟုတ်ဘူး မဝေ၊ မဝေတို့နဲ့က အနေဝေးတော့ စိမ်းတယ်၊ ကျွန်တော်က အဖေ့မေတ္တာရော၊ အမေ့မေတ္တာရောပေးပြီး သူ့ကိုအလိုလိုက်ခဲ့တာဆိုတော့ ဒီလိုမဖြတ်ရင် ပြတ်မှာမဟုတ်ဘူး၊ ဟိုကျရင်သာ မဝေတို့က ဂရုစိုက်ပေးပါ"

"အဲဒါတော့ ပြောစရာလားဟယ်၊ ငါ့တူကို ငါဂရုစိုက်ရမှာပေါ့၊ ဟိုမှာ ပျော်အောင်ထားမှာပါ၊ နှင့်ကိုတော့ သူများသူစိမ်းကလေးကို သူ့ထက်ပိုသွားပြီဆိုပြီး မုန်းနေမှာ"

"သူ့ပညာရေးဆုံးခန်းမတိုင်မချင်း ဘာမှမပြောပါနဲ့၊ အမုန်းတွေနဲ့ အားလုံးကိုမေ့ပြီး ပညာရေးကိုပဲကြိုးစားပါစေ၊ ဒီမှာဆို ဒီအမုန်းတွေနဲ့ သူ့ကိုယ်သူ လောင်ကျွမ်းနေမှာ"

"အေးလေ၊ မင်းဆန္ဒရှိတဲ့အတိုင်းပေါ့၊ ငါတို့ကတော့ ညီမအတွက်





တာဝန်ကျေခွင့်ရလို့ ပျော်ပါတယ်၊ ထင်ရှားလေးအတွက် အစစအရာရာ စိတ်ချပါ၊ ကဲ. . . လေယာဉ်မီအောင်သွားမှပဲ၊ ထင်ရှားလေးရော"

"သူကားပေါ်ရောက်နေပြီထင်တယ်"

"ဟင်. . . နှင့်ကိုတောင် မကန်တော့ဘူးလား၊ ဒီကလေးတော့"

"နေပါစေ မဝေ၊ သူ့စိတ်က အဲလိုပြတ်နေတာကောင်းပါတယ်၊ သား. . . သားကိုတော့ ကျွန်တော်လွမ်းနေတော့မှာ"

သားရဲ့မမြင်ကွယ်ရာမှ ဦးသုဝေမောင် မျက်ရည်တွေကို သွန်ချပစ်လိုက်သည်။ အားလုံးလည်း စိတ်မကောင်းကြပါ။

မဝေက ဦးသုဝေမောင်ပခုံးကို ဆုပ်ကိုင်ပြီး

"ဝမ်းနည်းစိတ်မကောင်းဖြစ်မနေပါနဲ့ နှင့်သားအတွက် နှင်ဆုံးဖြတ်ထားတဲ့ကိစ္စပဲ၊ ငါတို့နဲ့နေမှာဆိုတော့ နှင်စိတ်မချစရာအကြောင်းလည်း မရှိဘူး"

"ဟုတ်သားပဲ မောင်သုဝေရယ်၊ မင့်သားက မင်းဒီလိုဖြစ်တာ သိပြီး လိုက်မသွားဘဲနေဦးမယ်၊ ကဲ. . . ထထ၊ အိမ်ရှေ့တော့ လိုက်နှုတ်ဆက်ဦး"

"ဖေဖေလာပါ"

ကသစ်ဖြူက ဦးသုဝေမောင်လက်ကလေးကိုဆွဲ၍ ခေါ်လာခဲ့သည်။ သူမလည်း ထင်ရှားကို နှုတ်ဆက်ချင်လို့ပါ။ ဝမ်းနည်းစိတ်နှင့် စိတ်တွေပျော်ရှားနေသည်မို့ သူမလက်သန်းလေးကို ကိုက်နေမိသည်။

"ဟင်"

ဒယ်ဒီ့လက်ကိုဆွဲကာ ထွက်လာသော ကသစ်ဖြူကိုမြင်လိုက်ရ၍ သူ့ဒေါသတွေအထွတ်အထိပ်ရောက်သွားသည်။ ဒယ်ဒီက သူ့ကို လေယာဉ်ကွင်းတောင်လိုက်ပို့ဖို့ စိတ်ကူးမရှိဘူးပေါ့။

သူ့ကိုအဝေးလွှတ်ပြီး ဒီကောင်မလေးကိုတော့ အနားမှာထား



www.burmeseclassic.com

www.burmeseclassic.com



လျက် ကြင်နာယုယနေပေလိမ့်မည်။ သူ့နေရာမှာ ထိုရုပ်ဆိုးမကို အစား ထိုးကာ ချစ်နေပေလိမ့်မည်။

"ကဲ. . သွားကြရအောင်၊ ကိုသံလုံး မောင်းတော့"

မဝေက ကားပေါ်တက်ပြီး ပြောလိုက်၍ ဦးသံလုံး ကားစက်ကို နှိုးလိုက်သည်။

"ရုပ်ဆိုးမ နင့်ကိုငါမုန်းတယ်၊ မုန်းတယ် ရုပ်ဆိုးမ၊ ဒယ်ဒီ့ကို လည်း မုန်းတယ်၊ နှစ်ယောက်လုံးကိုမုန်းတယ်၊ တစ်သက်လုံး မုန်းတယ် မုန်းတယ်"

ကားလေးအဝေးကိုရောက်သွားသည့်တိုင်အောင် ထင်ရှားအော် သွားတာမို့ ကသစ်ဖြူ လက်ပြပြီးတောင် မနှုတ်ဆက်ရဲတော့။ ဝမ်းနည်း စိတ်ကြောင့် မျက်ရည်ကျတာ ထင်ရှားရဲ့အမုန်းတွေကြောင့် မဟုတ်ပါ။ အမေနှင့်သား ခွဲခွာရခြင်းရဲ့ အဓိကတရားခံက သူမဖြစ်နေခဲ့လို့ မဟုတ် ပါလား။

ထင်ရှားရေ နင်ဟိုမှာပျော်ပျော်ရွှင်ရွှင်နေပါ။ တစ်နေ့နေ့တော့ မြန်မာပြည်ကိုရောက်အောင်ပြန်လာခဲ့ပါ။

အဲဒီအချိန်ကျရင် နင့်အမေရဲ့မေတ္တာတွေ နင်အပြည့်အဝပြန်ယူ ပါ ထင်ရှား။ ထင်ရှား နင်တစ်နေ့ရောက်အောင်ပြန်လာပါ. . ။

***



# အခန်း (၁၅)

## အတိတ်ရဲ့ ဆယ့်ငါးနှစ်အလွန်

မြန်မာပြည်ကထွက်ခွာစဉ်က လေယာဉ်ကြီးကိုစီးကာ ဟိုး အဝေးကြီးကိုသွားခဲ့ရသလို၊ အခု မြန်မာပြည်ကို ပြန်လာစဉ်မှာလည်း လေယာဉ်ကြီးကို စီးကာပြန်လာခဲ့ရသည်။

ဆယ့်ငါးနှစ်မျှကြာခဲ့ပြီဆိုပေမယ့်၊ ဒယ်ဒီလက်တစ်ဖက်ကို ဆွဲထားသော ရုပ်ဆိုးမရဲ့ခေါင်းလေးကို ဒယ်ဒီ့ရဲ့ကျန်လက်တစ်ဖက်ဖြင့် ပွတ်သပ်နှစ်သိမ့်နေသည့်ပုံရိပ်က မနေ့တစ်နေ့ကလို ပြန်မြင်ယောင်မိ သည်။ အဝေးကို ခွဲခွာသွားရတော့မည့်သားကို ကြင်နာနွေးထွေးစွာ နှစ်သိမ့်ဖျောင်းဖျမှုတွေ မလုပ်ဘဲ၊ အနီးမှာအတူနေရမည့် သူစိမ်းတစ် ယောက်ကို ဒယ်ဒီဘာကြောင့် သံယောဇဉ်တွေကြီးရတာလဲ။ သူ့ကိုတော့ ရန်ကုန်မြို့တွင်းက လေယာဉ်ကွင်းကိုတောင် လိုက်မပို့ပါ။ ရက်စက်လိုက် တာ ဒယ်ဒီရယ်လို့ တစ်လမ်းလုံးမျက်ရည်တွေနဲ့ ရေရွတ်သွားခဲ့ရတာ။

အခုလည်း ရက်စက်လိုက်တာ။ သူပြန်လာတာကို ဘာလို့ လာမကြိုတာလဲ။ ဘာလို့သေသွားတာလဲ။ သူ့ကိုတွေ့ရမှာစိုးလို့လား၊ သူ့ကိုကြင်နာနွေးထွေးရမှာ၊ မေတ္တာတွေပေးရမှာစိုးလို့လား။



www.burmeseclassic.com

www.burmeseclassic.com



"သခင်လေး . . . သခင်လေး ကျွန်တော်ဒီမှာ"

ဦးသံလုံးက ပစ္စည်းတွေကို အပြေးအလွှားလာယူသည်။ ဦးသံလုံးတောင် ဆယ့်ငါးနှစ်အတွင်းမှာ တော်တော်အိုစာသွားသည်ပဲ။

အချိန်တွေက ဒီလောက်တောင်ကြာခဲ့တာလား။ ဒယ်ဒီလည်း ဒီလိုအိုစာကြီးရင့်ပြီးမှ သေသွားခဲ့တာပေါ့။

"သခင်လေး ကားပေါ်တက်ပါ"

ဦးသံလုံးက ဟိုအရင်ကလိုပင် ကျိုးနွံ့ခယလေးစားမှုများဖြင့် ကားတံခါးဖွင့်ပေးသည်။ ဒီဆယ့်ငါးနှစ်အတွင်းမှာ မြန်မာပြည်ကြီး ဘာတွေပြောင်းလဲသွားလဲ၊ တိုးတက်သွားလဲ။

ယယ်စဥ်အရွယ်မို့ အသွားတုန်းက ပတ်ဝန်းကျင်ကိုသတိမထားခဲ့။ ဘယ်နေရာမှာ ဘာတွေဖြစ်ဖြစ် ကိုယ်နှင့်မှမဆိုင်တာ။ ဒီအချိန်မှာ တိုးတက်ပြောင်းလဲလာလျှင်လည်း ကိုယ်နှင့်မဆိုင်။

ကိုယ်ကနာကျင်မှုတွေ မုန်းတီးမှုတွေဖြင့် မြန်မာပြည်ကြီးနှင့် ဒယ်ဒီ့ကိုစွန့်ခွာခဲ့ရတာ။ ဒါပေမဲ့ . . .

"သခင်လေးကို သခင်ကြီးဆုံးတဲ့အချိန်မှာ ပြန်ရောက်လာမယ်လို့ထင်တာ၊ အခုတစ်လအွမ်းသွပ်မှပဲရောက်လာတော့တယ်၊ သခင်ကြီးကို အရမ်းကိုနာကြည်းမုန်းတီးလို့ ဆယ့်ငါးနှစ်လုံးလုံး အဆက်မသွယ်မလုပ်ခဲ့တာလား သခင်လေး"

"နာတာက နာတာ၊ မုန်းတာက မုန်းတာပါပဲ၊ ဒါပေမဲ့ ကိုယ့်အဖေသေတာကို မလာရလောက်အောင်တော့ ကျွန်တော်မိုက်ရိုင်းတဲ့သားတစ်ယောက်မဟုတ်ပါဘူး။ ဖေဖေဆုံးတဲ့အချိန်က ကျွန်တော်ဟိုမှာ ဘွဲ့တစ်ဘွဲ့ထပ်ယူဖို့အတွက် အရေးကြီးစာတမ်းပြုစုနေရတယ်၊ အဲဒီစာတမ်းမအောင်မြင်ရင် အရင်ကယူခဲ့တဲ့ဘွဲ့တွေ ဘာမှသုံးစားမရတော့ဘူး။ အဲဒါကြောင့် အန်တီကြီးတို့ကို အသိမပေးခဲ့တာ"



"ဒီလိုတော့ မဟုတ်သေးဘူးလေ၊ ဖခင်တစ်ယောက်ရဲ့နောက်ဆုံးအချိန်ကို သူတို့ပြောကိုပြောသင့်တာပေါ့၊ သခင်ကြီးက တစ်နှစ်လောက်ကို ကျန်းမာရေးချို့တဲ့ခဲ့တာပါ၊ လေဖြတ်ပြီး အိပ်ရာထဲလဲနေခဲ့တာ"

"အဲဒါလည်း အန်တီလေးတို့ ပြောမပြခဲ့ဘူး။ ပြောမပြဘူးဆိုတာက အစကတည်းက ကျွန်တော်က စိတ်နာလို့ မြန်မာပြည်က သတင်းဆိုရင် လုံးဝချိုသည် ခါးသည် အပြောမခံခဲ့တာ၊ တစ်လုံးလောက် ရိပ်မိစ်းသံဖမ်းပြောရင် ကျွန်တော် ပညာလည်း မသင်ဘူး၊ အန်တီကြီးတို့ဆီမှာလည်း မနေဘူး၊ သေချင် သေမယ်၊ လေချင်လေမယ်ဆိုပြီး ခြိမ်းခြောက်ထားခဲ့တာ"

"ဪ"

သခင်လေးက အဲလောက်တောင် နာကြည်းသွားခဲ့တာပါလား။ နုနယ်ငယ်ရွယ်တဲ့အရွယ်မှာ စိတ်ဒဏ်ရာကြီးကြီးမားမားရသွားခဲ့တာပဲ။

"ဦးသံလုံး"

"ဗျာ . . . သခင်လေး"

"ရုပ်ဆိုးမ အခုချိန်ထိရှိနေသေးတယ်ပေါ့၊ ယောက်ျားမရသေးဘူးလား"

"မရသေးပါဘူး သခင်လေး"

"ဟင်း . . . သူ့လိုရုပ်ဆိုးမကို ဘယ်သူကယူမှာလဲ၊ နှပ်ချေးဖတ်နိုက်၊ လက်သန်းကိုက်၊ အရပ်က ကလန်ကလား၊ အသားကမည်းမည်း ညစ်တီးညစ်ပတ် ပေစုတ်စုတ်နဲ့၊ အော်ဂလီဆန်စရာ ရွံစရာရုပ်မျိုးကို"

"သခင်လေးက ကလေးဘဝက ရုပ်ကိုမြင်ယောင်နေတုန်းပဲ ဆင်တယ်၊ အခုကသမီးပျိုက အရင်က တသမီးမြှုမဟုတ်တော့ဘူး သခင်လေး၊ အရွမ်းချောလှပြီး အရမ်းကို စမတ်ကျတာ"

www.burmeseclassic.com



"တော်စမ်းပါ၊ ဦးသံလုံးတို့ မျက်လုံးထဲမှာတော့ အရင်ကတည်းက အဲဒီရုပ်ဆိုးမကိုကြည့်ကောင်းနေခဲ့ကြ၊ သနားနေခဲ့ကြတာ မဟုတ်လား၊ ဒယ်ဒီကအစလေ၊ သားအရင်းထက်တောင် ပိုခဲ့တယ်"

"ဒါက အကြောင်းတွေရှိခဲ့လို့ပါ သခင်လေးရယ်၊ ကာသစ်ဖြူက လိမ္မာရေးခြားရှိခဲ့ပါတယ်၊ သခင်ကြီး ကျန်းမာရေးချို့တဲ့တာကိုလည်း သူပဲပြုစုစောင့်ရှောက်ခဲ့တာပါ၊ မမခင် အသက်ကြီးလို့ မလုပ်နိုင်တော့ တစ်အိမ်လုံးအလုပ်ကိုလည်း သူပဲလုပ်တာ၊ သူ့ရွာကို သူ့အဘိုးဆုံးတုန်းက တစ်ခေါက်ပဲပြန်ပြီး ဒီမိသားစုအပေါ်မှာ သံယောဇဉ်ကြီး ရှာပါတယ်"

"အဲဒါ အမွေတွေလိုချင်လို့နေမှာပေါ့၊ ဒယ်ဒီသေတုန်းက အမွေတွေ ဘယ်လောက်တောင်ပေးခဲ့လဲ"

"သူ့အတွက်ဆိုပြီး သတ်သတ်မှတ်မှတ်ခွဲဝေမပေးခဲ့ဘူး ထင်တယ်၊ အဲဒါက သခင်ကြီး ဘာတွေလုပ်ခဲ့တယ်ဆိုတာ ရှေ့နေကြီးပဲ သိလိမ့်မယ်၊ ပိုင်ဆိုင်မှုတွေနဲ့ပတ်သက်ပြီး စာချုပ်စာတမ်းဖိုင်တွေ အားလုံး ရှေ့နေကြီးကိုပဲ အပ်ခဲ့တာ"

"သြော် . . ဒယ်ဒီ စနစ်တကျလုပ်ခဲ့တာပဲ"

ကာသစ်ဖြူကို ဘာမှမပေးခဲ့ဘူးဆို၍ သူကျေနပ်မှုတော့ ဖြစ်သွားခဲ့သည်။ ဒီလိုသူစိမ်းမိန်းကလေးကို ဘာအမွေပေးစရာလိုလဲ။ ပညာသင်ပေး ကျွေးမွေးစောင့်ရှောက်ရုံနဲ့တင် တော်ပြီပေါ့။ ဦးသံလုံးက ကား ကိုဖြည်းဖြည်းချင်း အရှိန်လျှော့မောင်းရင်း

"သခင်လေး"

"ပြော . . ဦးသံလုံး"

"သခင်ကြီးက သခင်လေးကို အရမ်းချစ်ခဲ့တာပါ။ သခင်လေး အရွဲ့တိုက်ရင်းနဲ့ ပျက်စီးလေလွင့်မှာစိုးလို့သာ အဝေးကိုပို့ခဲ့ရတာ၊ နေ့ တိုင်း သခင်လေးကို လွမ်းလို့မျက်ရည်ကျတယ်၊ အခုဆုံးပါးသွားတဲ့အထိ





ကျန်းမာရေးချို့တဲ့တာကလည်း သခင်လေးစိတ်ကြောင့်ပါပဲ"

"အန်တီကြီးတို့က အဲဒါတွေပြောပြလိုက်ပါတယ်၊ ကျွန်တော် စာမေးပွဲဖြေအပြီး ဒယ်ဒီဆုံးတဲ့အကြောင်းပြောရင်းနဲ့ အဲဒီအကြောင်းတွေ အကုန်ပြောပြလိုက်တယ်၊ ဒါကြောင့်လည်း ကျွန်တော်မြန်မာပြည်ကို ပြန်လာခဲ့တာ၊ မဟုတ်ရင် ကျွန်တော်သေဆုံးတဲ့အချိန်ထိ မြန်မာပြည်ကို ခြေမချဘူးလို့ ဆုံးဖြတ်ထားတာ"

"စိတ်ကြီးလှချည်လား သခင်လေးရယ်၊ အဲဒီဆုံးဖြတ်ချက်တွေနဲ့ ဆယ့်ငါးနှစ်လောက် အဆက်အသွယ်မလုပ်ဘဲ ဖြတ်တောက်ထားခဲ့တာပေါ့၊ အခု သခင်ကြီးဆုံးသွားတော့ သခင်လေး နောင်တမရဘူးလား"

ထင်ရှား မျက်ရည်ဝဲစွာ ငြိမ်သက်သွားသည်။ သက်ပြင်းတွေချကာ ကားမှန်ကိုချပြီး အပြင်ဘက်ကိုငေးမောနေ၏။

"သခင်လေး ငိုနေတာလား"

"အရင်က ဒယ်ဒီ့ကိုနာကြည်းမုန်းတီးမှုတွေကြောင့် မျက်ရည်တွေနဲ့ မြန်မာပြည်ကနေ ထွက်သွားခဲ့ရတာ၊ အခုနောင်တမျက်ရည်တွေနဲ့ ကျွန်တော်ပြန်လာတာပါ၊ ဒယ်ဒီ့ကို ဒီလောက်အချိန်အကြာကြီး ကျွန်တော်ပစ်မထားသင့်ဘူး၊ ကျွန်တော်တို့ သားအဖ ဒီလိုတွေဖြစ်ခဲ့ရတာဟာ ကာသစ်ဖြူကြောင့်ပဲ၊ ဒီရုပ်ဆိုးမကို ကျွန်တော်အခုထိမုန်းတယ်"

"အဲဒီအမုန်းစိတ်တွေကိုလည်း လျှော့လိုက်ပါတော့ သခင်လေး။ ကာသစ်ဖြူအဘိုးက သခင်ကြီးရဲ့အသက်သခင်ကျေးဇူးရှင်ပါ၊ သခင်လေး ပြန်တွေးကြည့်ပါ၊ သခင်ကြီးလေယာဉ်ပျက်ကျပြီး ဆုံးတယ်လို့ထင်တော့ သခင်လေးလိုက်သေချင်လောက်အောင် ပူဆွေးခဲ့တယ်လေ၊ နောက်မသေဘဲ ပြန်ဆုံရတာ ကာသစ်ဖြူအဘိုးကြောင့် မဟုတ်ဘူးလား။ သခင်ကြီးက အဲဒီကျေးဇူးကြောင့် ကာသစ်ဖြူကိုစောင့်ရှောက်တာပါ၊ ကာသစ်ဖြူလေးက လိမ္မာတယ်လေ၊ သူ့ကိုစောင့်ရှောက်တဲ့ကျေးဇူးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်သိတတ်တယ်''

''ဒါတွေ မသိချင်တော့ပါဘူး ဦးသံလုံးရယ်၊ သိရတော့ရော ဘာထူးမှာလဲ၊ ဒယ်ဒီလည်း ပြန်ရှင်မလာတော့ဘူး။ ကြီးကြီးကတော့ နေကောင်းတယ် မဟုတ်လား''

''ကောင်းပါတယ်''

''ကြီးကြီးနဲ့တွေ့ချင်လှပြီ မြန်မြန်မောင်း ဦးသံလုံး''

''ဟုတ်ကဲ့ သခင်လေး''

ဦးသံလုံး ကားကိုအရှိန်မြှင့်လိုက်သည်။ အခုချိန်ထိ သခင်လေး အလိုကျ ဘာကိုမှမလွန်ဆန်ရဲသေးပါ။ သခင်လေးကို ဂရုစိုက်ဖို့ သခင်ကြီးအလိုဆန္ဒတွေအတိုင်း ...။

***

## အခန်း (၁၆)

''ချောလိုက် ခန့်လိုက်တာ ငါ့တူကြီးရယ်၊ အမယ်လေး ထင်ရှားလေးရယ်၊ ကြီးကြီးဖြင့် ဒီတစ်သက်မတွေ့ရတော့ဘူး ထင်တာ၊ ငါ့တူကြီး အမယ်လေး ဒီပုံစံလူပျိုကြီးဖြစ်နေတာကို သူ့အဖေမတွေ့သွားရရှာဘူး မောင်သုဝေရေ မင့်သားကို လာကြည့်စမ်းပါဦး''

ဒေါ်မြခင်က သူ့မောင်ကိုတ၊ ထင်ရှားကိုပွေ့ဖက်နမ်း ပြောလည်းပြော၊ ငိုလည်းငိုဖြင့် ဖြေမဆယ်နိုင်အောင် ဖြစ်နေရှာသည်။ အိမ်ကိုရောက်မှ ဒယ်ဒီ့ကို ပိုလွမ်းတမ်းတသည့်စိတ်နှင့် ထင်ရှားလည်း ငိုနေရှာသည်။

''ကြီးကြီး... ဒယ်ဒီ ဝေဒနာတွေ တော်တော်ခံစားသွားရသလား''

''ခံစားရတာပေါ့ သားရယ်၊ သားရဲ့စိတ်နဲ့ အအိပ်အစားနည်းသယ်လေ၊ နှလုံးရောဂါလည်းဖြစ်တယ်၊ နှလုံးကိုထိတော့ သွေးတိုးပါလာတာပေါ့၊ ကသစ်ဖြူလေးက ကိုယ်ဖိရင်ဖိ ပြုစုရှာပါတယ်၊ ဆေးလည်းကုတယ်၊ ပြုစုမယ့်သူလည်းရှိတယ်၊ ဒါပေမဲ့ သေချိန်တန်တော့လည်း ဘယ်သူတားနိုင်မှာလဲ၊ သေခြင်းတရားကို ဘယ်သူမှမလွန်ဆန်နိုင်ဘူးလေ၊ သေခါနီးအချိန်မှာ သားဖြစ်သူကိုတွေ့ချင်လွန်းလို့ တသသ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတာကိုတော့ မမြေနိုင်ဘူးကွယ်၊ တကယ်ကို သူလွမ်းဆွတ်တမ်းတ
နေခဲ့တာ၊ သား. . . သားနဲ့ ပါးစပ်ဖျားကမချဘူး'

''ဒယ်ဒီရယ်''

သူဒယ်ဒီကို အကြာကြီးခွဲထားခဲ့မိတာ နောင်တတွေရနေ
သည်။ ဒီထက်စောစောသာ နောင်တရခဲ့လျှင် ဒယ်ဒီ့ကိုနောက်ဆုံးအ
နှင့် တွေ့ခွင့်ရခဲ့ဦးမှာပါ။

အခုတော့ ဒီအိမ်ကြီးမှာ ဒယ်ဒီမရှိတော့ဘူးဆိုသည့်အသိ
သူ့ကိုဝမ်းနည်းချောက်ချားစေသည်။ ဘယ်လောက်များ ကြေကွဲစ
ကောင်းလိုက်ပါသလဲ။

''ကဲ. . . ထင်ရှားလေးလည်း ခရီးပန်းလာတယ်၊ ထမင်းစား
အနားယူလိုက်ပါလားသား''

''ကျွန်တော်စားချင်စိတ်မရှိဘူး ကြီးမေ၊ ဒယ်ဒီ့အရိပ်အယော
တွေပဲ မြင်ယောင်နေတယ်''

''အစတော့ ဒီလိုပေါ့ကွယ်၊ မင်းလည်းခံစားရမယ်ဆိုတ
ကြီးကြီးသိပါတယ်၊ ဘယ်လောက်ပဲ စိတ်နာနာ မုန်းမုန်း ကိုယ့်အ
မဟုတ်လား။ ဒါပေမဲ့ တရားနဲ့သာဖြေပါတော့ သား၊ မုန်းနေ နာကြည်
တဲ့စိတ်တွေကိုလည်း လျှော့လိုက်ပါတော့၊ သားနေသာထိုင်သာ သ
သောင့်သက်သာဖြစ်သွားမှာပါ၊ ကြီးကြီးလည်း အသက်ကြီးပြီဆို
စိတ်ပင်ပန်းမှုတွေ သိပ်မခံနိုင်တော့ဘူး''

''ဟုတ်ကဲ့ သားကြောင့်တော့ စိတ်မဆင်းရဲစေရတော့ပါဘူ

''ကြားရတာ ဝမ်းသာပါတယ် သားရယ်''

သူလွယ်လွယ်ကူကူ ကတိပေးလိုက်တာတော့မဟုတ်ပါ။ ဒယ်
အစား ကြီးကြီးကိုတော့ သူအတတ်နိုင်ဆုံး စိတ်ချမ်းသာအောင်ထား
ဟု ဆုံးဖြတ်ထားသည်။





တစ်ခုတော့ ထူးဆန်းနေ၏။ ဒီအိမ်ကြီးမှာ ကသစ်ဖြူရဲ့အရိပ်
အယောင်ကို အခုထိသူမတွေ့ရသေး။

ဘယ်သွားနေတာလဲ။ သူရောက်လာမှာကိုတော့ ကြိုသိနေ
လောက်သည်။ ဒါပေမဲ့ မမြင်ရ မတွေ့ရတာလည်း ကောင်းပါသည်။
ကသစ်ဖြူကို သူအခုထိမုန်းနေဆဲပါ။ ဒယ်ဒီနှင့် သူဒီလိုဖြစ်ရတာ သူမ
ကြောင့် မဟုတ်ပါလား။

''ရွှေအဖိုးလုံးရော၊ ဘာတွေလုပ်နေလဲ ကြီးကြီး။ ဦးသံလုံးကို
တောင် မမေးဖြစ်ဘူး။ သူဘာတွေလုပ်နေလဲ''

''ဆွံ့အနားမကြားကျောင်းမှာ ကျောင်းဆရာပြန်လုပ်နေတယ်၊
ဟိတပေါ့ကွယ်၊ လစာတော့မရဘူး ကုသိုလ်တော့ရတာပေါ့''

''ဩော်''

ကသစ်ဖြူရောလို့ မမေးပေမယ့်၊ မီးဖိုခန်းဘက်သွားသော
ကြီးကြီးနောက်ကလိုက်လာခြင်းဟာ ထမင်းစားဖို့ သက်သက်တော့မဟုတ်
သေး။ ဟိုအရင်ကထက် သန့်ရှင်းတောက်ပြောင်နေခြင်းဟာ ကြီးကြီးတို့
ရှိမွမ်းခန်းဖွင့်နေသော ကသစ်ဖြူလက်ရာပဲဖြစ်မည်။

''သားလာလေ၊ ထမင်းပွဲကပြင်ပြီးပြီ''

''ဟင်''

ထမင်းဝိုင်းပြင်ပြီးသား အဆင်သင့်တွေ့ရသော်လည်း ကသစ်ဖြူ
ဆိုးမကိုတော့ မတွေ့ရပေ။ သူထမင်းဝိုင်းမှာ မထိုင်သေးဘဲ နောက်
တံခါးပေါက်တွေကို ဖွင့်လိုက်သည်။

''ဟင်. . . ကားဂိုထောင်က အပေါ်မှာတစ်ထပ်တက်ထားတာ
ယ်သူနေတာလဲ ကြီးကြီး၊ ဦးသံလုံးတို့က ပျဉ်ထောင်အိမ်မှာမနေဘဲ
ဒီမှာနေတာလား''

''မဟုတ်ပါဘူးကွယ်၊ သံလုံးတို့သားအဖက ပျဉ်ထောင်အိမ်



www.burmeseclassic.com

www.burmeseclassic.com



လေးမှာပဲနေတာပါ။ ကားဂိုထောင်အပေါ်ထပ်က ကသစ်ဖြူနေတာလေ"

"ဟင်း . . ဘာဖြစ်လို့ ဒီမှာမနေတာလဲ"

"မင်းမကြိုက်ဘူးဆိုလို့လေ၊ မင်းသွားကတည်းက ဂိုထောင်ကို တစ်ထပ်တက်ပြီး အဲဒီအပေါ်မှာနေတာ၊ အခုလည်း ချက်ပြုတ်ထမင်း ပြင်ပြီး အဲဒီဘက်ကိုပြန်သွားပြီ"

"ဩော်"

သူမဘာက်ကစပြီး ရှောင်တိမ်းနေတော့လည်း ပိုကောင်းတာ ပေါ့၊ သူလည်း ရုပ်ဆိုးမကို တွေ့ချင်မြင်ချင်စိတ်မှမရှိတာ။ တွေ့လိုက် မြင်လိုက်တာနှင့် ဘယ်လိုတွေပေါက်ကွဲမိဦးမလဲမသိပေ။

"သား ထမင်းစားမယ်လေ"

"ဟုတ်ကဲ့"

သူထမင်းဝိုင်းမှာ ထိုင်လိုက်သည်။ စားပွဲပေါ်မှာ ဟင်းတွေက သူ့အကြိုက်ချည်း အစုံအလင်ပါ။

"ဟင်းတွေက စားကောင်းသားပဲ ကြီးကြီးလက်ရာမပျက်သေး ဘူး"

"အဲဒီဟင်းတွေအကုန်လုံး ကသစ်ဖြူချက်သွားတာလေ၊ မင်း အဖေနဲ့ မင်းက ကြီးကြီးလက်ရာကို ကြိုက်တယ်ဆိုလို့ သူအသေအချာ ကို သင်ထားတာ၊ တခြားအလုပ်တွေလည်း ကြီးကြီးမလုပ်ရတော့ဘူး သူချည်းပဲ ဒိုင်ခံအကုန်လုပ်တာ၊ ပြီးရင် ရုံးသွား၊ ရုံးကပြန်လာရင် သန့်ရှင်းရေးလုပ်ပေးသေးတယ်၊ သူ့ခမျာမနားရရှာဘူး"

"ရုံးသွားတယ်၊ သူကဘယ်မှာလုပ်နေတာလဲ"

"မင်းအဖေက နောက်ပိုင်းကျန်းမာရေးမကောင်းတော့ ကုမ္ပဏီ မလုပ်တော့ဘူး။ တခြားကုမ္ပဏီနှစ်ခုမှာ ရှယ်ယာဝင်ထားတယ်၊ အဲဒီ ကုမ္ပဏီတစ်ခုမှာ မန်နေဂျာရာထူးနဲ့ အလုပ်ဝင်နေတာလေ၊ ရှယ်ယာရှင်



အမီးဆိုတော့ လစာလည်း ဆယ့်ငါးသိန်းလောက်ရပါတယ်"

"မန်နေဂျာရာထူးနဲ့၊ ဟား . . . တယ်ဟုတ်နေပါလား"

"ဟုတ်တယ်သား၊ သူ့လစာတွေလည်း ဘဏ်မှာစုထားတယ်၊ နောက်မှကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်မယ်တဲ့၊ တကယ်စည်းကမ်းရှိပြီး နေမကောင်းပီသတဲ့သူပါ"

ကြီးကြီးတို့ကတော့ ကသစ်ဖြူကို ချီးမွမ်းလို့ မဆုံးပေ။ သူက တော့ ကသစ်ဖြူအကြောင်း စဉ်းပင်မစဉ်းစားချင်ပါ။ သူမချက်သော လက်ရာကို မစားချင်ပေမယ့် ဟင်းကအရသာရှိတာကြောင့် ဖြတ်လို့ မရပေ။ ဒီလိုလက်ရာမျိုး မစားရတာကြာပြီမဟုတ်ပါလား။

မြန်မာပြည်ရဲ့အငွေ့အသက်ကို အခုမှရတာဆိုပေမယ့် သူနှင့် အိမ်သက်မနေသေးတာတော့ အမှန်ပင်။ ဒီခံစားမှုဟာ သူမမေ့နိုင်ခဲ့တာ ကြောင့် ဆိုတာတော့ . . ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

နိုင်ငံခြားနှင့် မြန်မာပြည်ရာသီဥတု နေ့ရက် နာရီကွာခြားတာ ကြောင့် သူ့အိပ်ရာနိုးချိန်က မနက်ဆယ်နာရီထိုးနေပြီဖြစ်သည်။ သူ ရေချိုးဖို့ မလုပ်သေးဘဲ၊ အညောင်းဆန့်ဖို့ နောက်ဘက်တံခါးကိုဖွင့်၍ ဝရန်တာကို ထွက်လာခဲ့သည်။

"ဟား... မြန်မာပြည်ရဲ့ ဆန်းဒေးကို ပထမဆုံးကြုံရတာပ လား"

သူ သန်းဝေလျက် လက်တွေ ခြေတွေကို ကျောဆန့်လိုက် သည်။

"ဟင်... ဟာ"

ကိုထောင်အပေါ်ထပ်က ဝရန်တာမှာ အဝတ်လှန်းနေသော မိန်းကလေးကို တွေ့လိုက်ရသည်။ ခေါင်းလျှော်ထားဟန်ရှိသော ကျေ လယ်လောက်ရှိသည့် ဆံနွယ်တွေကို ဖားလျားဖြန့်ချထားသည်က မြန် ဆန်လှသလို၊ အရပ်မြင့်မြင့် ယောက်ျားတွေကို ရင်ပေါင်တန်းနိုင်သော အရပ်အမောင်းက မယ်မြန်မာတစ်ယောက်၊ ဒါမှမဟုတ် မော်ဒယ်တ ယောက်ရဲ့ ဟန်ပန်စတိုင်မျိုးနှင့်ပင်။

"ဒါ... ဒါ ရုပ်ဆိုးမလား"





သေချာသလောက်ရှိပေမယ့် ရုပ်ကိုခန့်မှန်းမရတာမို့ မယုံမရဲ ်နေမိသည်။ ရုပ်ဆိုးမက ဒီလောက်ကြည့်ကောင်းလာစရာအကြောင်း ိပါ။

အမြဲတမ်းနှပ်ချေးဖတ်နီ့ကိ်၊ လက်သန်းကိုက်ပြီး ညစ်ပတ်စုတ် ်နေသည့် မိန်းကလေး ဒီလိုစမတ်ကျကြည့်ကောင်းသည့် ရုပ်ဆင်း ါမျိုးထွက်လာမတဲ့လား။

"ဟင်... ဩော်"

သူ့ကိုမြင်လိုက်တာကြောင့်ဖြစ်မည်။ လှစ်ခနဲ အခန်းထဲဝင်ပြေး ာ တံခါးကို ဂျိန်းခနဲပိတ်သွား၏။ သူနှာခေါင်းရှုံ့မိလျက် အခန်းထဲပြန်ဝင် ာကာ ရေချိုးလိုက်သည်။

မနက်စာ သူ့အကြိုက် ကြီးကြီးဘာတွေများ စီစဉ်ထားမလဲ။ ်ဝင်စားကာ ရေမိုးချိုး အဝတ်အစားလဲပြီးတာနှင့် အောက်ထပ်ကို ဆင်းလာခဲ့သည်။

"ကြီးကြီး ဘရိတ်ဖတ်စ် ဘာစီစဉ်ထားလဲ"

"သားအကြိုက်ပါကွယ်၊ မြန်မာမုန့်ဟင်းခါးပေါ့၊ နန်းကြီးသုပ် ည်းရမယ်၊ ဘူးကြော် ပဲကြော် ဘဲဥ ကြက်သားဆီချက် သားကြိုက် အကုန်ရတယ်၊ နံ့နံ့ပင်နဲ့ သံပရာသီးစိတ်လေး ရောမွှေနေတာပဲ၊ ်ဖြူလေး ကမွတ်ီပိတ်ရက်မို့ သေချာလုပ်ပေးထားတာလေ"

"ဒါဆို ကိုထောင်အပေါ်ထပ်မှာ လှမ်းမြင်လိုက်တာ ရုပ်ဆိုးမ

"ဟုတ်ပ၊ ဒါပေမဲ့ ရုပ်မဆိုးတော့ဘူးနော်၊ မြန်မာဆန်ဆန်လေး ာမှချော လှမှလှ"

"ဟွန်း... မထင်ရပါဘူး။ အရပ်က ကလန်ကလားနဲ့ပါ"

"သားက ကသစ်ဖြူလေးကို တွေ့လိုက်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မျက်နှာတော့ သေချာမမြင်ရပါဘူး။ အဝတ်လှန်းနေတာက ဘေးထိုက်တွေ့လိုက်တာ၊ သူကများ ကျွန်တော့်ကိုမြင်တာနဲ့ အိမ်ထဲ ဖွတ်ပြေးဝင်ရသေးတယ်၊ ကြီးကျယ်လို့"

"ကြီးကျယ်တာမဟုတ်ပါဘူးကွယ်၊ သားက ခါးခါးသီးသီးမု နေတာဆိုတော့ သူ့ကိုမြင်ရင် စိတ်အနှောင့်အယှက်ဖြစ်နေမယ်တဲ့လေ သူက အလိုက်တသိရှောင်ပေးနေတာပါ။ ဒါနဲ့သား ဘာစားမလဲ၊ သာ စားချင်တာကို အကုန်အဆင်သင့်ဖြစ်အောင် လုပ်ပေးသွားပါတယ်"

"မုန့်ဟင်းခါးရော၊ နန်းကြီးသုပ်ရော အကုန်စားမယ်၊ ဟို အန်တီကြီးတို့က လုပ်ကျွေးပေမယ့် ဒီကအရသာနဲ့တော့ လုံးဝမတူဘူး"

"အေးပေါ့ကွယ်၊ ဘယ်တူပါ့မလဲ၊ ဒီမှာသားတစ်ဝကြီးသာ နော် သား"

"ဟုတ်ကဲ့"

ပြင်ပြီးသား မုန့်ပွဲတွေကို ကြီးကြီးကနယ်ဖတ်ပေး ဟင်းရည် ထည့်ပေးသည်။ အရသာက လျှာလည်လောက်ပါသည်။ ပါရမီထူးသ လက်ရာမျိုးလို့တောင် ပြောလို့ရ၏။

"စားကောင်းသားပဲ ကြီးကြီး"

"အေး.. ကသစ်ဖြူလေး အချက်အပြုတ်အိမ်တွင်းမှု သင်တ တွေလည်း တက်ထားတာကွဲ့၊ တကယ်မိန်းမပီသပါတယ်"

"သူ့ကိုချီးမွမ်းတဲ့စကားတွေ ကျွန်တော့်ရှေ့မှာ သိပ်မပြော နဲ့ ကြီးကြီး၊ နားကြားပြင်းကတ်လွန်းလို့ပါ"

"ဩော်ကွယ် သားကလည်း"

ကြီးကြီးအသံတိတ်သွားကာ သူ့ရှေ့မှာ မုန့်ဟင်းခါးထိုင်း နေသည်။

"ကြီးကြီး"

[redacted]



"အင်း.. ပြော သား"

"သားရော ဒီမှာဘာလုပ်ရမလဲ၊ ဒယ်ဒီက ကုမ္ပဏီသိမ်းပြီး သူများဆီမှာပဲ ရှယ်ယာဝင်ထားတယ်ဆိုတော့"

"ကုမ္ပဏီနှစ်ခုမှာ ရှယ်ယာဝင်ထားတာက တစ်လသိန်းနှစ် ထောင်ကျော် အမြတ်အစွန်းတော့ရနေတာပဲ၊ ဒါပေမဲ့ အဲဒါတွေက သား ကုမ္ပဏီထောင်ချင်တဲ့အချိန်မှာ အရင်းအနှီးပြန်ဖြစ်အောင် ဘဏ်အကောင့် သင်ထားတယ်၊ အဲ့ဒါတွေ ပိုင်ဆိုင်မှုတွေအကြောင်း ကြီးကြီးတော့ သိပ် သိဘူးသား။ သားအဖေက မသေခင်မှာ ရှေ့နေကြီးနဲ့တော့ အကုန် စီစဉ်ထားတယ် ထင်တယ်၊ သားရောက်တယ်ဆိုလို့ ရှေ့နေကြီး ဒီနေ့ ရောက်လာမှာပါ၊ သိပ်မကြာခင်ပဲ လာလိမ့်မယ်၊ သူလာမှ သားမေး ကြည့်ပေါ့"

ဒယ်ဒီ ဘာတွေစီစဉ်ထားလို့ ရှေ့နေတွေ ဘာတွေကို တာဝန် ပေးထားခဲ့သလဲမသိပေ။ ကြီးကြီးပြောသလိုပင် သူစားသောက်ပြီးချိန် လောက်မှာ ရှေ့နေကြီးရောက်လာသည်။

သူ့အစားအသောက်တွေကို လက်စသတ်ပြီး ဧည့်ခန်းကိုထွက် လာခဲ့ရ၏။

"ဩော်.. အန်ကယ်တင်ထွန်း"

ဒယ်ဒီ့သူငယ်ချင်းဆိုပြီး ငယ်ငယ်ကတစ်ခါမြင်ဖူးထားရုံဆိုပေ မယ့် သူတန်းခနဲမှတ်မိလိုက်သည်။ ဦးတင်ထွန်းက သူ့လက်ကိုဆွဲကာ နှုတ်ဆက်၏။

"မင်းဒီလောက်ထွားပြီး ခန့်လာမယ်တောင်မထင်ဘူး၊ ငါတို့ကြီး က တကယ်ကိုစမတ်ကျတာပဲကွ"

"ဟုတ်ကဲ့ ကျေးဇူးပါ အန်ကယ်"

"အေး.. မင်းအာဖေမသေခင်ရောက်မလာခဲ့တာတော့ စိတ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဘူးကွာ၊ မင်းအဖေက မင်းကိုအရမ်းကိုတွေ့ချင်နေခဲ့တာ၊ သူ ခများမင်းရဲ့စိတ်နဲ့ တော်တော်လေးကို ဝေဒနာခံစားခဲ့ရတာကွ''

''ကျွန်တော်လည်း နောင်တအရမ်းရနေပါတယ် အန်ကယ် ဒယ်ဒီ့အတွက် တော်တော်လေးကို စိတ်မကောင်းဖြစ်နေပါတယ်''

''အေး . . အဲဒါဆိုရင်တော့ သူမသေခင်မှာခဲ့တဲ့ကိစ္စတွေကို မင်းသေချာလိုက်နာသင့်တယ်''

''ဗျာ . . ဘာတွေမှာခဲ့လို့လဲ အန်ကယ်''

''စာချုပ် စာတမ်းနဲ့ တရားဝင်လုပ်ပြီး အန်ကယ့်ကိုသေချာ အပ်သွားခဲ့တာပဲ၊ အဲဒါကို မင်းဖတ်ကြည့်ပေါ့''

ဦးတင်ထွန်းက သူ့အတက်ချိုကေ့စ်ထဲကနေ စာရွက်စာတမ်း အချို့ကို ထုတ်ပြသည်။ သူယူပြီး ဖတ်ကြည့်လိုက်၏။

ပြီးမှ သူအံ့ဩထိတ်လန့်သွေးပျက်သွားကာ

''ဟာ . . ဒါ . . ဒါတွေက ဘာတွေလဲ၊ ကျ . . ကျွန်တော်နဲ့ ကသစ်ဖြူ လက်ထပ်ရမှာလား''

''ဟုတ်တယ် . . မင်းတို့ တစ်နှစ်အတွင်း လက်ထပ်ရမယ်၊ မင်း မြန်မာပြည်ရောက်ပြီး တစ်နှစ်အတွင်းပေါ့၊ ကသစ်ဖြူမှာ လက်ထပ်ရမယ့် ချစ်သူ ဘာညာရှိတယ်ဆိုရင်တော့ မင်းလက်မထပ်လည်းရတယ်၊ အဲ . . ကသစ်ဖြူက လက်ခံမယ်ဆိုရင် မင်းလက်ထပ်ကိုထပ်ရမယ်''

''ဟာ . . အဓိပ္ပာယ်မရှိဘူး၊ ဒယ်ဒီဘာတွေလျှောက်လုပ်ခဲ့တာ လဲ၊ ပိုင်ဆိုင်မှုတွေမက်ပြီး ရုပ်ဆိုးမှ၊ အဲ . . ကသစ်ဖြူက ကျွန်တော့်ကို လက်မထပ်ဘဲနေမလား၊ အဲဒီလိုဖြစ်ချင်လို့ကို ဒီအိမ်ကထွက်မသွားဘဲ နေမှာပေါ့''

''သားလေး . . သူဒီမှာနေနေတာက မင်းဒယ်ဒီရဲ့ဆန္ဒကြောင့် ပါ၊ သူက အကြိမ်ကြိမ် သူ့ခြေထောက်ပေါ်သူရပ်ပါရစေဆိုပြီး ဒီအိမ်က





ထွက်သွားဖို့ ပြောရှာပါတယ်၊ သူထွက်သွားရင် မင်းပြန်လာမယ်ထင်လို့ လေ၊ ဒါပေမဲ့ မောင်သုဝေက လက်မခံခဲ့ဘူး၊ သူ့အဘိုးကိုပေးထားတဲ့ ကတိအတိုင်း သေဆုံးတဲ့အချိန်ထိ တာဝန်ကျေသွားချင်တယ်တဲ့၊ ဒါ ကြောင်မှ ကသစ်ဖြူက ဒီအိမ်ကြီးပေါ်မှာ မနေဘဲ ကားဂိုထောင်အပေါ် ထပ်မှာ သူ့အတွက်နေစရာလုပ်နိုင်းခဲ့တာပါ''

ကြီးကြီးတို့က ကသစ်ဖြူကို အခုထိအပြစ်မမြင်သေးပေ။ ဘယ် အချိန်မှလည်း အပြစ်မြင်မှာမဟုတ်ပါ။ ဘယ်လောက်တောင် ဆွဲဆောင်မှု တွေ ကောင်းနေလို့ ဒယ်ဒီကရော ဒီလိုတွေ စီစဉ်သွားတာလဲ၊ သူဘယ်လို မှ လုံးဝလက်မခံနိုင်ပါ။

''ကျွန်တော်ကတော့ လုံးဝလက်မခံနိုင်ပါဘူး အန်ကယ်၊ သူ့လို မိန်းကလေးကို ဘာကြောင့်လက်ထပ်ရမှာလဲ၊ လုံးဝဒီကိစ္စ ကျွန်တော် သဘောမတူဘူး''

''အဲဒါဆိုရင်တော့ ပိုင်ဆိုင်မှုတွေအားလုံး မင်းခံစားခွင့်မရှိပါ ဘူး''

''ဗျာ''

''ကသစ်ဖြူကို ကိုသုဝေက သမီးရင်းလေးလိုချစ်တယ်လို့ ပြော တယ်၊ ရိုးသားတယ်၊ ဖြူစင်တယ်၊ အကျင့်စာရိတ္တကောင်းတယ်၊ သား အတွက်လည်း ဇနီးမယားကောင်းဖြစ်နိုင်တဲ့ အရည်အချင်းတွေရှိတယ် တဲ့၊ အဲဒါကြောင့် မင်းအဖေက ဒီလိုစီစဉ်ခဲ့တာ၊ သားအတွက်နောက်ဆုံး ကောင်းချင်လို့ ဒီလိုလုပ်တာတဲ့''

''ဘာဆိုင်လို့လဲ၊ ဒီမိန်းမနဲ့လက်ထပ်မှ ကျွန်တော့်ဘဝက ထူ ထောင်နိုင်မှာမို့လား''

''အဲဒါကတော့ မင်းအဖေရဲ့နောက်ဆုံးဆန္ဒပဲ၊ ဖြစ်ခဲ့တာတွေ အတွက် မင်းနောင်တရတယ်ဆိုရင် ဒီဆန္ဒကိုတော့ လိုက်လျောသင့်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ တကယ်လို့ ကသစ်ဖြူက မင်းနဲ့လက်ထပ်ဖို့ဆန္ဒမရှိဘဲ တခြ
သူနဲ့လက်ထပ်သွားရင်တော့ မင်းအတွက်ကောင်းတာပေါ့''

''ဟား''

ဒီကိစ္စဘယ်လိုလုပ်ရပါ့မလဲ။ ကသစ်ဖြူ တခြားတစ်ယောက်
လက်ထပ်မှ သူ့ဘဝလွတ်မြောက်ရမည့်အဖြစ်မျိုးပါလား။ တကယ်
အောင့်သီးအောင့်သက်ဖြင့် အသက်ရှူကျပ်စေသည်။

ဒီအသက် ဒီအရွယ်မှာ သူတောင်ရည်းစားသုံးလေးယော
ထားခဲ့သေးတာ၊ ကသစ်ဖြူမှာ မရှိနိုင်ဘူးလား။ ရှိချင်လည်း ရှိမှာ
သူတို့ရဲ့ပိုင်ဆိုင်မှုတွေကို မက်မောလို့ မရှိချင်ယောင်ဆောင်ပြီး သူ
လက်ထပ်ချင်လည်း ထပ်မှာပေါ့။

''ဒီကိစ္စ ဒယ်ဒီ ဒီလိုစီစဉ်ခဲ့တယ်ဆိုတာ ကသစ်ဖြူရော
သလား''

''ကိုသုဝေက အသိမပေးခဲ့ဘူးထင်တယ်၊ အန်ကယ်နဲ့ပဲ တိုး
ကြိတ်ကြိတ်တရားဝင်လုပ်သွားတာ၊ မင်းလာရင် မင်းကိုအသိပေးရမယ်
ပြီးရင် ကသစ်ဖြူကိုပြောပြရမယ်''

''သူက ကျွန်တော့်လိုမျိုးငြင်းမယ်ထင်လား''

''သူက မောင်သုဝေစကားဆို တစ်သဝေမတိမ်းလိုက်နာတ
တဲ့ ကလေးပဲ၊ ဆန္ဒရှိခဲ့တာဆိုရင် ဘယ်ငြင်းပါ့မလဲ''

သူ့နှာခေါင်းရှုံ့ကာ မျက်နှာမဲ့သွားလျက်

''ငြင်းရက်စရာမရှိလို့ မငြင်းတာဖြစ်ပါလိမ့်မယ်၊ ဒီလောက်
ဆိုင်မှုတွေများနေတာ သူမမက်မောဘဲနေမလား၊ သူ့မှာရည်းစား
ဘာတွေရော မရှိဘူးလား''

''တစ်ယောက်မှာမရှိပါဘူး၊ ချစ်သူရည်းစားတစ်ယောက်မှ
မထားတာ''





''အဲဒါ ကြီးကြီးကသေချာသိလို့လား။ သူ့အပြင်မှာ ရှုပ်ချင်ရှုပ်
ပွေချင်ပွေနေမှာပေါ့''

''ကသစ်ဖြူက အဲဒီလိုပေါ့ပျက်ပျက်မိန်းကလေးမဟုတ်ပါဘူး
ကွယ်''

''ကြီးကြီးတို့က ကသစ်ဖြူဆိုတော်တော်ကို ယုံကြည်လွန်းတာ
ပဲ၊ အိမ်ထဲမှာ ကျခြေရပြီး အပြင်မှာ ကုတ်ကမြင်းဖြစ်နေတဲ့ မိန်းကလေး
တွေမှ တစ်ပုံကြီး''

''သားကလည်း စကားပြောတာ ရိုင်းလိုက်တာကွယ်၊ ကသစ်
ဖြူကို အဲလိုမပြောပါနဲ့''

ကြီးကြီးက ကသစ်ဖြူဘက်က ဆတ်ဆတ်ထိမခံပေ။ ရွှေနေ
ကြီးဦးတင်ထွန်းကလည်း မကြိုက်သည့်ပုံစံနှင့်

''အန်ကယ်တို့ မြင်တွေ့ဆက်ဆံနေတာတော့ ကသစ်ဖြူက
ကျခြေရှိ သိက္ခာရှိတဲ့ မိန်းကလေးပါ၊ မင်းနဲ့လက်ထပ်ရမယ့် မိန်းကလေး
မှ ပိုပြီးစောင့်ကြည့်အကဲခတ်ဖြစ်တယ်၊ မင်းနဲ့အရမ်းကို သင့်တော်တဲ့
မိန်းကလေးပါ''

''တစ်ယောက်နဲ့တစ်ယောက် လက်ထပ်ဖို့ အချစ်တွေ၊ သံယော
ဇဉ်တွေက ဘယ်သွားထားမှာလဲ၊ သူ့ကိုလက်ထပ်ရမယ်မှန်းသာသိရင်
ကျွန်တော် မြန်မာပြည်ကိုတောင် ပြန်လာမှာမဟုတ်ဘူး''

'အခု မင်းဒယ်ဒီနောက်ဆုံးအချိန်ကို မမီလို့ တစ်လဆွမ်းသွတ်
မှာကို မင်းပြန်လာတာဆို၊ မင်းဒယ်ဒီကို မတွေ့ရလို့ နောင်တရနေတာ
ဆို၊ ဒါတောင် ပြန်မလာချင်ဘူးလား''

''အခုက ကသစ်ဖြူကိစ္စပါလာတာကို၊ ကျွန်တော်က''

သူ့စကားဆက်မှာကို ရွှေနေကြီးက ခေါင်းခါ၍ ကန့်ကွက်
သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတစ်ခုတော့ သေချာဆုံးဖြတ်ရလိမ့်မယ်၊ ဒီတစ်နှစ်အတွင်
မှာ ကသစ်ဖြူ တခြားတစ်ယောက်နဲ့ လက်ထပ်မယ်ဆိုရင် မင်းအပြ
ကင်းတယ်၊ ကိုသုဝေဆန္ဒအတိုင်း မင်းနဲ့ပဲလက်ထပ်မယ်ဆိုရင်၊ ကလေ
တစ်ယောက်ရတာနဲ့ ပိုင်ဆိုင်မှုတွေအားလုံးက မင်းနာမည်နဲ့ဖြစ်သွား မယ်
ကလေးနဲ့ ကသစ်ဖြူအတွက် သပ်သပ်စီစဉ်ထားတာလည်းရှိတာပေါ့ကွာ
ဒါကတော့ မင်းနဲ့ ကသစ်ဖြူ လက်ထပ်ပြီးမှ နောက်ထပ်ကိစ္စပေါ့"

"ကျွတ်..ကွာ"

သူတကယ်ကို စိတ်လေသွားပါသည်။ ဒယ်ဒီဘယ်လိုအကြံ
တွေနဲ့များ သူ့ကိုဒီလိုစီမံခဲ့လဲမသိပေ။ သူအမုန်းဆုံး အမြင်ကတ်ဆုံး
မိန်းကလေးနှင့်မှ လက်ထပ်ခိုင်းရသတဲ့လား။

သူဘယ်လိုလုပ်ရမလဲ၊ ဘာလုပ်ရမလဲ။

တစ်ခုခုတော့ သူ့အပြစ်လွတ်အောင်ကြံစည်မှဖြစ်မည်။

ရုပ်ဆိုးမ ကသစ်ဖြူ။ နင်က ငါ့အတွက်တော့ ကြိုးဟ်ဆိုးတစ်
ကောင်ပါပဲလား..။

***



# အခန်း (၁၈)

"ကသစ်ရေ ပြန်ဦးမယ်နော်"

"ဟုတ်ကဲ့"

"ဖြူရေ ပြန်ပြီဟေ့"

"ဒီနားလာထိုင်ပါဦး သမီးရယ်၊ ချောလိုက်တာ မှန်နေတာပဲ"

"ငါ့ချွေးမတော်ဖို့ နံပါတ်တပ်ပြီးသားနော်၊ ငါ့သားက ဆရာဝန်"

"အမယ်လေး ဒီကသားက စီးပွားရေးလုပ်ငန်းရှင်ပါနော်၊ ချွေးမ
အလှကို ရွှေပုံပေါ်တင်ထားမှာ"

"ကသစ်ဖြူ ခွင့်ပြုပါဦး ယောက်မ"

"နောက်နေ့မှ ကုမ္ပဏီမှာဆုံမယ်နော်"

ဒယ်ဒီတစ်လဆွမ်းကို ဝမ်းနည်းစွာလာကြတာမှ ဟုတ်ရဲ့လား။
ဘာသမျှ လူတွေက ကသစ်ဖြူဆိုတာကို ပါးစပ်ဖျားကမချ။ ချွေးမတော်
ချင်သူ၊ ယောက်မတော်ချင်သူတွေဖြင့် ကသစ်ဖြူတို့ စန်းပွင့်လို့နေသည်။
အထဲမှာ နားကြားပြင်းကတ်ပြီး သူမ မျက်နှာကိုပင် မကြည့်မိ။ လူတွေ
က သူ့ကိုဒယ်ဒီ့သားမှန်းမသိလို့တဲ့ နှုတ်မဆက်ကြတာလား။ သူ့ရဲ့ဖော်ရွေ
မှုမရှိတာကြောင့် ကြီးကျယ်သည်မြင်လို့ နှုတ်မဆက်ကြတာလား။

ဘာမှန်းမသိပေမယ့် သူကတော့ ဘယ်သူ့ကိုမှဂရုမစိုက်ပေ။



www.burmeseclassic.com

www.burmeseclassic.com



မနက်ပိုင်း ဘုန်းကြီးတွေကို ဆွမ်းကပ်တော့လည်း ဘုန်းကြီးတွေက ကြီးကြီးနှင့် ကာသစ်ဖြူကိုသာ သိကြသည်။ ငယ်စဉ်ကတည်းက မြန်မာ ပြည်ကနေ ထွက်သွားခဲ့ရတာကြောင့် ဘယ်သူမှသူ့ကို မရင်းနှီးတော့တာ ဖြစ်မည်။

ကြီးကြီးက လူတွေနှင့် သူ့ကိုမိတ်ဆက်ပေးမည်ဟုပြောသော် လည်း သူကိုယ်တိုင်က ဘယ်သူနှင့်မှ မသိချင်သေးပေ။ သူ့မှာနိုင်ငံခြား မသွားခင်က သူငယ်ချင်းတွေရှိသည်။ ဒီနေ့ သူတို့ကိုဖိတ်ထား၏။

ဒီကောင်တွေက လုပ်ငန်းကိုယ်စီနှင့်တောင်ဖြစ်နေကြသည်။

"ထင်ရှား"

"ဟာ . . ဇော်မင်း။ လာ ဟိတ်ကောင်၊ ငါမျှော်နေတာ ဝေး နေလို့ကွ"

ဇော်မင်းကို ညွှန်ခန်းဘက်ခေါ်သွားလိုက်သည်။ ဇော်မင်းက လူတွေအလယ်မှာ အရပ်မြင့်မြင့်မားမားဖြင့် ထင်ရှားပေါ်လွင်နေသော ကာသစ်ဖြူကို လည်ပြန်ငေးနေသေးသည်။

"ဟိတ်ကောင် လာစမ်းပါ၊ ငါမုန့်ပွဲတောင်းပေးမယ် ကာသစ်ဖြူ ဒီကိုမုန့်ပွဲလာချပေးစမ်း"

"ဟုတ်ကဲ့"

သူ့ကိုမကြည့်ဘဲ ကာသစ်ဖြူ နောက်ဘက်ထဲဝင်ကာ မုန့်ပွဲသွား ယူသည်။ ဇော်မင်းက လိုက်ငေးလို့ကောင်းဆဲ။

"ဟိတ်ကောင် ဘာဖြစ်နေတာလဲ"

"မြန်မာဆန်တယ်ကွာ၊ ဟတ်ထိထိတယ်"

"တကယ်ထိတာလား ဇော်မင်း"

"ဒါပေါ့ကွ ထိလို့ထိတယ်ပြောတာ"

"ထိရင် ချစ်သူဖြစ်အောင်ကြိုးစားပေါ့ကွ၊ ဘာခက်တာမှတ်လို့"





"အဲဒါမင်းတို့အိမ်မှာ နာမည်ကြီးနေတဲ့ ကာသစ်ဖြူနော်"

"ဘာနာမည်ကြီးတာလဲ"

"ဟာ . . ချောတာလှတာအပြင် မိန်းမပီသတာ၊ ယဉ်ကျေးသိမ် မွေ့တာ၊ ဆက်ဆံမှုဖော်ရွေတာ၊ သတင်းကမွှေးတယ်၊ အိမ်မှာဆိုလည်း ဦးသုဝေ မွေးစားသမီးက တကယ်တော်တာ၊ အလုပ်ထဲမှာလည်း ထက် မြက်တယ်နဲ့ပြောနေကြတာကွ"

သူဟက်ခနဲလှောင်သလို ရယ်လိုက်မိသည်။ နှုတ်ခမ်းဖတ်နှိုက် သက်သန်းကိုက် ညစ်ပတ်ပတ် ရုပ်ဆိုးမက ဒီလိုဂုဏ်သတင်းတွေနဲ့လား။ သူကတော့ လုံးဝကိုအထင်ကြီးလို့မရပါ။

ဒီလိုအရည်အချင်းတွေရအောင် သူမဘယ်လိုကြိုးစားခဲ့သည် သိပေမယ့် သူ့အတွက်တော့ အမှိုက်သရိုက်ပါပဲ။

"ဇော်မင်း . . မင်း ကာသစ်ဖြူကို စိတ်ဝင်စားတယ်မဟုတ်လား"

"ရရင်တော့ လိုချင်တာပေါ့ကွာ၊ ဒါပေမဲ့ သူကကျွန်မြေကြီးလွန်း တယ်၊ ရောနှောပတ်သက်ဖို့ သိပ်မလွယ်ဘူး"

"မင်း ငါ့အိမ်ကိုသာနေ့တိုင်းလာခဲ့၊ သူနဲ့တွေ့ရမှာပဲ၊ ဘာမရင်းနှီး ရောရှိလဲ"

"ဟာ . . တကယ်လား"

သူခေါင်းညိတ်ပြလိုက်သည်နှင့် ဇော်မင်းဝမ်းသာအားရ ရွှင်လန်း တက်ကြွသွားသည်။

"သုံးဆောင်ပါရှင့်"

"ခဏထိုင်ပါဦး ကာသစ်ဖြူ၊ ငါ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေး ချင်လို့"

"ကျွန်မဧည့်သည်တွေကို ဧည့်ခံစရာရှိသေးလို့ပါ၊ ခွင့်ပြုပါဦး"

"ဟာ"



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက်လုံးကိုမကြည့်ဘဲ လှည့်ထွက်သွားတာကြောင့် စိတ်ထဲမှာ တင်းခနဲဖြစ်သွားသည်။ ဇော်မင်းရှေ့မှာ သူ့ကိုဒေါက်ဖြုတ်လိုက်သလိုပဲ မဟုတ်ပါလား။

ဇော်မင်းက သူ့ပခုံးကိုတိုက်လျက်

''မလွယ်ပါဘူးလို့ ပြောရဲ့သားနဲ့''

''ဘာမလွယ်ရမှာလဲ၊ ငါ့အိမ်မှာနေပြီး ငါ့သူငယ်ချင်းနဲ့မိတ်ဆက်ပေးတာကို လက်မခံရအောင် သူကဘာမို့လို့လဲ''

''ဖြည်းဖြည်းပေါ့ကွာ၊ ငါစိတ်ရှည်ပါတယ်၊ လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နှေးရတယ်တဲ့၊ သူ့အလှက ရင်ကိုအေးချမ်းစေတယ်၊ တစ်ဘဝလုံးအတွက်ဆို အချိန်တွေကို ရင်းနှီးပေးဆပ်ရမှာပေါ့''

''မင်းရောဂါက ရင့်နေပြီလား၊ ဘယ်အချိန်ကတည်းကလဲ''

''ကျောင်းမှာကတည်းက ရင့်ခုန်တာ''

''ဘာ''

''မင်းက ဘာမပြော ညာမပြောနဲ့ နိုင်ငံခြားမှာကျောင်းသွားတက်တယ်၊ သူ့ကိုတော့ မင်းဒယ်ဒီက အမြဲတမ်းကျောင်းလိုက်ပို့တယ်၊ အစပိုင်းက ရုပ်ဆိုးသလိုလို တောသူမပုံစံနဲ့ နောက်ပိုင်းကျတော့ အသားလေးက ညိုစိမ့်စိမ့်ဝင်းဝင်းစိုစိုလေးနဲ့၊ ပြည့်ပြည့်တင်းတင်းလေးဖြစ်ပြီး လှလာတယ်ကွ၊ အရပ်ရှည်တာကလည်း သူ့ရဲ့ထင်ပေါ်မှုတစ်ခုဖြစ်လာတယ်၊ ငါတို့ယောကျ်ားလေးတွေ ဝိုင်းပြီးစိတ်ဝင်စားကြတယ်၊ ဒါပေမဲ့ ဆယ်တန်းအောင်ပြီးကတည်းက မတွေ့ရတော့ဘူး၊ သူဘွဲ့နှစ်ဘွဲ့ သုံးဘွဲ့ယူတယ်ဆိုလား အဲဒါလည်းကြားလိုက်သေးတယ်၊ အခုမှ မင်းကျေးဇူးကြောင့် ပြန်တွေ့ရတာ၊ သူငယ်ချင်း မင်းကျေးဇူးကိုမမေ့ပါဘူးကွာ''

''တော်စမ်းပါ နှာဘူး''





ဇော်မင်းကို အပြစ်တင်လိုက်ခြင်းမဟုတ်ပါ။ ကိုယ့်အကြံအစည်အတွက် ကျေနပ်အားရသွားခဲ့ခြင်းဖြစ်သည်။ ဇော်မင်းနှင့်ဖြစ်ပြီးရသွားသည်း ကိုယ့်အတွက် လွတ်မြောက်ခြင်းနိမိတ်ဘုံပဲပေါ့။

ပြီးတော့ ကသစ်ဖြူရဲ့အပေါ်ယံ ရိုးသားဖြူစင်ခြင်းဆိုတာတွေကို မယုံကြည်ပါ။ ပိုင်ဆိုင်မှုတွေနှင့် မျှော်လင့်ချက်တွေကြောင့် ရိုးသားခြင်ဟန်ဆောင်နေခြင်းဟု သူထင်သည်။

တစ်နေ့ သူမဘာလဲဆိုတာ ဘူးပေါ်သလိုပေါ်အောင် သူဖော်ထုတ်မှာပါ။ သူမရဲ့ဟန်ဆောင်ခြင်းတွေကို သူခွာချပစ်မှာပါ။

ထင်ရှားဆိုတာ ပေါ့သေးသေးကောင်မှ မဟုတ်တာ။ ရုပ်ဆိုးမည်ပတ်အိုးကို ပညာပြန်ပေးဖို့ ရည်ရွယ်ထားတာ၊ ဟိုအရင်က အငြိုးတွေမပြေသေးလို့ပင်။

ဒယ်ဒီနဲ့ ခွဲခွာခဲ့ရတာ ဆယ့်ငါးနှစ်၊ အဲဒါဟာ နင့်ကြောင့်မို့ ◦ ◦ ။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"ကြီးကြီး. . . သူ့အတွက် နံပြားထောပတ်သုတ်နဲ့ ပေါင်မုန့် မီးကင်ထားတယ်၊ သူနိုးလာရင် ကော်ဖီဖျော်ပြီး ပေးလိုက်ပါနော်၊ သမီး ကုမ္ပဏီနောက်ကျနေမှာစိုးလို့ သွားတော့မယ်၊ ဒီနေ့လချုပ်ရှင်းတမ်းတွေ တင်ရမှာမို့လို့ နေ့လယ်စာကို အိမ်မှာရှိတာပဲ ချက်ထားခဲ့တယ်၊ ညနေကျ မှ ကုမ္ပဏီကအပြန်ဈေးဝယ်လာပြီး ထပ်ချက်ပေးပါ့မယ်"

"အေးပါကွယ်၊ ကသစ်လေးလည်း ပင်ပန်းပါတယ်၊ ကျန်တာ ကို ကြီးကြီးလုပ်သင့်တာ လုပ်လိုက်ပါ့မယ်"

"ရပါတယ် ကြီးကြီး ပင်ပန်းမှာစိုးလို့ပါ"

"အေးပါကွယ် အေးပါ၊ သမီးလေး ကုသိုလ်တွေအများကြီး ပါတယ်"

ကသစ်ဖြူက လုပ်စရာရှိတာတွေကို သွက်သွက်လက်လက် ဖျတ်လတ်မြန်ဆန်စွာပင် လုပ်လိုက်သည်။ အရင်က ကြီးကြီးနှင့် ဦး လုံးတို့သားအဖအတွက် ဘာမှအရမ်းကြီး ဖွယ်ဖွယ်ရာရာလုပ်ပေးရသည် ဆိုတာ သိပ်မရှိပါ။ ထင်ရှားရောက်လာမှ သူမမှာ နားရသည်ကိုမရှိ သူ့ကိုရှောင်ဖို့ တိမ်းဖို့အတွက် အလုပ်ကိုလည်း မြန်မြန်ဆန်ဆန်လုပ် သေးသည်။ မျက်နှာချင်းမဆိုင်မိအောင်ရှောင်ရခြင်းက သူမကိုမလိုလား မုန်းသိနေလို့ပါ။





သူမကြောင့် အမုန်းတွေနှင့် ထွက်သွားခဲ့ပြီး အခုလည်း အမုန်း တွေနှင့်ပဲ ပြန်ရောက်လာခဲ့တာ မဟုတ်ပါလား။

"ကြီးကြီး"

"ဩော် သား၊ အစောကြီးအိပ်ရာနိုးလို့ပါလား"

"အင်း. . . သား ရွှေတောင်ခေါက်ဆွဲစားချင်တဲ့ အာသီသရှိနေ လို့ နိုးလာတာ၊ သူ့ကိုအခုလုပ်ခိုင်းလိုက်ပါ ကြီးကြီး"

"ဟင်. . . ကသစ်လေးက အခုကုမ္ပဏီသွားရတော့မှာ၊ ဒီနေ့ လချုပ်စာရင်းတွေ တင်ရမှာတဲ့ သားရဲ့၊ နောက်တောင်ကျနေပြီ"

"အာ. . . ကုမ္ပဏီအလုပ်က ဘာအရေးကြီးလို့လဲ၊ သားအခု စားချင်တယ် ကြီးကြီး၊ သူ့ကိုခွင့်ယူခိုင်းလိုက်၊ ကုမ္ပဏီကို သားဖုန်းဆက် ပေးလိုက်ရမလား၊ ဒယ်ဒီရှယ်ယာဝင်ထားတဲ့ကုမ္ပဏီတွေ သားပိုင်ပါတယ်"

ထင်ရှားက ဖွတ်တရွတ်။ သူမ ခြေလှမ်းရွေ့ဖို့တောင် ခက်နေ သည်။ ကြီးကြီးက သူမကိုအားနာနေဟန်ဖြင့်

"သားရယ်၊ အခုသားအတွက် ပေါင်မုန့်မီးကင်ရော နံပြား ထောပတ်သုတ်ရော လုပ်ထားပါတယ်၊ ကော်ဖီပူပူလေးနဲ့ စားလိုက် ပါလိုက်ပါလား သားရဲ့၊ နောက်နေ့ကျ ရွှေတောင်ခေါက်ဆွဲချက် ပေးပါလိမ့်မယ်"

"အာ. . . သားအခုစားချင်တာ၊ စားချင်လို့ အိပ်ရာက တကူး ထထားရတာ၊ နောက်နေ့မှ စားချင် နောက်နေ့မှထမှာပေါ့"

"ရပါတယ် ကြီးကြီး၊ စာရင်းတွေ ညဘက်မှမအိပ်ဘဲ စစ်ပေး လိုက်ပါတော့မယ်၊ သမီးခွင့်တင်လိုက်တော့မယ် ကြီးကြီး"

"အေး. . . သမီးရယ် အားနာလိုက်တာ"

သူကျေနပ်စွာ ပြုံးလိုက်သည်။ သူတမင် သူမကိုဒုက္ခပေးလိုက် တာပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အိမ်မှာနေလျှင် သူနိုင်းတာလုပ်ရမည်မဟုတ်လား။
သူမယောက်ယက်ခတ်သွားအောင် ထိုင်ခုံဆွဲကာထိုင်လိုက်ပြ

"မြန်မြန်လေးလုပ်နော်၊ ဗိုက်ကဆာလှပြီ"

"သားရယ်၊ အခုချက် အခုအမြန်ရတဲ့ ဥစ္စာမှမဟုတ်တာ၊ ခဏ
တော့ စောင့်ရဦးမှာပေါ့"

"သူညစ်ပတ်ပြီး အချိန်ဆွဲမှာစိုးလို့ သတိပေးတာ၊ ကုမ္ပဏီ
မသွားရလို့ စိတ်တိုချင်တိုနေမှာလေ"

"ကသစ်လေးက အဲလိုလုပ်ပါ့မလားကွယ်၊ သားက စကား
ပြောလိုက်ရင် အလွန်ပဲ"

ကြီးကြီးတို့ကတော့ ကသစ်ဖြူဘက်က အမြဲတမ်းကာကွယ်ပေ
ဖို့ အဆင်သင့်ပင်။ ထိုအချိန်မှာ ရွှေအဖိုးလုံး မီးဖိုချောင်ထဲဝင်လာပြ

"အဘား ... အဘား"

"ဩော် .. အေး၊ ဖိုးလုံး ငါကုမ္ပဏီမသွားဘူး၊ ခွင့်ယူလိုက်
တယ်၊ ရွှေတောင်ခေါက်ဆွဲလုပ်ပေးမလို့လေ၊ နင်ရော ဒီနေ့ ကျောင်း
မတက်ဘူးလား။ ဦးသံလုံးကို လိုက်ပို့နိုင်းပေါ့"

"အဘား ... အဘား"

"ငါကုမ္ပဏီမသွားလို့ ကားကြုံလိုက်မစီးရတာနဲ့ နင်လည်း
မသွားတော့ဘူးလား၊ အဲဒါဆို ငါ့ကိုကူဦးဟယ်၊ မြန်မြန်ပြီးအောင်
ရေခဲသေတ္တာထဲက ကြက်သားယူပြီး ဆေးပေး။ ပြီးရင် နံနံပင်နဲ့ ကြက်သွ
ဖြိတ်လည်း ညှပ်ပေးနော်၊ သံပရာသီးလေးလည်း စိတ်ထား။ ငါဟင်း
အိုးအရင်လုပ်လိုက်ဦးမယ်၊ ခေါက်ဆွဲလည်း ပြုတ်ရဦးမှာ"

"အဘား ဘား"

ဖိုးလုံးက ကျေနပ်စွာ တက်တက်ကြွကြွပင်လုပ်နေသည်။ သူ
လည်း ပါးစပ်ကပြောလည်းပြော လက်ကလည်း မနားတမ်းဖယ်ဆ





လို လုပ်နေသည်။

ဖိုးလုံးကို အခုမှသေချာကြည့်မိ၏။ သူ့လိုပင် လူပျိုကြီးဖြစ်ကာ
ချောလာပြီး ယောက်ျားပီပီသသ ကြည့်ကောင်းလာသည်။

စကားမပြောတတ်တာလေးကလွဲလျှင် အလုပ်အကိုင်လေးနှင့်
ကသစ်ဖြူနှင့်ဆိုလည်း လိုက်ဖက်တာပါပဲ။

ယေ်စဉ်ကတည်းက သူမတို့နှစ်ယောက်သံယောဇဉ်ရှိပြီးသား
လက်ထပ်လိုက်လည်းဖြစ်တာပဲ။

"သား ဘာတွေတွေးနေတာလဲ"

"ဗျာ"

ဖိုးလုံးနှင့် ကသစ်ဖြူကို မင်္ဂလာဝတ်စုံနှင့် မြင်ယောင်ကြည့်ပြီး
နေမိတာမို့ ကြီးကြီးက မေးလိုက်ခြင်းဖြစ်သည်။ သူတစ်ချက်ယောင်အ
လျက်မှ ..

"ဘာမှမဟုတ်ပါဘူး၊ ဖိုးလုံးနဲ့ ရုပ်ဆိုးမတို့နှစ်ယောက်ကြည့်
ကောင်းလို့ပါ၊ လိုက်ဖက်တယ်နော် ကြီးကြီး"

"သားရယ် မပြောကောင်းမဆိုကောင်းကွယ်၊ သားအတွေးက
လိုက်တာ"

"ဩော် .. သူတို့နှစ်ယောက် သံယောဇဉ်ကြီးတာ လိုက်ဖက်
ယ်ပြောတာပါ"

"မောင်နှမတွေလို သံယောဇဉ်ကြီးကြတာပါကွယ်၊ တစ်မျိုး
ခက်အောင် မပြောပါနဲ့"

သူနှင့် ကြီးကြီး တိုးတိုးကြိတ်ကြိတ်ပြောနေတာကို ကသစ်ဖြူ
ဖြစ်အောင်ကြားလိုက်သည်။ ထင်ရှား ရင်ထဲဘယ်လိုအတွေးတွေရှိ
ည်။ ဘာတွေဖြစ်စေချင်နေသည်ဆိုတာ သူမ မသိဘဲနေပါ့မလား။
မဲ့ ဦးသုဝေရဲ့ ကျေးဇူးတွေကြောင့် သူ့အပေါ်စေတနာမပျက်ဖို့တော့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားရမည်။

"ဟဲ့ ဖိုးလုံး၊ နံပြားနဲ့ပေါင်မုန့်မီးကင်တွေ ဦးလေးသံလုံး… သွားပေးလိုက်ပါလား၊ နင်ရော မနက်စာဘာမှမစားရသေးဘူး မဟုတ်လား"

"အဘား"

"အေး… ဒီကအလုပ်တွေပြီးမှ သားအဖနှစ်ယောက်အတူ သွား… စားလိုက်ပေါ့ဟယ် နော်"

"ဘား… ဘား"

သူတို့အတွက် ပူမနေနှင့်ဟု ဖိုးလုံးပြောဟန်တူသည်။ ကသစ်… ပြုံးပြီးခေါင်းညိတ်၏။ ဖိုးလုံး ဘာပြောပြော ကသစ်ဖြူ နားလည်သဘော… ပေါက်နေတာကတော့ အံ့သြစရာကောင်းသည်။ ကသစ်ဖြူကိုကြ… လိုက်သည့် ဖိုးလုံးမျက်ဝန်းများကလည်း ရွှန်းလဲ့လို့ပါ။

သူကြည့်ကောင်းကောင်းနှင့် ကြည့်နေရင်း၊ ကသစ်ဖြူ… ဘယ်လို ယောကျ်ားလေးနှင့်ဖြစ်ဖြစ် လက်ထပ်သွားစေချင်နေမိသည်…

"ရပါပြီ သခင်လေး၊ သုံးဆောင်ပါ"

"ရွှေတောင်ခေါက်ဆွဲ ပန်းကန်ကို သေချာပြင်ဆင်ပြီး သူ့… လာချပေးသည်။ သူ့မျက်နှာကိုတော့ ဘယ်တော့မှမကြည့်ပါ။

"မင်းနဲ့ ဖိုးလုံးလည်း အတူတူစားကြလေ"

"ကျွန်မ စားပြီးပါပြီ၊ သူလည်း သူ့အဖေနဲ့သွားစားမှာပါ။ ကျွ… ကို ခွင့်ပြုပါဦး"

"မင်းအလုပ်မပြီးသေးဘူးလေ၊ ငါ့သူငယ်ချင်းကို ဖုန်းဆ… ခေါ်ထားတယ်၊ သူလာရင် မုန့်ပွဲပြင်ပေးလိုက်ဦး"

"ဟုတ်ကဲ့"

"ကြီးကြီးပြင်ပေးပါ့မယ် သားရယ်၊ ကသစ်လေးနားပါစေ… သူတစ်မနက်စာ အလုပ်တွေလုပ်နေရတာ သနားပါတယ်"





"ရပါတယ်ကြီးကြီး၊ ကျွန်မ မပင်ပန်းပါဘူး"

မငြိုငြင်ချင်တာကြောင့် ပြောလိုက်ရပေမယ့် စိတ်ထဲမှာတော့ …တ်တော်လေး ကသိကအောက်ဖြစ်လာမိသည်။ သူမကိုပေါ်တင်ကြီး …ယောကျ်ားတွေနှင့် ပတ်သက်စေချင်နေတာ မဟုတ်ပါလား။

ခဏနေတော့ သူ့သူငယ်ချင်းဆိုသူ ကျယ်လောင်စွာအသံပေး… …ဝင်လာသည်။ ကြီးကြီးက ပေါင်မုန့်မီးကင်တွေယူ၍ ဖိုးလုံးကိုခေါ် …ာ ထွက်သွားသည်။

"ဒီလိုစားပွဲရှိရင် ငါ့ကိုစောစောခေါ်ရောပေါ့ ထင်ရှားရာ၊ အခု …မြန်လာခဲ့ဆိုလို့ ကားကိုအမြန်မောင်းလာရတာ၊ ဒါတောင် မီးပွိုင့်က …သေးတယ်၊ နောက်ဆိုကြိုပြော ဟိတ်ကောင်"

"စားဖို့လည်း ခေါ်ရသေးတယ်၊ ဆရာကြီးလာလုပ်နေတယ်၊ …ာက်ဆို ငါမခေါ်လည်း လာလည်လို့ရတယ်၊ အမြဲဝင်ထွက်လို့ရတယ်၊ …ချင်တာ ဝါးချင်တာရှိရင်ပြော လက်ရာကောင်းတယ်"

ကသစ်ဖြူဘက်ကို မေးငေါ့ရင်းပြောတော့ ဇော်မင်းပြုံး၍ …သဘောတွေကျနေသည်။

"ကသစ်ဖြူ ငါ့သူငယ်ချင်းအတွက် မုန့်ပွဲကောင်းကောင်းလေး …ပေးပါ"

"ဟုတ်ကဲ့"

"ကျွန်တော် ဘာလုပ်ပေးရဦးမလဲ ကသစ်ဖြူ၊ ကျွန်တော့် …တွက် ပြင်ပေးမှာဆိုတော့ အားနာလို့ပါ"

"ရပါတယ်၊ ဟိုနားမှာပဲထိုင်ပါ၊ ကျွန်မယူလာခဲ့ပါ့မယ်"

အိမ်ရှင်ဖြစ်သူ ထင်ရှားက မျက်နှာသာပေးတော့ ဇော်မင်းက …င့်တက်ကာ သူမနားကိုအကြောင်းရှာကာ ကပ်ချင်သည်။ သူမက …ကိုတော့ မလိုက်လျောနိုင်ပါ။ မုန့်ပွဲချပေးပြီးသည်နှင့် ခွင့်မတောင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့လိုက်သည်။

အလုပ်နှင့်ပတ်သက်ပြီး တာဝန်ကျေလျှင်. ပြီးပြီမဟုတ်လား ဒီလိုကိစ္စနဲ့ပတ်သက်လို့ ရှင်ဘယ်လိုထင်ထင် ကျွန်မဂရုမစိုက်ဘူး ထင်ရှား ရှင်သိပြီလား. . .။

***



# အခန်း (၂၀)

''မင်းကွာ၊ မိန်းကလေးအထာတောင် မသိဘူးလား။ ရဲရဲတင်း ဘင်းသွားမလုပ်နဲ့လေ၊ သိမ်သိမ်မွေ့မွေ့လေး အရောဝင်မှပေါ့''

''ငါက ဘာလုပ်လို့လဲ၊ ငါ့အတွက် ပင်ပန်းမှာစိုးလို့ ဘာကူလုပ်ရ လဲ မေးတာပဲ''

''ချက်ချင်းကြီးအရောဝင်လို့တော့ ဘယ်ဖြစ်ဦးမှာလဲကွ၊ မင်း ဖြည်းဖြည်းချင်းသွားမယ် စိတ်ရှည်ပါ့မယ်ဆို၊ နေ့တိုင်းအိမ်လာပြီး ရင်းနှီး အောင်အရင်လုပ်ပေါ့''

''နေ့တိုင်းအိမ်လာဖို့က သိပ်လွယ်တာမဟုတ်ဘူးကွ၊ ငါလည်း အဖေစက်ရုံမှာ ဒုလုပ်ဝင်နေရသေးတယ်၊ မနက်ပိုင်းနဲ့ ညနေပိုင်း၊ ညပိုင်း အဲဒါပဲအားတာ''

''အဲဒါဆို ငါနဲ့အတူ ငါ့အိမ်လာနေပါလား''

''ဘာ. . . တကယ်လား''

ဇော်မင်း ထခုန်မတတ်ဝမ်းသာသွားသည်။ ဒီအခွင့်အရေးမျိုး က လိုချင်တိုင်းရတတ်သောအမျိုးမှမဟုတ်တာ။ ထင်ရှားလက်ကို ပိုက်ကာ တည်တည်နှင့်ပင်။

''တကယ်ပေါ့၊ မင်းလာနေချင်နေ၊ ဒါမှမနက်ရော ညရော



www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဖြူနဲ့ တွေ့လို့ရမှာ၊ ပိုရင်းနီးမှာ ဟုတ်တယ်မဟုတ်လား''

''ဟား . . . သူငယ်ချင်းရာ ကျေးဇူးတင်လိုက်တာ၊ ဒါနဲ့ မင်း ပါတီလေး ဘာလေးလုပ်ဦး၊ မင်းပြန်လာတာ သူငယ်ချင်းတွေ သိအောင် လို့လေ၊ အေမီတို့က မင်းနဲ့တွေ့ချင်နေကြတာ''

''ဟုတ်လား၊ လုပ်ရမှာပေါ့ကွာ၊ ငါကလည်း တွေ့ချင်နေတာ ပါ၊ ဒါပေမဲ့ ဒယ်ဒီတစ်လပြည့်လုပ်ထားတော့ ငါကအပျော်ပါတီလုပ်ရ လို့ မကောင်းသေးဘူးလေ''

''အပျော်ပါတီမဟုတ်တောင် သူငယ်ချင်းတွေ တွေ့ဆုံပွဲပေါ့ ပေါ့၊ မင်းအိမ်ရှေ့က မြက်ခင်းပြင်မှာပဲ လုပ်လိုက်လေ၊ ဘယ်သူကရှိမှာ လဲ၊ အိမ်လူနဲ့ သူငယ်ချင်းတွေပဲရှိမယ်''

''အေး . . . ငါစီစဉ်လိုက်ပါ့မယ်၊ မင်းကတော့ ကသစ်ဖြူကို ပြီး အောင်လုပ်ဖို့ ကတိပေး၊ မင်းမသိတာရှိရင် ငါ့ဆီက အကူအညီတောင်းရ ရတယ်''

မိန်းမကျမ်းကျေနေသော ဇော်မင်းက ထင်ရှားစကားကြော သရော်သလို လှောင်ပြုံးပြုံးလိုက်သည်။

''မင်းက ဘာပြုံးတာလဲ''

''မဟုတ်ပါဘူး၊ ငါမင်း အကူအညီလိုအပ်မှာပေါ့၊ ငါကမိန်းကလေး တွေအထာကို သိပ်မသိဘူးလေ၊ ဘယ်လိုချဉ်းကပ်ရမလဲဆိုတာ မင်းကို အကူအညီတောင်းမှာပါ၊ ငါက မင်းအိမ်မှာနေရမှာလေ၊ မင်းသဘောထား ကြီးကြီးနဲ့ ကူညီမှဖြစ်မှာ''

''အေး . . . မိန်းကလေးဆိုတာ အကြမ်းပတမ်းဝင်လို့တော့ မ ဘူး၊ မင်းအထာတွေညှက်ရမယ်''

''ဟုတ်ကဲ့ပါ ဆရာကြီး၊ ဒါဆိုပြန်မယ်လေ၊ ဒီနေ့အဖေ့ဆီကို သွားရဦးမယ်၊ နောက်နေ့မှ မင်းမှာအဖော်မရှိလို့ သွားနေရမယ်ဆို





ပြောခဲ့မယ်''

''မင်းအဖေက ငါနဲ့ဆို ခွင့်ပြုမှာပါ၊ ဦးသုဝေသာမို့လို့လေ''

''အဟင်း . . . ဟုတ်တယ်၊ မင်းဒယ်ဒီကိုတော့ ငါ့အဖေ အရမ်း လေးစားတာကွ၊ စီးပွားရေးလုပ်တဲ့နေရာမှာတော်လို့၊ အဲ . . . နောက်ပိုင်း မှ မင်းအဖေက ကျန်းမာရေးမကောင်းတော့လို့ အလုပ်မလုပ်တော့ဘဲ ချယ်ယာတွေပဲ ဝယ်လိုက်တာ၊ အခု မင်းပြန်ရောက်နေပြီပဲ၊ ပြန်လုပ် ပေါ့ကွ''

''ငါမလုပ်ချင်သေးဘူး၊ ငါလုပ်လို့မဖြစ်သေးတဲ့အကြောင်းရင်း တွေ ရှိသေးတယ်''

''ဘာအကြောင်းတွေလဲ''

''အဲ . . . ဟိုဟာကွာ၊ ငါတစ်နှစ်လောက် အနားယူချင်သေးလို့ ပါ၊ ငါနောက်တော့ လုပ်မှာပေါ့၊ ဒီထက်ပိုပြီး ချမ်းသာချင်သေးတယ် လေ၊ ဒီလောက်နဲ့ ဘယ်တင်းတိမ်နိုင်ပါ့မလဲ''

သူ မလိမ်ညာချင်ဘဲ လိမ်ညာလိုက်ရသည်။ ကသစ်ဖြူနှင့် ကိစ္စ ဒယ်ဒီစီစဉ်ခဲ့တာ မသိစေချင်သေးလို့ပါ။ ကိုယ့်အကြံအစည်နှင့် ကိုယ် ကသစ်ဖြူယောကျ်ားရ လက်ထပ်သွားဖို့အရင်လုပ်နိုင်လျှင် ကျန် တာတွေက သူ့ဟာသူ အဆင်ပြေသွားမှာပဲပေါ့။

''ကဲ . . . ငါတို့အပြင်သွားရအောင်၊ မုန့်ပန်းကန်တွေ ဒီအတိုင်း ထားခဲ့၊ ကသစ်ဖြူ ပြီးမှလာသိမ်းလိမ့်မယ်''

''အိုကေလေ၊ ဂိုးတာပေါ့''

နှစ်ယောက်သား ကားသော့လေးကို လက်ကယမ်း၍ထွက်လာ ခဲ့ကြသည်။ အိမ်အပြင်ရောက်သည့်အခါမှာတော့

''ဟင်''

ဖိုးလုံး စနောက်နေတာကို ကသစ်ဖြူ ခိုးခိုးခစ်ခစ် အသံထွက်



www.burmeseclassic.com

www.burmeseclassic.com



အောင် ရယ်နေတာကိုမြင်တွေ့လိုက်ရသည်။ ကသစ်ဖြူရဲ့သွားတန်းလေးတွေက ဖြူဖွေးညီညာလျက်၊ သဘောတကျရယ်နေခြင်းက ဖြူစင်ရိုးရှင်းမှုလေးတွေ ပေါ်လွင်လို့နေသည်။

ဖော်မင်းက သူ့ကိုလက်တို့ပြီး

''စကားမပြောတတ်တဲ့ ရွှေအန်နဲ့တော့ ကသစ်ဖြူက ရယ်လို့မောလို့ပါလား။ ငါတို့နဲ့တော့ ခပ်တည်တည်ပဲနော်''

''အဲဒါ အထာလေ၊ မိန်းကလေးအထာ၊ ငါတို့နဲ့ကျခြွေမဲ့နေရင် သူ့ကိုစိတ်မဝင်စားတော့မှာစိုးလို့နေမှာပေါ့ကွ''

''အဲလိုလား''

''အဲလိုပေါ့၊ မိန်းကလေးတွေအထာတောင် မသိဘူးလား''

''အေးပါ၊ ငါလေ့လာထားပါ့မယ်၊ မင်းက ဆရာကြီးပဲ၊ နိုင်ငံခြားမှာ ရည်းစားဘယ်နှယောက်တောင်ထားခဲ့လဲ''

''သုံးယောက်လောက်ပါပဲ၊ တွဲချင်တွဲလိုက် ကွဲချင်ကွဲလိုက် ကွဲပြီးမှ ပြန်တွဲချင်လည်း တွဲတယ်၊ တွဲရင်းက အထာမကျရင် ကွဲချင်ကွဲလိုက်တာပဲ၊ နိုင်ငံခြားမှာတော့ သိပ်အထူးအဆန်းမဟုတ်ဘူး၊ စိတ်ခံစားမှုအတိုင်းနေကြတာ၊ ထိန်းချုပ်ထားတဲ့ ယဉ်ကျေးမှုယန္တရားတွေ မရှိဘူး လွတ်လပ်တယ်''

''ဟုတ်လား၊ မြန်မာပြည်မှာလည်း သိပ်မထူးတော့ပါဘူး၊ ယဉ်ကျေးမှုအရ ထိန်းသိမ်းတယ်ဆိုတာ တချို့မိဘဂုဏ်သိက္ခာ၊ ကိုယ့်ဂုဏ်သိက္ခာကို ကြည့်တတ်တဲ့သူလောက်ပဲ ကျန်တော့တယ်၊ များသောအားဖြင့်တော့ နိုင်ငံခြားကိုအတုခိုးတာမဟုတ်ဘဲ၊ ကိုယ်တိုင်က စိတ်ဖော်ပျက်စီးနေတဲ့သူတွေ တစ်ပုံကြီးပဲ''

''မင်းကလည်း ပြောလိုက်ရင်''

''ဟုတ်တယ်၊ ခိုးလုပ်ခိုးစားနေတော့ လူမသိတာဘဲရှိတယ်၊ များသောအားဖြင့် ကိုယ်ကျင့်တရားပျက်စီးနေကြတာတော့ အမှန်ပဲ၊ မိန်းမရှိလား၊ ယောကျ်ားရှိလား၊ သားသမီးရှိလား၊ အဲဒါတွေ အရေးမကြီးတော့ဘူး၊ သူတို့ကိုယ်သူတို့ ဖောက်ပြန်တယ်၊ မှားတယ်လို့မှမထင်တော့တာ၊ ချစ်တတ်တာ ဟင်း. . . ဟင်း၊ အချစ်သူရဲကောင်းတွေလို့ အောက်မေ့ပြီး မိုက်နေကြတော့တာ၊ အဲလို မိုက်တဲ့သူတွေက သူတို့ကိုယ်သူတို့ ဂုဏ်ယူကြသေးတယ်၊ သီကြားမင်းက နတ်သမီးတစ်ဖက်လေးငါးရာနဲ့နေတာ၊ ရှင်ဘုရင်တွေလည်း တောင်ညာစံ မြောက်ညာစံနဲ့ မောင်းမကတစ်ထောင်ဇောက်ရှိတယ်၊ ငါတို့က ရှင်ဘုရင်မျိုး သိကြားမင်းမျိုးတဲ့''

ဖော်မင်းပြောမှ ရယ်မိလိုက်သေးသည်။ သူ့ရယ်သံကြောင့် ကသစ်ဖြူ ရယ်သံကရပ်သွားပြီး ဖိုးလုံးကိုလက်ယပ်ခေါ်လျက် ရေပိုက်ကိုကိုင်ကာ ပန်းပင်တွေကို ရေလောင်းခိုင်း၏။ အခုတော့ သူမမျက်နှာလေးက တည်တင်းအေးစက်သွားသည်။ သူကအပြင်မသွားသေးဘဲ၊ သူမတို့လုပ်နေတာကိုကြည့်ဖို့ မနီးမဝေးက ဒန်းလေးမှာ ဖော်မင်းနှင့်အတူ ထိုင်နေလိုက်သည်။

ဖော်မင်းက သူ့ကိုစကားပြောနေပေမယ့် မျက်လုံးများက ကသစ်ဖြူကို ရှိုးနေသည်။

''ခုနစကားဆက်ပါဦး၊ မြန်မာပြည်မှာ အဲလိုလူမျိုးတွေ အများကြီးလား''

''များဆို အခုမှ ဒီကိစ္စတွေရှိတာမဟုတ်ဘူးထင်ပါတယ်၊ နိုင်ငံခြားက လူတွေက ပေါ်တင်နေတာ ထိုင်တာတွဲတာဆိုတော့ ကောင်းတာလုပ်လုပ်၊ မကောင်းတာလုပ်လုပ် လူသိမြန်တယ်လေ၊ ဒီမှာက ခုနပြောသလို ခိုးလုပ်ခိုးစားကြတာများတော့ လူမသိဘူးပေါ့၊ သူတို့ဖော်ချင်မှပဲ ပေါ်တော့တာ၊ မယားကြီး မယားငယ်၊ လင်ကြီး လင်ငယ် အဲဒီဇယားတွေအများကြီး၊ မိဘမဲ့ဂေဟာတို့ ဆေးရုံတို့မှာ မွေးပြီးပစ်ထားတာလည်း







www.burmeseclassic.com

www.burmeseclassic.com



အများကြီး၊ ဆေးရုံတက်ကလေးမွေးတယ်၊ မွေးပြီး အပျိုပြန်လုပ်ဖို့ ကလေးကိုပစ်ထားခဲ့တယ်၊ ဘယ်မှာလဲ မိခင်စိတ်၊ လူတိုင်းမဟုတ်ပေမယ့် တချို့အဲလိုတွေရှိတယ်''

''ဒီလိုကိစ္စတွေ နိုင်ငံခြားမှာပဲရှိတယ်ထင်တာ''

''ပန်းခြံတွေထဲသွားကြည့်ပါလား၊ ကောင်မလေးငယ်ငယ်လေးတွေနဲ့ အဘိုးကြီးတွေ လူကြီးတွေ ကဲနေတာ၊ ကောင်လေးငယ်ငယ်တွေနဲ့ အဒေါ်ကြီးတွေကဲနေတာ၊ အဆင့်အတန်းမြင့်တဲ့သူတွေက ဟိုတယ်တွေမှာ အာသာဖြေနေတာ၊ လောင်းကစား၊ အရက်၊ မိန်းမ ယောကျ်ားမကောင်းဘူး၊ နိုက်ကလပ်သွားကြည့်လိုက်ဦး၊ မိန်းကလေးတွေ အရက်ဖန်ခွက်ကိုင်ပြီး ယဉ်ကျေးမှုကို ထိန်းသိမ်းနေကြတာ''

''အဲလောက်တောင် ဆိုးဝါးနေပြီလား''

''လူတွေလုပ်ချင်တာလုပ်လို့ရတာ ဒီမိုကရေစီလို့ ထင်နေကြလား မသိပါဘူး၊ စည်းပျက်ကမ်းပျက် လုပ်ချင်တာလုပ်နေကြတယ်''

''အဲဒီထဲမှာ မင်းရောပါလား''

ဇော်မင်း စပ်ဖြဲဖြဲနှင့် မျက်နှာလွှဲသွား၏။ သူများကို အပြစ်ပြောတတ်သူတွေက ကိုယ်တိုင်ကောင်းအောင်မနေတတ်လို့ဆိုသည့် စာတစ်ကြောင်း စာအုပ်တစ်အုပ်ထဲမှာ သူဖတ်ဖူးသည်။ ဇော်မင်းလည်း လူကောင်း လူလိမ္မာတစ်ယောက်မဖြစ်နိုင်ပေ၊ သူအနည်းငယ်စိုးရိမ်သွားကာ

''မင်း ကသစ်ဖြူကို စိတ်ဝင်စားတာ လက်ထပ်ဖို့အထိရော ရည်ရွယ်ချက်ရှိရဲ့လား''

''ရှင်တော့ ယူမှာပေါ့ကွ၊ သူ့မှာမင်းအယ်ဒီအမွေ တချို့တစ်ဝက်ရဦးမှာဆို''

''ဇော်မင်း. . . မင်းရည်ရွယ်ချက်က မိုက်လှချည်လား''

ဇော်မင်း မေးစေ့ပွတ်ကာ ပြုံးနေသည်။ ဘာဖြစ်ဖြစ် ကသစ်ဖြူ





ယောကျ်ားရသွားဖို့ပဲ အရေးကြီးတာပါ။ သူမ ဘယ်လိုလူမျိုးနှင့်ရရ သူနှင့်ဘာဆိုင်လို့လဲ၊ ဘယ်လောက်ကုဋေကြွယ်ကြီးကြီး၊ သိက္ခာရှိရှိ ယောကျ်ားလေးဘက်က ကြိုးစားမှုရှိလာလျှင် ဘယ်လိုမိန်းကလေးမှ ခံနိုင်မှာမဟုတ်ပေ။ အလုပ်တွေလုပ်နေသော သူမကို သူ့ရဲ့ကကြိုးရုပ်လေးအဖြစ် မြင်ယောင်ရင်း. . .။

***



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

''မနေ့က ဘာလို့ရုံးမတက်တာလဲ ကသစ်''

'ဩော် . . MD ''

''ကိုယ့်ကို MD လို့ မခေါ်ပါနဲ့ဆိုကွာ၊ ကိုအောင်လို့ပဲခေါ်ပါ။ တခြားလူတွေခေါ်တာ ကိစ္စမရှိပေမယ့်၊ ကသစ်ခေါ်တာ နားထောင်လို့ မကောင်းဘူး၊ တစ်မျိုးကြီးပဲ''

''ကိုယ့်ရဲ့ MD မို့ MD ခေါ်တာ ဘာဖြစ်လို့လဲ''

''ဒါက ကိုယ့်အဖေလုပ်ငန်းပါ၊ ကိုယ့်ကိုနေရာပေးလို့ နေရာရလာပေမယ့် ကိုယ်က ဒီနေရာနဲ့ထိုက်တန်အောင် ပညာမပြည့်စုံသေးပါဘူး၊ သင်ယူတုန်း လေ့လာတုန်းပဲရှိပါသေးတယ်''

''ရှင်က ကိုယ့်ကိုယ်ကိုယ် အရမ်းနှိမ့်ချတာပဲ၊ အဲဒါလည်း ကောင်းပါတယ်၊ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတဲ့သူက တက်လမ်းကိုလှမ်းမြင်ရတယ်၊ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်အထင်ကြီးနေတဲ့သူက အောက်ကိုဆင်းဖို့ လှေကားထစ်မှာ ရပ်နေတဲ့သူတဲ့၊ စာတစ်ပုဒ်မှာ ဖတ်ဖူးတာပါ၊ ရှင့်ကို အဲဒါကြောင့် ဝန်ထမ်းတွေအားလုံးက လေးစားကြတာထင်တယ်၊ နေရာတစ်နေရာဆိုတာ အောက်လက်ငယ်သား ဝန်ထမ်းတွေက လေးစားကြည်ညိုတဲ့သူမှ တည်မြဲတာ''

''အရမ်းစကားတတ်တာပဲ ကသစ်ရယ်၊ ကသစ် စကားတွေ





နားထောင်ရတာ ကိုယ်အားရှိပါတယ်၊ ကိုယ်ကော်ဖီတစ်ခွက်နဲ့ ဧည့်ခံပါရစေနော်''

အောင်မျိုးသူက ကော်ဖီစက်ထဲကနေ သူကိုယ်တိုင်တစ်ခါသုံးခွက်လေးနှင့် ယူလာပေးသည်။ အောင်မျိုးသူက တကယ့်ကိုမာန်မာနမရှိပါ။ ဝန်ထမ်းတွေအတွက် စီစဉ်ထားသော ကော်ဖီစက်ထဲက သူကိုယ်တိုင်ထည့်၍သောက်တတ်သူမျိုးပင်။

ဝန်ထမ်းတွေကို ဘာယူပေးပါ၊ ဘာလုပ်ပေးပါလို့လည်း အမိန့်အာဏာတွေနှင့် မခိုင်းတတ်။ သူ့အဖေရာထူးလွှဲပြီး တစ်နှစ်လောက်အတွင်းမှာ နာမည်ကောင်းရပြီး နေရာမြဲနေသူပင်။

အခု ဝန်ထမ်းတွေနားနေဆောင်မှာ သူမကိုစကားတွေလာပြောနေခြင်းပါ။

''ကသစ် ကိုယ်မေးတာမဖြေသေးဘူးနော်၊ မနေ့က ဘာလို့ခွင့်ယူတာလဲလို့''

''အိမ်မှာ ထင်ရှားရောက်နေတော့ တာဝန်နည်းနည်းပိုတယ်၊ တခြားအရေးကြီးကိစ္စလေးတွေလည်း ရှိနေလို့ပါ၊ ဒါပေမဲ့ ကျွန်မကုမ္ပဏီအလုပ်တွေပြီးအောင်လုပ်ခဲ့ပါတယ်''

''ကသစ် တာဝန်ကျေတတ်တာ ကိုယ်သိပါတယ်၊ ဖေဖေကလည်း ကသစ်ကိုဆိုရင် အမြဲတမ်းချီးကျူးထယ်၊ ဒီနှစ်ဘတ်ဂျက်ပိတ်ပြီးရင် ရာထူးထပ်တိုးပေးလိုက်ပါတဲ့၊ ရှယ်ယာအများကြီးဝင်ထားတဲ့ ကိုသုဝေဘက်နာလည်း ရှိတယ်''

''ကျွန်မ ဒါရိုက်တာတစ်ယောက်မလုပ်ချင်ဘူး၊ ထင်ရှားပြန်လာပြီဆိုတော့ အဲဒီနေရာကို ထင်ရှားလုပ်ချင်လုပ်ပါလိမ့်မယ်၊ ဦးသုဝေ သမီးဆိုတာမျိုးနဲ့ နေရာမလိုချင်လို့ပါ၊ ကျွန်မတတ်ထားတဲ့ပညာနဲ့ ထိုက်တန်တဲ့ရာထူးကိုရနေတာပဲ ကျေနပ်ပါပြီ''



www.burmeseclassic.com

www.burmeseclassic.com



''ကသစ်က အရမ်းလောဘနည်းတာပဲ ကသစ်ရယ်၊ ဖေဖေက အစကတည်းက ကသစ်ကို အဲဒီနေရာပေးချင်တာ၊ ဦးသုဝေကလည် ဆန္ဒရှိတယ်တဲ့၊ ဒါပေမဲ့ ကသစ်က အဲဒီကတည်းက ငြင်းခဲ့တာ ပြောတယ်''

ကသစ်ဖြူ ကော်ဖီခွက်လေးကို လက်လှမ်းပြီး ခေါင်းညိတ် လိုက်ကာ

''ဖေဖေက စေတနာရှိတာ ကျွန်မအပေါ်ကောင်းတာသိပါတယ် ဒါပေမဲ့ ကျန်းမာရေးမကောင်းဖြစ်ပြီး ဖေဖေ့ကုမ္ပဏီဖျက်သိမ်းလိုက်တဲ့ အချိန်မှာ ကျွန်မတော်တော်လေး စိတ်မကောင်းဖြစ်မိတယ်၊ ပိုင်ဆိုင် တွေ ပျောက်ပျက်သွားတာမျိုးမဟုတ်ပေမယ့် သားပြန်မလာတော့ သူ ကျွန်မကို ဥက္ကဋ္ဌရာထူးနဲ့ တာဝန်ယူစေချင်တယ်၊ ကျွန်မ ထင်ရှား အငြိုငြင်မခံချင်ဘူး၊ ပိုင်ဆိုင်မှုတွေ မက်မောတယ်လို့လည်း အထင်မ ချင်ဘူး၊ အဲဒါကြောင့် ရှင်တို့ကုမ္ပဏီတွေမှာ ရှယ်ယာဝင်ခိုင်းလိုက်တာပါ

''ကုမ္ပဏီနှစ်ခု ရှယ်ယာဝင်ထားတာလည်း ဦးသုဝေက ဒုတိ အများဆုံးပါပဲ၊ နှစ်ခုပေါင်းလိုက်ရင် ကိုယ်တို့ထက်တောင်များမယ် ထ တယ်၊ အဲဒါကို ထင်ရှားက ပြန်ရောက်လာပြီး ဘာမှမလုပ်သေးဘူ လား၊ အမြတ်အစွန်းနဲ့ပဲ ထိုင်စားတော့မယ်လို့ စိတ်ကူးနေတာတော့ မဟုတ်လောက်ဘူးထင်တယ်၊ သူတတ်ကျွမ်းလာတဲ့ ပညာတွေကနည် တာ မဟုတ်ဘူး၊ ဘာမှအသုံးမချရင်တော့ နှမြောဖို့ကောင်းတယ်''

''အဲဒါ သူ့သဘောပါ၊ ကျွန်မကတော့ ကျွန်မနဲ့တန်တဲ့နေရ လေးကို ရနေတာပဲ ကျေနပ်တယ်''

''ကိုယ့်ဖေဖေက တစ်ခုစိုးရိမ်နေတာရှိတယ်''

''ဘာလဲဟင်''

အောင်မျိုးသူက ကော်ဖီတစ်ငုံမျှ ငုံသောက်၍ ခဏနေမှ





''ထင်ရှား ရှယ်ယာတွေပြန်ထုတ်သွားမှာ စိုးလို့လေ၊ ဟိုဘက် ကဟာကိုထုတ်ပြီး ဒီဘက်မှာ အများဆုံးရှယ်ယာရှင်အဖြစ်နဲ့ ဥက္ကဋ္ဌရာထူး ယူလိုက်ရမှာ ဘာမှမဖြစ်ဘူး၊ ဒီကဟာကိုထုတ်လိုက်ရင် ကိုယ်တို့ကုမ္ပဏီ တော်တော်အင်အားနည်းပြီး ယိုင်သွားမယ်၊ ပြောရရင် ဦးသုဝေရှယ်ယာ တွေထည့်လိုက်လို့ ကိုယ်တို့ကုမ္ပဏီအင်အားကြီးပြီး ထောင်မတ်သွားတာ''

''ဪ. . . အဲဒါလည်း ကျွန်မသိပ်နားမလည်ပါဘူး၊ အမြတ် အစွန်းတွေ ဘာအကြောင့်ထဲထည့်ပေးနေတာပဲ ကျွန်မသိတယ်၊ ကျန် ဘာက ရှင်တို့ဘာသာရှေ့နေနဲ့လုပ်နေကြတာ မဟုတ်လား၊ အရမ်းကြီး သိနေတယ်ဆိုရင် ထင်ရှားတစ်မျိုးမြင်သွားနိုင်တယ်လေ၊ အဲဒီကိစ္စတွေ ကျွန်မကိုမပြောပါနဲ့၊ ရှေ့နေကြီးနဲ့ ထင်ရှားနဲ့သာ ဆက်လုပ်ကြပါ''

တော်တော်လောဘနည်းတာပဲ ကသစ်ရယ်လို့ စိတ်ထဲက ပြောလိုက်မိသည်။ သူမက သူမပညာနှင့် တာဝန်ကျေအောင်ကြိုးစား ပြီး အခွင့်အရေးကို မျှော်ကိုးသူမဟုတ်ပါ။

ဒါကြောင့်မို့ သူမစိတ်လေးကို လေးစားမိသည်။ ကိုယ့်ရဲ့ဦးစား ပေးမှုတွေအပေါ်မှာ မသာယာတတ်လို့လည်း မချင့်မရဲဖြစ်ရ၏။ တကယ် ကို မိန်းမကောင်းပီသသူလေးပါ။

''ကသစ်''

''ရှင်''

''ကိုယ့်အဖေက မင်းနဲ့သဘောတူတာကို သိသလားဟင်''

''ဟင်. . . မ. . . မသိပါဘူး၊ တစ်ခါတလေ ချွေးမလေးလို့ခေါ် တတ်တာကိုတော့ စတယ်နောက်တယ်ပဲ ထင်တာပါ''

''ဪဟုတ်လား၊ ဖေဖေကတော့ ဦးသုဝေကိုတောင် သား နေသမီးရေးကိစ္စပြောသေးတယ်၊ ကိုယ်နဲ့ကသစ်ဖြူကို သဘောတူပေး ဒါဆိုပြီးတော့ပေါ့''

"ရှင်. . . ဖေဖေက ဘာပြောလဲ"

"ဘာအဖြေမှမပေးဘူး ထင်တယ်၊ ဖေဖေကဖွတ်ပြောနေ... ကလေးချင်းအဆင်ပြေရင် သူတို့သဘောပါလို့ ပြန်ပြောတာတဲ့"

"ဪ"

"ကိုယ်မင်းကိုလက်ထပ်ချင်ပါတယ် ကသစ်ဖြူ၊ အဲဒါ ကသ... ကိုယ့်ကိုအဖြေပေးပါနော်"

"ဟင်. . . ဘာ. . . ကျွန်မ လက်ထပ်ဖို့စိတ်ကူးမရှိသေးပါဘူး အလုပ်ရှင်နဲ့ ဝန်ထမ်း ဒီလိုစကားတွေလည်း မပြောသင့်ပါဘူးရှင်"

"ကသစ်ရယ် ဘာလို့ခါးခါးသီးသီးတစ်ခါတည်း ငြင်းရတာလဲ ကသစ် ကိုယ့်ကိုအချိန်ယူလေ့လာနိုင်တယ်၊ အကဲခတ်နိုင်ပါတယ်၊ မကြိုက် တာရှိလည်း ပွင့်ပွင့်လင်းလင်းပြောနိုင်ပါတယ်၊ ကသစ်အတွက်ဆို ကိုယ့် ဘက်က ပြုပြင်စရာရှိတာတွေ ပြုပြင်နိုင်ပါတယ် ကသစ်ရယ်"

အလုပ်ရှင်သူဌေးဖြစ်ပြီး ကျိုးနွံခယနေတော့ သူမအနေရခက် လေသည်။ အမြဲတမ်း သူမအပေါ်ပြေပြေပြစ်ပြစ် သိမ်သိမ်မွေ့မွေ့ ဆက်ဆံ တတ်သူပါ။ အလုပ်နှင့်ပတ်သက်လျှင်လည်း တကယ်ကိုလေးစားလောက် သည့်သူပင်။ ဒါပေမဲ့ သူမရင်မခုန်ပါ။ ဖေဖေက. . .

"ဘယ်သူ့ကိုမှ လက်မထပ်ပါနဲ့သမီး၊ သားလေးတစ်နေ့တော့ ပြန်လာမှာပါ၊ သမီးအပေါ်လည်း သားလေးချစ်တတ်လာမှာပါ၊ အဲဒီနေ့ ထိ သည်းခံစောင့်ပြီး သားနဲ့လက်ထပ်ပါ၊ ဒါမှသားအတွက် ဖေဖေစိတ်ချ နိုင်မှာမို့ပါနော် သမီး"

ဖေဖေ့ရဲ့နောက်ဆုံးဆန္ဒတွေကို သူမ မငြင်းဆန်ရက်ပါ။ သာ... အပေါ်စိတ်မချနိုင်သည့် ဖေဖေ့ရဲ့နောက်ဆံတင်းမှုတွေကို သူမနားလည် သည်။ သားဆိုးလေးကို မချစ်လို့ အဝေးကိုလွှတ်လိုက်တာမဟုတ်ဘူး ဆိုတာ သူမ သိနေသည်မဟုတ်လား။





ထင်ရှားကသာ စိတ်နာပြီး အဆက်အသွယ်မလုပ်ခဲ့ပေမယ့် ...ဖေကတော့ ထင်ရှားအကြောင်းကို သူ့အန်ကယ်ကြီးတွေက တစ်ဆင့် ...မြဲတမ်းစုံစမ်းနေခဲ့သည်။ ပညာရေးလည်း ထင်သလောက်ကြိုးစားမှု ...ဘဲ ချစ်သူရည်းစားနွှေနှင့် ရှုပ်နေသည်ဟု ပြောသည်။ ဒါကြောင့်လည်း ...စိတ်မချနိုင်ဖြစ်နေတာနေမှာပါ။

"ကသစ်"

"ဟင်. . . ရှင်"

"ကိုယ်ပြောတာတွေကို စဉ်းစားနေတာလား"

"ဟင်. . . မဟုတ်ပါဘူး ကျွန်မအိမ်ထောင်ပြုဖို့ ချစ်သူရည်းစား ...ထားဖို့ စိတ်ကူးကိုမရှိသေးလို့ပါ၊ ကျွန်မတို့ ဒီလိုပဲ ရင်းရင်းနှီးနှီးမိတ်ဆွေ ...အပေါင်းအသင်းလို အလုပ်ရှင် အလုပ်သမားလိုပဲနေကြရအောင်ပါ"

"အဲဒီကနေတစ်ဆင့် ကိုယ်မျှော်လင့်လို့ရောမရဘူးလား ကသစ် ...ယ်"

"အဲဒါတော့ ရှင့်သဘောပါ၊ ကျွန်မကတော့ ဒီလောက်ပဲပြော ...ပါတယ်၊ ကျွန်မဘက်က ရိုးသားချင်တယ် ကိုအောင်"

"အဲဒီနာမည်ခေါ်တာနဲ့တင် ကိုယ်ကျေနပ်နေပါပြီ၊ ကျေးဇူးပါ ...သစ်"

အောင်မျိုးသူ ဘာတွေကျေနပ်နေသည် မသိပေ၊ သူမကတော့ ...စိတ်အခံရှိသားနေသည့်အတွက် သူ့ရဲ့ကြင်နာဂရုစိုက်မှုတွေကို မသာယာ ...။

ကုမ္ပဏီမှာ အလုပ်နှင့်ပတ်သက်ပြီး တာဝန်ကျေအောင်ကြိုးစား ...သလို၊ အိမ်မှာကြီးကြီးသက်သာဖို့အတွက်လည်း အလုပ်တွေပြီးအောင် ...ပေးချင်သည်။ ထင်ရှားရဲ့အနိုင်ယူမှုလေးတွေကို မကျေနပ်တာက ...လျှင် . . .။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၂)

"အိမ်မှာသူငယ်ချင်းတွေနဲ့ ပါတီလုပ်ချင်လို့တဲ့ သမီးရယ်၊ သူ... သောက်ကြ စားကြ ကကြမှာတဲ့"

"ဟင်. . . ဖေဖေ့တစ်လပြည့်လုပ်ပြီးရုံပဲရှိသေးတယ်၊ သူ... အဲလိုတွေလုပ်မလို့တဲ့လား"

သူမ နှာခေါင်းလေးရှုံ့ကာ ပြောမိလိုက်သည်။ တကယ်... ထင်ရှား နောက်တတွေနှင့် ပြန်လာတာ ဟုတ်ရောဟုတ်ရဲ့လား။

ပြန်ရောက်ကတည်းက ဒီနေ့ထိ အချိုးမပြေသေးပါ။ သူနေ... သလိုနေ သူသွားချင်ရာသွား သူလုပ်ချင်တာလုပ်နေတာပင်။

သူမကတော့ သူနှင့်အတတ်နိုင်ဆုံး မျက်နှာချင်းမဆိုင်မိအော... ရှောင်ပါသည်။

အခုဆို သူ့သူငယ်ချင်းဇော်မင်းဆိုသည့်လူက အိမ်မှာလာ... သည်။ မနက်စာ ညစာတစ်ယောက်စာပိုချက်ဖို့ ဒုက္ခပိုသွား၏။ ဒီကြာ... သူမအနား ပွတ်သီးပွတ်သပ် သရိုးသရီက လုပ်ချင်သည်။ ကြီးကြီး... သူမကိုတစ်ယောက်တည်းတော့ လွှတ်မထားပါ။

ကြီးကြီးမရှိလျှင် သူမလုံခြုံမှုအတွက် ဖိုးလုံးကိုအနားမှာ... ပြီး ဟိုဟာဒီဟာ ခိုင်းထားလိုက်သည်။



တကယ်ကို ဒါတွေက ထင်ရှားရဲ့အကြံအစည်တွေမှန်း သူမ ...ထားသည်။

"သမီး"

"ရှင် ကြီးကြီး"

"သူလုပ်ချင်တာလုပ်ပေးလိုက်ပါကွယ်၊ ဒီကလေးက သူလုပ် ...င်တာ မလုပ်ရရင် ပြဿနာရှာနေဦးမယ်၊ သမီးလုပ်ပေးရမှာ လုပ်ပေး ...က်ပါကွယ်"

"သမီးက လုပ်မပေးချင်တာမဟုတ်ပါဘူး။ ပါတီဆိုတာ အပျော် ...လေ၊ ဖေဖေ့တစ်လဆွမ်းသွတ်ထားတာမှ မကြာသေးဘူး"

"ဟုတ်ပါတယ်၊ အဲဒါကို ကြီးကြီးပြောတော့ သူငယ်ချင်းတွေ ...ဆုံဖို့က ဒီတစ်နည်းပဲရှိလို့တဲ့၊ ဟိုတယ်မှာလုပ်မှ လူပိုသိတယ်၊ ပတ်ဝန်း ...င်ကဲ့ရဲ့မယ်တဲ့လေ၊ အိမ်မှာက ဘယ်သူမှမသိဘူးတဲ့၊ ပြီးတော့ သမီး ...တ်ရာက ဟိုတယ်က အစားအစာထက်ပိုကောင်းလို့တဲ့ အသားကင် ...ွ ဘာတွေပါလုပ်ခိုင်းမယ် ထင်ပါတယ်"

"လုပ်ပေးရတာ ကိစ္စမရှိပါဘူး ကြီးကြီးရယ်၊ သမီးလုပ်ပေးနိုင် ...တယ်၊ ဇော်မင်းဆိုတဲ့ တစ်ယောက်ကို အိမ်မှာခေါ်ထားတာက ဆိုး ...ယ်"

"အဲဒါလည်း ကြီးကြီးပြောတာပဲ သမီး။ သူ့မှာအဖော်မရှိလို့ ...ထားတာတဲ့၊ အပြင်သွားလည်း တစ်ယောက်တည်း အိမ်မှာနေတော့ ...ည်း တစ်ယောက်တည်းမို့တဲ့၊ မြန်မာပြည်မှာ မနေတာကြာတော့ ပြန် ...ရတာ အထီးကျန်တယ်တဲ့လေ၊ အဲဒီတော့ ကြီးကြီးဘယ်လိုပြောရ ...ာ့မလဲ"

ဒီလိုဆိုတော့လည်း ကြီးကြီးစိတ်မသက်မသာဖြစ်နေရတာကို ...မကောင်းဖြစ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



''ပြောမနေပါနဲ့တော့ ကြီးကြီးရယ်၊ သူခံစားနေရတာကျတော
လည်း ဟုတ်မှာပါပဲ၊ အခုအလုပ်ဝင်ဖို့ကျတော့လည်း ဖြစ်မှမဖြစ်သေ
တာ''

''အဲဒီအကြောင်းတွေ သမီးကိုရှေ့နေကြီးက ပြောပြီးပြီလာ

''ဖေဖေမသေခင်ကတည်းက သမီးကိုပြောထားပါတယ်၊ ...
ဆိုင်မှုတွေကိုတော့ သမီးလုံးဝမမက်မောဘူးလို့ပြောလို့ နည်းနည်းပါးပါ
ပေးတာ ကြီးကြီးလည်းသိတာပဲ၊ သူနဲ့လက်ထပ်ပြီး ကလေးရမှ ကထေ
တစ်ဝက် သူတစ်ဝက် ခွဲပေးထားတာလေ''

''သူက သမီးကို လက်ထပ်ချင်ပုံမပေါ်ဘူး''

''သမီးသိပါတယ်၊ အမှန်အတိုင်းပြောရရင် သူသမီးလည်း ...
ကို လက်မထပ်ချင်ပါဘူး ကြီးကြီး။ ကိုယ့်ကို ငယ်ငယ်ကတည်းက မု
နေတဲ့သူကိုလက်ထပ်ရင် တစ်သက်လုံးပူလောင်မှုတွေနဲ့ပဲနေရမှာ၊ ဒါပေ
ဖေဖေကြောင့် လိုက်လျောသည်းခံပြီး ဆက်ဆံရမယ်ဆိုတာ သမ
နားလည်ပါတယ်''

''အေးပါကွယ်၊ သမီးရဲ့ အဲဒီသိတတ်မှုလေးကြောင့် ကြီးကြီ
လည်း ကျေးဇူးတင်နေရတာပါ၊ သားဆိုးတာကို သိပါတယ်၊ သမီးအပေ
အနိုင်ပယူနေတာကိုလည်း အားနာပါတယ်၊ ဒါပေမဲ့ တတ်နိုင်သရွေ
သည်းခံပေးပါဦး သမီးရယ်''

ကြီးကြီးလက်ကလေးကိုဆုပ်ကိုင်၍ ကသိကအောက်ဖြစ်လျှ ခေါင်းညိတ်
လိုက်သည်။

''စိတ်ချပါ ကြီးကြီးရယ်၊ အဲဒီကိစ္စအတွက် ခေါင်းထဲမှာတွေး
မနေပါနဲ့၊ သမီးမှာ ဖေဖေ့ကျေးဇူးတွေရှိပါတယ်၊ ဖေဖေမှာခဲ့တာတွေ
လည်း အလေးအနက်ထားမှာပါ၊ သူလက်မထပ်ချင်ဘဲနဲ့တော့ သမီးဘ
က မိန်းကလေးသိက္ခာအကျခံပြီး အောက်ကျို့တော့မခံနိုင်ဘူး ကြီးကြီ





အဲဒါတော့ သမီးကြိုပြီး ကြီးကြီးကိုပြောထားတာပါ''

''အေးပါ သမီးရယ်၊ ကြီးကြီးနားလည်ပါတယ်၊ သူ့ကိုလက်ထပ်
မှာက ငွေကြေးပစ္စည်းဥစ္စာမက်လို့ မဟုတ်ဘူး၊ မောင်သုဝေဆန္ဒကို ဖြည့်
ဆည်းချင်လို့ မဟုတ်လား၊ ဒါကို သားထင်ရှားနားလည်ရင် ကောင်းမှာ

''သူဘာတွေဖြစ်ချင်နေတယ်၊ ဘာတွေကြံစည်နေတယ်ဆိုတာ
ဆော ကြီးကြီးသိတယ်မဟုတ်လား၊ ဒါပေမဲ့ သမီးရှောင်တိမ်းနိုင်တယ်
ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်တယ်၊ အဲဒီအတွက်လည်း မပူပါနဲ့''

''သမီးရဲ့ထိန်းသိမ်းနိုင်စွမ်းရှိတဲ့ ကိုယ်ကျင့်တရားကို ကြီးကြီး
ယုံပြီးသားပါကွယ်''

''ဒါဆို အရာအားလုံးအတွက် စိတ်ချလက်ချနေပါ ကြီးကြီး၊
အသက်ကကြီးပြီဆိုတော့ ကိုယ့်ကျန်းမာရေးသာ ဂရုစိုက်ပါနော်''

''အေးပါကွယ်၊ သာဓုပါ သမီးရယ် သာဓုပါ''

ကြီးကြီးက သူမလက်ကလေးကို ပြန်ဆုပ်ကိုင်၍ မျက်ရည်တွေ
ဝဲတည်နေသည်။ ဖေဖေ့ကိုသတိရလို့နေမှာပါ။ သူမလည်း ဖေဖေ့ကို သတိ
ရသည်၊ လွမ်းသည်။

ပြောခဲ့သည့်စကားတွေကိုလည်း ပြန်အမှတ်ရ၏။ သားအတွက်
ဖေဖေ့ရဲ့နောက်ဆံတင်းမှုတွေက မေတ္တာတွေပြည့်လျှံနေပေမယ့် ထင်ရှား
ရဲ့ မသိတတ်မှုများက ဝမ်းနည်းစရာပါ။

ရှင့်ကို ကျွန်မလည်း လက်မထပ်ချင်ပါဘူး ထင်ရှား၊ ဖေဖေ့
ကြောင့်သာမဟုတ်ရင် ဒီအိမ်မှာလည်း ရှိနေမှာမဟုတ်ပါဘူး၊ အဲဒါ အသေ
အချာဆုံး သစ္စာတရားပါ။

***



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၃)

"ချီးယား(စ်)  . . ချီးယား(စ်)"

"အောင်မြင်ပါစေ သူငယ်ချင်း"

"ပျော်ရွှင်ပါစေ"

ခြံဝင်းထဲမှာ အသံဗလံတွေ ဆူညံလို့နေသည်။ သူမမှာလည်း အိမ်ထဲမှာ အမြည်းတွေတစ်မျိုးပြီး တစ်မျိုးလုပ်ပေးနေရတာ၊ မအားလပ်ရပါ။ သူတို့ပျော်ရွှင်စွာ စားဖို့သောက်ဖို့အတွက် သူမပင်ပန်းနေတာကို လည်း ထင်ရှားအားနာပုံမပေါ်။

သူမကို ကူလုပ်ပေးနေသည့် ဖိုးလုံးကိုလည်း ရှေ့မှာလုပ်စရာ ရှိတာတွေ လုပ်ပေးရအောင်ဆိုပြီး ခေါ်ထားသည်။ ဦးလေးသံလုံးကို တော့ အရက်ဘီယာကုန်တိုင်း သွားဝယ်ခိုင်း၏။

ဒီအသံတွေ မကြားရအောင်လို့ ကြီးကြီးကိုတော့ ဘုရားခန်းကို ဝင်နိုင်းထားလိုက်သည်။ လူကြီးမို့ စိတ်ပင်ပန်းစိတ်သောကတွေ မရောက် စေချင်လို့ပါ။

"ဟူး . . ထင်ရှား တကယ်ကို အလိုက်ကန်းဆိုးမသိပါလား နော်"

သူမ အသံထွက်၍ပင် ညည်းညူမိသည်။ အသားကင်လိုက်



ကြော်လှော်ပေးလိုက်ဖြင့် တကယ်ကိုပင်ပန်းနွမ်းနယ်လာလို့ပါ။

"ကသစ်"

"ဟင် . . ကိုဇော်မင်း"

"ကသစ် ပင်ပန်းနေပြီလား။ ကိုယ်ဘာကူလုပ်ပေးရမလဲ"

"ရပါတယ်၊ လိုအပ်တာရှိရင်သာပြောပါ"

"အခေါက်ကင်နဲ့ ဝက်နံရိုးကြော်လုပ်ထားလိုက်ပါလို့ ထင်ရှား ခိုင်းလိုက်တယ်"

"ဟုတ်ကဲ့ အဲဒါကိုခဏနေမှလာယူလိုက်ပါနော်၊ ခုနမှာထားတဲ့ ကြက်ကိုက်လန်နဲ့ ဟင်းချိုတော့ ယူသွားလို့ရပါပြီ"

"တစ်ခါတည်းပြီးမှပဲ ကိုယ်ယူသွားလိုက်ပါမယ်၊ ကသစ်တော့ အရမ်းပင်ပန်းနေမှာပဲ၊ ကိုယ်လည်း အသားတွေ ဘာတွေကင်တတ်ပါ တယ်၊ ကိုယ်ကူလုပ်ပေးမယ်လေ ကသစ်"

သူမ အသားကင်နေသည့်နေရာမှာ ပူးပူးကပ်ကပ်လာပြောတာ ကြောင့် သူမ ခပ်လှမ်းလှမ်းကိုရှောင်တိမ်းလိုက်ကာ

"ကျွန်မကို အဲလိုပုံစံမျိုး ပွတ်သီးပွတ်သပ်လာမရောနှော မပတ် သက်ပါနဲ့ ကိုဇော်မင်း။ ထင်ရှားက အိမ်ရှင်မို့ အိမ်ရှင်မျက်နှာသာပေးလို့ လောင့်တက်ချင်ရင် သူပိုင်တဲ့အိမ်ကို ဖြုံချင်ဖြုံသွားပါ၊ ကျွန်မကိုတော့ မျိုးလာမလုပ်ပါနဲ့"

"ဟို . . ဆောရီးပါ ကသစ်၊ ကိုယ်အခွင့်အရေးယူချင်တာမျိုး မဟုတ်ပါဘူး။ စေတနာနဲ့ကူညီချင်တာပါ"

"စေတနာကို အသိအမှတ်ပြုစေချင်ရင် ကျွန်မကိုလည်း လေး လေးစားစား ဆက်ဆံစေချင်တယ်"

"ဗျာ . . ဟုတ် . . ဟုတ်ကဲ့"

"ရှင့်ကိုလည်း လေးစားသင့်တဲ့ယောကျ်ားအဖြစ် ဆက်ဆံချင်

www.burmeseclassic.com

www.burmeseclassic.com



ပါတယ် ကိုဇော်မင်း။ ထင်ရှားက ကျွန်မဆီက ဘာအခွင့်အရေးတွေယူနိုင်နေလဲမသိပေမယ့် ကျွန်မသိကွာကို ငဲ့ကွက်ပေးပါ''

''ဗျာ. . . ဆောရီးပါ။ ကျွန်တော် ဘာအခွင့်အရေးမှယူဖို့ စိတ်ကူးမရှိပါဘူး။ ဒီအတိုင်းခင်မင်ချင်ရုံပါ''

''ရိုးသားမှုနဲ့ဆိုရင်တော့ လက်ခံနိုင်ပါတယ်၊ အခွင့်အရေးတစ်ခုအတွက် ရောနှောဖို့ စိတ်ကူးရှိတာဆိုရင်တော့ ကျွန်မစိတ်ဆိုးရပါလိမ့်မယ်''

သူမ ခပ်တင်းတင်းပြောလိုက်သည့်အခါမှာ ဇော်မင်း ပျာပျာသလဲ အိုးတိုးအမ်းတမ်းဖြစ်သွားလေသည်။ သူမရဲ့စူးရှသော မျက်လုံးတွေကို ရင်မဆိုင်ရဲသလို မျက်လွှာချလျက်

''ကျွန်တော့်ကို ရိုးသားစွာခင်မင်ခွင့်ဆိုရင်တော့ ပေးမယ်လို့ပြောတာလား ကသစ်''

''လူဆိုတာ ရိုးသားမှ ကြာရှည်ပေါင်းသင်းဆက်ဆံလို့ရတာ ကိုဇော်မင်း၊ ထင်ရှားမြှောက်ပေးလို့ ကျွန်မကိုအထင်သေးပြီး အခွင့်အရေးယူချင်တာဆိုရင် ကျွန်မရဲ့ဆက်ဆံရေးလည်း ပြေပြစ်မှာမဟုတ်ဘူး။ ကျွန်မကိုယ်ကျင့်တရားနဲ့ပတ်သက်ရင် ထင်ရှားကိုလည်း ကြောက်နေမှာမဟုတ်ဘူးလို့ သတိပေးတာ''

''ဪ. . . ဟုတ်ကဲ့ပါ၊ ကျွန်တော်မှတ်ထားပါ့မယ်၊ ဒါပေမဲ့ ကျွန်တော့်ကို ရင်းရင်းနှီးနှီး ခင်မင်ခွင့်တော့ပေးပါနော်၊ သူငယ်ချင်းအပေါင်းအသင်းလိုပေါ့''

''ကောင်းပြီလေ၊ ရှင့်ဘက်က အခြေအနေကိုစောင့်ကြည့်ပြီး ကျွန်မဘက်က ဆက်ဆံရေးလည်း ပြောင်းလဲလာမှာပေါ့''

''ဟုတ်ကဲ့ပါ၊ အခု ကသစ်ပြီးတာလေးတွေ ကျွန်တော်ယူသွားလိုက်မယ်နော်''





''အင်း. . . ဒါတွေယူသွား''

ဇော်မင်း စောဒကမတက်ရဲဘဲ ကသစ်ဖြုပေးလိုက်သည့် ဗန်းလေးကိုမကာ ဇော်မင်းထွက်လာခဲ့ရသည်။ ဗိုင်းကိုရောက်သည့်အခါမှာ ထင်ရှားက ဇော်မင်းကိုလက်မထောင်ပြ၍

''အိုကေလား''

ဇော်မင်းက အစားအသောက်ပွဲကို စားပွဲမှာချပေးပြီး ထင်ရှားကို လူရှင်းရာလက်ဆွဲခေါ်လာလျက်

''မအိုကေဘူး။ ဒါပေမဲ့ စိုပြည်တယ်''

''ဘာလဲကွ၊ ဘာအထာလဲ''

''အကြမ်းနည်းနဲ့ချဉ်းကပ်ရင်တော့ ပွဲကြမ်းမယ့်ပုံစံ ငါ့ကောင်၊ ငါ့ကိုလေးစားသင့်တဲ့ယောကျ်ားအဖြစ် ဆက်ဆံချင်တယ်တဲ့၊ မင်းအထာတွေကို သူသဘောပေါက်နေတဲ့ပုံစံပဲ၊ ငါ့ကို ကန့်မထုတ်တာကံကောင်း''

''မင်းက ဘာပြောခဲ့လဲ''

''ရိုးရိုးသားသား ခင်မင်ခွင့်ပေးပါလို့ပဲ ပြောခဲ့ရတာပေါ့၊ ကသစ်မြကအချဉ်မဟုတ်ဘူးကွ''

''သူ့မှာရည်းစားတွေ ဘာတွေရှိလို့ အကပ်မခံတာလား''

''အဲဒါတော့ ငါမသိဘူး၊ ရိုးသားမှုရှိမှ ကြာရှည်ဆက်ဆံလို့ရတာလို့ ငါ့ကိုခြိမ်းခြောက်လိုက်တယ်၊ ငါတော့ဗျူဟာပြောင်းဖို့ စဉ်းစားရတော့မယ်''

''တစ်ခါတည်း နှာထောင်လိုက်တာ အလေးအနက်ကြီးပါလား''

ထင်ရှား သရော်သလို လှောင်သလိုရယ်သည်။ ပြီးမှနှာခေါင်းရှုံ့သွားလျက်. . .

''ဒီမိန်းမ ဘာလို့ကြီးကျယ်တာလဲ၊ သူ့မှာချစ်သူရှိနေတာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်၊ ငါတို့စုံစမ်းကြည့်ရအောင် သူကကုမ္ပဏီမှာ အလုပ်ဆင်းနေတာဆိုတော့ ချစ်သူရှိရင်လည်း ကုမ္ပဏီကပဲဖြစ်လိမ့်မယ်၊ မဟုတ်ရင် ဒီအရွယ်အမျိုးမပေါက် ဘာမျှောက်လဲလို့ မေးရမလိုဖြစ်သွားလိမ့်မယ်"

"ဘာဖြစ်ဖြစ် ငါကတော့ ရိုးသားချင်ယောင်ဆောင်ပြီး အထာတစ်မျိုးနဲ့ ချဉ်းကပ်ဖို့ပဲ စဉ်းစားတော့မယ်"

"မင်းသဘောပဲလေ၊ ဘယ်လိုပုံစံနဲ့ဖြစ်ဖြစ်၊ မင်းနဲ့ချစ်သူတွေဖြစ် လက်ထပ်သွားတာပဲ မြင်ချင်တယ်"

"ငါနဲ့ ဘာလို့အရမ်းသဘောတူနေတာလဲ၊ မင်းမှာအကြောင်းရှိတယ် မဟုတ်လား"

"ဟင်း . . ဟိုဒီလိုပါကွာ၊ ငါ့အဖေမွေးစားထားတာဆိုတော့ ကသစ်ဖြူက ငါ့ညီမပဲလေ၊ တခြားမတော်တရော်တွေနဲ့ တွေ့မှာစိုးလို့ပါ"

"ဟုတ်လို့လား။ အစကမင်းအထာ အဲလိုမဟုတ်ဘူးလားလို့ ကသစ်ဖြူကို သွေးတိုးစမ်းချင်လို့ ငါ့ကိုမြှောက်ပင့်ပေး"

"အာ . . မဟုတ်ပါဘူး။ တခြားသူတွေနဲ့စာရင် မင်းနဲ့ကတော်ဦးမလားလို့ပါ၊ သူလင်ကောင်းသားကောင်းရဖို့ ငါ့မှာတာဝန်ရှိတယ်လေ"

"ဩော် . . ဒီလိုလား။ ဒါဆိုလည်း ငါကမင်းရဲ့ယောက်ဖကောင်းဖြစ်အောင် ဒီနေ့ကစပြီး ကြိုးစားပါ့မယ်ကွာ၊ ချီးယား(စ်) သူငယ်ချင်း"

"အောင်မြင်ပါစေ ယောက်ဖ ဟား ဟား"

သူတို့နှစ်ယောက်ခွက်ချင်းတိုက်ကာ ရယ်နေကြချိန်မှာ ဝိုင် ခွက်မြှောက်လျက် အနားကို အေမီရောက်လာသည်။

"နင်တို့နှစ်ယောက်က သီးသန့်ထွက်ပြီး အောင်ပွဲခံနေတာ ဘာကြံစည်နေကြတာလဲ၊ ငါ့ကိုတစ်ယောက်တည်းပစ်ထားကြတယ်"

"ဟာ . . အေမီ ဆောရီး၊ ဒီကောင့်ကိစ္စ နည်းနည်းရှင်းပေးနေ



တာပါ၊ အေမီ ချီးယား(စ်)"

အေမီကို ခွက်ချင်းတိုက်ကာ ချော့လိုက်ရသည်။ ယခင်ကကျောင်းမှာ ပေါင်းသင်းဖြစ်သည့် အေမီက အခုအချောအလှစာရင်းဝင်ကာ မော်ဒယ်လုပ်နေသည်ဟု ပြောသည်။

သူရောက်နေသည်ဆိုသည့်သတင်းကြောင့် ဒီပွဲကိုရောက်အောင်လာကာ အားပေးခြင်းဖြစ်သည်။

"အေမီ နင်မော်ဒယ်လောကမှာ အရမ်းအောင်မြင်နေပြီလား"

"ကြိုးစားတုန်းရှိပါသေးတယ်၊ ငါက အရမ်းအောင်မြင်ချင်တာ၊ ဒါပေမဲ့ အိမ်ကကောင်းကောင်း မပံ့ပိုးနိုင်ဘူး။ ဖေဖေဆုံးသွားတော့ စီးပွားရေးကကျသွားတယ်၊ နင်တို့နဲ့တက်ခဲ့တဲ့ကျောင်းကိုတောင် ပြီးဆုံးအောင်မတက်နိုင်ဘူး။ အဲဒါငါ့အကြောင်းတွေ ဇော်မင်းသိတယ်မေးကြည့်"

"ဟုတ်လား။ ဇော်မင်း"

ဇော်မင်းက ရိုဝေစွာဖြင့် ခေါင်းညိတ်ပြ၏။ အနည်းငယ်ဝေနေကြပြီမို့ ဝိုင်းမှာပဲပြန်ထိုင်လိုက်ကြသည်။ အေမီက ဝိုင်ခွက်ကို နှုတ်ခမ်းများမှာတပ်လျက် ထင်ရှားပခုံးပေါ်မှီနွဲ့ချင်သလိုရှိ၏။

"ဒါဆို နင်ဒီလောကထဲမှာဖြတ်သန်းဖို့ တော်တော်ခက်ခဲမှာပေါ့ အေမီ"

"ဒါပေါ့ဟာ . . သူများတွေနဲ့မယှဉ်နိုင်အောင် မျက်နှာငယ်ရတယ်၊ ဒီလောကက ဝါသနာတစ်ခုတည်းနဲ့ ရပ်တည်လို့ရတာမဟုတ်ဘူး။ နောက်ကနေငွေကြေးနဲ့လည်း ပံ့ပိုးနိုင်မှဖြစ်တာ"

"ဒါပေါ့ဟာ၊ အဝတ်အစားဆိုလည်း သူများနဲ့တန်းတူဝတ်နိုင်မှ ကားဆိုလည်း သူများထက်မော်ဒယ်ကြွားနိုင်မှ၊ ဟိုတယ်လည်း အမြင့်ဆုံးငှားနိုင်မှ၊ အောင်မြင်ပြီဆိုရင်တော့ ဒါတွေက ခဏလေးနဲ့ဖြစ်သွားမှာ"

"အေး . . အဲဒီလှေကားထစ်ကိုတက်ဖို့ ငါ့မှာအခက်အခဲဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



တာလေ၊ နင်က ချမ်းသာတာပဲ၊ ငါ့ကိုစပွန်ဆာလုပ်ပါလား''

''ဘာ''

ထင်ရှား ပခုံးမြောက်ကြွသွားလေသည်။ ဒါပေမဲ့ အေမီရဲ့ ရောင်စုံမျက်နှာလေးက စွဲညို့လွန်းနေသည်။ ရီဝေနေသော မျက်ဝန်းများက ဆာလောင်မှုတွေအပြည့်။

''ထင်ရှား''

မှုန့်နှံ့နှံ့အီစီကလီအသံက သူ့အသည်းတွေကို ယားကျိကျိဖြစ်စေ၏။ နှုတ်ခမ်းနီရဲရဲဆိုးထားသော နှုတ်ခမ်းတစ်စုံလုံး၊ ရှုရှုမှုမှုဖြင့် သူ့မျက်နှာနားတိုးကပ်လာတော့ ဝိုင်ခွက်မြှောက်ထားသည့်လက်က ချိုးယား(စ်)ပင် မလုပ်နိုင်။

''အဟမ်း. . . ဟမ်း၊ ဒီမှာ အသားကင်တွေရပါပြီ''

''ဟင်''

ကာသစ်ဖြူက အသားကင်ဗန်းကို စားပွဲပေါ်အသံမြည်အောင် ပစ်ချလိုက်တာမို့ ထင်ရှားနှင့်အေမီ အရှိန်တက်နေရာမှ ဖြုန်းခနဲ လန့်ဖျပ်သွားကြသည်။ ဇော်မင်းက ပါးစပ်ကိုလက်နှင့်ပိတ်၍ ရယ်နေ၏။ အေမီက မှုန်ဝါးဝါးဖြင့် သေချာကြည့်လျက်

''သူက နင့်အဖေကျောင်းလိုက်ပို့တဲ့ ကာသစ်ဖြူမဟုတ်လား''

''အင်း. . . ဟုတ်တယ်''

''ဩ. . . အရွယ်တောင် အတော်ရောက်နေပြီပဲ၊ အရင်က သဲကိုလားအုပ် နုံပြီစုတ်ပါ၊ အရပ်က ကလန်ကလား ပိန်ပိန်ရှည်ရှည်နဲ့လေ၊ နှပ်ချေးဖတ်နှိုက်၊ လက်သန်းကိုက်လို့ ဆရာမက ခဏခဏရိုက်ပြီး ဆုံးမရတယ်တဲ့''

''ဟား. . . ဟုတ်တယ် ဟုတ်တယ်၊ အရမ်းညစ်ပတ်စုတ်ပြတ်တာ၊ အဲဒါကြောင့် သူနဲ့ကျောင်းအတူတက်ရမှာစိုးလို့ ကျောင်းထွက်ပြီး

နိုင်ငံခြားမှာ ကျောင်းသွားတက်တာပေါ့''

''ဟယ်. . . အဲဒါကြောင့် ငါတို့ကို နင်ခွဲသွားတာပေါ့လေ၊ သူ့ကြောင့်ပေါ့၊ အဲလိုမှန်းသိရင် အဲဒီအချိန်ကတည်းက ဖြုတ်လိုက်ပါတယ်၊ ...့. . . ကာသစ်ဖြူ လာဦး''

အေမီက ယိုင်ထိုးစွာ မတ်တတ်ရပ်လျက်၊ အမိန့်အာဏာတွေနှင့် ...သစ်ဖြူကို လက်ယပ်ခေါ်၏။ ကာသစ်ဖြူ စိမ်းနေအောင် မျက်စောင်း ...ထိုးလျက် ချာခနဲလှည့်ထွက်သွားသည်။

''ဟယ်. . . ကြည့်စမ်း ကြည့်စမ်း၊ လူပါးဝလိုက်တာ မိုက်ရိုင်း ...ိုက်တာ၊ ငါလိုက်လုပ်ရင် သေဦးမယ်၊ သူဘာအချိုးချိုးသွားတာလဲ ...င်ရှား''

''မသိဘူးလေ''

''သူက ငါတို့အတွက် စားစရာလာပို့တာ နင်ကဘာလိုင်းကြီး ...လုပ်တာကိုးဟ''

''ဟဲ့ ဇော်မင်းရဲ့၊ ထင်ရှားနဲ့ ငါတို့နဲ့ခွဲရတာ သူ့ကြောင့်ဆိုတာ ...ခုမှသိရတာကိုးဟဲ့''

''ငါလည်း အခုမှသိရတာပဲ၊ အဲဒါနဲ့ရန်လုပ်စရာအကြောင်းမှ ...ိုတာ''

''လုပ်ရမှာပဲဟေ့ လုပ်ရမှာပဲ၊ ထင်ရှားသာ နိုင်ငံခြားထွက်မသွား ...င် ငါနဲ့ထင်ရှား အခုလောက်ဆို ချစ်သူရည်းစားတွေဖြစ်ပြီး လက်ထပ် ...တောင် လက်ထပ်ပြီးလောက်ပြီ၊ ဒါမှမဟုတ်လည်း ဒီလောကမှာ ...အောင်မြင်နေဖို့အတွက် စပွန်ဆာကောင်းကောင်းဖြစ်ပေးနေလောက်ပြီ၊ ...တ်တယ် မဟုတ်လား ထင်ရှား''

အေမီ ရှုးတူး မှုးတူးပြောနေတာကို ထင်ရှားကြောင်က ရော ...ာင်၍ ခေါင်းညိတ်သည်။

www.burmeseclassic.com



"အင်း"

"တွေ့လား ဇော်မင်း၊ ထင်ရှားက ငါ့ဘက်ကပါ၊ အဲဒီကသစ်ဖြူကို ငါလုံးဝမကျေနပ်ဘူး"

"မကျေနပ်တော့ နင်ကဘာလုပ်မှာလဲ"

"ငါသူ့ကိုသောင်းကျန်းမှာပေါ့"

"ဟော့ . . သူ့ကိုထိရင် ငါမခံဘူးနော်"

"ဘာ့ . . နင်က"

"ဒီကောင်က ကသစ်ဖြူကို ကြိုက်နေတာလေ အေမီရဲ့ကောင်ဖွန်ကြောင်"

"ဩော် . . ဒီလိုလား၊ နင့်ဟာဆိုရင်တော့ နည်းနည်းလျှော့ပေးရတာပေါ့၊ ငါ့အတွက်ကတော့ ထင်ရှားနော်၊ ကဲ ချီးယား(စ်)လိုက်ကြရအောင်"

"ချီးယား(စ်)"

မှုးရူးပြီး အော်ဟစ်နေသံများက ဆူညံလို့နေသည်။

သူတို့အတွက်တော့ နိဗ္ဗာန်ဘုံပါ။ ကသစ်ဖြူကတော့ ပင်ပန်းပြီး ဘာတွေဖြစ်နေသည်မသိပေ။

ဘယ်သူ့အကြောင်းမှ မတွေးဘဲ အိပ်ပဲအိပ်နေမည်လား . .

***

## အခန်း (၂၄)

အိပ်ရာနိုးလာသည့်အချိန်မှာ ခေါင်းထဲရီဝေမူးနောက်လို့နေသည်။ နိုင်ငံခြားမှာနေကတည်းက ဒီလောက်မူးအောင် တစ်ခါမှသောက်ဖူးပါ။ ညက အေမီနှင့် ကျန်သည့်သူငယ်ချင်းတွေကို ဦးသံလုံးဖြန့်ပို့ပေးပြီးနောက်ပိုင်း သူ့အိပ်ရာပေါ်ရောက်တာတောင် သိပ်မမှတ်မိ။ အိပ်ရာပေါ် ဖိုးလုံးတွဲပို့ပေးတာပဲဖြစ်လိမ့်မည်။

"ဟား . . ကျွတ်၊ ခေါင်းတွေနောက်လိုက်တာကွာ"

အခန်းထဲမှာရှိသော ရေခဲသေတ္တာထဲက ရေထုသောက်သော်လည်း ရင်ထဲက ပူလောင်မှုက မသက်သာပေ။ အရင်နေ့တွေကတော့ သူ့အိပ်ရာခုတင်ဘေးမှာ ကသစ်ဖြူက ရေဖန်ချိုင့်လေး လာချပေးထားသည်။ ဒီနေ့တော့ ရေဖန်ချိုင့်လည်းမရှိ၊ ဖန်ခွက်လည်းမရှိ၊ ရင်ထဲပူပြီး ခေါင်းတွေနောက်နေတာမို့ ဆေးအရင်သောက်ဖို့ အောက်ထပ်ကိုဆင်းသာခဲ့သည်။

ထမင်းစားခန်းနားအရောက်မှာတော့ . .

"အဲဒါလေးသောက်လိုက် ကိုဇော်မင်း၊ ပျားရည်ကို ရေကျက်အေးနဲ့ဖျော်ထားတာ၊ ဒီဆေးတစ်ပြားပါသောက်လိုက်ရင် အမူးအနောက်လည်း ပြေမယ်၊ အော့ချင်အန်ချင်တာလည်း ပျောက်မယ်၊ ရင်ပူတာ

www.burmeseclassic.com



လည်း သက်သာတယ်''

''ကျေးဇူးပါပဲ ကသစ်ရယ်၊ ညက သူငယ်ချင်းတွေဆုံတော့ သူတစ်ခွက် ကိုယ်တစ်ခွက်နဲ့များသွားတာ၊ ကျွန်တော်တစ်ခါမှ ဒီလောက် များများကြီး မသောက်ဖူးပါဘူး''

''ယောကျ်ားလေးဆိုတာ တစ်ခါတလေဒီလိုပဲဖြစ်တတ်ပါတယ်၊ နောက်တော့ ကိုယ်ရောဂါဖြစ်လောက်တဲ့အထိ မသောက်မိအောင် သတိ ထားပေါ့''

''ဟုတ်ကဲ့. . ဟုတ်ကဲ့ပါ ကသစ်ဖြူ၊ ကျေးဇူးတင်ပါတယ်ဗျာ''

ဟား. . . အဆင်ကိုပြေနေတာပါပဲလား၊ ဆေးတိုက်တဲ့သူနှင့် ပျာပျာသလဲ နာခံနေသူနှင့် အပေးအယူကိုတဲ့လို့။

ကသစ်ဖြူတို့ ဖော်မင်းလိုကောင်ကို ဘယ်လိုချုပ်ကိုင်လိုက်သည်မသိ။ အပိုးကိုကျိုးနေတာပင်။

''အဟမ်း. . ကသစ်ဖြူ ငါ့ကိုလည်း ဆေးတိုက်စမ်း၊ ငါခေါင်းတွေမူးနောက်ပြီး ရင်တွေပူလို့''

''ပျားရည်ကကုန်သွားပြီ ဈေးသွားမှဝယ်ရမှာ၊ ဆေးက ကျွန်မသောက်တဲ့ထဲက တစ်ပြားကျန်နေတာကို ကိုဖော်မင်းကိုတိုက်လိုက်တာ ရှင်သောက်ချင်ရင် ဈေးကနေဝယ်လာခဲ့မယ်''

''ဘာ. . ငါ့အတွက်ကျဘာမှမရှိဘူးပေါ့၊ ဟိုကောင့်အတွက်ပဲ ရှိတာပေါ့''

''ရှိတာတိုက်လိုက်တာလေ၊ ရှင်သောက်ချင်ရင် ဈေးကဝယ်လာမယ်လို့ ပြောပြီးပြီပဲ''

''မင်းငါ့ကို အဲလိုလေသံနဲ့ ပြန်မအော်နဲ့''

''ဈေးသည်နဲ့ ဈေးဝယ် အသံတူရုံပါပဲ၊ ရှင်အော်လို့ ကျွန်မ အော်ရတာ''





''ဒီအိမ်မှာ မင်းကဘာလဲ၊ ငါကဘာလဲ''

''ရှင့်ရဲ့အိမ်ဖော်မဟုတ်တာတော့ သေချာတယ်နော်၊ ဖေဖေ ...းထားတာဆိုပြီးတော့လည်း ကျွန်မရောင့်တက်နေတာမဟုတ်ဘူး၊ ...ားစုသဘောနဲ့လုပ်ပေးသင့်တာကို လုပ်ပေးနေတာ၊ အိမ်ဖော်လို ကျွန် ... သဘောထားဖို့တော့ မစဉ်းစားနဲ့၊ ကြီးကြီး ပင်ပန်းမှာစိုးလို့ နားလည် ...း''

''တောက်. . ကက်ကက်လန်နေတာပဲ''

''လန်အောင်လုပ်လို့လန်တာ၊ အမြဲတမ်း ရှင်အနိုင်ကျင့်သမျှ ...င်းငုံ့ခံနေရအောင် ကျွန်မက အိမ်စေမဟုတ်ဘူး၊ အိမ်ကျွန်မဟုတ်ဘူး၊ ...က်တစ်ခါနိုင်းစရာရှိရင် အာဏာနဲ့မခိုင်းပါနဲ့၊ ကျွန်မ ဘာမှလုပ်ပေး ...မဟုတ်ဘူး''

''ဟား''

ကသစ်ဖြူက မျက်စောင်းငေ့ခြေဆောင့်လျက် အခန်းထဲက ...ာ်သွားသည်။ သူ မခံချိမခံသာ မချင့်မရဲဖြစ်ကာ ကျန်ခဲ့ရ၏။ ဖော်မင်း ... လှောင်သလိုပြုံးနေကာ

''မင်းတွေ့တယ်နော်၊ မင်းနဲ့ငါ့ကို ဆက်ဆံတာချင်းမတူဘူး၊ ...ာဆိုတာ အဲလိုရှိတယ်၊ ညင်ညင်သာသာလေးဆက်ဆံမှ ညင်ညင် ...သာလေးတုံ့ပြန်မှာပေါ့ကွ''

''ငါက သူ့အပေါ်ညင်သာစရာလား၊ သူနဲ့ငါ့အဆင့်က''

''အိမ်စေမဟုတ်ဘူး၊ အိမ်ကျွန်မဟုတ်ဘူးလို့ ပြောသွားတယ် ... မင်းပြောချင်တိုင်းပြော အနိုင်ကျင့်ချင်တိုင်းကျင့်လို့မရဘူးလို့ သတိ ...သွားတာပဲ''

''တောက် ဒီကောင်မလေး''

''မင်းညီမဆို၊ ယောက်ဖနော်၊ သူ့ကိုအနိုင်ကျင့်တာ ငါလည်း

www.burmeseclassic.com



မကြိုက်ဘူး''

''မင်းကတစ်မျိုး''

ဇော်မင်းကိုလက်သီးဖြင့် ဆွဲထိုးချင်လောက်အောင် ဒေါသဖြ
နေမိသည်။ ကသစ်ဖြူ ဦးစားပေးခံရတာကို မနာလိုဖြစ်မိတာလား မ
ပါ။ ဇော်မင်းက ကသစ်ဖြူ ဆေးတိုက်ပြီးပြုစုထားတာကြောင့် လန်းဆ
ဖျတ်လတ်တက်ကြွနေပြီး ကိုယ့်မှာတော့ လေးလံထိုင်းမှိုင်းနောက်
နေသည်။

လေသံကအစ ဇော်မင်းကို ဆက်ဆံတာနှင့်မတူ။ ကိုယ့်
ဝေါက်ငမ်းပြောဆိုသွားလိုက်တာများ ကက်ကက်ကိုလန်လို့။ ခြေဆေ
မျက်စောင်းထိုးသွားတာက ကိုယ်ကသာ အငယ်ဆိုခေါင်းများခေါက်သွ
ဦးမလားမသိပေ။

ကသစ်ဖြူ မင်းဘယ်သူ့အားကိုးနဲ့ ငါ့ကိုဒီလိုဆက်ဆံရဲတာ
ချစ်သူရည်းစားရှိလို့လား၊ ဒါမှမဟုတ် ဇော်မင်းကိုပဲစိတ်ဝင်စားသွား
လား။

ဝမ်းသာသင့်ပါလျက်၊ ရင်ထဲမှာ ဘာကိုမကျေနပ်မှန်းမသိ

***

## အခန်း (၂၅)

''ကသစ် ဒီနေ့နောက်ကျတယ်နော်''

''ဩော် ဟုတ်ကဲ့ ကိုအောင်''

မနက်က ရုံးတက်နောက်ကျတာကို နေ့လယ်ထမင်းစားချိန်ကျမှ
ာသည်ဆိုတော့ သူမကိုအချိန်တိုင်း သတိထားစောင့်ကြည့်နေသည်ကို
သိပေးချင်တာများလား။

အရိပ်ကြည့်နေတတ်တာကို သူမ ရင်မခုန်မိပေ။ အောင်မျိုးသူ
း စိတ်သဘောထားကောင်းပြီး လူကြီးလူကောင်းဆန်ပါသည်။ သူမ
ေါ် တခြားဝန်ထမ်းတွေထက် အများကြီးဦးစားပေး ဂရုစိုက်တာကို
ည်း သူမ ခံစားမိသည်။ လက်ထပ်ချင်သည့်အကြောင်းလည်း ရင်ဖွင့်
းသောသူပါပဲ။

''ကသစ် ထမင်းစားတော့မယ်ဆိုရင် ကိုယ်နဲ့တစ်ဝိုင်းတည်းစား
း ဟင်းတွေပိုထည့်လာတယ်၊ မေမေက ကသစ်ကိုပါ ကျွေးလိုက်ပါဆို
း ချိုင့်နဲ့ပေးလိုက်တာပါ''

''အို..ကျွန်မ တခြားဝန်ထမ်းတွေနဲ့ပဲ စားလိုက်ပါ့မယ်၊ အခန်း
ခုတည်းနဲ့ ကိုအောင်နဲ့နှစ်ယောက်တည်းစားရင် ဝန်ထမ်းတွေတ
ြင်သွားကြမှာပေါ့''

www.burmeseclassic.com



"ဝန်ထမ်းတွေလည်း သိသင့်သလောက် သိနေတာပဲ၊ ထူး
တစ်မျိုးမြင်စရာလား ကသစ်ရယ်၊ ကိုယ်တို့ဆက်ဆံရေးက ဒီထက်ပို
ရင်းနှီးသင့်တယ် မဟုတ်လား"

"ကျွန်မကိုအောင့်ကို မျှော်လင့်ချက်တွေ ပေးမထားဘူးနော်"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ့်ဘက်က မျှော်လင့်ချက်ကို
ကသစ်ရိုက်ချိုးလို့မရဘူးနော်၊ ကိုယ်ဒီထက်ပိုပြီး ကသစ် ငြိုငြင်အော
အခွင့်အရေးတွေ မတောင်းဆိုပါဘူး၊ ထမင်းအတူစားရုံနဲ့ ဘာမှလည်း
ဖြစ်မသွားပါဘူး ကသစ်ရယ်"

"ကဲ..ကိုအောင်ကတော့လေ တကယ်ပါပဲ"

ထမင်းချိုင့်လေးဆွဲကာ ကိုအောင်နှင့်အတူ ရုံးခန်းငယ်လေး
လိုက်လာခဲ့ရသည်။ နားပူလွန်းလို့ပါ။ တခြားဆိတ်ကွယ်ရာသွားဖို့ ေ
ဖို့ တောင်းဆိုတာလည်းမဟုတ်တာကြောင့် ထမင်းအတူစားဖို့လော
တော့ လိုက်လျောသင့်တယ်ထင်လို့ပင်။ ပြီးတော့ ကိုယ့်အလုပ်ရှင်သူ
မဟုတ်ပါလား။

"ကိုအောင်စားပါ၊ ကျွန်မ ကြက်သားနဲ့မုန့်ညင်းကြော်လာ
ငံပြာရည်ကြော်လည်းပါတယ်"

ဦးဦးဖျားဖျားဦးချကာ တလေးတစားကျွေးတော့ အောင်မျိုး
မျက်နှာကြီးပြုံးဖြဲနေကာ

"ကိုယ်လည်း ကိုယ့်ကိုအဲလို အနီးကပ်ပြုစုယုယမယ့်သူနဲ့
ချင်တာ ကသစ်ရဲ့"

"ကျွန်မရဲ့အလုပ်ရှင်မို့ လေးလေးစားစားလုပ်ပေးတာပါ၊ တခြ
စိတ်တွေမရှိပါဘူး"

"ကိုယ်ကလည်း ကိုယ့်ဘက်က တောင့်တမှုကိုပြောတာ
ကသစ် ဘယ်အချိန်မှပေးပေး စောင့်နိုင်ပါတယ်၊ ကဲပါ..ကိုယ့်အိမ်





ထည့်ပေးလိုက်တဲ့ ပုစွန်တုပ်ဆီပြန်နဲ့ ကြက်သားဆီပြန်လေးလည်း စား
ပါဦး၊ ကိုယ်လည်းပြန်ပြုစုပါရစေ"

"ဟို..ကျွန်မ ဆီပြန်ဟင်းတွေ သိပ်မစားပါဘူး၊ အသားငါး
ဆိုရင် အသီးအရွက်တွေနဲ့ ကြော်တာလှော်တာလောက်ပဲ စားတတ်
တယ်"

"မကြိုက်လည်း စေတနာကို အသိအမှတ်ပြုပြီး သုံးဆောင်
ပေးပါနော် ကသစ်"

"ခက်တော့တာပဲ ကိုအောင်ရယ်၊ ကဲ ထည့်ထည့် စားမယ်၊
အဲဒါမှ စိတ်ကျေနပ်မှာမဟုတ်လား"

"ဟင်း..ဟင်း ကသစ်က အရမ်းလိမ္မာတာပဲ"

အောင်မျိုးသူက ကသစ်ခေါင်းလေးကို ချစ်စနိုးနှင့်ဖွဖွလေး ပုတ်
ကာ ကျီစယ်သည်။ ထိုအချိန်မှာ သူမတို့ရှိနေသော အခန်းတံခါးက
ချပ်ခနဲ ပွင့်သွားလျက်

"နှစ်ယောက်တည်း လူမမြင်ကွယ်ရာမှာ ကလူကျီစယ်နေကြ
တာပဲ"

"ဟင် ထင်ရှား"

"သြော် ထင်ရှားပါလား"

တခြားလူတံခါးလာဖွင့်သည်အထင်နှင့် ဒေါသဖြစ်ကာလှည့်
ကြည့်ပြီး ထင်ရှားဖြစ်နေ၍ အံ့သြကာ အောင်မျိုးသူလေသံပျော့သွား
သည်။ ကသစ်ဖြူကတော့ ဘာကြောင့် ဒီကုမ္ပဏီကို ထင်ရှားရောက်လာ
တာလဲဟု အံ့သြမှင်တက်နေမိသည်။

ထင်ရှားက ခပ်တည်တည်ပင် ကသစ်ဖြူအနားလျှောက်လာပြီး

"ထင်ရှားမဟုတ်ဘူး၊ သခင်လေး မင်းပြန်ပြင်ခေါ်စမ်း"

"ရှင် ဒီကိုလာပြီး ဘာတွေလာ အာဏာပြနေတာလဲ၊ ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ရှင့်ငယ်ကျွန်မဟုတ်ဘူးလို့ ပြောပြီးပြီနော်''

''အေး. . မင်းမှာ ဒီလိုအားကိုးရမယ့်သူတွေရှိနေလို့ ငါ့ကိုအား ...ဆန့်ကျင်နေတယ်ဆိုတာ ငါသိလိုက်ပါပြီ၊ မင်းရိုးပုံ ရိုးပန်းနဲ့ကွာ၊ လူကွယ်ရာမှာဒါမျိုး''

''ရှင်ဘာတွေလာပြောနေတာလဲ၊ ပါးစပ်စည်းကမ်းမရှိလိုက်တာ''

''မင်းကတော့ တော်တော်စည်းကမ်းရှိတာပဲ၊ ပေါက်ကရလူနဲ့ နှစ်ယောက်တည်း အခန်းတစ်ခုထဲမှာ''

''ထင်ရှား ရှင်အရမ်းရိုင်းတာပဲ၊ သူက ဒီကုမ္ပဏီပိုင်ရှင်သူဌေး ဦးအောင်မြင့်ရဲ့သား MD ကိုအောင်မျိုးသူတဲ့၊ ကျွန်မရဲ့အလုပ်ရှင် သိရဲ့လား။ ပေါက်ကရလူနဲ့ ပေါက်ကရနေရာမှာ .တွေ့နေတာမဟုတ်ဘူး''

သိသားပဲလို့ ငေါ့ပြောလိုက်ချင်သည်။ တမင်တကာ သူမကို လာချောင်းတာပါ။ မနက်ကကိစ္စ သူ့ကိုလုပ်သွားတာကို မကျေနပ်ဘယ်နေရာမှာ ဘယ်လိုအားကိုးအားထားတွေရှိနေလို့လဲဆိုတာ သူသိချင်သည်။

ဒါကြောင့် ကုမ္ပဏီကိုရောက်လာပြီးမေးတော့ သီးသန့်ခန်းထဲမှာ MD နှင့် ထမင်းစားနေသည်ဟု ဝန်ထမ်းလေးတွေက ပြောလိုက်သည်။ ဒါကြောင့်လည်း ခပ်ညစ်ညစ်နှင့်တံခါးမခေါက်ဘဲ သူဝင်လာခဲ့ခြင်း ဖြစ်သည်။

ရိုးရိုးသားသားအလုပ်ရှင်နှင့် ဝန်ထမ်းဆိုလျှင် ဒီလိုသီးသန့်ခန်းထဲမှာ နှစ်ယောက်အတူ ထမင်းစားစရာလား။ သူဌေးမို့ ဝန်ထမ်းတွေမရောနှောအောင် ဒီလိုနေရာမှာ သီးသန့်စားသည်ဆိုလည်း သူမက ဘာကြောင့် ဒီထဲရောက်နေရတာလဲ။

သူ မသိချင်ယောင်ဆောင်၍ ခပ်ထေ့ထေ့ပင်ပြုံးလိုက်ကာ



''ခေတ်ဦး ကိုအောင်မျိုးသူ၊ ကျွန်တော်က တခြားသူအောက်မေ့ ...ပါ''

''ရပါတယ် မသိရင်မှားတတ်ကြတာပဲ၊ ကျွန်တော်ကတော့ ...သုဝေ မသေခင်က ဓာတ်ပုံပြထားလို့ ကိုထင်ရှားကိုသိနေပါတယ်''

''ဟုတ်ကဲ့. . အန်ကယ်နဲ့တွေ့ဖို့ ကျွန်တော်လာသင့်တာသိပါ ...တယ်၊ ဒါပေမဲ့ ကျွန်တော်လည်း မအားလပ်ဘူးဖြစ်နေတယ်။ ဒါနဲ့ ဒယ်ဒီ ...စ်လဆွမ်းသွတ်တဲ့နေ့က ကိုအောင်မျိုးသူတို့သားအဖကို မတွေ့မိဘူး ...င်တယ်နော်''

''ဟုတ်ကဲ့ မေမေ နေမကောင်းလို့ နိုင်ငံခြား ခဏခေါ်သွားက ...ာနဲ့ တိုက်ဆိုင်သွားလို့ပါ၊ နားလည်ပေးပါခင်ဗျာ''

''ဩော်. . ကျန်းမာရေးကိစ္စပဲ နားလည်ပေးရမှာပေါ့၊ ဒါနဲ့ ...သစ်ဖြူကို ကျွန်တော်ခဏခေါ်သွားလို့ရမလား''

''ဗျာ. . ဟိုရုံးချိန်ကြီးမှာ ဘာကိစ္စများရှိလို့ပါလဲ''

ကသစ်ဖြူ တအံ့တဩဖြစ်သွားသလို အောင်မျိုးသူက မေးခွန်း ...တ်သည်။ ထင်ရှားက မထီတရီပြုံးလျက်

''ကျွန်တော်က မြန်မာပြည်ကို အခုမှပြန်ရောက်တာဆိုတော့ ...ယ်နေရာမှာ ဘာပစ္စည်းရှိလို့ ဘာဝယ်ရမှန်းမသိဘူးဖြစ်နေတယ်၊ သူ ...တော့ ကျွမ်းပြီးသားလေ၊ အဲဒါကုန်တိုက်ဖြစ်ဖြစ် စင်တာဖြစ်ဖြစ် ခေါ် ...ွားချင်လို့ပါ၊ အလုပ်တွေအရေးကြီးလို့ မဖြစ်ဘူးဆိုရင်လည်း ပြောပါ၊ ...ျွန်တော် မခေါ်တော့ပါဘူး''

''ဩော်. . ဟို. . ဖြစ်ပါတယ် ခေါ်သွားပါ၊ ကသစ် ထမင်းစား ...ီးလိုက်သွားလိုက်လေ၊ ညနေလည်း ပြန်မလာနိုင်ရင်ရပါတယ်၊ လက် ...တ်ထိုးစရာရှိတာတွေ ကိုယ်ထိုးထားလိုက်မယ်''

အောင်မျိုးသူက ထင်ရှားကို ရှယ်ယာဝင်ထားသူရဲ့သားမို့ အားနာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး လိုက်လျောပေမယ့် ကသစ်ဖြူ စိတ်ထဲတော့ မကျေမချမ်းဖြစ်သွား မိသည်။

ထင်ရှားဆိုသည့်သူက ဘယ်လိုလူစားမျိုးမှန်းမသိတော့ပါ။

သူမကို မတူမတန်သလိုဆက်ဆံပြီး သူနှင့်လိုက်ဖို့ခေါ်ရမ တာလဲ။ တကယ်ကိုနားမလည်ပါ။

ဒီလိုလူမျိုးနှင့် နောင်ဘဝမဆုံရပါစေနဲ့လို့ပဲ . . ။

***

## အခန်း (၂၆)

"ဘာမှ သိပ်ဝယ်တာလည်းမဟုတ်ဘဲ ကုမ္ပဏီကနေ အနိုင် ကျင့်ခေါ်လာတာ ကြီးကြီး။ ကိုအောင်မျိုးသူကို အရမ်းအားနာဖို့ ကောင်း တာပဲ၊ ဟိုက သူရှယ်ယာတွေထုတ်လိုက်မှာစိုးလို့ ပြဿနာမဖြစ်စေချင် တာနဲ့ ထည့်လွှတ်လိုက်တာ၊ သူ့သမီးကို သက်သက်အနိုင်ကျင့်တာ"

သူမ ခပ်ကြိတ်ကြိတ်လေးပြောကာ ပေါက်ကွဲတော့ ကြီးကြီး စိတ်မကောင်းဖြစ်လို့နေသည်။ ဘာပြောရမှန်းမသိသလို သူမခေါင်းလေး ကို ဖွဖွလေးပွတ်လို့နေ၏။

"သမီး ဒီအိမ်ကနေ ထွက်သွားလိုက်ချင်တော့တာပဲ ကြီးကြီး ရယ်"

"အဲလိုတော့မလုပ်ပါနဲ့ကွယ်၊ မောင်သုဝေ သေချာမှာခဲ့တယ် ဆို၊ သူလည်းတမလွန်ကနေ သူ့သားဆိုးတာကို သိနေမှာပါ၊ မောင်သုဝေ မျက်နှာထောက်ပြီး သည်းခံပါကွယ်နော်"

"အဲဒါကြောင့်မို့ပေါ့ ကြီးကြီးရယ်၊ ဖေဖေ့မျက်နှာကိုထောက် လို့ပေါ့၊ သူ့အလိုဆို သူဆက်ဆံတာတွေ သည်းမခံနိုင်လို့ လူရှေ့သူ ရှေ့မှာကို ပေါက်ကွဲပစ်တယ်"

"နောက်ဆို ကြိတ်မခံနဲ့ကွယ်၊ ပြောသင့်တာပြောပစ်လိုက်မှ

www.burmeseclassic.com

www.burmeseclassic.com



သူလည်းမှတ်မှာ၊ ဒီထက်လည်း သူပြောရဲလုပ်ရဲမှာ မဟုတ်ပါဘူး၊ သူ အနိုင်ကျင့်တာခံမလားလို့ အနိုင်ကျင့်ကြည့်နေတာ၊ မခံမှန်းသိရင် သူ လျှော့သွားလိမ့်မယ် သိလား သမီး၊ တစ်ခုပဲ ကြီးကြီးအတွက်တွေးပေးပါ၊ ဒီအိမ်ကနေတော့ ဘယ်ကိုမှထွက်မသွားပါနဲ့ကွယ်နော် သမီးလေး''

မျက်ရည်ဝဲစွာပြောနေတော့ သူမလည်း စိတ်မကောင်းဖြစ်မိသည်။ သူမလည်း ကြီးကြီးကို စိတ်ညစ်အောင်လို့ ပြန်ပြောပြနေခြင်း မဟုတ်ပါ။ ထင်ရှား လုပ်သမျှ မခံမရပ်အောင်ဖြစ်လွန်းလို့ပင်။

ရင်ဖွင့်ဖော်ရှယ်တူ ဖိုးလုံးရှိပြန်တော့လည်း စကားမပြောတတ်တာမို့ သူမ နာကျင်မှုတွေကိုပြေပျောက်အောင် မဖြေဖျောက်နိုင်။

''ထင်ရှားရှိလား''

''ဟဲ့. . . ဘယ်သူလဲကွဲ့''

''ခြောင်''

ပါတီပွဲတုန်းက လာသွားသည့် အေမီပင်။ ကြီးကြီးနှင့် သူမ စကားပြောနေသည့် ညေ့ခန်းထဲကို ရဲတင်းစွာ ဝင်လာပြီး မေးလိုက်ခြင်းဖြစ်သည်။ သူမ ခရီးဦးကြိုမပြုမိဘဲ

''အပေါ်ထပ်တက်သွားတယ်၊ ရောက်နေတဲ့အကြောင်း သိအောင် ဖုန်းဆက်လိုက်လေ''

''အိမ်ရောက်နေမှ ဖုန်းဆက်စရာလိုသေးလို့လား၊ အပေါ်မှာဆို အပေါ်လိုက်သွားလိုက်မယ်လေ''

''ဟဲ့. . . ဟဲ့ ယောကျ်ားလေးတစ်ယောက်အခန်းကို သွားစရာလား၊ လာ ဒီမှာလာထိုင်၊ ညေ့သည်ဆိုတာ ညေ့သည်လိုနေရတယ်၊ ငါခေါ်မယ် လာထိုင်''

ကြီးကြီး ဝင်ပြောလိုက်၍ အေမီ အောင့်သီးအောင့်သက်ဖြစ်သွားကာ ဆိုဖာခုံမှာ မထိုင်ချင်ထိုင်ချင်နှင့် ဝင်ထိုင်သည်။ ကြီးကြီးက



ဆရာ်တော့ ကသစ်ဖြူ မနေသာတော့ဘဲ

''သမီး သွားခေါ်လိုက်ပါ့မယ် ကြီးကြီး ကြီးကြီးက ဒူးလည်းသိပ်ကောင်းတာ မဟုတ်ဘဲနဲ့''

''အေး. . . သမီးခေါ်ပေးရင် ကောင်းတာပေါ့ကွယ်၊ သွားခေါ်ခဲ့ပါ၊ ညေ့သည်ရောက်နေတယ်လို့''

ကြီးကြီးကိုသနားလို့ တက်လာခဲ့ရပေမယ့် ထင်ရှားကိုအရေးတယူ စကားသိပ်မပြောချင်ပေ။

''ဒေါက်. . . ဒေါက်''

''ဘယ်သူလဲ''

''ရှင့် ညေ့သည်ရောက်နေတယ် ဆင်းခဲ့ဦး''

''ဘယ်သူလဲ၊ ဘယ်က ငါ့ညေ့သည်လဲ''

''ရှင့်အချစ်တော် အေမီတဲ့''

''ငါ မရှိဘူးလို့ ပြောလိုက်''

''အောက်မှာရောက်နေပြီ၊ ရှင်ဆင်းမလာရင် သူရှင့်အခန်းကို တက်လာလိမ့်မယ်၊ ဒါပဲ ပြောပြီးပြီနော်''

''ဟိတ်. . . မင်းနေဦး''

အခန်းတံခါး ချပ်ခနဲပွင့်လာပြီး ပြောလိုက်တာကြောင့် သူမ ခြေလှမ်းတို့ ရပ်သွားရသည်။ ထင်ရှားက အခန်းတံခါးကို ကျောကပ်မိလျက် မထီတရီအပြုံးမဲ့တို့ဖြင့်

''အေမီ လာတော့ မင်းငါ့ကိုသဝန်မတိုဘူးလား''

''ဘာ. . . ဘာလို့ သဝန်တိုရမှာလဲ''

''ဒယ်ဒီ မှာခဲ့တယ်မဟုတ်လား၊ ငါနဲ့လက်ထပ်ရမယ်လို့''

''ထင်ရှား''

''ရှေ့နေကြီးကလည်း မင်းကိုပြောပြီးပြီဆို မင်းသိနေရဲ့နဲ့ ငါ့ကို

www.burmeseclassic.com



တင်ခံနေရသေးလား၊ ငါတခြားကောင်မလေးနဲ့တွဲတော့ မင်းစိတ်ထဲ ကျလိကျလိဖြစ်နေမှာပေါ့"

"ဝေးသေးတယ် ထင်ရှား၊ ရှင်ဘယ်သူနဲ့တွဲတွဲ ဘယ်လိုနေနေ ကျွန်မနဲ့မဆိုင်ဘူး။ ရှင်သာဟိုလူ့မြှောက်ပေး၊ ဒီလူ့မြှောက်ပေးနဲ့ ကျွန်မကိုတန်ဖိုးမဲ့အောင်မလုပ်နဲ့"

"ဖော်မင်းနဲ့ကိစ္စလား။ မင်းက အောင်မျိုးသူကြောင့် ဖော်မင်းကို ကန်နေတာမဟုတ်လား"

"ကျွန်မအတွက် ဘယ်ယောကျ်ားမှ အရေးမကြီးဘူး ထင်ရှား"

"ဟိတ်.. ငါမင်းထက် တစ်နှစ်ကြီးတယ်၊ သခင်လေးလို့ ငယ်ငယ်ကခေါ်သလို ခေါ်ချင်ခေါ်၊ မခေါ်ချင်ရင် ဖေဖေခေါ်စေချင်သလို ကိုကိုလို့ခေါ်"

"ဘာ.. ဟွန်း"

သူမ ခြေဆောင့်ကာ ပြန်ဆင်းလာခဲ့သည်။ တကယ်ကို ထင်ရှားက သူမကိုတန်ဖိုးမဲ့ဆက်ဆံနေတာပါ။

သူမ ဘာကိုဝမ်းနည်းမှန်းမသိဘဲ ငိုချင်လာသည်။ ဒါပေမဲ့ ရှင့်လိုလူမျိုးကြောင့် ကျွန်မဘယ်တော့မှ မျက်ရည်မကျဘူး ထင်ရှား။

***

## အခန်း (၂၇)

"အေမီ.. ဘာကိစ္စလဲ"

လှေကားထစ်အတိုင်း အော်၍မေးလိုက်သည်။ ညှော်ခန်းထဲမှာ ဦးကြီးနှင့် ကသစ်ဖြူ ရှိမနေတော့။ အေမီလာတာကြောင့် ရှောင်ထွက်သွားတာဖြစ်မည်။ အေမီက သူဝင်ထိုင်လိုက်သော ဆိုဖာခုံဘက်ကို ရွှေ့ပြောင်းလာထိုင်၍

"လာမယ့်ဆန်းဒေးမှာ ငါရှိုးပွဲလျှောက်ရမယ်၊ နင်လာအားပေးမယ်နော်"

"ဆန်းဒေး.. ငါအားရင်လာမယ်လေ"

"ထင်ရှားနော်၊ ဘာအားမှလာမှာလဲ၊ နင့်မှာ ဘာအရေးကြီးလုပ်အကိုင်မှမရှိဘူးဆိုတာ ငါသိပြီးသား။ ငါကနင့်ကို ရှိုးပွဲပဲလာ ကြည့်ချင်တာမဟုတ်ဘူး၊ နင့်ကားနဲ့ ငါ့ကို အကြိုအပို့လုပ်ပေးစေချင်တာ"

"ဘာ"

"ငါ့အိမ်က အဆင်မပြေတော့ ကားမှမရှိတာ၊ ရှိတဲ့ကားကလည်း မော်ဒယ်အောက်ကြီး ဘာမှသုံးစားမရတော့ဘူး။ တက္ကစီငှားသွားရင် ငါအရှမ်းမျက်နှာငယ်တယ်၊ နင်ငါ့ကိုကူညီပါဟယ်နော် ထင်ရှားရင်လို့"

www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းကို ဆုပ်ကိုင်ကာ မှုန့်နွဲ့နွဲ့ပြောလာသော အေမီ
ထင်ရှား တစ်ချက်လှည့်ကြည့်မိသည်။ နှုတ်ခမ်းနီ၊ ပါးနီ၊ မျက်တောင်
များဖြင့် ရောင်စုံအလှက ပူလောင်မှုတွေအတိပင်။ ကသစ်ဖြူကထေ
အိမ်မှာနေလျှင် သနပ်ခါးရေကြဲလေးဖြင့် အမြဲတမ်းသနပ်ခါးရနံ့လေး သ
နေတတ်သည်။

နှိုင်းယှဉ်မိတာ ဘာကြောင့်မှန်းတော့မသိပါ။

"ထင်ရှား နော်လို့"

"အေး . . အေးပါဟာ"

"ဟေး ဒါမှတို့အသည်း"

"အာ"

ပြီးစလွယ်ပြောလိုက်သည့်အချိန်မှာ အေမီက ဝမ်းသာအား
နှင့် သူ့လည်ပင်းကိုဖက်လျက် သူ့ပါးကိုရွှတ်ခနဲနမ်းသည်။ သူအား
အော်လျက် ပါးကိုပွတ်သပ်ကာ ထရပ်လိုက်ရသည်။

မိန်းကလေးဖြစ်ပြီး ဒီလိုရဲတင်းတာမျိုးတော့ မကြိုက်ပါ။ နိ
ခြားမှာ အနေကြာလာသော်လည်း မိန်းကလေးတွေနှင့် ဒီလိုအနေအထ
မပက်စက်ခဲ့ဘူးပေ။

ဟိုကမိန်းကလေးတွေက ယောကျာ်းလေးတွေကမစလျှင် ဒီ
အတင့်မရဲကြပေ။ အတင့်ရဲလည်း မကျေနပ်သည့်ယောကျာ်းက လ
သည့်မပေါ်အောင် သတ်ပစ်လိုက်တာပဲမဟုတ်လား။

"အေမီ ငါဖုန်းပြောစရာရှိလို့ နင်သွားတော့လေ"

"ငါ့ကိုလိုက်မပို့တော့ဘူးလား"

"ငါ မအားလို့ပါ"

"ငါက ဒီအတိုင်းခြေလျင်ပြန်ရမှာလား"

"တက္ကဆီငှားပြန်လိုက်လေ"



"နင့်ဆီကိုလာတာ ငါကတက္ကစီဖိုးထည့်လာမိမှာလားဟဲ့"

"ကျွတ် . . တက္ကစီဖိုးပေးလိုက်မယ်ဟာ၊ ဘယ်လောက်ပေးရ
လဲပြော"

"နှစ်သိန်းလောက်တော့ ပေးလိုက်ဟယ်"

"ဘာ . . တက္ကစီဖိုးက နှစ်သိန်းတောင်၊ မလွန်ဘူးလား"

"ငါရှုံးလျှောက်ဖို့ အဝတ်အစားဖိုးလိုနေလို့ပါဟယ်"

"နင်ကဟာ . . . ကားရော ငွေရော"

"ငါ့ကို စပွန်ဆာလုပ်ပေးပါလို့ ပြောထားသားပဲဟယ်၊ နင်က
ည်း အရမ်းဝေးတယ်၊ နင်ငါ့ကို အဲလိုတွေစပွန်ဆာပေးရတဲ့အတွက်
သီက နင်ဘာလိုချင်လဲ၊ ငါအကုန်ပြန်ပေးမယ်"

"ကျွတ်"

သူ အေမီကို တကယ်စိတ်ပျက်သွားသည်။ အေမီ တကယ်
လွယ်ပါ။ သူနားအေးပြီးရော အေမီ့ကိုငွေနှစ်သိန်းယူပေးလိုက်သည်။
လည်း အေမီက ပေကပ်ကပ်ဖြင့် မပြန်သေးပါ။

ဖော်မင်းရောက်လာချိန်မှပဲ . .

"ဖော်မင်း မင်းရောက်လာတာနဲ့ အတော်ပဲကွာ၊ အေမီကို
လိုက်ပို့လိုက်စမ်းပါ"

"အာ . . ငါဒီနေ့စက်ရုံမှာ ပင်ပန်းလာလို့ကွ၊ မင်းက ဘာအလုပ်
ရှိတဲ့ကောင် မင်းလိုက်ပို့ပါလား။ ဒါမှမဟုတ်ရင် ဦးသံလုံးကို ပို့ခိုင်း
က်"

ဟုတ်သားပဲ။ ဦးသံလုံးရှိတာပဲ။ ဖိုးလုံးကလည်း ကားမောင်း
တတ်သည်။ ပြန်ရောက်နေပြီလားတော့မသိ။

"အေမီ နင်ပြန်လိုက်တော့ ကားနဲ့လိုက်ပို့ခိုင်းလိုက်မယ်"

"နင်နော် ငါ့ကိုဖွတ်ပဲပြန်စေချင်နေတယ်"

www.burmeseclassic.com



"ကဲပါ။ ။ ငါ့မှာ နင့်ကိုညည်ခံဖို့ မအားလွန်းလို့ပါ သွားပါတော့"

အေမို့လက်ကိုဆွဲကာ အပြင်ခေါ်လာခဲ့ရသည်။

"ဟင်"

ဖိုးလုံးနှင့် စကားပြောနေသော ကသစ်ဖြူက ဒါကိုမြင်သွား သည်။ အေမိနှင့် ထင်ရှားက အရမ်းကိုရင်းနှီးလွန်းသည်။

သူ့ကိုသဝန်မတိုတူးလားဟုတောင် ထင်ရှားတို့က မေးခွန်းထုတ် သေး၏။ သူမ ဖျတ်ခနဲပင် မျက်နှာလွှဲပစ်လိုက်သည်။

"ဖိုးလုံး နင်နဲ့ငါ ကြက်တောင်ရိုက်ရအောင်၊ ဒီနေ့အလုပ်မှ ပင်ပန်းပြီး ညောင်းကိုက်လာလို့ဟ၊ ချွေးထွက်အောင် ကိုယ်လက်လှုပ်ရှ မှဖြစ်မယ်"

"အဘားဘား"

ဖိုးလုံးက အမြန်ပြေးပြီး ကြက်တောင်ရိုက်ဖို့သွားယူသည်။ ငယ် ငယ်ကတည်းက သူတို့ပျင်းသည့်အခါတိုင်း ဒီမြက်ခင်းပြင်လေးမှာ ကြ တောင်ရိုက်နေကျပါ။

"အဘားဘား"

"အေး။ ။ နင်အရင်ပေးလေ၊ ကျတဲ့သူကောက်ကြေးနော်"

"အဘား"

ဖိုးလုံးက ကြက်တောင်ရိုက်နှင့် တခြားအားကစားနည်းတွေ ဆရာကြီးပါ။ ဆွံ့အနားမကြားကျောင်းမှာ ကျောင်းဆရာပြန်လုပ် အားကစားနည်းတွေကိုလည်း ဖိုးလုံးက သင်ပေးရသည့်သူပင်။

အရင်က ကျောင်းကလစာမပေးနိုင်သော်လည်း အခုအစိုးရ ထောက်ပံ့ပေးနေပြီမို့ ဖိုးလုံးလည်း ဝင်ငွေရှာနိုင်သည့်လူတစ်ယော ဖြစ်နေပြီဖြစ်သည်။

"အဘား"



"အေးပါဟဲ့၊ ငါ့ကြောင့်ကျတာ ငါကောက်မှာပေါ့"

ကြက်တောင်ကောက်ရင်းဖြင့် ထင်ရှားက သူမကို စူးစိမ့်နေ အောင် ကြည့်နေတာကို မြင်လိုက်ရသည်။ သူက သူမကိုအိမ်ဖော် မိစေလိုပဲ မြင်နေတာ။ သူ့ကိုဂရုမစိုက်ဘဲ ဒီလိုရယ်မောပျော်ရွှင်ပြီး စားနေတာကို သူအမြင်ကတ်ပြီး ကြည့်နေမှာပေါ့။

"ဖိုးလုံး ဒီတစ်ခါ နင့်ကြောင့်နော် နင်ကောက်"

"အဘား။ ။ ဘား"

ဖိုးလုံးလည်း ပျော်နေသည်။ ဘောင်းဘီတိုလေးနှင့်မို့ ဖိုးလုံး ယ်ခန္ဓာတောင့်တင်းကျစ်လျစ်၍ ကြည့်ကောင်းနေသည်။

"ဟိတ်ကောင်ဖိုးလုံး လာဦး"

"အဘား"

ဖိုးလုံးရိုက်တံလေးချပြီး ထင်ရှားခေါ်နေတာမို့ ပြေးသွားသည်။ င်ရှား ဘာညစ်ပတ်ဦးမည်မသိပေ။

"ကားသော့ သွားယူ၊ အေမီကိုပြန်လိုက်ပို့လိုက်"

"အဘား ဘား"

"မင်းပြောတာ ငါနားမလည်ဘူး၊ ငါခိုင်းတာပဲလုပ်"

"ဟဲ့။ ။ သူ့အဖေရှိတယ်၊ သူ့အဖေကိုလိုက်ပို့ခိုင်းလို့ ပြောတာ"

"အဘား"

ဖိုးလုံးက ဟုတ်မှန်ကြောင်း လက်မထောင်၍ထောက်ခံသည်။ င်ရှားက မျက်မှောင်ကြုတ်သွားလျက်

"ငါက အလုပ်ရှင်ပဲ၊ ငါခိုင်းချင်တဲ့သူခိုင်းမှာပေါ့"

"သူ အခုမှကျောင်းက ပြန်လာတာ"

"ကျောင်းက အခုမှရောက်ပြီး ကမြင်းတော့ ကမြင်းနိုင်တယ်၊ ပြီ မင်းကြားထဲက စကားရှည်မနေနဲ့ ဖိုးလုံး ငါပြောတာကြားလား"

www.burmeseclassic.com

www.burmeseclassic.com



"အဘား"

ဖိုးလုံး ခေါင်းညိတ်ပြီး အပြေးအလွှားကားသော့ယူကာ ကာ
စက်နှိုးသည်။ အေမိက ထင်ရှားလက်မောင်းကိုတွဲချိတ်ထားပြီး လက်
ကလေးနှစ်ချောင်း ပါးစပ်မှာကပ်လျက် ကစ်ပေး၏။

"သွားပြီနော် ထင်ရှား ဘိုင်"

ထင်ရှားက လက်ပြန်ပြသည်။ သူမ ခြေဆောင့်ကာ နောက်ဖေ
ဘက်ဝင်လာခဲ့၏။ ကိုယ့်အိမ်ဘက်ကိုယ်နေတာပဲ အကုသိုလ်ကင်းလိ
မည်။ ဒီလူနှင့်တော့ ရှေ့ဆက်မျက်နှာချင်းဆိုင်ဖို့ မလွယ်ပေ။ သူ့
ညစ်ပတ်တဲ့ စိတ်အခံပဲရှိတာမဟုတ်ပါလား။

ထင်ရှား‥ ရှင့်ကို ကျွန်မမုန်းမိတော့မယ်။

***

# အခန်း (၂၈)

"ကသစ်"

"ဩော်‥ ကိုဇော်မင်း"

ဇော်မင်းက ကားဂိုထောင်အပေါ်ထပ်က သူမတိုက်ခန်းလေး
ဆီ ရောက်လာတာမို့ အံ့အားသင့်သွားရသည်။ ဇော်မင်းလက်ထဲမှာက
ခက်ဆောင်ဘူးလေးနှင့်ပါ။

"ဟိုဘက်အပေါ်ထပ်ကနေကြည့်လိုက်တော့ ကသစ် ဝရန်တာ
မှာ ထိုင်နေတာတွေ့လို့ပါ။ ခွင့်မတောင်းဘဲ လာလိုက်တာ စိတ်မဆိုးပါနဲ့
နော်"

"ဩော်‥ ရပါတယ်၊ ညနေခံစရာတော့ ဘာမှမရှိဘူးနော်၊
ဟိုဘက်မှာ ထမင်းစားတယ်၊ မစားချင်လည်း ပန်းကန်နဲ့ခူးပြီး ဖိုးလုံး
တို့သားအဖနဲ့ သွားစားလိုက်တာမို့ပါ"

"ဟုတ်ကဲ့၊ ကျွန်တော်လည်း ထမင်းစားပြီးလို့ ဗိုက်မဆာပါ
ဘူး ကသစ် လက်ရာက အရမ်းကောင်းလို့ ထမင်းတွေအများကြီးစား
လိုက်လို့ဗျ"

"အဟင်း မြှောက်ပင့်နေပြန်ပြီ၊ ကဲ‥ ထိုင်ပါ ဆိုဖာခုံတော့
မရှိဘူး၊ ဆက်တီခုံလေးပဲ"

www.burmeseclassic.com



''ရပါတယ်ဗျာ၊ အဆင်ပြေပါတယ်၊ မီးမဖွင့်သေးဘူးနေ ဒါပေမဲ့ လင်းနေသလိုပဲ''

''ဒီနေ့ နေသာတယ်လေ၊ လလည်းသာမယ် လပြည့်နေ တော့၊ အဲလိုလသာတဲ့နေ့ဆို ကျွန်မက မီးမဖွင့်ဘဲ ညဥ့်နက်အောင် ဝရန်တာမှာထိုင်တယ်၊ အောက်က နှင်းဆီနဲ့ စံပယ်ပန်းရနံ့နဲ့ လသာ နဲ့ဆို အရမ်းကြည်နူးဖို့ကောင်းတာပဲ၊ အဲဒီနေ့ဆို ဘယ်လောက်အ ပင်ပန်းပန်း အရမ်းအိပ်ချင်လာမှပဲ နှမြောမြောနဲ့ ဝင်အိပ်တတ်တယ်''

''ကသစ်ကလည်း အနုပညာဆန်သားပဲ၊ ကျွန်တော်တို့က ယောက်ျားလေးမို့လို့လား မသိဘူး၊ အိပ်ချင်အိပ် စားချင်စား လိုက်တယ် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ကာရာအိုကေ သွားချင်သွားလိုက်တယ် ကလပ်သွားပြီး ကဲချင်လည်း ကဲလိုက်တာပဲ''

''ဘဝကိုအပျော်တွေနဲ့ပဲ ဖြတ်သန်းနေတော့၊ အလေးအန ခံစားမှုဆိုတာ ဘယ်ရှိပါတော့မလဲ၊ အချိန်တွေကို အဓိပ္ပာယ်မဲ့ဖြုန်း နေသလို ဖြစ်မနေဘူးလား''

ကသစ်ဖြူ မေးခွန်းအတွက် ဇော်မင်း ရှက်သလိုပြုံးသည်။ မှာ ဝင်ထိုင်ရင်းနှင့် လက်ဆောင်ဘူးလေးကို စားပွဲပေါ်တင်ထားက

''ကျွန်တော်လည်း ဒီရောက်မှ အဲဒီအကြောင်းကို တွေး တယ်၊ အဲဒါကြောင့်လည်း ဘယ်မှသိပ်မထွက်ဖြစ်တော့တာ၊ ထင်ရ ကခေါ်တယ်လေ၊ အပြင်ထွက်ပြီး ဆိုင်မှာသွားသောက်ရအောင်၊ ကာ အိုကေမှာ သွားကဲရအောင်တဲ့၊ ခုနကခေါ်တော့ အစကလိုက်မလို့ ရေချိုးပြီးမှ ကသစ် ဝရန်တာမှာ ထွက်ထိုင်နေတာတွေ့လို့ ကသစ် လာလိုက်တာ၊ ကသစ်ကို ဒါလေးပေးချင်လို့ပါ''

''ဘာလဲ''

''ကလစ်၊ ညှပ်ကလစ်လေးပါ၊ ကသစ်က ဆံပင်အရှည်ထ



တော့ စုစည်းတဲ့အခါမှာ ကလစ်အသုံးပြုတာတွေ့လို့လေ၊ အဲဒါ မနေ့က ကုန်တိုက်ဝင်ရင်းနဲ့ အမှတ်ရလို့ ဝယ်လာတာ၊ ကြည့်ပါဦး ကသစ်နဲ့ အဆင်ပြေရဲ့လား၊ ကြိုက်ရဲ့လားလို့''

ဇော်မင်းက ကသစ်ရှေ့ကို ဘူးလေးထိုးပေးသည်။ ကသစ်ဖြူ ကလက်မလှမ်းဖြစ်ဘဲ

''ကျွန်မကို အဲလိုလက်ဆောင်တွေ ဝယ်မပေးပါနဲ့ ကိုဇော်မင်း၊ ဒီအတိုင်းအပေါင်းအသင်းအနေနဲ့ပဲ ခင်ပေးပါ၊ လက်ဆောင်ပဏ္ဍာတွေ ပါလာရင် လူကမရိုးသားမှုတွေ ဖြစ်လာတတ်လို့ပါ''

''ဟို.. ကသစ်ရယ်၊ ကျွန်တော် ရိုးရိုးသားသားပါ၊ နောက်မပေး နဲ့ဆို မပေးတော့ပါဘူး၊ ဒီတစ်ခါတော့ ယူထားပါနော်၊ ဝယ်ပြီးသားလည်း ဖြစ်နေလို့ပါ''

''အင်းလေ.. အဲဒါဆိုရင်တော့ ယူထားလိုက်ပါ့မယ်၊ နောက် ဆိုရင်တော့ ဘာပေးပေး ကျွန်မ မယူဘူးနော်၊ အားမနာတတ်ဘူးလို့ ထင်လည်း ကျွန်မ ဂရုစိုက်မှာမဟုတ်ဘူး''

''ဟုတ်ပါပြီ ကသစ်ရယ်၊ နောက်မပေးတော့ပါဘူး၊ ဒီတစ်ခါ လက်ခံတာကိုလည်း ကျေးဇူးတင်ပါတယ်''

ကသစ်ဖြူ လက်ဆောင်ဘူးလေးကို ဖွင့်ကြည့်လိုက်သည်။ ခရစ် တယ်ကျောက်လေးတွေနှင့် လုပ်ထားသော ညှပ်ကလစ်လေးက သူမ အကြိုက်နှင့်ကွက်တိပင်။

မိန်းမကျမ်းကျေသူမို့ မိန်းကလေးအကြိုက်ကို ဇော်မင်းသိနေ တာဖြစ်မည်။ သူမကတော့ ရင်လည်းမခုန် စိတ်လည်းမလှုပ်ရှားပါ။

''ဟာ.. ထင်ရှားပါလား၊ ဒီကိုလာနေတာ ထင်တယ်''

''ဟင်''

ဇော်မင်းပြောတာကို ငုံ့ကြည့်လိုက်တော့ ထင်ရှားခေါင်းကို ငုံ့ခနဲ

www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည်။ သူ့ကားက ဂိုထောင်မှာမထားတာမို့ သူမရှိသော အပေါ် ထပ်ကိုတက်လာတာပဲ ဖြစ်မည်။

"ဟိတ်ကောင် ဇော်မင်း။ မင်းကဒီမှာဘာလုပ်နေတာလဲ၊ အပြင် ထွက်မယ်ပြောထားတာကို ရေချိုးပြီး ထွက်လာတာနဲ့ အခန်းထဲမှာမရှိ တော့ဘူး"

ထင်ရှားအသံက ကျယ်လောင်လှသည်။ သူမအခန်းကို ဖြတ် ပြီးမှ ဒီဝရန်တာဘက်ကိုရောက်တာပါ။ ထင်ရှားက တကယ်ကိုပိုင်စိုး ပိုင်နင်းနိုင်လှသည်။ ဇော်မင်းက စပ်ဖြဲဖြဲနှင့်

"ငါရေချိုးပြီး ဒီဘက်ကြည့်လိုက်တော့ ကသစ်ထိုင်နေတာ တွေ့လို့ကွ၊ လက်ဆောင်လေးပေးချင်တာနဲ့ လာခဲ့လိုက်တာ"

"ဘာလက်ဆောင်လဲ"

"ကသစ်ဆံပင်ကြီးက အရှည်ကြီးနဲ့အရမ်းလှတာကွ၊ အဲဒီ ကသစ်က ညှပ်ကလစ်တွေသုံးတာတွေ့လို့ ကုန်တိုက်ကနေ အမှတ်တရ ဝယ်လာခဲ့တာ၊ ကသစ်နဲ့ အရမ်းလိုက်တာပဲ၊ ကသစ်က ငါဝယ်တာ တော်လို့ ချီးကျူးနေတာ"

"ဟိတ်ကောင်လာ၊ မင်းလာတော့ အပြင်သွားမယ်၊ ဒီနေ့ ငါ အမူးသောက်ချင်နေလို့ မင်းလိုက်ခဲ့"

"ဟာ... ဟိတ်ကောင်၊ ငါမသောက်ချင်ဘူးကွ၊ မင်းဘာသာ သွား၊ ငါမလိုက်တော့ဘူး"

"မရဘူးလာ"

ထင်ရှားက ဖွတ်ဆွဲခေါ်သည်။ ဇော်မင်းကလည်း ဖွတ်အတင်း ရုန်းကန်၏။

"တကယ် ငါမသောက်တော့ပါဘူးဆိုကွာ၊ ကသစ်က အဲလို အပျော်တွေမက်တာ မကြိုက်ဘူးကွ၊ လေးနက်မှုမရှိရင် အချိန်တွေကို



အဓိပ္ပာယ်မရှိဖြုန်းတီးနေတာတဲ့၊ ငါအဲဒါကြောင့် ကသစ်မကြိုက်တာ ဘာမှမလုပ်တော့ဘူး"

"အောင်မာ... ခွေးပါးစပ်က နတ်စကားထွက်မနေနဲ့၊ လာ ဟိတ်ကောင်"

"ဟာ... ထင်ရှား... နေ... နေပါဦး"

ကုပ်ကနေ ဆွဲခေါ်နေတာမို့ ဇော်မင်း ယက်ကန်ယက်ကန်နှင့် ပါလာရသည်။ ထင်ရှားက အောက်အထိ ဒရွတ်တိုက်ဆွဲခေါ်လာပြီး ကားနားရောက်သည့်အခါမှာ ကားတံခါးကိုဆွဲဖွင့်၍ ကားပေါ်ကိုဆောင့် တွန်း၍ တင်သည်။

"ဟာ... ဒီကောင်ဘာတွေ ဒေါသကြီးနေတာလဲ၊ ငါဘာအပြစ် လုပ်လို့လဲ"

ထင်ရှားက ဇော်မင်းကို မျက်စောင်းလှည့်ထိုး၍ ကားကို မောင်း ထွက်လာကာ

"မင်း ဘာအပြစ်လုပ်လဲ၊ ကိုယ့်ကိုယ်ကိုယ်မသိဘူးလား၊ ငါ ရေချိုးပြီးရင် အပြင်သွားမယ်လို့ပြောထားတယ်လေ၊ အဲဒါကို ငါရေချိုး နေတာ မစောင့်ဘဲ ကသစ်ဖြူဆီကို ရောက်သွားတာလေ၊ လက်ဆောင် တွေ ပေးရသေးတယ်၊ အမှတ်တရဝယ်လာတာတဲ့၊ ဟား... တော်တော် လာတဲ့ကောင်ပဲ"

"မင်းတော်တော်ညံ့သေးတာပဲ၊ မိန်းမကြိုက်နည်းလမ်းနဲ့ တိုးကပ်နေတာကွ၊ အချော့အမြူလေးတွေနဲ့ သိမ်းသွင်းနေတာ၊ အဲဒါ ကြောင့် ကသစ်ဖြူနဲ့ ဆက်ဆံရေးက လမ်းကြောင်းကောင်းနေတာ၊ မင်း တွေ့ဘူးလား"

ထင်ရှား ဘာမှမပြော။ စားသောက်ဆိုင်အထိ ကားကိုမောင်း လာသည်။ ဆိုင်ထဲရောက်တော့ ဘီယာအရင်မှာပြီး သောက်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ စားတာသောက်တာ မင်းရှင်းရမှာ"

"ဘာဆိုင်လို့လဲ၊ ငါသောက်ချင်လို့လာတာမှ မဟုတ်တာ၊ အ[..] လည်း ငါမသောက်ဘူး။ ကသစ် မကြိုက်တာ ငါဘာမှမလုပ်တော့[..] လို့ ဆုံးဖြတ်ထားတယ်"

"ဘာ"

ကြီးကြီးကျယ်ကျယ်တွေပြောနေတာကြောင့် ဘီယာဖန်ခွ[..] ကို စားပွဲပေါ် အသံမြည်အောင်ပစ်ချပြီး ဇော်မင်းကို စေ့စေ့ကြည့်လို[..] သည်။

"မင်းက တကယ်ကို ကသစ်ဖြူကိုကြွေသွားပြီလား"

"အလိမ်အညာမဟုတ်ဘူးနော်၊ အမှန်အကန်၊ ငါသူ့ကို လက်ထ[..] ခွင့်ရတဲ့အထိ ကြိုးစားသွားမှာ"

"ဟာ. . မင်းကတော့"

"ဟဲ. . ဘာလဲကွ၊ မင်းပဲအစက ကြိုးစားဆို၊ လက်ထပ်လို့[..] အောင်လုပ်ဆို၊ မင်းပဲအားပေးခဲ့ပြီးတော့ အခုမင်းက ဘာတွေစိုးရိမ်[..] တာလဲ"

"ဟို. . အဲဒါက ကသစ်ဖြူက ငါ့ညီမလေး၊ မင်းကမဟုတ[..] တရုတ်ကောင်၊ ဘယ်မိန်းကလေးမှ အတည်တွဲချင်တာမဟုတ်ဘူး မဟုတ်[..] လား"

"ဩော်. . အတည်တကျလက်ထပ်ယူမှာပါဆို ယောက်ဖရေ[..] စိတ်ချစမ်းပါ၊ ဒါပေမဲ့ အခုလို ငါကျူနေတဲ့အချိန်မှာ ဟိုခေါ် ဒီခေါ်မနေ[..] ယှက်ဖို့တော့ မေတ္တာရပ်ခံချင်တယ်"

"ဘာကွ. . မင်းကများ ငါ့ညီမကိုလည်း ပိုးသေးတယ်၊ ငါ[..] လည်း ကလန်ကဆန်လုပ်သေးတယ်"

"ဘယ်ချိန်တုန်းကများ ဘာမှသွေးမတော်သားမစပ်တဲ့ ညီ[..]



ကို အစိုးရိမ်လွန် အချစ်ပိုသွားတာများလဲ ယောက်ဖရယ်၊ အစကတော့ အရမ်းအရမ်း အလွန်အလွန်သဘောတူနေသလိုနဲ့၊ ကဲ. . ဟိတ်ကောင် ပြောစမ်းပါဦး ငါ့ကို၊ မင်းဘာဖြစ်နေတာလဲ"

"ဘာ. . ဘာဖြစ်ရမှာလဲ ဘာမှမဖြစ်ဘူး"

"ဘာမှမဖြစ်ဘူး ပြောနေပေမယ့်၊ မင်းအရမ်းကူခြေပျက်နေတယ်၊ မင်းညီမကို ချစ်သူတစ်ယောက်လိုများ သဝန်တိုနေတာလား"

"ဟာ. . မင်း. . မင်း ဘာတွေပြောနေတာလဲ"

ဘီယာများများ မဝင်သေးသော ထင်ရှားမျက်နှာ ရှက်ရွံ့ထူပူသလို သွေးရောင်လွှမ်းသွားသည်။ အခုမှ ရှက်ရမ်းရမ်းလျက် ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် မော့သောက်နေ၏။

ဇော်မင်း လှောင်သလို သရော်သလို တစ်ချက်ပြုံးလိုက်ကာ

"မင်းက ရှက်ရမ်းရမ်းပြီး ငြင်းနေသလိုပဲ၊ မင်း ကသစ်ဖြူကို ကြိုက်နေပြီမဟုတ်လား ထင်ရှား"

"ဘာ. . ဘာလို့ကြိုက်ရမှာလဲ၊ ရုပ်ဆိုးမ နှပ်ချေးဖတ်နိုက်၊ သက်သန်းကိုက်ပြီး ဒီလောက်ညစ်ပတ်နေတဲ့သူ့ကို ငါကကြိုက်စရာလား"

"မင်းမျက်စိထဲမှာ ငယ်ငယ်ကရုပ်ပဲ မြင်နေသလား။ အခု ကသစ်ဖြူလှလာတယ်၊ ယဥ်ကျေးသိမ်မွေ့ချစ်စရာကောင်းလာတယ်ဆိုတာကို မင်းဝန်ခံလိုက်စမ်းပါ"

"ဘာ. . ယဥ်ကျေးသိမ်မွေ့တာလဲ၊ ငါ့ကိုရန်စွာလိုက်တာများ ကတ်ကတ်ကိုလန့်လို့"

"အေး. . မင်းကို အဲလိုကတ်ကတ်လန့်ပြီး ငါအပါအဝင် တခြားသူတွေအပေါ် ဆက်ဆံရေးအဆင်ပြေနေတာကို မင်းမနာလိုဖြစ်နေတာမဟုတ်လား"

"မနာလိုတာ၊ ငါက ဘာမနာလိုစရာအကြောင်းရှိလို့လဲ" သူ့

www.burmeseclassic.com



လိုမိန်းကလေးမျိုး စိတ်ဝင်စားစရာအကြောင်းကို မရှိဘူး။ ငါနိုင်ငံခြားကို ထွက်သွားရတာ၊ ဖေဖေနဲ့ခွဲရတာ၊ ဖေဖေ နောက်ဆုံးအချိန်မှာ မတွေ့လိုက်ရတာတွေအားလုံး သူ့ကြောင့်ချည်းပဲ၊ သူ့ကိုငါအရမ်းမုန်းတာ ကြည့်လို့ကိုမရဘူး''

''သေချာတယ်နော်''

''ဘာကိုလဲ''

''ကသစ်ဖြူကို အမြင်ကတ်တယ်၊ မုန်းတယ်ဆိုတာလေ''

''သေချာတယ်၊ သေချာတာပေါ့''

''အေး . . ဒါဆိုရင်တော့ ငါနဲ့ကိစ္စ မင်းမသိချင်ယောင် မမြင်ချင်ယောင်ဆောင်ပေးကွာ၊ ငါတို့နှစ်ယောက်ကြားမှာ မင်းက အနှောင့်အယှက်လိုဖြစ်နေတယ်''

''ဘာ''

''ကသစ်ဖြူလိုမိန်းကလေးကို ချဉ်းကပ်သိမ်းသွင်းရတာ အေးလို ပေါ့ပေါ့လွယ်လွယ်လေး ထင်နေလား၊ ဖွတ်ကြမ်းလို့လည်းမရဘူး သူ့အကြိုက် သူဖြစ်စေချင်တဲ့ပုံစံလေးနဲ့ သိမ်သိမ်မွေ့မွေ့လေးဝင်နေရတာ၊ သူလက်ခံလာတဲ့အထိ ငါ့ဘက်က သိမ်မွေ့ညင်သာပေးရမယ် အဲဒီတော့ မင်းအလိုက်သိပေးပါ ယောက်ဖရယ်နော်၊ မင်းညီမကို ရိုးမြေကျ သေတပန်သက်တစ်ဆုံးပေါင်းပါ့မယ်လို့ ကတိပေးပါတယ်''

ဇော်မင်းက တကယ်အတည်ပြောနေသလိုပင်။ ထင်ရှားနာခေါင်းရှုံ့မိလျက် ဇော်မင်း ရှေ့ကဘီယာဖန်ခွက်ကိုပါ ယူသောက်လိုက်သည်။

''ဘာလုပ်တာလဲဟ''

''မင်းပဲ မသောက်ဘူးဆို''

''ငါ ပြောမိလို့လား''



ထင်ရှား မခံချင်အောင် ဇော်မင်း စနောက်နေခြင်းဖြစ်သည်။ ထင်ရှားက လိုတာထက်ပိုပြီး ရှုံ့မဲ့ရှုံ့မဲ့ဖြစ်လျက်

''ငါလုပ်မိတော့မယ်နော် ဇော်မင်း၊ အခုပဲပြောပြီးတဲ့ စကားကို ရေမရာနဲ့၊ ကသစ်ဖြူမကြိုက်တာ မလုပ်တော့ဘူးဆို၊ မလုပ်နဲ့ပေါ့၊ ငါတောင်အဲ့ကုန်သက်သာသေးတယ်''

''အေးပါ . . ငါမနေနိုင်လို့ သောက်ဖြစ်တောင်နည်းနည်းပဲ သောက်တော့မယ်လို့ ဆုံးဖြတ်ထားတယ်၊ များများသောက်မိရင် ဟိုတစ်ခါလို အရက်နာကျတော့ ကသစ်ဖြူ ပျာပျာသလဲပြုစုပြီး ပင်ပန်းရမှာ နေလို့ကွ၊ ငါ့ကြောင့် သူပင်ပန်းမှာ မကြည့်ရက်ဘူး''

''တောက် . . သောက်ကြီးသောက်ကျယ်နဲ့ကွာ၊ ငါပဲသောက်ရယ်၊ မင်းမသောက်နဲ့''

ထင်ရှားဒေါသတွေဖြစ်လျက် ဘီယာတွေ တစ်ခွက်ပြီး တစ်ခွက် ဘာသောက်ပစ်လိုက်သည်။ များများမူးလျှင် ဇော်မင်းကိုပြုစုသလို ကသစ်ဖြူ ပြုစုမလား၊ မပြုစုဘူးလား စောင့်ကြည့်ရမည်။

တခြားယောကျ်ားတွေအပေါ် နူးညံ့မှုနှင့် အပြုံးတွေ ညင်သာသိမ်မွေ့သော ဆက်ဆံရေးတွေ ရက်ရောသလောက်၊ သူ့အပေါ်အထာကိုင်လွန်းသော ကသစ်ဖြူစိတ်ကို ဘယ်လိုနားလည်ရမလဲ။

ငါမင်းကို နားမလည်ချင်ပါဘူး ကသစ်ဖြူ။ မင်းငါ့ကိုနားလည်အောင်လို့လည်း ငါမကြိုးစားချင်ဘူး။

ငါတို့နှစ်ယောက်က ရေစက်ဆုံဖို့မှ ကံဇာတာမပါတာ၊ အဆင်ပြေဖို့ မလိုအပ်ဘူး မဟုတ်ဘူး။ ဒါပေမဲ့ ဒီရင်ထဲမှာ လိုအပ်မှုတစ်ခုခု ရှိနေတယ်ဆိုတာ . . ။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

ကိုယ့်ကိုယ်ကိုယ် အိမ်ကိုဘယ်လိုပြန်ရောက်လာမှန်းမသိ။

ဇော်မင်းက သူ့အဖေဖုန်းဆက်ခေါ်တာကြောင့် သူ့အိမ်ကို ပြန် သွားရသည်။

သူ့ကိုကားမောင်းနိုင်လားဟု မေးသေး၏။ မခံချင်စိတ်ကြောင့် မျက်စိမှိတ်တောင် မောင်းနိုင်တယ်ဟု သူပြောခဲ့သည်။ တကယ်လည်း သူမျက်စိမှိတ်မောင်းလာခဲ့မိသလိုပါ။

အိမ်ရှေ့ပေါ်တီကိုရှေ့ရောက်မှ ကားက ဒုန်းခနဲရပ်သွားသည်။ ကားသော့ကို ဖြုတ်မနေတော့ဘဲ ကားပေါ်က ဆင်းလိုက်သည်။ သံ ဘာဂျာတံခါးကိုလာဖွင့်သူက ကြီးကြီးဖြစ်နေသည်။

"သားအရက်တွေ အရမ်းမူးလာတာလား"

"မမူးပါဘူး ကြီးကြီးရဲ့၊ မမူးလို့ သားအိမ်ပြန်ရောက်လာတာ ပေါ့"

"အရက်သောက်ပြီး ကားမမောင်းပါနဲ့ သားရယ်၊ အန္တရာယ် များပါတယ်"

"သားက ကိုယ့်ကိုယ်ကိုယ် အန္တရာယ်မဖြစ်အောင် ဂရုစိုက် တတ်ပါတယ် ကြီးကြီးရဲ့၊ မစိုးရိမ်ပါနဲ့၊ ဒါနဲ့ ကသစ်ဖြူရော ကြီးကြီး"



"ညဆယ့်တစ်နာရီကျော်နေပြီ ဒီအချိန် သူ့တိုက်ခန်းလေးဘက် ...ပြီး အိပ်ပြီပေါ့ကွယ်"

"သူ့ကို အခုသွားခေါ်လိုက်ပါ ကြီးကြီး"

"ဘာလုပ်မလို့လဲကွယ် သားရဲ့၊ ဒီအချိန်ကြီးကို"

"သားမူးလာတယ်၊ ဇော်မင်းကို ပြုစုပေးသလို ပြုစုပေး၊ ဆေး ...ိုက်ပေးလို့ ပြောလိုက်ပါ"

"သြော်... ပျားရည်နဲ့ ရေကျက်အေး ကြီးကြီးဖျော်တတ်ပါ ...ယ်၊ မောင်ဇော်မင်းကို တိုက်တဲ့ဆေးလည်း ကြီးကြီးသိတယ်၊ ဆေး ...သေတ္တာထဲမှာ သူဝယ်ထည့်ထားတယ် သားရဲ့၊ ကြီးကြီး တိုက်မှာပေါ့"

ထင်ရှား ဆိုဖာခုံပေါ်ထိုင်ချပြီး ခေါင်းယမ်းသည်။

"သားကြီးကြီး တိုက်တာမသောက်ချင်ဘူး၊ သူ သားကိုတိုက် ...ယ်"

"သြော် သားရယ်၊ ကသစ်လေး အိပ်နေပါပြီဆိုမှကွယ်၊ သူ ...က်ရုံးတက်ရမယ်၊ မနက်အစောထကြီးပြီး သားနဲ့ကြီးကြီးစားဖို့ ချက် ...တ်လုပ်ကိုင်ပေးရသေးတယ်၊ မနှိုးရက်ပါဘူးကွယ်"

"ကြီးကြီးကပါ ဘာလို့ အဲလိုလုပ်နေတာလဲ"

"ဟင် ဘာလုပ်လို့လဲ သားရဲ့"

"ကသစ်ဖြူ မမိုက်ဘူး၊ အဲဒီနေ့က ဇော်မင်းကို ပျားရည်လည်း ...ိုက်တယ်၊ ဆေးလည်းတိုက်တယ်၊ ဆက်ဆံတာလည်း ပြုံးရွှင်ချိုသာ ...း ပြေပြစ်နေတာပဲ၊ ကျွန်တော်က အောင်မျိုးသူဆိုတဲ့ကောင်နဲ့လည်း ထမင်း ...ောင်နှစ်ယောက်တည်း အခန်းတစ်ခုတည်းမှာ စားတယ်၊ ရယ်လို့ ...ာလို့ စကားတွေဖောင်ဖွဲ့လို့၊ ရွှေအဖိုးလုံးနဲ့ဆို ပြောမနေနဲ့၊ ဟိုကောင် ...ကျောင်းအပြန်ကို လည်တဆန့်ဆန့်မျှော်နေတာ၊ ရောက်လာပြီဆို နှစ် ...ယောက်တစ်ကမ္ဘာ အောက်မေ့နေလားမသိဘူး"

www.burmeseclassic.com



"သား"

"သား အမှန်တွေပြောနေတာ ကြီးကြီး၊ ကြီးကြီးက ဘာမှမ
ဘဲ ကသစ်ဖြူကို ဖွတ်အထင်ကြီးနေတယ်၊ ဣန္ဒြေရှင်လေး သိက္ခာ
လေးနဲ့၊ အဲဒီကသစ်ဖြူကလေ ယောက်ျားတွေကို မူယာမာယာနဲ့ ဖြ
ယောင်းနေတာ ကြီးကြီးသိလား"

"သားရယ် မူးရင်လည်း အိပ်တာမဟုတ်ဘူးကွယ်၊ ကသ
လေးကို မို့ချိုး မျှစ်ချိုးလျှောက်ပြောနေတော့တာပဲ၊ အဲလိုတွေမပြော
သားရယ်နော်၊ ကသစ်လေးကြားရင် အားနာစရာကောင်းပါတယ်"

ထင်ရှား ဆိုဖာခုံပေါ်က ဒယီးဒယိုင်ထရပ်ပြီး

"ကြားကြားပေ့ါ ဘာအားနာစရာလိုလဲ၊ သားအမှန်တွေပြော
တာ၊ အရက်သောက်ပြီးမူးလို့ပြောတဲ့ စကားမဟုတ်ဘူး၊ မမူးလည်း
အချိန်မှာ ဒီစကားကိုပြောချင်နေတာ၊ ညနေက ကသစ်ဖြူတိုက်ခန်းဝေ
ဖော်မင်းတက်ပြီး လက်ဆောင်ပေးတာ ကြီးကြီး မသိဘူးမဟုတ်လာ
ကြီးကြီးတို့အထင်ကြီးထားသလို ဣန္ဒြေရှင် သိက္ခာရှင်ဆိုရင် ယောက်
လေးတစ်ယောက် ပိုးပန်းပြီးပေးတဲ့လက်ဆောင်ကို စကားတွေဖော်
အောင်ပြောပြီး လက်ခံယူစရာလား၊ သူသာ ဖော်မင်းကို မကြိုက်ဘူ
ဆိုရင် ယူစရာလား ကြီးကြီးရဲ့၊ သူတစ်ယောက်တည်းနေတဲ့နေရာ
ရော လက်ခံတွေ့စရာလား"

ထင်ရှား ဖွတ်တခွတ်ပြောနေတာကို ကြီးကြီး သက်ပြင်းတွေ
ခေါင်းယမ်းမိသည်။

"သား. . အဲဒီ ဖော်မင်းက သမီးလေးနဲ့ အရင်သိတာမဟုတ်
ဘူးနော်၊ သားသူငယ်ချင်း သားခေါ်လာတာ သားမိတ်ဆက်ပေးတာ
ပြီးတော့ သားကိုယ်တိုင်အိမ်မှာ လက်ခံထားတာ၊ အရွယ်ရောက်နေ
မိန်းကလေးတစ်ယောက်ရှိနေတဲ့အိမ်ကို ရွယ်တူတန်းတူယောက်ျားလေ



အပေါင်းအသင်းခေါ်မလာသင့်ဘူး၊ ခေါ်မထားသင့်ဘူးဆိုတာ သား နား
လည်ဘူးလား"

"ဒါက"

"သားသူငယ်ချင်းမို့ သားခေါ်ထားတာ ကြီးကြီးတို့ ဘာပြော
သို့ရလို့လဲ၊ ကသစ်လေးခမျာ တစ်ယောက်စာပိုအလုပ်လုပ်ရတယ်၊ မင်း
သူငယ်ချင်းဖြစ်နေတဲ့အတွက် ကောင်းကောင်းမွန်မွန်လက်ခံစကားပြော
ရတယ်၊ ပြုစုလုပ်ကိုင်ပေးရတယ်၊ တကယ်ဆို ကသစ်လေးက သနား
စရာကောင်းပါတယ်ကွယ်"

"ကြီးကြီးကိုပြောလိုက်ရင် ကသစ်ဖြူဘက်ကချည်းပဲ၊ ကြီးကြီး
နဲ့ ကသစ်ဖြူက ရွှေအိုးလုံးနဲ့ဆိုလည်း အမြဲပလူးပလဲ ပနံရနေတယ်၊
အနေပေမယ့် ယောက်ျားက ယောက်ျားပဲ၊ ဥပုသ်စောင့်တဲ့ကျားဆိုတာ
ရှိဘူး"

"ဖိုးလုံးလေးက ရိုးသားပါတယ်၊ အနေပေမယ့် လေးစားသင့်
တဲ့ အရာတွေအများကြီး သား၊ အနေတာက သူ့အတိတ်ဘဝအကျိုး
ပေါ့၊ ကသစ်ဖြူလေးအပေါ်လည်း တကယ့်မောင်နှမအရင်းစိတ်နဲ့
ရင်းရင်းနှီးနှီးနေကြတာပါ၊ ငယ်ငယ်ကတည်းက တခြားအပေါင်းအသင်း
အဖော်မှမရှိတာကွယ်၊ သူတို့ချင်း တစ်ယောက်နဲ့တစ်ယောက် နားလည်
ပြီး ချစ်ချစ်ခင်ခင်နေကြရတာပါ၊ ပြီးတော့ ဖိုးလုံးက လက်ထပ်ရမယ့်သူ
ရှိပြီးသား"

"ဗျာ. . . သူ့လိုရွှေအကို လက်ထပ်မယ့်သူရှိတယ်၊ အံ့သြစရာ

တကယ်ကို အံ့သြတကြီးပြောလိုက်တော့ ကြီးကြီးရယ်သည်။

"လူကောင်းမိန်းကလေးတွေလည်း ဖိုးလုံးလိုယောက်ျားမိသတဲ့
သူကို ကြိုက်တဲ့သူတွေရှိပါတယ်၊ သနားချစ်လေးပေ့ါ၊ ဒါပေမဲ့ ဖိုးလုံးက



www.burmeseclassic.com

www.burmeseclassic.com



အဲလိုမိန်းကလေးတွေကိုယူရင် တစ်နေ့ကျရင် အားနည်းချက်ကို အနိုင်
အနိုင်ယူခံရမှာစိုးလို့ သူ့လိုဘ၀တူ မိန်းကလေးကိုယူမှာ၊ မင်းဒယ်ဒီက
သူတို့အတွက် ဟိုတယ်မှာ ကုန်ချင်သလောက်ကုန်ပစေ၊ မင်္ဂလာဆော
ပေးဖို့ ရှေ့နေကြီးကိုမှာခဲ့ပြီးသား''

''ဗျာ''

''ဟုတ်တယ် သား။ လူတွေရဲ့ချစ်ခြင်းမေတ္တာနဲ့ သစ္စာတရားက
အရမ်းအထင်ကြီးလေးစားဖို့ ကောင်းပါတယ်၊ သားကလူတွေကို
ပျက်ပျက်မတွေးပါနဲ့ကွယ်''

''အဲဒီထဲမှာတော့ ကသစ်ဖြူ မပါလောက်ဘူး ကြီးကြီး၊ ကျွ
က အောင်မျိုးသူနဲ့''

''အဲဒီအကြောင်းကိုတော့ သားကိုသေချာရှင်းပြဖို့လိုမယ် ထ
တယ်၊ တကယ်တော့ အောင်မျိုးသူအဖေက ကသစ်ဖြူနဲ့ အောင်မျိုး
ကို သဘောတူပေးပါလို့ သားဒယ်ဒီကို ပြောသေးတယ်''

''ဟင်. . ဒယ်ဒီကို''

''မွေးစားသမီးဆိုတော့ လူကြီးမိဘအရာထားပြီး သူ့သာ
သဘောတူပေးဖို့ ပြောတာပေါ့ကွယ်၊ အဲဒါကြောင့် မင်းဒယ်ဒီက ကသ
ဖြူကို မင်းနဲ့လက်ထပ်ဖို့ ဖွတ်စီစဉ်ခဲ့တာပဲ၊ ကသစ်ဖြူကို တခြားသူ
ကို မပေးနိုင်လို့လေ၊ ကသစ်ဖြူကို လိုချင်တဲ့သူတွေက ဝိုင်းဝိုင်းလည်
တာ''

''အဲဒါကြောင့် သူကဘ၀င်မြင့်နေတာလား''

''ကသစ်ဖြူမှာ အဲလိုစိတ်မျိုးမရှိပါဘူး သား၊ သူ့အပေါ်ကော
ကောင်းဆက်ဆံတဲ့သူကို သူမရိုင်းပါဘူး၊ ကောင်းကောင်းဆက်ဆံတ
ပါတယ်၊ သားက သူ့အပေါ် တစ်ခါလောက်တောင် ကောင်းကော
ဆက်ဆံပေးဖူးလို့လား''





''သားကိုချည်း အပြစ်ပြောမနေနဲ့၊ သူကရော အချိုးပြေလို့
သားကိုဆို အမြဲရန်တွေ့ပြီး ကတ်ကတ်လန်နေတာပဲ၊ တခြား
တွေနဲ့ သားတစ်ခါမှ အဲလိုမဆက်ဆံခံရဖူးဘူး''

''သားဘက်က အဆင်ပြေပြေနေကြည့်ပါကွယ်၊ သူ့ဘက်က
ည်း အဆင်ပြေလာမှာ၊ ဈေးသည်နဲ့ ဈေးဝယ်အသံတူလို့ သားတို့
ကွတွေ ဖြစ်နေကြရတာပါ''

''ထားပါတော့၊ အောင်မျိုးသူနဲ့ကိစ္စက သူလက်မခံရင် နှစ်
က်တည်း ထမင်းအတူစားတာတွေ လက်ခံစရာအကြောင်းမရှိဘူး
သူကိုယ်တိုင်က အောင်မျိုးသူကို စိတ်ဝင်စားလို့ ဒီအခြေအနေ
ရောက်နေကြတာနေမှာပေါ့''

အပြစ်ရှာပြောနေသော ထင်ရှားကို ကြီးကြီးပြုံးပြီး ကြည့်နေရှာ
ည်။ ကလေးဆိုးတစ်ယောက်လိုဖြစ်နေလို့ပါ။

သူစိတ်ထင်ရာ သူပြောချင်ရာ ပြောနေတာမဟုတ်ပါလား။

''သား. . အဲဒီအောင်မျိုးသူက သူ့အဖေက သဘောတူရုံတင်
တ်ဘူး၊ သူကိုယ်တိုင်ကလည်း ကသစ်ဖြူလေးကို ချစ်ခွင့်ပန်ထား
ယ်၊ ကသစ်ဖြူက အခုထိလက်မခံသေးဘူး၊ ကိုယ့်သူဌေး ကိုယ့်
ဆက် လူကြီးဖြစ်တဲ့အတွက် အဆင်ပြေအောင်ဆက်ဆံနေရပေမယ့်
သစ်ဖြူက သူ့အန္တရာယ်မရှိအောင် ထိန်းသိမ်းနိုင်တဲ့ မိန်းကလေးပါ''

ကြီးကြီး ရှင်းပြနေပေမယ့် သူမကျေနပ်နိုင်သေးပါ။ သူနှင့်
ခြားသူတွေကို တန်းတူဆက်ဆံမပေးတာက ခံရခက်စေသည် မဟုတ်
။

ဘယ်သူ့ကိုဖြစ်ဖြစ် အပြုံးနှင့်ဖော်ရွေစွာ ဆက်ဆံတတ်သလောက်
ကိုမြင်လျှင် မျက်နှာလေးက ချက်ချင်းတည်တင်းအေးစက်သွားတတ်
ည်။



www.burmeseclassic.com

www.burmeseclassic.com



သူမခံမရပ်နိုင်အဖြစ်ဆုံးက အောင်မျိုးသူနှင့် ထမင်းအတူ... တာကို တွေ့ခဲ့မြင်ခဲ့ရတာနှင့် ဇော်မင်း လက်ဆောင်ပေးတာကို အ... ချိုချိုလေးဖြင့် လက်ခံယူတာကိုပင်။

သူ့ကိုတော့ ဘာကြောင့် အပြုံးလေးတောင် တွန့်တိုရတာ... မင်းငါ့ကို ဂရုစိုက်မှပဲ ငါကျေနပ်နိုင်မှာပါ။

အဲ့ဒီအတွက် ...။

***

## အခန်း (၃၀)

"သားလေး ညကတည်းက အသောက်များလာလို့ မနက်က... ည်း အိပ်ရာမထနိုင်ဘူး။ နေ့လယ်စာကျွေးတာလည်း မစားဘူး။ ဆရာ... ခေါ်ပေးမယ်ဆိုလည်း မဟုတ်ဘူး။ အရက်နာကျသလိုဖြစ်တာ ဆရာ... ခေါ်ရမှာ ရှက်စရာကြီးတဲ့။ သမီးသွားကြည့်ပေးပါဦးကွယ်"

ပြန်ရောက်ရောက်ချင်း ကြီးကြီးပြောလိုက်သည့်စကားက ရင်ကို... သွားစေသည်။ အိမ်အလုပ်တွေပင် မလုပ်ရသေးပါ။ ညစာအတွက်... င်ဆင်ဖို့လည်း မစီစဉ်ရသေးပါ။

"သူဘာပြောပြော ဆရာဝန်ပဲခေါ်ပေးလိုက်ပြီးရော ကြီးကြီး... ယ်၊ သမီး သူ့ဆီမသွားချင်ပါဘူး"

"သွားလိုက်ပါ သမီးရယ်၊ နေ့လယ်က ရှေ့နေကြီးလည်း လာ... သွားတယ်၊ သူ့ကိုဘာပြောသွားလဲ မသိဘူး။ မေးကြည့်ပါဦး"

"သူ့ကိစ္စပဲရှိမှာပေါ့၊ သမီးတို့ကိစ္စဆို သမီးတို့ကိုပြောမှာပဲလေ"

"ဘာဖြစ်ဖြစ်ပါ သမီးရယ်၊ သွားတော့ကြည့်လိုက်ပါဦး"

"ဟုတ်ကဲ့ပါ ကြီးကြီး"

ဒီလောက်ပြောနေတော့ ကြီးကြီးကိုအားနာရဦးမည်။ စလင်း

 ရွှေပြည်သိမ်းဒေဝ

www.burmeseclassic.com

www.burmeseclassic.com



ဘက်အိတ်ကိုတောင် ကိုယ့်အခန်းပြန်မထားနိုင်ဘဲ ထင်ရှား အခန်း…
တက်လာခဲ့ရသည်။ အခန်းတံခါးကို သဲ့သဲ့လေးခေါက်ပြီး လော့ခ်ချမထား…
တာမို့ တံခါးကိုတွန်းဖွင့်ကာ ဝင်လာခဲ့သည်။ ထင်ရှားက ဘေးစောင်း…
လျောင်းနေ၏။

"ထင်ရှား . . ရှင်ဘယ်လိုနေလဲ သက်သာလား"

"ဟင့်အင်း"

အိပ်ပျော်ဟန်မရှိသော သူ့အသံက တိုးဖျော့ဖျော့ ခပ်ယဲ့ယဲ့…
သူမ ရှေ့နည်းနည်းတိုးလိုက်ကာ . .

"ဆရာဝန်ခေါ်လိုက်မယ် ဆေးတစ်လုံးလောက်ထိုးလိုက်…
သက်သာမှာပါ"

"မထိုးချင်ဘူး"

"အရက်နာကျတာကို ဆရာဝန်သိမှာ ရှက်လို့လား၊ အဲဒီ…
လည်း အရက်နာကျတာ အရက်သောက်ပြီးပဲ ပြန်ဖြေရတယ်တဲ့၊ ဖိုး…
လာရင် အရက်ဝယ်ခိုင်းလိုက်မလား"

"မင်းငါ့ကိုရွဲ့နေတာလား"

သူမဘက်လှည့်စောင်းလိုက်သော ထင်ရှားအသံက အနည်…
ငယ်မာလာသည်။ ဒေါသကို ဆွပေးမှပဲ ရောဂါကပျောက်တော့မည်…
ထင်သည်။ ဒါကြောင့်မို့ . . .

"ရွဲ့တယ်ထင်လည်း မတတ်နိုင်ဘူး ရှင်ထင်ချင်သလိုထင်…
ထင်ရှား"

"မင်း ငါ့ကို ထင်ရှားလို့ပဲခေါ်နေတော့မှာလား"

"သခင်လေးလို့ အခေါ်ခံချင်ရင် သခင်လိုနေပေါ့၊ လေး…
လောက်စရာတစ်ကွက်မှလည်း မရှိဘူး"

"ပြောလိုက်ရင် ပီသလေးနဲ့ ဘေးပစ်သလိုပဲ၊ ငါမင်းထ…





…တစ်နှစ်ကြီးတယ်၊ ကိုကိုလို့ခေါ်"

"ဖေဖေခေါ်ခိုင်းတုန်းက ကျွန်မခေါ်ခဲ့တယ်လေ၊ ရှင်ကအခေါ်…
…ခံခဲ့တာ၊ အခုမှတော့ မခေါ်နိုင်တော့ဘူး"

"ငါ့ကို ကောင်းကောင်းမွန်မွန်ဆက်ဆံရမှာ အဲလောက်တောင်…
…က်နေလား၊ တခြားကောင်တွေနဲ့တော့ မင်းမျက်နှာကပြုံးရွှင်ပြီး ဖြစ်နေ…
…တာပဲ"

"ကျွန်မ သွားတော့မယ်"

"ဘာ . . ငါနေမကောင်းတာ လာမေးတာမဟုတ်ဘူးလား"

"ရှင်နေကောင်းသွားပြီမဟုတ်လား၊ ဒီလောက်လေသံမာမာနဲ့
…ပြောနိုင်နေမှတော့ ရှင်မသေနိုင်တော့ပါဘူး"

"ကျွတ် . . မင်း"

"ဟော . . ကိုယ့်ဘာသာ ငုတ်တုတ်တောင်ထိုင်နိုင်နေပြီဆို…
…တော့ တော်တော်လေးကို ကျန်းမာရေးကောင်းလာပါပြီ၊ ကျွန်မ ညစာ
…တစ်ခုခုလုပ်ပေးမယ်"

"နေဦး"

အပြင်ထွက်ဖို့ ခြေလှမ်းပြင်လိုက်တာကြောင့် သူကပျာကသီ
…ဝင် တားလိုက်ရ၏။ သူမခြေလှမ်းတုံ့သွားလျက်

"ဘာလဲ"

"ငါဘာစားမလဲ မမေးဘဲ၊ ဘာသွားလုပ်မှာလဲ"

"အရက်နာကျတဲ့သူအတွက် စွပ်ပြုတ်လုပ်ပေးရမယ်ဆိုတာ
ကျွန်မသိပါတယ်၊ ရှင်ဝမင်းစားချင်စိတ် မရှိဘူးမဟုတ်လား"

"ဟုတ်တယ်၊ မစားချင်ဘူး စွပ်ပြုတ်လည်း မသောက်ချင်ဘူး"

"ဒါဆို ဘာစားမှာလဲ"

"ဟိုတယ်မှာ တရုတ်စာသွားစားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုဇော်မင်းလာရင် ကားမောင်းပြီးလိုက်ပို့နိုင်းပေါ့"

"ဇော်မင်းက သူ့အဖေအလုပ်ကိစ္စနဲ့ခေါ်ထားလို့ ဒီနေ့လည်း လာမှာမဟုတ်ဘူး"

"ဦးသံလုံးကို သွားခေါ်ပေးရမလား"

"လူကြီးကို ကားမောင်းမခိုင်းချင်ပါဘူး။ ဘယ်အချိန်တုန်းက ဦးသံလုံးမောင်းတဲ့ကားကို ငါစီးလို့လဲ"

"ဒါဆို ဖိုးလုံးကိုလိုက်ပို့ခိုင်းရမှာလား"

"ကျွတ်‥ ရွှေအကို အနားမှာထိုင်ခိုင်းပြီး ငါတစ်ယောက်တည်း စကားတွေပြောနေရမှာလား။ သူပြောလည်း မင်းလိုမျိုး ငါနားမလည်ဘူး နေမကောင်းတာ ပိုဆိုးသွားမယ်၊ ပျင်းစရာကြီး"

"ကဲ‥ ရှင်ဘာဖြစ်ချင်တာလဲ"

"မင်းကားမောင်းပြီးလိုက်ပို့"

"ကျွတ်‥ အခုမှ ကုမ္ပဏီမှာအလုပ်လုပ်ပြီး ပြန်လာတဲ့သူကို ရှင်မို့လို့ မညှာမတာ အားမနာတတ်ပလေတယ်၊ ကျွန်မက ကြီးကြီးနဲ့ ဦးသံလုံးတို့စားဖို့ ညစာလုပ်ပေးရဦးမယ်၊ တခြားလုပ်စရာတွေကလည်း အများကြီး"

ကာသစ်ဖြူ့စကားကြောင့် မွေ့ယာကြီးကို ထင်ရှားဗုန်းခနဲ လက်သီးနှင့်ထိုးပြီး‥

"အဲဒါတွေက ငါ့ထက်အရေးကြီးသလား။ သူတို့စားဖို့ ငါတို့ ဝယ်လာလိုက်ရင် ပြီးတာပဲ၊ တခြားအလုပ်တွေကရော တစ်နေ့မလုပ်တာ နဲ့ ဘာဖြစ်သွားမှာမို့လဲ"

"ပြီးရော"

"ဘာပြီးရောလဲ"

"ကျွန်မ အဝတ်အစားလဲပြီး အောက်ကစောင့်နေမယ်၊ ရှင်



ည်း အဝတ်အစားလဲပြီး ဆင်းလာခဲ့"

အခုထိ ဆက်ဆံနေတာ မချေမငံပါ။ ပြောတာဆိုတာလည်း ည်ညင်သာတာမရှိ။ သူနိုင်ငံခြားကနေတောင်ရောက်ခါစကတောင် ဒီ ာက်မပြင်းထန်ဟု ထင်မိသည်။

မာကျောသင့်တာက ငါပါ။ မင်းကဘာကြောင့် မာကျောနေရ ာလဲ၊ မင်းတခြားသူတွေအပေါ်ဆက်ဆံသလို ပျော့ပျောင်းနူးညံ့လာ ာင် ငါဘယ်လိုလုပ်ရမှာလဲ ကာသစ်ဖြူ ‥‥။

***

www.burmeseclassic.com

## အခန်း (၃၁)

''ကသစ်ဖြူ၊ ။ ။ မင်းရော ဘာစားမှာလဲ မှာလေ''

''ကျွန်မ ဗိုက်မဆာသေးဘူး။ အိမ်မှာ ဒီအချိန်ညစာမှမ... တတ်တာ''

''ဘာဖြစ်ဖြစ်တစ်ခုခုမှာစားပေါ့၊ ငါစားတာကို ဒီအတိုင်းထိ... ကြည့်နေမှာလား''

''ဘယ်သူက ရှင့်ကိုထိုင်ကြည့်နေမှာလဲ၊ ဟိုမှာတွေ့လား တံ... အဲဒီကလာတာတွေ ကြည့်နေမှာပေါ့''

''ငါကရော တစ်ယောက်တည်းဘာလုပ်နေရမှာလဲ''

''ရှင်တရုတ်စာစားချင်လို့လာတာမဟုတ်လား၊ ရှင့်ဘာသ... စားနေပေါ့''

''ကျွတ်''

ထင်ရှား ဒေါသက စိတ်နောက်ကိုယ်ပါစမြဲ။ စားပွဲခုံကို ဒုန်း... ထုလိုက်တာ တခြားဝိုင်းကလူတွေတောင် လှည့်ကြည့်သည်။

''ရှင်ဘာဖြစ်တာလဲ''

''ငါ အောင်မျိုးသူမဟုတ်လို့လား''

''ဘာ''



''သူနဲ့နှစ်ယောက်တည်း ထမင်းအတူစားတုန်းက မင်းမျက်နှာ ...ရွှင်ပြီး ရယ်သံတွေထွက်လို့ပါ''

''အဲဒါဘာဖြစ်လဲ၊ သူက ကျွန်မအလုပ်ရှင်၊ မျက်နှာရှစ်ခေါက် ...နဲ့ ရန်တွေ့နေလို့ရမလား ရှင်က။ ။''

''ဘာဖြစ်လဲ ငါက''

''ရှင်က ကျွန်မကိုမုန်းနေတဲ့သူလေ၊ အမြဲတမ်းနာကြည်းမှုတွေ ...နဲ့ တိုက်ခိုက်ရန်ရှာနေတဲ့သူ၊ ရန်သူကို ကျွန်မကအပြုံးနဲ့ဆက်ဆံပြီး အရှုံး ...ပေးနေရမှာလား''

''အဲဒီကဗျာကိုထားလိုက်၊ ဖေဖေက မင်းနဲ့ငါ့ကို သဘောတူ ...ထားခဲ့တာ၊ အဲဒီပတ်သက်မှုတော့ရှိတယ်''

''အဲဒီကိစ္စ ရှင်ရော ကျွန်မရော လက်ခံရသေးလို့လား၊ ဖေဖေ့ ဆန္ဒရှိခဲ့တာမှန်တယ်၊ ရှင်လက်မခံချင်လို့ တခြားသူတွေကို ယုတ်မာတဲ့ ...တ်နဲ့ ကျွန်မကိုပတ်သက်ခိုင်းနေတယ်လေ''

''ဘာ''

''ကျွန်မ မသိဘူးလို့မထင်နဲ့ ထင်ရှား၊ ရှင်ရဲ့အဲဒီစိတ်ကြောင့် ကျွန်မ ရှင့်ကိုရှုံ့သွားတာ၊ အခုလိုဆက်ဆံနေတာတောင် ဖေဖေ့ကျေးဇူး ...နဲ့ ဖေဖေ့ကိုအားနာလို့ဆိုတာ ရှင်သိထားပါ''

သူများတွေပြောသလို ကသစ်ဖြူထက်မြက်ဉာဏ်ကောင်းသည် ဆိုတာအမှန်ပဲဟု ဝန်ခံပေးရတော့မလိုပင်။ သူ့ရဲ့စိတ်ကို ရှုံ့သည်ဆိုတာ တော့ ဝဋ်လိုက်သလို ခံရခက်စေသည်။

ငယ်ငယ်က သူမနှုပ်ချေးဖတ်နှိုက်၊ လက်သန်းကိုက်တုန်းက ...ရှုံ့ရှာသည်လို့ သူပြောခဲ့ဖူးသည် မဟုတ်လား။ ဟန်ကိုယ့်ဖို့တော့လိုမည် ...ထင်သည်။

''ငါက ယုတ်မာတဲ့စိတ်နဲ့ အဲလိုတွေလုပ်နေတာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



ကသစ်ဖြူ၊ မင်းရဲ့စိတ်ကိုစမ်းသပ်နေတာ''

''ဘာ''

''ငါက အခုမှနိုင်ငံခြားက ပြန်ရောက်တာလေ၊ ဒယ်ဒီက မင်း လက်ထပ်ခိုင်းခဲ့တယ်၊ မင်းဘယ်လို မိန်းကလေးလည်း ငါမသိဘူး။ ဒယ် ရှေ့မှာ ဘယ်လောက်ပဲလိမ္မာပြပြ၊ ကွယ်ရာမှာရည်းစားထားချင်ထားမယ် ရှုပ်မယ်၊ ယောကျ်ားလေးတွေနဲ့ အီစီကလီတွေလုပ်မယ်၊ ဘယ်သူသိမှ လဲ၊ အဲဒါကြောင့် ကိုယ်လက်ထပ်ရမယ့် မိန်းကလေးက ယောကျ်ားတွေ နဲ့ အညှာလွယ်တဲ့သူလား၊ ပေါ့ပျက်ပျက် တန်ဖိုးမရှိတဲ့ မိန်းကလေးလား ကိုယ်မသိသင့်ဘူးလား''

''အဲဒါကြောင့် ဖော်မင်းနဲ့လွှတ်ပေး၊ ကုမ္ပဏီလာချောင်းလုပ်နေ တာပေါ့၊ အထင်သေးလို့ အဲဒီလူတွေနဲ့စွပ်စွဲနေတာပေါ့၊ ရှင်အရမ်းကို အောက်တန်းကျတာပဲ ထင်ရှာ။ ရှင့်လိုလူမျိုးကို ကျွန်မလုံးဝလက်မထပ် ဘူး''

''ဟာ . . မင်းလွယ်လွယ်မပြောနဲ့လေ၊ လက်မထပ်ဘူးဆိုလည်း ဒီအတိုင်းနေလို့မရဘူး။ မင်းယောကျ်ားရမှ ငါကအမွေတွေရမှာ၊ နေ့လယ် က ရှေ့နေကြီးကလာမေးသွားတယ်၊ နောက်ထပ်ခြောက်လပဲ ကျန်တော့ တယ်၊ မင်းနဲ့ ကသစ်ဖြူ လက်ထပ်ဖြစ်မှာလား၊ ဘယ်လိုတွေလုပ်ကြမှာ လဲတဲ့''

''ရှင်အမွေတွေရဖို့အတွက် ကျွန်မက ယောကျ်ားယူပေးရမှာ လား၊ ကောင်းပြီလေ၊ ကျန်တဲ့ခြောက်လအတွင်းမှာ ကျွန်မယောကျ်ား ယူဖြစ်အောင်ယူမယ်၊ အဲဒါမှ ရှင်လည်း အေမီဆိုတဲ့မိန်းမနဲ့လက်ထပ်လို့ ရမှာ မဟုတ်လား၊ ရှင့်အတွက် အရှုပ်ထုပ်မဖြစ်စေရဘူး စိတ်ချ''

''မင်း . . မင်းက ဘယ်သူ့ကိုယူမှာလဲ''

''အဲဒါ ရှင်နဲ့မဆိုင်ဘူးလေ၊ ကျွန်မကိစ္စတွေကို မဝေဖန်ပါနဲ့



ပတ်ခတ်ပါနဲ့၊ ပြီးတော့ အမိန့်တွေ အာဏာတွေနဲ့ မချုပ်ကိုင်ပါနဲ့၊ ထွမ်းမိုးပါနဲ့၊ ဒီအချိန်ကစပြီး ယောကျ်ားရဖို့ ကျွန်မကြိုးပမ်းတော့မှာ''

''ဟား''

ကသစ်ဖြူ သူ့ကိုအရွဲ့တိုက်ပြီဆိုတာ သူသိလိုက်သည်။ သူ့ ဘက်က ဘာစကားတွေပြောတာမှားသွားလို့လဲ။ အမှန်တရားကိုပြော လိုက်တာပါပဲ။ မိန်းမတစ်ယောက်ကို ပြီးပြီးရော လက်ထပ်လို့ရမလား။ ကိုယ်ချစ်နေတဲ့ မိန်းကလေးလည်းမဟုတ်။

ကိုယ်အရမ်းကိုမုန်းနေ နာကြည်းနေရသည့် ကသစ်ဖြူ။

ဒါပေမဲ့ သူမ မျက်နှာထားတင်းတင်းနှင့် ငြိမ်သက်တိတ်ဆိတ် နေခြင်းကို သူမနေတတ် မထိုင်တတ်ရှိုးတိုးရွှတဖြစ်နေမိသည်။

''ကသစ်ဖြူ''

''ဘာလဲ . . မြန်မြန်စား သွားမယ်''

''နေဦးလေ၊ အိမ်ကလူတွေအတွက် အော်ဒါမှာထားတာရမှ ရသေးတာ၊ မင်းရောတစ်ခုခုစားပါလား။ ဗိုက်ဆာနေမှာပေါ့''

''မစားဘူးလို့ပြောပြီးပြီ၊ ထပ်ပြောမနေနဲ့၊ ရှင့်ဗိုက်ထဲပဲ မြန်မြန် သွတ်''

သူ့အပေါ်တော့ သူမတကယ်ကိုမညင်သာပါ။ သူလည်း ဒါကိုပဲ မခံချင်ဖြစ်တာ။ တခြားသူတွေအပေါ်တော့ သူမဘာကြောင့် ချိုးမွမ်းခံရ လောက်အောင်ကို ကောင်းနေတာလဲ။

သူ့ရင်ထဲမှာ ခံစားနေရသောဝေဒနာက မနာလိုခြင်း၊ သဝန်တို ခြင်း။ မရွှေရစိတ်များသာ။

ငါလည်း မင်းချစ်တာကိုခံချင်ပါတယ် ကသစ်ဖြူ . . ။

***

www.burmeseclassic.com

# အခန်း (၃၂)

ခန်းမကြီးတစ်ခုလုံး လူတွေအုံးအုံးကြွက်ကြွက်ဖြစ်နေသည်။ ပြိုင်ပွဲဝင်မည့် မော်ဒယ်တွေကို အင်တာဗျူးသူက ဗျူး၊ လာရောက်သည့် ဧည့်သည်တွေကို ဘယ်သူရနိုင်သလဲလို့ မေးသူကမေး၊ စပွန်ဆာပေး သည့် ကုန်ပစ္စည်းတွေ ကြော်ငြာရောင်းချသူက ရောင်းဖြင့် ထင်ရှား မျက်စိနောက် နားတွေအူလာသည်။

တကယ်ကို ဒီလိုပွဲမျိုးမလာချင်ပါ။ အေမီက သူမရဲ့ချို့တဲ့မှုကို မျက်ရည်ကျမတတ်ပြောပြီး အကူအညီတောင်းလို့သာ လိုက်ပို့ရခြင်းဖြစ်သည်။ သူတို့ကားပေါ်ကဆင်းသည်နှင့် ဂျာနယ်လစ်တွေက ပုရွက်ဆိတ်တုတ်နှင့်ထိုးလိုက်သလို၊ ကင်မရာမီးတဖျပ်ဖျပ်နှင့် သူတို့အနားဝိုင်းအုံလာသည်။

အေမီက သူ့လက်မောင်းကို ချက်ချင်းတွဲချိတ်လိုက်တာ၊ ရှန်းလို့ ဆွဲလို့ ဖြုတ်လို့ပင်မရ။

"ငြိမ်ငြိမ်နေ ထင်ရှား၊ သူတို့တစ်မျိုးမြင်ကုန်လိမ့်မယ်၊ အင်တာဗျူးရင်လည်း အလိုက်အထိုက်ဖြေနော်၊ မဖြေတတ်ရင် ဟုတ်ကဲ့ပဲလုပ်လိုက်၊ ပြုံးပြုံးလေးလည်းနေဦး၊ နင့်ရုပ်က တီဗီထဲရော ဂျာနယ်တွေထဲရော ပါလာမှာ"



"ကျွတ်..စိတ်ရှုပ်လိုက်တာဟာ၊ အဲလိုမှန်းသိရင် ငါလိုက်လာပါဘူး"

"နင်ကလည်း ရောက်လာမှတော့ ညည်းညူမနေပါနဲ့တော့၊ အလိုက်အထိုက်လေးနေပေးပါ၊ ဟိုမှာဓာတ်ပုံရိုက်နေပြီ ပြုံးလိုက်ပြုံးလိုက်"

သူတကယ်စိတ်ညစ်ပြီး ထွက်ပြေးချင်လာသည်။ ဂျာနယ်လစ်တွေက ဘာတွေမေးပြီး ဘာတွေပြောကြမှန်းလည်း မသိပါ။

နားတွေအူပြီး ဆူနေတာမို့ သူလည်းဘာတွေပြန်ဖြေမိလည်း မသိပေ။ အေမီကတော့ ပြုံးဖြဲနေသောမျက်နှာနှင့် မေးသမျှဖြေနေတာ အချိန်းကိုဝေနေသည်။ သူ့ပခုံးကိုမှီနွဲ့ သူ့လက်မောင်းကိုတွဲချိတ်၍ ဓာတ်ပုံများ အရိုက်ခံသည်။ ဒီလိုနှင့် သူထိုင်ရမည့်နေရာမှာ သူ့ကိုထားရစ်ခဲ့ပြီး ပြောင်လျှောက်ရမည့်နောက်ခန်းထဲကို ဝင်သွားသည်။

သူလည်း အခွင့်အရေးရသည်နှင့် ထိုနေရာကအမြန်ဆုံး ပြန်ထွက်လာခဲ့တော့၏။ သူဘယ်ကိုသွားရမလဲ၊ ဘယ်သူနဲ့တွေ့ရမလဲ၊ ကားဦးတည်ရာကမရေရာသေး၊ အချိန်တွေက သူ့အတွက် အလဟဿဖြစ်နေခဲ့သည်။

"ဟင်..ဟိုမှာ"

ဟိုတယ်တစ်ခုရှေ့ကအဖြတ်မှာ ဟိုတယ်ထဲက အောင်မျိုးသူနှင့် ကသစ်ဖြူ ရယ်ကာမောကာထွက်လာတာကို တွေ့လိုက်ရသည်။

သူကားကိုကွေ့လို့ရသည့်နေရာက ဂယ်ကွေ့ပြန်ကွေ့ပြီး၊ သူတို့ကားပေါ်တက်ဖို့ အချိန်မီရုံလေးရောက်အောင် ထိုနေရာကိုမောင်းလာသည်။ သူကားပေါ်က အလျင်အမြန်ပင် ဆင်းလိုက်၏။

"ကသစ်ဖြူ"

"ဟင်..ထင်ရှား"

သူ့ကိုမြင်လိုက်တာကို အံ့အားသင့်သယောင်ရှိသွားပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



သူမချက်ချင်းပင် မျက်နှာလွှဲသွားသည်။

"မင်းတို့ ဒီလာပြီးဘာလုပ်ကြတာလဲ"

"ကျွန်မကိစ္စတွေမှာ ဝင်မပါနဲ့၊ မပတ်သက်နဲ့လို့ ရှင့်ကိုပြော[illegible] သားနော်၊ ရှင်နဲ့မဆိုင်လို့ ကိုယ့်လမ်းကိုယ်သွားပါ"

"ငါအမြင်မတော်လို့ ပြောနေတာ ကသစ်ဖြူ၊ ဟိုတယ်ထဲ[illegible] ထွက်လာတာမြင်လို့ကောင်းတဲ့ မြင်ကွင်းမဟုတ်ဘူး"

"ကိုထင်ရှား . . ကသစ် သိက္ခာထိခိုက်မယ့်စကားမျိုးမပြော[illegible] နဲ့ဗျာ၊ ကျွန်တော်တို့က ဒီဟိုတယ်မှာ နိုင်ငံခြားပညာရှင်တွေနဲ့ တွေ့[illegible] ဆွေးနွေးပွဲလာတက်တာပါ၊ တခြားလုပ်ငန်းရှင်တွေလည်း လာကြ[illegible] တယ်၊ အခုမှဆွေးနွေးပွဲပြီးလို့ တခြားသူတွေတောင် ဆင်းလာနေ[illegible] ခင်ဗျား ကြည့်လိုက်ပါ"

သူမမြင်လို့မှမဟုတ်တာ။ ဟိုတယ်မှာက လူအများဝင်ထွ[illegible] သွားလာနေတာ၊ ဘယ်လိုခေါင်းစဉ်နဲ့ လက်ညှိုးထိုးပြပြရနေတာပဲ။ သူ[illegible] နှာခေါင်းရှုံ့မိလျက် . .

"အဲဒီလူတွေက ခင်ဗျားတို့တက်တဲ့ဆွေးနွေးပွဲကိုလာတက်တယ[illegible] ဆိုတာ ဘယ်လိုသက်သေနဲ့ယုံရမှာလဲ"

"ခင်ဗျား ဘယ်လိုပုံစံနဲ့စွပ်စွဲချင်ရတာလဲ၊ ကျွန်တော်တို့လုပ်င[illegible] ကိစ္စနဲ့လာကြတာပါ"

"လူမှုရေးကိစ္စနဲ့ဆိုလည်း ရှင်ဝေဖန်ပုတ်ခတ်ခွင့်မရှိဘူး ထင်ရှား[illegible] ဒါ ကျွန်မကိုယ်ရေးကိုယ်တာပါ"

"မင်းက ငါလက်ထပ်ရမယ့်မိန်းကလေးလေ၊ တခြားသူစိမ်[illegible] ယောကျ်ားလေးနဲ့ သွားချင်တိုင်းသွား၊ လာချင်တိုင်းလာနေတာကို ငါ[illegible] မျက်စိမှိတ်ကြည့်နေရမှာလား"

"ရှင်"



ထင်ရှားပြောလိုက်သောစကားအတွက် အောင်မျိုးသူက အံ့ဩ[illegible]သလို သူမကိုလှည့်ကြည့်လာသည်။ အထင်လွဲခံရမှာကြောက်စရာ [illegible]ကြောင်းမရှိပေမယ့် တခြားသူရှေ့မှာ ပိုင်စိုးပိုင်နင်း ဒီလိုစကားမျိုး [illegible]ပြောသင့်ဟု ထင်မိသည်။

ဟန့်တားချိန်မရလိုက်တာမို့ သူမဘာပြောရမှန်းမသိအောင်ပင် [illegible]သွားရ၏။ ထင်ရှားကို ရင်ဆိုင်ဖြေရှင်းမနေချင်တော့ဘဲ အောင်မျိုးသူ [illegible]က်ကိုဆွဲကာ ကားပေါ်တက်လိုက်သည်။

"မောင်း ကိုအောင် . . သူ့ကိုဂရုစိုက်မနေနဲ့"

ကားလေးက ရှောခနဲလိုမ့်ထွက်လာသည်။ ကားလေးကအရှိန် [illegible]ပြေးလွှားနေပေမယ့် တစ်ယောက်မှစကားမပြောမိကြသေးပါ။

တက်ခေါက်ကာ ရှေ့မှာရှိသမျှ ကန်ကျောက်ပြီး ဒေါသဖြစ်ကျန် [illegible]သော ထင်ရှားကို ကားဘက်ဒ်မှန်ကကြည့်ပြီး သူမ နှုတ်ခမ်းလေးမဲ့ [illegible]ာ ပြုံးလိုက်မိသည်။ ဒီလူဘယ်တော့မှ ရင့်ကျက်မှာမဟုတ်ပေ။

"ကသစ်"

"ဟင် . . ရှင်"

အတွေးလွန်နေတာကြောင့် အောင်မျိုးသူ လမ်းဘေးချပြီးကား [illegible]ထိုးလိုက်တာကို မသိပေ။ အောင်မျိုးသူက ကားစတီယာရင်ပေါ်လက်တင် [illegible]ားလျက် သူမဘက်ငဲ့စောင်းကြည့်ကာ

"ထင်ရှားပြောလိုက်တဲ့စကားရဲ့အဓိပ္ပာယ်က ဘာလဲ၊ ကိုယ် [illegible]သိပ်နားမရှင်းသလိုဘဲ၊ ဘာလဲ ကသစ်က သူနဲ့လက်ထပ်ရမယ့် မိန်း [illegible]ကလေးလား"

"ဖေဖေ . . ဟို . . ဦးသုဝေက မသေခင်ဆန္ဒရှိခဲ့တာပါ၊ ထင်ရှား [illegible]နဲ့ ကျွန်မလက်ထပ်ဖို့ကို"

"ဪ . . ဒါကြောင့်လား"

www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဖေဖေက ကသစ်နဲ့ ကျွန်တော့်ကိုသဘောတူပေးပါလို့ပြော ... တော့ ဦးသုဝေဒါကြောင့် အင်းမလုပ် အဲမလုပ်တုံ့ဆိုဘာဝေလုပ်နေ ... တာပဲ၊ အစကတည်းက ကသစ်ကို သူ့သားနဲ့ဆန္ဒရှိနေခဲ့လို့ဖြစ်မယ် ... ပြောတာ၊ မဟုတ်ရင် ကျွန်တော့်လိုလူမျိုးနဲ့ မွေးစားသမီးသဘောမ ... ဘဲနေပါ့မလား၊ ဦးသုဝေတော်တော် အကြံအစည်ကြီးခဲ့တာပဲ"

"ဖေဖေ့ကို အပြစ်တင်တာမျိုးတော့မပြောပါနဲ့ ကိုအောင်၊ ... သားအတွက်နောက်ဆံတင်းပြီး စီစဉ်တာပါ၊ ထင်ရှားကဆိုးတယ် ... ဆယ့်ငါးနှစ်လောက်တောင် သူ့အဖေ့ကိုစိတ်ဆိုးပြီးခေါ်တာမဟုတ်ဘူ ... သူ့အဖေသေတဲ့အထိဆိုပါတော့၊ အဆက်အသွယ်လုံးဝမလုပ်လို့ သေတာ ... ကိုတောင် မသိတာလေ၊ မရှင့်ကျက်တဲ့စိတ်လို့ပြောရမှာပဲ၊ အဲဒါကြောင့် ဦးသုဝေက သူ့သားအတွက်အရမ်းစိုးရိမ်ခဲ့တာ"

"မင်း အဲလိုလူမျိုးကိုလက်ထပ်ရဲသလား ကသစ်ဖြူ"

"ဟို့ . . အဲဒါက"

အောင်မျိုးသူ မေးခွန်းအတွက် သူမမှာဖြေစရာအဆင်သင့် ... မနေ၊ ထင်ရှားလိုလူမျိုးကို လက်မထပ်ရဲပါဘူးလို့ပြေလိုက်လျှင် အောင်မျိုး ... သူ ဒီထက်ပိုပြီး ရှေ့ဆက်တိုးတော့မှာမဟုတ်လား။ လက်ထပ်မှာဆိုရင် ... ရော၊ တင်းမာသည့်သူမတို့နှစ်ယောက်ဆက်ဆံရေးကိုသိနေသော အောင် ... မျိုးသူက ယုံကြည်ပါ့မလား။

အောင်မျိုးသူက မပြုံးချင်ဘဲ တစ်ချက်ပြုံးလိုက်ကာ

"ကိုယ်လည်းယုံကြည်တယ်၊ ထင်ရှားကိုလက်ထပ်ရင် ကသ ... ကံဆိုးမယ်ဆိုတာ၊ ဒီကောင်က ငယ်ငယ်ကတည်းက အကြောမာတယ် ... ဖေဖေပြောဖူးတယ်၊ ဖေဖေက ဦးသုဝေပြောပြလို့သိရတာလေ၊ တော် ... တန်ရုံဆို ကိုယ့်သားသမီးအကြောင်း ဘယ်သူကပြောမှာလဲ"



"အရင်က ထင်ရှားက အဲလောက်ထိဆိုးတဲ့လူမဟုတ်ဘူး ထင် ... တယ်၊ ကျွန်မကို ဦးသုဝေမွေးစားလိုက်တဲ့အချိန်ကစပြီး သူ့အဖေအချစ် ... ခွဲဝေယူရပြီဆိုပြီး စိတ်ရိုင်းတွေဝင်သွားခဲ့တာ"

"အခုထိ အမုန်းတွေနဲ့ တိုက်ခိုက်နေတုန်းပဲထင်တယ်ဟုတ်လား။ ... ကြည့်ရတာ မင်းကိုတန်ဖိုးမဲ့အထင်သေးပြီး ဆက်ဆံနေတယ်"

"ဟုတ် . . အဲလိုလည်း"

"မင်းကာကွယ်ပေးဖို့စိတ်ကူးနေလား၊ ဟိုတစ်ခါရော အခုရော ... ကိုယ်ကျင့်သိက္ခာတွေကို စော်ကားနေတာ၊ မင်းအဲလိုကောင်နဲ့ ... ဘယ်လက်ထပ်ရဲလို့လား ကသစ် . . ဟင်"

"ကျွန်မ မစဉ်းစားရသေးပါဘူး"

"ဒါဆို ကိုယ့်ကိုလက်ထပ်ဖို့ စဉ်းစားပေးပါလား"

အောင်မျိုးသူက သူမ တွေးထင်ထားသလို ထိုအခွင့်အရေးကို ... ဆင့်ဖမ်းကာပြောသည်။ သူမှ ကပျာကယာပင် ခေါင်းခါမိလိုက်ရင်း . .

"ဟင့်အင်း . . ကျွန်မ ဘယ်သူ့ကိုမှလက်ထပ်ဖို့ မစဉ်းစားသေး ... ဘူး"

"ဦးသုဝေက ဘာတွေမှာခဲ့လို့လဲ"

"ရှင်"

"သူ့သားကလွဲပြီး ဘယ်သူနဲ့မှလက်မထပ်ရဘူးလို့ မှာခဲ့လို့ ... လား၊ မင်းကိုမွေးစားထားတာလေ၊ ကျေးဇူးတွေရှိလို့ ကျေးဇူးပြန်ဆပ် ... တဲ့ဆန္ဒတွေနဲ့ မင်းမှန်းကျပ်နေတာမဟုတ်လား။ ဘဝတစ်ခုလုံးမှား ... အရေးကို မင်းဘာကြောင့်ကျေးဇူးတရားနဲ့ ပြန်ဆပ်မှာလဲ"

"ကျွန်မဘာမှမစဉ်းစားရသေးပါဘူး၊ သူ့ကိုလက်ထပ်ဖို့ လက် ... ထပ်ဖို့ သူနဲ့ကျွန်မ ပဋိပက္ခတွေနဲ့အမြဲရန်ဖြစ်နေရလို့လေ"

"ကိုယ်မျှော်လင့်လို့ရနေပါသေးတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ရှင့်ကိုအရင်ကတည်းက မျှော်လင့်ချက်ပေးမထား ဘူး။ ရှင့်ဘာသာမျှော်လင့်တာကိုလည်း ကျွန်မ မတားပါဘူး။ ဒါပေ မျှော်လင့်လို့မရတော့တဲ့အခါ မိတ်ဆွေအဆင့်ကတော့ ပျက်မသွား ဘူး။ ကိုအောင့်ကို ကျွန်မခင်ပါတယ်"

အောင်မျိုးသူမျက်နှာက အေးခဲလျက်အပြုံးမဲ့သွားသည်။ က ဖြူမျက်နှာကို ဆွေးမြေ့စွာကြည့်လျက်

"ကိုယ့်ကို အဲဒီလောက်နဲ့ ကျေနပ်နှစ်သိမ့်နိုင်းနေတာ ကသစ်ရယ်"

"ကိုအောင် မျှော်လင့်ချက်တွေနဲ့ ရှေ့ဆက်တိုးနေလည်း ကျွ နှလုံးသားက လက်ခံဖို့အဆင်သင့်ဖြစ်လာမယ်မထင်ဘူး။ ဒါဟာ ထင် ယ်" ကြောင့်မဟုတ်ဘူးဆိုတာတော့ ကျွန်မပြောရဲပါတယ်၊ သူနဲ့က ဘယ် မှအဆင်ပြေလာမှာ မဟုတ်ဘူး"

"ဒါဆိုရင်တော့ ကိုယ့်ကိုဆက်ပြီးမျှော်လင့်ခွင့်ပေးပါ ကသ ကသစ်တစ်ယောက်ယောက်နဲ့ လက်မထပ်မချင်း ကိုယ်ကတော့မျှော် နေမှာပဲ"

"ဟင်း"

ကသစ်ဖြူ သက်ပြင်းတွေချလိုက်မိသည်။ အောင်မျိုးသူ့ကြ လွန်းလို့ပါ။ သူမဘက်က လိုက်လျောမှုတွေမပေးဘဲ အခုထိမျှော်လင့် သေးတာကြောင့် အားပင်နာလာမိသည်။

ဖေဖေမှာထားခဲ့သောကိစ္စတွေသာမရှိလျှင် လက်ထပ်ဖို့သင့်တော် သော အောင်မျိုးသူကို နှလုံးသားမပါတောင် လက်ခံမိမလားမသိ

မိန်းကလေးဆိုတာ ကိုယ့်ကိုတန်ဖိုးထားမည့်သူကို မျှော် ကြတာပဲမဟုတ်လား။ ထင်ရှားလိုလူမျိုးကိုတော့. . .။

***

## အခန်း (၃၃)

"ဟဲ့. . ဒါဘာကြီးတုန်း၊ ဒါကဘာတွေလဲ လာကြည့်ပါဦး သမီး"

ဂျာနယ်တစ်စောင်ကိုင်ပြီး ကြီးကြီးအထိတ်တလန့်ဆွေ့ဆွေ့ ခုန်ကာအော်နေသည်။

"ဘာဖြစ်လို့လဲ ကြီးကြီးရဲ့၊ ဘာပါလာတာတွေ့လို့လဲ"

"ကြည့်ပါဦး သမီးရယ်၊ သားထင်ရှား ဘာတွေလုပ်နေမှန်း သိတော့ပါဘူး"

"ဟင်"

ကသစ်ဖြူ မျက်လုံးပြူးသွားသည်။ ထင်ရှားနှင့် အမေ့ပုံတွေ။ ပ်အမျိုးမျိုးနှင့် တကယ်ကိုချစ်မြတ်နိုးကြသည့် ချစ်သူရည်းစားတွေလို မျိုးပါ။

"ဟင်. . ဒါ. . ဒါက"

အင်တာဗျူးဖြေထားသည့်အထဲမှာ သူတို့ဘယ်လောက်ချစ်ကြ သည့်အကြောင်းတွေပါသည်။ ဘယ်တော့လက်ထပ်ဖြစ်ကြမည်၊ ဟန်းနီး မွန်း ဘယ်မှာထွက်မည်ဆိုတာကအစပါသည်။

"သမီး"

www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ကိုလုံးချေကာ သူမစိတ်လွတ်သွားသလို လွှင့်ပစ်လို မိသည်။ ဆိုဖာခုံပေါ်ငုတ်တုတ်ထိုင်ချလိုက်သော သူမပခုံးလေးကို ကြီး က နှစ်သိမ့်သလို ဖေးမဆုပ်ကိုင်လာ၏။

မျက်ဝန်းအိမ်မှာ ဘာကြောင့်မျက်ရည်တွေက ဝဲတက်လာ မသိပါ။

"ထင်. . . ထင်ရှား အရမ်းလွန်သွားပြီ ကြီးကြီး။ ဖေဖေမှာခဲ့ ကို လက်မခံချင်လို့ သမီးနဲ့လက်မထပ်ချင်လို့ သူဒီလိုထင်သာ မြင်သာ အောင်လုပ်လိုက်တာ၊ သူသမီးကိုပွင့်ပွင့်လင်းလင်း ပြောလို့ရပါတယ် သမီးကိုတော့ ဟိုလူနဲ့ပေါင်းလို့ ဒီလိုနဲ့တွဲလို့နဲ့ စွပ်စွဲပြီး သိက္ခာချနေတယ် ငါလက်ထပ်ရမယ့်မိန်းကလေးက အဲလိုနေလို့ရမလား ဘာညာနဲ့၊ ကတော့ လူသိရှင်ကြား တိုင်းသိပြည်သိ"

"သားထင်ရှား အရမ်းဆိုးတယ်ကွယ်၊ ဒီမိန်းကလေး ဘယ် မိန်းကလေးလဲ သူမသိဘူးလား၊ ဒီလောက်ပေါ့ပျက်ရဲတင်းနေတာကို

"သူ့အတွက်တော့ အဲဒါတွေကတန်ဖိုးရှိနေတာနေမှာပေ ကောင်းပါတယ်၊ သူနဲ့တန်တာ သူ့ရတာပေါ့"

"သမီး. . . အဲလိုပစ်စလက်ခတ်တော့ မလုပ်လိုက်ပါနဲ့ဦးကွယ် မောင်သုဝေက သူ့သားအဲလိုတွေဖြစ်မှာစိုးလို့ ကြီးကြီးတို့ကို အပ်ခဲ့တာ လေ၊ မတော်တရော်မိန်းကလေးတွေနဲ့ရမှာစိုးလို့ သမီးနဲ့လက်ထပ်ခိုင်းတာ ပါ"

"သူက သမီးကိုခါးခါးသီးသီးမုန်းပြီး လက်မထပ်ချင်လို့ ဒီ မျိုး လူသိရှင်ကြားကြေညာလိုက်ပြီလေ၊ သမီးက အရှုံးခံပြီး သူနဲ့လက်ထပ် ဖို့ မျှော်လင့်နေရဦးမှာလား"

"ဘာတွေဖြစ်နေကြတာလဲ"

ထင်ရှားအသံကြားလိုက်တာကြောင့် သူမထိုနေရာက ထရပ်ပြီး





ထင်ရှားကို ရွံရှာသလိုကြည့်ကာ ထွက်လာလိုက်သည်။

"ဟာ. . . ဘာလိုင်းကြီးပါလား"

"သား"

ကသစ်ဖြူလွှင့်ပစ်ခဲ့သောဂျာနယ်ကို ပြန်ကောက်၍ ထင်ရှား ရှေ့ပစ်ပေးလိုက်သည်။

"ဒါကဘယ်လိုဖြစ်ကြတာလဲသား။ မင်းဘာတွေလျှောက်လုပ် နေတာလဲ သားရယ်"

"ဟင်. . . ဒါတ"

ဂျာနယ်ကိုဆွဲယူဖြန့်ကြည့်ပြီး ထင်ရှားမျက်လုံးပြူးသွားသည်။ သူနှင့် အေမီပုံတွေ။ ပြီးတော့အင်တာဗျူး။

"ဟာ. . . ဒါ. . . ဒါတွေက"

"ကသစ်ဖြူကို လက်မထပ်ချင်တောင် ဒီလိုမိန်းကလေးနဲ့ ဒီလို ဖြစ်သင့်ဘူး၊ မင်းအယ်ဒီဂုဏ်သိက္ခာ၊ မင်းဂုဏ်သိက္ခာ သားနည်းနည်း လေးဖြစ်ဖြစ် ထည့်တွက်သင့်ပါတယ်"

"ဟာ. . . ကြီးကြီး၊ သားတို့က အဲလိုမဟုတ်ဘူး။ သူနဲ့သား ဘာမှမဖြစ်ကြသေးဘူး။ ချစ်သူဆိုတာလည်း မဟုတ်ဘူး။ ဟန်းနီးမွန်း ထွက်မှာတွေ. . . အာ ဘာတွေလဲကွာ၊ ဂျာနယ်ဆိုတာ ရေးချင်တိုင်းရေး နေတာပဲ"

"မဟုတ်ဘဲ မဖြေဘဲ ရေးချင်တိုင်းရေးပါ့မလားကွဲ့၊ မင်းတို့ပုံ တွေနဲ့ မင်းတို့မဖြေဘဲရေးရင် သူတို့တရားစွဲခံရမှာပေါ့၊ ပုပ်လို့ပေါ်တာ ဟုတ်လို့ကျော်တာ၊ အခုမှတာဝန်မဲ့ပြီး ဂျာနယ်လစ်တွေအပေါ်အပြစ်ပုံ မချပါနဲ့"

ထင်ရှားခေါင်းကိုသာတွင်တွင်ယမ်းမိသည်။ သူဘာပြောရမှန်း လည်း မသိတော့ပါ။ ဒါကြောင့် ကသစ်ဖြူကရွံရှာသလို မျက်လုံးစိမ်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သွားခဲ့တာလား။

သူမလည်း ဒါကိုတကယ်ထင်သွားခဲ့တာဖြစ်မည်။ သူကဖေ
အေမီရှိုးပွဲလျှောက်ပြီးသည်အထိတောင် မနေခဲ့ပါ။ ထိုနေရာကအပြ
သူမနှင့်အောင်မျိုးသူကိုတောင် တွေ့ခဲ့သေးတာပဲ။

"ကြီးကြီး"

"သားအပြစ်ကြီးလုပ်လိုက်ပြီ၊ အဲဒီကလေးမနဲ့ဆိုရင် ကြီးကြ
ကို ခွေမျိုးသားချင်းလို့ မသတ်မှတ်ပါနဲ့တော့၊ မင်းအဖေအိမ်မှ မင်းထ
အတူနေကြမယ်ဆိုလည်း ကြီးကြီးဆင်းသွားမယ်"

"ဟာ. . . ကြီးကြီးရယ်၊ ဘာတွေပြောနေတာလဲဗျာ၊ အေမီ
သားက အဲလိုပတ်သက်မှုမျိုးမဟုတ်ပါဘူး။ သူ့ရှိုးပွဲလျှောက်တာကို သာ
ကားနဲ့ လိုက်ပို့ရတယ်၊ ဟိုရောက်တော့ ဂျာနယ်လစ်တွေဝိုင်းလာတယ်
ဓာတ်ပုံတွေရိုက် မေးခွန်းတွေထုတ်နဲ့ သားဘာတွေဖြေမိမှန်းတောင် မသိ
တော့ပါဘူး။ ဒီလိုအတွေ့အကြုံမှမရှိတာ၊ အေမီ့အတွက်တော့ ဒါတွေ
မဆန်းတော့ဘူးလေ၊ သူဒီလိုတွေဖြေလိုက်မှန်းလည်း သားမသိပါဘူး
တကယ်ပါ ကြီးကြီးရယ်၊ တကယ်ပြောတာပါ"

ထင်ရှား သွေးရူးသွေးတန်းလိုဖြစ်ကာ တောင်းပန်နေရှာသည်
ကြီးကြီး စိတ်ဆိုးနေတာမို့ မျက်နှာထားပြင်လို့မရသေးပါ။

"ဒီကိစ္စ မင်းမပါဘဲနဲ့ ဒီစာမျက်နှာတွေပေါ်မှာ ဒီလိုအပြုံးမျိုးနဲ့
ပါမလာဘူး သား၊ အခုကြီးကြီးကိုဖြေရှင်းလို့ရပေမယ့် တစ်နိုင်ငံလုံးကို
သားဘယ်လိုဖြေရှင်းမလဲ၊ ကသစ်ကိုရော ယုံအောင် မင်းဘယ်လိုရှင်းပြ
မလဲ"

"ဗျာ"

"ကသစ် အရမ်းကိုစိတ်ဆိုးသွားတယ်၊ သူ့ကိုတော့ ဟိုလူနဲ့
သမုတ်၊ ဒီလူနဲ့သိက္ခာချစွပ်စွဲပြီး မင်းကကျတော့ တိုင်းသိပြည်သိကြော



က်တယ်တဲ့၊ မင်းအဲဒီမျက်နှာဖြစ်ဖြစ်ထောက်သင့်တယ်တဲ့လေ၊ သူ့ကို
က်မထပ်ချင်တာနဲ့ ဒီလိုမလုပ်သင့်ဘူးတဲ့"

"ကျွတ်. . . ခက်တာပဲ၊ သား အဲဒါကြောင့်မဟုတ်ဘူး၊ အဲလို
အောင်လုပ်လိုက်တာမဟုတ်ပါဘူးဆိုဗျာ၊ တကယ် ဘာရည်ရွယ်ချက်မှ
ဘူး၊ အဲဒါတမင် အေမီလုပ်ကြံတာ၊ အေမီယုတ်မာတာပါ"

"ဒါဆိုလည်း မင်းကိစ္စမင်းပြန်ရှင်းလေ၊ တစ်နိုင်ငံလုံးသိအောင်
ပ်ပြီးမှ မင်းဘယ်လိုပုံစံနဲ့ ပြန်ရှင်းမှာလဲ၊ မင်းနဲ့ ကသစ်လက်ထပ်မယ့်
စ္စက အိမ်တွင်းရေးကိစ္စမို့တော်သေးတယ်၊ လူသိရှင်ကြားဖြစ်ပြီးပြီဆို
 ကသစ်လေး ဘယ်လောက်တောင်သိက္ခာကျလိုက်မလဲ"

ကြီးကြီးပြောမှ သူအတော်လေးစိတ်မကောင်းဖြစ်သွားမိသည်။
ကိစ္စလေးက ဒီလောက်ထိဖြစ်သွားနိုင်မှန်း သူမသိပါ။

ဒီကိစ္စအေမီနဲ့ ဘယ်လိုရှင်းရမလဲ။ သူစေတနာနဲ့ကူညီတာကို
ခွင့်ကောင်းယူလိုက်တာ။ တကယ်ဆို သူငယ်ချင်းအပေါင်းအသင်းပါ
့ဖြေလိုက်လျှင်တောင် ဒီလောက်ထိဖြစ်သွားစရာအကြောင်းမရှိပါ။

ဒါပေမဲ့ ကိုယ့်ဆီက စပွန်ဆာယူချင်နေသည့် အေမီက ဒီထက်
းမားတာတောင် လုပ်ရဲမည့်ပုံစံပါ။ ရဲတင်းသည် ကလက်သည်။

သူမအတွက်ဆို ပျို့ပျို့အို့အို့ ယောကျ်ားတွေကို သိမ်းသွင်းမည့်
မျိုး။ တကယ်ကိုကြောက်စရာကောင်းပါသည်။

ကသစ်ဖြူနှင့်တော့ တခြားစီပါ။ အခုမှတန်ဖိုးတွေကို ခွဲခြားမိ
ဘကာ. . .။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

"ဒီကိစ္စ နင်ဘယ်လိုရှင်းမှာလဲ အေမီ"

"ဘာကိုလဲ"

အေမီ့ပုံစံက မထီမဲ့မြင်ပင်။ သိပြီးလောက်မှာဖြစ်ပေမယ့် အ
က ဂျာနယ်ကိုတမင်ယူလာပြီး အေမီ့ရှေ့ကို ပစ်ပေးလိုက်သည်။ အေ
က ဂျာနယ်ကို တစ်ချက်နမ်းရှုံ့လိုက်ပြီး

"ငါတို့ပုံတွေ အရမ်းမိုက်တယ်နော်၊ တကယ်အသက်ဝင်တယ်"

"ဘာအသက်ဝင်တာလဲ၊ နင်နဲ့ငါက ဘာမို့လို့ ဒီလိုတွေဖြစ်လို
ရတာလဲ၊ ချစ်သူတွေ လက်ထပ်မှာတွေ၊ ဟန်းနီးမွန်းအတွက် ကြိုးစဉ်း
ထားတာတွေနဲ့"

"အဲဒါအမှန်တွေပဲလေ၊ တစ်နေ့ဖြစ်လာမှာပဲဥစ္စာ"

"ဘာဖြစ်လာမှာလဲ၊ နင့်လိုမိန်းမကို ဘယ်သူကချစ်သူတော်
လဲ၊ လက်ထပ်မှာလဲ၊ ဟန်းနီးမွန်းတဲ့ စိတ်ကူးတောင်မရှိဘူး"

ထင်ရှားစကားကြောင့် အေမီမျက်နှာရှုံ့မဲ့ပျက်ယွင်းသွားသည်
ဒါပေမဲ့ချက်ချင်းလိုမင် ပြုံးလိုက်ပြီး

"အဲဒီစကားကို အချိန်မီပြင်လိုက်မှ နင်နောင်တမရမှာနော်
ငါ အောင်မြင်လိုက်ရင် နင်အခုချမ်းသာနေတာတွေက ပမွှားသေးသေ



လေး အမှုန်အမွှားလေးဖြစ်သွားမှာ၊ နင်ပေးကမ်းစွန့်ကြဲရမှာ ခဏလေး
ပါ၊ အဲဒါကိုရင်းနှီးမြှုပ်နှံတယ်လို့ သဘောထားလိုက်ရင် နောက်ကျအကျိုး
တွေ အများကြီးရလာမှာ ထင်ရှား"

"မမက်ဘူး၊ အဲဒါကိုမက်ပြီး မျှော်ကိုးနေရအောင် ငါကချို့တဲ့
နေတဲ့ အလေနတောကောင်မှမဟုတ်တာ၊ အေး. . ငါက နင့်ကိုစေတနာ
သန့်သန့်နဲ့ကူညီတာ၊ နင်က အညှီအဟောက်တွေနဲ့ ငါ့ကိုသိမ်းသွင်းနေ
တယ်၊ နင့်အတွက် အကျိုးရှိမယ်များထင်နေလား။ ဒီကိစ္စ နင်မဖြေရှင်း
ရင် နင့်ကိုအသရေဖျက်မှုနဲ့ တရားစွဲမယ်"

"ဘာ"

အေမီ တုန်လှုပ်စွာခုန်ထပြီးအော်သည်။ ထင်ရှား အံ့နာလိုက်
လျော့ဖို့ မစဉ်းစားတော့ပါ။ ကိုယ့်သိက္ခာနှင့် ဘယ်ရင်းနိုင်ပါတော့မလဲ။

"ငါအတည်ပြောတာ အေမီ၊ ဂျာနယ်လစ်တွေ ဖွထားတာဆို
ရင် အဲဒီဂျာနယ်လစ်တွေ မီဒီယာတွေနဲ့ ပြန်ရှင်းပါ၊ ကုန်ကျသမျှ ငါခံ
မယ်၊ အဲလိုမလုပ်ရင်တော့"

"နင်က ယောကျ်ားလေး၊ နင်နစ်နာတယ်များထင်နေလား
ထင်ရှား၊ ငါက ငါ့အောင်မြင်မှုတွေ တက်လမ်းတွေနဲ့ရင်းထားတာ"

"သွားစမ်းပါ၊ နင့်ဘာသာ ဘာနဲ့ရင်းရင်းဂရုမစိုက်ဘူး၊ ငါ့
အတွက်ပဲ ငါတွေးနိုင်မယ်၊ ဒီကိစ္စကြီးက ငါ့ဘဝတစ်ခုလုံးအတွက်
အနှောင့်အယှက် အဟန့်အတားပဲ"

"ဘာ. . နင့်မှာချစ်သူရှိနေလို့လား၊ လက်ထပ်ရမယ့်သူရှိနေ
လို့လား"

"ဟုတ်တယ်"

"ဘယ်. . ဘယ်သူလဲ၊ အဲဒါဘယ်သူလဲ"

"ကသစ်ဖြူ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ . . . ကသစ်ဖြူ"

သူ့ပါးစပ်က လွှတ်ခနဲထွက်သွားသည့်စားအပေါ် တာဝန်ယူ တော့မည်ဆိုတာ နားလည်လိုက်သည်။ ပြန်ပြင်လို့လည်းမရတော့ပါ။

"ဟုတ်တယ်၊ ကသစ်ဖြူနဲ့ငါ့ကို ဒယ်ဒီမသေခင်ကတည်းက စီစဉ်သွားတာ၊ သူနဲ့လက်ထပ်ရမှာ"

"နင်သူ့ကိုမချစ်ဘူးမဟုတ်လား။ နင်တကယ် သူ့ကိုမချစ်ပါဘူး"

"ဘယ်သူကပြောတာလဲ မချစ်ဘူးလို့"

"ဇော်မင်းက သူနဲ့ကသစ်ဖြူကိုတောင် နင်ကသဘောတူနေတာ ဆို၊ အဲဒါကြောင့်မို့ ကသစ်ဖြူကို အနိုးကပ်ကြိုးစားလို့ရအောင် နင့်အိမ် မှာခေါ်ထားတာတဲ့"

"အဲဒါက. . . ဟို. . . ဒါငါတို့ကိစ္စပါ၊ နင်ကဂျာနယ်ပေါ်ကကိစ္စ ကိုပဲ အမြန်ဖြေရှင်းပေး။ မဟုတ်ရင် ငါပြောသလိုလုပ်မှာ။ နင်မဟုတ်မှ စပွန်ဆာလိုချင်လို့လုပ်ပါတယ်ဆိုတာ အင်တာနက်ပေါ်တင်မှာ"

"ထင်ရှား. . . နင်အဲလိုလုပ်လိုက်ရင် ငါ့သိက္ခာတွေ မြောင်းထဲ ရောက်သွားမှာပေါ့။ ငါဒီလောကထဲမှာ ဘယ်လိုလုပ်ဆက်လျှောက်ရမှာလဲ"

"နင့်သိက္ခာကိုကြည့်တတ်ရင် ငါ့သိက္ခာကိုလည်း ပြန်ကြည့် ပေးမှဖြစ်မယ် အေမီ၊ နင့်အတွက်နင်တွေးပြီး ငါ့ဂုဏ်သိက္ခာကို လှေကား လို နင်းတက်သွားလို့မရဘူး။ ငါလည်း ငါ့ဘဝ ငါ့လမ်း ငါလျှောက် ခလုတ် ကန်သင်းကင်းမှဖြစ်မယ်၊ နင်အမှီရှာချင်ရင် ရိုးရိုးသားသားရှာလို့ရ တယ်ဟာ၊ သူငယ်ချင်းသံယောဇဉ်နဲ့ ငါနင့်ကိုကူညီပေးလို့ရပါတယ်"

"ထင်ရှားရယ်. . . ငါလေ"

အေမီတရှုံ့ရှုံ့ငိုသည်။ ကိုယ်လေးသိမ့်သိမ့်လှုပ်အောင်ငိုသည် ပြီးမှ သူ့ကိုမော့ကြည့်လာပြီး

"ဒီကိစ္စလတ်တလောဖြေရှင်းဖို့တော့ မလွယ်သေးဘူး ဒါပေမဲ့



ဒါအတတ်နိုင်ဆုံး မြန်မြန်လေးဖြေရှင်းပေးပါ့မယ်၊ လိုအပ်ရင် ကသစ်ကို တောင်းပန်ပေးပါဆိုရင်တောင် ငါတောင်းပန်ပေးပါ့မယ်၊ တစ်ခုပါပဲ"

"ဘာလဲ"

"ငါ့ကို ငွေရေးကြေးရေး ကူညီပေးပါဟယ်၊ ငါအောင်မြင်ရင် နင့်ကိုပြန်ဆပ်ပါ့မယ်"

"အဲဒါကတော့ ကိစ္စမရှိပါဘူး။ ငါလုပ်ပေးနိုင်ပါတယ်"

"ငါ့ကိုအထင်သေးပြီးမုန်းမသွားပါနဲ့လို့လည်း တောင်းပန်ချင် တယ်၊ အရင်လိုပဲခင်ပေးပါ"

"ဒါကတော့ သူငယ်ချင်းတွေပဲ၊ ဒီကိစ္စဖြေရှင်းပေးမယ်ဆိုရင် ခင်မင်မှုအတိုင်းအတာကတော့ လျော့မသွားပါဘူး။ ဒါဆိုငါသွားမယ်၊ အကြာကြီးတော့ မစောင့်နိုင်ဘူး"

"အေးပါဟယ်"

အခုမှ သူ့စိတ်တွေပေါ့ပါးသွားသည်။ အေမီ့ဆီကပြန်လာပြီး သူဘယ်သွားရမှန်းမသိ။ ကသစ်ဖြူရှိသော ကုမ္ပဏီကိုလိုက်သွားရမလား တွေးစားသေးသော်လည်း ဒီနေ့က ကုမ္ပဏီပိတ်ရက်ဖြစ်နေသည်။

ဒါဆို ကသစ်ဖြူအိမ်မှာရှိမှာပေါ့။

ဒါဆိုအိမ်ကိုပဲပြန်တာကောင်းမည်။ သူကားကို အိမ်ဘက်ကိုပဲ မောင်းလာခဲ့၏။

"ဖောက်. . . ဖောက်"

"ဟက်ပီဘတ်ဒေးပါ၊ ကသစ်ဖြူ မွေးနေ့မှာပျော်ရွှင်ပါစေ"

"ဟက်ပီဘတ်ဒေးတူးယူ၊ ဟက်ပီဘတ်ဒေးတူးယူ"

"ဖယောင်းတိုင်မှုတ်ပါ၊ အမြန်မှုတ်ပါ"

"ကိတ်မုန့် ဒီကိုအရင်ကျွေးပါ"

"ကိုယ့်ကိုအရင်ကျွေး၊ ကိုယ်ပါးစပ်ဟထားတယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"အဘား ... ဘား"

"ဟင်"

ကသစ်ဖြူ တိုက်ခန်းလေးကအသံ။ ကသစ်ဖြူ မွေးနေ့လား လူအများကြီးရဲ့အသံကိုကြားရသည်။

ဘယ်သူတွေလဲ၊ ဘယ်သူတွေရောက်နေတာလဲ။

အိမ်ထဲမှာကြီးကြီးလည်းမရှိ။ ဦးသံလုံးတို့ ဖိုးလုံးတို့လည်းမရှိ အိမ်ရှေ့မှာ ဇော်မင်းကားကိုတွေ့ရတာမို့ ဇော်မင်းလည်းရောက်နေတာ ဖြစ်မည်။

"ဟင်... ဟိုကားက"

အောင်မျိုးသူပါရောက်နေတာလား။ တောက်... ဒီကောင်က အိမ်ကိုတောင်လိုက်လာရဲနေပါလား။ သူတိုက်နောက်ဘက်ကနေပတ် ကာ အပေါ်ကိုမော့ကြည့်လိုက်သည်။

ကသစ်ဖြူတိုက်ခန်းလေးပေါ်မှာ လူစုံတက်စုံပင်။ သူမ မွေးနေ့ ဆိုတာ သူလည်း မသိလိုက်ရပါလား။

အားလုံးသိပြီး သူ့တစ်ယောက်တည်း အသိမပေးတာတော့ ရင်နာဖို့ကောင်းသည်။ ကိတ်မုန့်တွေကို တစ်ယောက်ပြီးတစ်ယောက် ခွံ့ကျွေးပြီး ရယ်သံတွေကလွှင့်နေသည်။

သူဒီအတိုင်းမနေနိုင်တော့ပါ။ သူမတို့ဆီကို ခြေလှမ်းကြဲဖြင့် လှမ်းတက်လာခဲ့သည်။ အားလုံးရဲ့မျက်လုံးတွေက သူ့ဆီကိုစုပြုံရောက် လာ၏။ ကသစ်ဖြူက ချက်ချင်းမျက်နှာလွှဲသည်။

"ဘာလုပ်နေကြတာလဲ"

"ကသစ် ဟက်ပီဘတ်ဒေးလေ၊ ကသစ်ပျော်အောင် ငါတို့လုပ် ပေးနေကြတာ"

"သူ့ဘတ်ဒေးဆိုတာ ငါတောင်မသိရပါလား"



"ဘယ်သူမှမသိဘူးကွ၊ ငါပြန်လာတော့ ကသစ်ဘယ်သွားလဲ ကြီးကြီးကိုမေးကြည့်တာ၊ ကြီးကြီးက ကသစ်မွေးနေ့မို့ ဘုန်းကြီးကျောင်း ဆွမ်းချိုင့်သွားပို့တယ်၊ မိဘမဲ့ဂေဟာကို အလှူငွေသွားထည့်တယ်ဆို တာနဲ့ ကြီးကြီးကိုတိုင်ပင်ပြီး ဒီပွဲလေးဖြစ်အောင် ငါလုပ်ပေးလိုက်တာ၊ အောင်မျိုးသူကတော့ ကသစ်မွေးနေ့ကို လက်ဆောင်လာပေးရင်း နဲ့တိုးတာ"

ဘယ်သူ့မှမပြောဘူးဆိုတာကြောင့် စိတ်သက်သာသလိုရှိသွား သော်လည်း သူဘာမှလုပ်ပေးခွင့်မရှိတာကိုတော့ စိတ်ထိခိုက်ရသည်။

"ကသစ်... ဘတ်ဒေးလက်ဆောင်ပါ"

"ကျွန်တော့်လက်ဆောင်လေးလည်း လက်ခံပါ"

အောင်မျိုးသူက ရတနာဘူးလေးပေးပြီး ဇော်မင်းက ပန်းစည်း လေးကမ်းပေးသည်။ ဖိုးလုံးက ခြံထဲကိုပြေးဆင်းပြီး ခြံထဲကနှင်းဆီပန်း ခူးပြီးပေးသည်။ ကြီးကြီးက ကြီးကြီးပိုင်သောလက်စွပ်လေးကို ကသစ် လက်မှာ စွပ်ပေး၏။

သူမ အားလုံးဆီက လက်ဆောင်တွေကို အပြုံးလေးနှင့်လက်ခံ သည်။ သူ့လက်ထဲမှာဘာမှမရှိပါ။ ဘာပေးရမလဲ သူမသိပါ။ ရင်ထဲမှာ ဟိုနည်းသလိုလိုနှင့် လိုက်ဆူနေသည်။ ဟာတာတာနှင့် အထီးကျန်သလို ခံစားရ၏။

မနာလိုခြင်းလား၊ သဝန်တိုခြင်းလား၊ ဝေဒနာတွေလည်း ရင်ထဲ ကို တိုးဝှေ့လှုပ်ခတ်နေကြသည်။ သူမရဲ့ဘတ်ဒေးကိတ်လည်း သူ မစား ဘာလို့လဲ။ သူက ဘာလို့ ဒီလိုဖြစ်ရတာလဲ။

လူတစ်ယောက်ရဲ့ ဥပေက္ခာက သေစေနိုင်တဲ့လက်နက်လား။

ဟား... ကသစ်ဖြူ ငါမင်းကိုချစ်မိနေပြီလား။

ဟင့်အင်း... မဟုတ်လောက်ပါဘူး... မဟုတ်ဘူး...။

***

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃၅)

"ထင်ရှား. . မင်းဘာလို့ ကသစ်မွေးနေ့ကို ပြီးအောင်မနေ
ထွက်သွားရတာလဲ"

"သူငါ့ကို အသိအမှတ်မှမပြုတာ၊ ငါကဘေးလူတစ်ယောက်
ပဲ"

"မင်းကရော အရေးတယူရှိလို့လား။ ကသစ်ကိုဆို အမြဲတမ်
အကောင်းမြင်စိတ်မရှိဘူး"

"မင်းတို့နဲ့ဆက်ဆံခံရတာချင်းတူလို့လား။ သူကလည်း မင်း
ကိုပဲ အကောင်းမြင်တာ"

ဖော်မင်း လှောင်ပြုံးပြုံးလိုက်မိသည်။ ဒီကောင် ဘယ်လိုတွေ
စားနေရသည်ဆိုတာ မသိဘဲနေပါ့မလား။ ကသစ်ဖြူကို သဝန်တိုနေသ
ဆိုတာ ကြီးကြီးလည်း သတိထားမိသည်။

ဒီကောင် ကိုယ့်ကိုယ်ကိုယ်ပဲမသိဖြစ်နေတာ။

"အေးကွာ. . ကသစ်က ငါတို့ကိုဦးစားပေးတယ်ဆိုတာတေ
မင်းအတွက် ဝမ်းနည်းစရာပေါ့။ မင်းတစ်ယောက်တည်း ဥပေက္ခာပြုခံ
သလိုဖြစ်နေတာ မဟုတ်လား။ ဒါပေမဲ့ ကသစ် အဲလိုလုပ်တာ ကသ
မမှားဘူးကွ"



"ဘာ"

"မင်းရဲ့ဥပေက္ခာတွေကို သူကအရင်ခံရတာလေ၊ မင်းက အရင်
ကိုမညှာမတာဆက်ဆံခဲ့တာ မဟုတ်ဘူးလား။ သူ့မှာလည်း မာနရှိ
တပေါ့ကွ၊ ပြီးတော့ သူ့ကိုဦးစားပေးချင်တဲ့သူ ချဉ်းကပ်ချင်တဲ့သူတွေမှ
များကြီး။ အောင်မျိုးသူဆိုလည်း ကုမ္ပဏီပိုင်ရှင်သူဌေး၊ အဲဒီနေရာမှာ
တောင်မနာလိုဖြစ်တယ်"

"အဲဒီကောင် ကသစ်ကိုဘာပေးတာလဲ"

"ပလက်တီနမ် ရင်ထိုးလေး။ ရင်ထိုးချိတ်မယ့်နေရာမှာ သူ့ကို
ရာပေးပါလို့တောင် ပြောသွားသေးတယ်"

"ဘာ. . အဲဒီကောင်က"

"ဟုတ်တယ် ငါ့ကောင်၊ ငါ့ပန်းစည်းလေးတောင် မျက်နှာငယ်
သွားတယ်"

"ကသစ်က ဘာပြောလဲ၊ ကြည်နူးကျေနပ်နေမှာပေါ့"

"ကြည်နူးတာတော့သေချာတယ် ပြုံးနေတာပဲ၊ ဒါပေမဲ့ ဘာမှ
တော့မပြောလိုက်ဘူး"

"မင်းပန်းစည်းပေးတာရော"

"အဲဒါလည်း ကြည်နူးနေတဲ့ပုံပဲ၊ ဒီလိုပျော်အောင်လုပ်ပေးတဲ့
တွက် ကျေးဇူးတင်ပါတယ်တဲ့၊ မနက်က ကသစ်လေးတော်တော်
ဆင်းရဲနေတာ၊ မင်းတို့ဒီလိုလုပ်ပေးတာ ကျေးဇူးတင်ပါတယ်လို့
ကြီးကလည်းပြောတယ်၊ မင်းနဲ့အေမီကလည်း ဒီလောက်အချိန်
တွင်းမှာ အကျယ်တဝင့်လူသိရှင်ကြားကြီးဖြစ်သွားရသလား၊ ငါ့ကို
တောင် အသိမပေးဘူး"

"တောက်"

ထင်ရှား ဆိုဖာခုံကိုလက်သီးနှင့် ပစ်ထိုးသည်။ ဒေါသတကြီး

www.burmeseclassic.com



မပြေနိုင်သေးပါ။

"အေမီ ငါ့ကိုလှပ်ချလိုက်တာ၊ ငါရဲ့ဖြူစင်တဲ့စေတနာကို

ကားတာ"

"ဟာ. . ဘာလဲ၊ မင်းတို့ချင်းအဆင်ပြေလို့"

"မဟုတ်ဘူး. . သူသက်သက်လုပ်ချသွားတာ၊ သူ့ရှိုးပွဲကို

မောင်းပို့ပြီး အကူအညီပေးပါဆိုတဲ့ကိစ္စ မင်းလည်းသိပါတယ်၊ လိုအပ်

ငွေလည်း ငါပေးလိုက်တယ်၊ အဲဒါကို ဟိုရောက်တော့ ဂျာနယ်လစ်

ဝိုင်းလာတယ်၊ သူဖြေချင်ရာဖြေလိုက်တယ်၊ ဓာတ်ပုံတွေရိုက်တယ်၊

ပြုံးထားပါပြောပြီး ငါ့လက်ကိုမလွှတ်တမ်းတွဲချိတ်ထားတယ်၊ ရုပ်

ဆင်းပျက် ကသောင်းကနင်းဖြစ်မှာစိုးလို့ ငါငြိမ်နေလိုက်တာ၊ သူ့သိ

ကို ငါငဲ့လိုက်တာ၊ အဲဒါကို ဂျာနယ်ထဲပါလာတာကြည့်လိုက်ဦး"

"ဟာ. . ငါက မင်းတို့တကယ်မှတ်နေတာ၊ ကသစ် အဲ

ကြောင့် စိတ်မကောင်းဖြစ်တော့ ပျော်အောင်လုပ်ချင်တာနဲ့ လုပ်ပေးလို

တာပဲ"

"သူက ဘာကြောင့်စိတ်မကောင်းဖြစ်တာလဲ"

ထင်ရှား ကိုယ်ခန္ဓာကိုမတ်ကာ စိတ်ဝင်တစားဖြစ်သွားသည်

ဇော်မင်းက စကားကုန်မပြောမိဖို့အတွက် မျက်နှာလွှဲလိုက်ပြီး . . .

"သြော်. . ယောက်ဖရယ်၊ မင်းညီမပဲဥစ္စာ၊ အေမီကကောင်

မိန်းကလေးဆို သဘောတူချင်တူမှာပေါ့၊ အခုက"

"မဟုတ်ဘူး"

ဇော်မင်းကို အေမီ့ကိုပြောပြခဲ့သလို ပြောပြရမှာ ရှက်သလို

ဖြစ်နေသည်။ ကိုယ်က စွန့်ပစ်ချင်လို့ ကသစ်ကိုဖွတ်ကြိုက်နိုင်းခဲ့မိသ

ကောင် မဟုတ်ပါလား။

ဇော်မင်းက သူ့ပခုံးကိုပုတ်လျက်. .



"ဘာ မဟုတ်တာလဲ"

"ဟို"

"မပြောချင်လည်း မပြောနဲ့ကွာ၊ ငါပဲပြောတော့မယ်၊ ငါဒီနေ့

သစ်ကိုချစ်တဲ့အကြောင်း ဖွင့်ပြောခဲ့တယ်"

"ဘာကွ. . မင်း"

"ဟုတ်တယ်လေ၊ အောင်မျိုးသူဆိုတဲ့ပြိုင်ဘက်ရှိလာတော့ ငါ

က်ကျန်ခဲ့မှာစိုးလို့ကွ၊ အစကတော့ နောက်မှ ကသစ်သဘောထား

ပြောင်းလဲမယ့်အချိန်ထိစောင့်ဖို့ စဉ်းစားထားတာပါ၊ ဒါပေမဲ့ မရ

ဘူးလေ၊ ပြိုင်ဘက်က အိမ်အထိရောက်လာပြီ၊ ကုမ္ပဏီမှာလည်း

တို့ချင်းက အမြဲတွေ့နေရတာ၊ ငါ့ထက်ပိုပြီးအနေနီးစပ်တယ်၊ ကသစ်

ယိုင်သွားနိုင်တယ်ကွ"

"စိတ်ယိုင်သွားနိုင်တယ် ဟုတ်လား"

ထင်ရှား တုန်လှုပ်စွာ သံယောင်လိုက်မေးသည်။ ဒီကောင်သွေး

နေပြီဆိုတာ ဇော်မင်းမသိဘဲနေပါ့မလား။

"ယောက်ဖနော်၊ မင်းညီမကို အောင်မျိုးသူနဲ့ သဘောမတူရ

ငါနဲ့ပဲသဘောတူရမယ်၊ မင်းနဲ့အေမီ မင်္ဂလာဆောင်ရင် ငါနဲ့ကသစ်

သတို့သား သတို့သမီးအရန် လုပ်ခိုင်းရမှာနော် ဒါပဲ"

"အာ. . ငါကဘာလို့အေမီနဲ့ မင်္ဂလာဆောင်ရမှာလဲ"

"ဟာ. . မင်းတို့ကမင်္ဂလာဆောင်ပြီးရင် ဟန်းနီးမွန်းဘယ်မှာ

မယ်ဆိုတာတောင် ကြိုတင်စဉ်းစားပြီးကြပြီ မဟုတ်လား"

"ကျွတ်. . မဟုတ်ပါဘူးဆိုကွာ၊ ငါနေ့လယ်ကပဲ အေမီ့ကို

တ်ပြောခဲ့ပြီ"

"ဘာတွေပြောခဲ့တာလဲ"

"ဟို. . ဒီကိစ္စပြန်ရှင်းပေးဖို့ပေါ့၊ ငါ့သိက္ခာနဲ့ဆိုင်တယ်လို့ မ

www.burmeseclassic.com

www.burmeseclassic.com



ပေးရင် အသရေဖျက်မှုနဲ့ တရားစွဲမယ်လို့ပြောခဲ့တယ်''

''ဟာ. . . ကြမ်းလှချည်လား၊ နေပါဦး မင်းကဘာတွေနဲ

သွားလို့လဲ ယောကျ်ားလေးပဲဥစ္စာ''

''မဟုတ်ဘဲ သတင်းဖြန့်ခံရတာ ယောကျ်ားလေးဆိုပြီး မနေ

ရတော့ဘူးလား၊ ငါတကယ်လက်ထပ်မယ့်မိန်းကလေးရော စိတ်မဆ

နိုင်ဘူးလား''

''မင်းလက်ထပ်မယ့်မိန်းကလေးရောရှိလို့လား၊ ဘယ်သူ

''အာ. . . မင်းသိစရာမလိုပါဘူးကွာ၊ ရှိတော့ရှိတာပေါ့''

''သူငယ်ချင်းချင်း မင်းကလျှိုတာပေါ့လေ၊ အေးလေ ထာ

တော့၊ အဲဒီတော့အေမီက ဘာပြောလဲ''

''ပြန်ဖြေရှင်းပေးမယ်ပြောတာပဲ၊ သူ့ကိုတော့ဆက်ပြီး ဈ

ပေးပါတဲ့၊ သူဒီလောကမှာ အရမ်းကိုအောင်မြင်ချင်နေတယ် ထင်တ

''ဟုတ်တယ်၊ အေမီလည်း သနားဖို့ကောင်းပါတယ်ကွာ၊

အဖေသာရှိနေသေးရင် သူဒီလိုချို့တဲ့မှာ မဟုတ်ဘူး၊ ဒီလိုတွေလ

လုပ်ရဲမှာမဟုတ်ဘူး၊ ပျက်စီးရခြင်းအကြောင်းတရားတွေက ချို့တဲ့

ရယ်၊ အကြောက်တရားမရှိတော့တာတွေရယ်ကြောင့်ပါ''

''မင်းသနားရင် သနား၊ ငါကတော့ သနားလို့မဖြစ်ဘူး''

ထင်ရှား ဘူးခံငြင်းတော့ ဖော်မင်း ရယ်ချင်သွားသည်။ ဒီကော

ကသစ် အထင်လွဲမှာ သေလောက်အောင်ကြောက်နေပြီဆိုတာ ဖော်

သိသည်။

ဒီကောင့်ရင်ထဲရှိသမျှ ပွင့်ဖောက်ထွက်လာအောင် နောက်

နည်းတွေသုံးရဦးမှာပါ။ ကသစ်နှင့် ဒီကောင်က ဆန္ဒနှင့်ဆန့်ကျ

ရန်လိုတိုက်ခိုက်နေကြပေမယ့် မသိစိတ်တွေထဲမှာ ခံစားမှုတွေရှိနေ

ပြီဆိုတာ သူတို့ကိုယ်သူတို့ မသိကြသော်လည်း တခြားသူတွေကတော





ကဲခတ်နေမိကြသည်။

ထင်ရှား ဘယ်လောက်ထိ ဟန်ဆောင်ကောင်းနိုင်မလဲ၊ ကသစ်

ဘယ်လောက်ထိမျိုသိပ်နိုင်မလဲ၊ စောင့်ကြည့်သွေးထိုးပေးရုံသာရှိ

တော့တာမို့. . .။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

''စိတ်မဆိုးပါနဲ့တော့ သမီးလေးရယ်၊ ဒီကိစ္စ သူဖြေရှင်းပါ့မယ်
လို့ ပြောပါတယ်''

''ဘယ်လိုဖြေရှင်းမှာလဲ ကြီးကြီး၊ အဲဒီဂျာနယ်ပေါ်က စာ
တွေကို တစ်လုံးချင်း လိုက်ဖျက်မှာလား၊ အဲဒါကတောင် လွယ်ချင်လွယ်
ဦးမယ်၊ တစ်နိုင်ငံလုံးသိပြီးသားကိစ္စ မဟုတ်ပါဘူးလို့ ငြင်းလို့ရမလား
သူမသိဘဲ ဂျာနယ်စာမျက်နှာပေါ်မှာ အပြုံးမျက်နှာနဲ့ပါမလာဘူး၊
စိတ်မပါဘဲ အဲဒီပွဲကိုလည်း ရောက်မသွားဘူး ကြီးကြီး''

ကသစ်ပြောတာလည်း ဟုတ်နေတာမို့ ကသစ်ကို ဘယ်
နှစ်သိမ့်ရမည်မသိပေ၊ တကယ်က သားထင်ရှားအမှားကြီးမှားတာ
ဒီလိုမိန်းကလေးကိစ္စဆိုတာ လုံးဝမဖြစ်သင့်။

ကသစ်နှင့် လက်မထပ်ချင်ဦးတော့ ဒီလိုကိစ္စ တိုင်းသိပြည်
အုတ်အော်သောင်းနင်းဖြစ်သွားစရာလား။

''ကြီးကြီးကိုတော့ သူကတိပေးထားပါတယ် သမီးရယ်၊
ဒီကိစ္စရအောင်ဖြေရှင်းမှာပါတဲ့၊ သူ့ကိုအေမိချောက်ချတာ၊ စေတနာ
ကူညီတာကို စေတနာစော်ကားခံရတာတဲ့၊ ခုချိန်ထိ သူငယ်ချင်းအပေါ်
ပဲရှိသေးတယ်လို့ ပြောတယ်''



''ဒါ သူ့ပါးစပ်ကထွက်တဲ့ သူ့စကားလေ၊ သမီးကိုလက်မထပ်
တာ သမီးဝမ်းမနည်းပါဘူး၊ လက်ထပ်ရမှာစိုးလို့ ဒီလိုလုပ်လိုက်တာကို
တော့ ရင်နာတယ် အသည်းနာတယ်''

''အဲလိုချည်းလည်း ဟုတ်မယ်မထင်ပါဘူး သမီးရယ်၊ သူသမီး
အပေါ်အရင်လောက် ဆက်ဆံရေးမဆိုးတော့ပါဘူး၊ သမီးပြောသမျှလည်း
နားခံနေတာပဲ၊ ကြီးကြီးအထင်ပြောရရင် ချုပ်ချယ်ကန့်သတ်စွပ်စွဲနေတယ်
ဆိုတာ သမီးကိုသဝန်များတိုနေတာလားလို့''

''ရှင်''

''မဟုတ်ရင် သူအဲလိုတွေလိုက်လုပ်နေမှာတဲ့လား''

''ကြီးကြီးက ကြီးကြီးတူဘက်က အကောင်းမြင်ပေးနေတာ
ပါ၊ သူမလိုချင်လို့ သမီးကိုဖော်မင်းလက်ထဲ အတင်းထိုးထည့်နေတာပါ၊
အိမ်မှာ ထမင်းကျွေးပြီးမြှောက်ပင့်ပေးနေတာပါ ကြီးကြီး၊ သမီးသာ
အနေအထိုင်မတတ်ရင် ဘယ်အခြေအနေထိဖြစ်သွားနိုင်လဲ စဉ်းတောင်
စဉ်းစားရဲဘူး''

ဒါလည်းဟုတ်နေတာပါပဲ။ ကြီးကြီး ဘာပြောလို့ပြောရမှန်းပင်
မသိပေ။ ဒါပေမဲ့ ကသစ်ဖြူလေးရဲ့ပေါက်ကွဲမှုတွေကရော မခံမရပ်နိုင်
ဖြစ်ရုံလေးပဲလား။ တခြားခံစားမှုတွေရော ရောထွေးနေနိုင်သလား။
ကသစ်ဖြူလေးကို ကြီးကြီးငေးငေးလေး ကြည့်နေမိသည်။

ကသစ်ဖြူက ရှက်သွားဟန်ဖြင့် မျက်နှာလေးကိုပွတ်ပြီး

''ကြီးကြီးက သမီးကိုဘာကြည့်နေတာလဲ''

''ဩော် . . သမီးလေးကလုလို့ ချစ်စရာကောင်းလို့ပါကွယ်၊
အဲဒါကြောင့်ချစ်တဲ့သူ စိတ်ဝင်စားတဲ့သူတွေ ဝိုင်းဝိုင်းလည်နေတာပဲ၊ အဲဒီ
နေ့က မောင်အောင်မျိုးသူလည်း လာတယ်နော်၊ မွေးနေ့ကိုလာဖို့ သမီး
ခေါ်ထားတာလား''

www.burmeseclassic.com

www.burmeseclassic.com



"သမီးက မွေးနေ့လုပ်ဖို့ စဉ်းတောင်မစဉ်းစားတာ ကြီးကြီ
ရယ်၊ မွေးနေ့ မွေးရက်ဆို ဘုန်းကြီးကျောင်းဆွမ်းပို့တာလောက်နဲ့ အ
အတန်း ပရဟိတလုပ်တာလေးပဲရှိပါတယ်၊ ဒီလိုမျိုး ဘယ်နှခါလုပ်ဖူး
လဲ၊ ကြီးကြီးပြောလိုက်တာနဲ့ ကိုဇော်မင်းက ပျော်အောင်လုပ်ပေးတာ
ကိုအောင်မျိုးသူက သမီးရဲ့ဘိုင်အိုဂရပ်ဖီကြည့်ပြီး သူ့ဘာသာ လ
ဆောင်ပေးချင်လို့ ရောက်လာတာပါ"

"အေးလေ… သူတို့တွေရဲ့တန်ဖိုးထားမှုလေးတွေကိုကြည့်
သားရဲ့မသိတတ်မှုတွေကြောင့် သမီးကိုအားနာမိတယ်ကွယ်၊ သား
သူတို့လို သမီးကိုတန်ဖိုးထားရင် ဘယ်လောက်ကောင်းမလဲ"

ကသစ်ဖြူ မချိပြုံးပြုံးလိုက်မိကာ

"သူတန်ဖိုးမထားရင်နေပါစေတော့ ကြီးကြီး၊ သမီးသူ့ဆီ
ဘာဆိုဘာမှ မမျှော်လင့်တော့ပါဘူး၊ အေမိနဲ့ကိစ္စက သမီးကိုသိက္ခာ
ပြီး အရှက်ခွဲလိုက်သလိုပါပဲ၊ သမီးအရမ်းကို စိတ်ထိခိုက်မိတယ်"

"အေးပါသမီးရယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သားကိုတောင်း
ခိုင်းမှာပါ၊ သမီး စိတ်ဆိုးပြေတဲ့အထိလေ"

"ဟင်… ဟင့်အင်း၊ သူလိုလူမျိုးက သမီးကိုတောင်းပန်မှာ
လား၊ ဘဝင်ခေါင်ခိုက်နေတာလေ၊ ကြီးကြီးကို သမီးကပဲအားနာပါတယ်
သူ့ကိုစိတ်တိုတာတွေ ကြီးကြီးရှေ့မှာ ပေါက်ကွဲမိလို့လေ၊ မလေးစား
ရောက်လို့ သမီးတောင်းပန်ပါတယ် ကြီးကြီး"

"သမီးမှာ ကြီးကြီးကိုပဲရင်ဖွင့်စရာရှိတာကွယ်၊ ဘယ်လိုပဲ
ဖြစ် ပြောလို့ရပါတယ်"

"ဩော်… ကြီးကြီး သူတို့ထမင်းစားဆင်းလာကြတော့မ
ထင်တယ်၊ သမီး ထမင်းခူးပြီး ဖိုးလုံးတို့ဘက်သွားစားလိုက်တော့မ
နော်၊ ဒီမှာ ကြီးကြီးတို့သုံးယောက်စာ ထမင်းပွဲပြင်ခဲ့တယ်"





"ဩော်… အေး သမီးလေး"

ခြေသံကြားသည်နှင့် ထမင်းပန်းကန်ကိုကိုင်ကာ ကသစ်ဖြူ
ထွက်သွားသည်။ ခဏအတွင်းမှာ ထင်ရှားနှင့် ဇော်မင်း ထမင်းစား
ခန်းအတွင်း ဝင်လာကြသည်။

"ကြီးကြီး သားတို့ထမင်းစားတော့မယ်"

"အေး သား၊ အဆင်သင့်ပဲ"

"ကသစ်ဖြူရော"

"ထမင်းခူးပြီး ဖိုးလုံးတို့နဲ့သွားစားတယ်"

"သူက ဘာလို့ ဒီမှာမစားတာလဲ"

"မင်းနဲ့မျက်နှာချင်းမဆိုင်ချင်လို့နေမှာပေါ့ကွာ"

ဇော်မင်း ပြောလိုက်သည့်စကားကြောင့် အောင့်သက်သက်ဖြစ်
သွားရသည်။ သူ့ကိုဒီလောက်တောင် ကသစ်ဖြူ အမြင်ကတ်နေသလား။

"စားလေ သား"

"သား မစားချင်တော့ဘူး ကြီးကြီး"

"ဘာဖြစ်လို့လဲ သား"

"ဗိုက်ကောင်းကောင်းမဆာသေးလို့ပါ"

ကြီးကြီး စိတ်မကောင်းမှာသိပေမယ့် သူရှေ့ကိုထွက်လာခဲ့
သည်။ သွားချင်တာက ကသစ်ဖြူတို့ဆီကိုပါ။ ဒါပေမဲ့ ကြီးကြီးနှင့် ဇော်
မင်း သိမှာစိုး၍ ရှေ့ကနေပဲပတ်ပြီးလာခဲ့သည်။

ထမင်းစားဝိုင်းဆီက သူမရဲ့စကားပြောသံ ရယ်သံလေးတွေကို
အရင်ကြားရသည်။ သူနှင့်ဆိုလျှင်တော့ ရယ်သံတွေ အပြုံးတွေ ဆိတ်
သုဉ်းလွန်း၏။

"ဖိုးလုံးမိန်းမယူရင် ဦးလေးသံလုံး တစ်ယောက်တည်း ကျ
တော့မှာပဲ့၊ ဟဲ့ ဖိုးလုံး၊ နင်ကမိန်းမနောက်ကိုလိုက်သွားမှာလား၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



ကို ဒီခေါ်လာမှာလား''

''အဘား ဘား. . . အဘား''

''ဩော်. . . သူ့မှာမိဘတွေမရှိတော့ဘူး။ ဒီကိုခေါ်လာမှာလား''

''အဘား''

''ဒါဆို ငါတို့အဖော်ရတာပေါ့''

''သခင်ကြီးက ဒီခြံထဲမှာပဲ မင်္ဂလာဆောင်ပေးပြီး၊ ဒီမှာပဲခေါ်ထားစေချင်တာလေ၊ သခင်လေးမှာ ဆွေမျိုးသားချင်း အနီးအနားမှာ မရှိတော့ ဦးလေးတို့ကနေပြီး စောင့်ရှောက်ပေးစေချင်တာ၊ သားကို စိတ်မချရှာတာပေါ့''

''အဲလိုမစောင့်ရှောက်လို့လည်း မဖြစ်ဘူးလေ၊ လူကချမ်းသာလေ အန္တရာယ်များလေ၊ မလုံခြုံလေပဲ၊ ခင်ရာဆွေမျိုး မိန်းရာဟင်းကောင်းတဲ့၊ အောက်လက်ငယ်သားကောင်းရင် ဆွေမျိုးထက်အားကိုးရတယ်ဆိုတာ အမှန်ပဲ၊ ထင်ရှားသိတတ်ရင်တော့ ကောင်းတာပေါ့ ဦးလေးသံလုံးရယ်''

''သခင်လေးက စိတ်သဘောထားကောင်းပါတယ်ကွယ်၊ သူ့အဖေက သူ့ထက်သမီးကို ပိုချစ်တယ်ထင်ပြီး စိတ်ရှိုင်ဝင်ရုံလေးပါ၊ သမီးက အရမ်းကြီးမတင်းမာပါနဲ့၊ သခင်လေး သနားပါတယ်''

''ဦးလေးသံလုံးက ဘာသိလို့လဲ၊ သူကအေမီဆိုတဲ့ မော်ဒယ်မနဲ့ လက်ထပ်တော့မှာ''

''ဟင်. . . အဲဒါတော့မဖြစ်ဘူးလေ၊ သခင်ကြီးက သမီးနဲ့ လက်ထပ်စေချင်တာ''

''အဘား. . . ဘား''

ဖိုးလုံးက လက်ဟန်ခြေဟန်နှင့် အေမီမကောင်းကြောင်းပြောသည်။ ကသစ်ဖြူက သဘောပေါက်ကာ



''အေး. . . အဲဒီ အေမီမကောင်းတာ နင့်လိုရွှေအကာ သိတယ်၊ ဆင်ရှားက မသိဘူးဟဲ့၊ သူတို့လက်ထပ်မယ့်အကြောင်း ဂျာနယ်မှာတောင် အတိအလင်းပါလာပြီ၊ ဟန်းနီးမွန်းထွက်ဖို့တောင် ကြိုပြီးစဉ်းစားနေကြပြီတဲ့''

''ကသစ်ဖြူ''

''ဟင်''

သူမပြောနေတာတွေမဟုတ်ကြောင်း ရှင်းပြချင်၍ သူခေါ်လိုက်သည့်မှာ သူမအံ့အားသင့်လျက် ဟင်ခနဲလှည့်ကြည့်၏။ ဖိုးလုံးနှင့် ဦးသံလုံးသည်း အံ့သြသွားကြသည်။ ဖိုးလုံးက ထမင်းဟင်းခွက်တွေကို ပုတ်ခတ်သွင့်ပစ်လိုက်မှာစိုး၍ နောက်ကိုဆုတ်ထားသည်။

ကသစ်ဖြူက မျက်စောင်းဝင့်ကာ

''ဘာအနိုင်ကျင့်ဦးမလို့လဲ၊ ဒီတစ်ခါသည်းမခံဘူးနော်''

''မဟုတ်ပါဘူး။ မင်းပြောနေတာတွေ မဟုတ်ဘူးဆိုတာ ရှင်းပြမလို့ပါ''

''ဆင်ကောင်လုံးမြင်နေတာကို ဆိတ်ပါလို့ ပြောချင်သေးလို့လား။ ဆင်သေကို ဆိတ်ရေနဲ့ဖုံးလို့မရဘူး ထင်ရှား၊ အကောင်အထည်ကြီးပေါ်နေမှ ရှင်က ဘာကိုရှင်းပြနေမှာလဲ၊ လာပြီးအပိုတွေမလုပ်နဲ့''

''ဘာပဲဖြစ်ဖြစ် ငါပြောတာကိုယုံပေးဦးမှပေါ့ ကသစ်ဖြူ၊ ဖြစ်လာသမျှတွေမှာ အကျိုးအကြောင်းဆိုတာရှိသေးတယ်''

''အဲဒီအကျိုးအကြောင်းရှင်းပြတော့ရော ဘာထူးမှာမို့လဲ၊ တော်ပါပြီဟာ''

ကသစ်ဖြူက ထမင်းပန်းကန်လေးကိုင်ကာ ဦးသံလုံးတို့ပျဉ်ထောင်အိမ်လေးပေါ်က ပြေးဆင်းသွားသည်။ သူ့ကိုတကယ်ရွံမုန်းသွားတာ သေချာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ခွင့်မလွှတ်နိုင်သည့်အမှားကို သူကျူးလွန်နေမိတာပါလား။ သူကရော သူမအထင်မလွဲအောင် ဘာကြောင့်အသည်းအသန်ရှင်းပြ ချင်ရတာလဲ။

သူခေါင်းခါယမ်း၍ ဦးသံလုံးတို့အိမ်လေးပေါ်တက်လိုက်သည်။ ဦးသံလုံးက ပျာပျာသလဲ ထမင်းဝိုင်းကနေထရစ်၍

"ထိုင်ခုံပေါ်မှာထိုင်ပါ သခင်လေး"

"ရပါတယ်၊ ကျွန်တော်ဒီမှာပဲ ထိုင်လိုက်မယ်၊ ဒါနဲ့ဖိုးလုံးက ဘယ်အချိန်လောက်မှလာဆောင်ချင်တာလဲ"

"အင်း. . . သူတို့ဆွဲ့အနားမကြားကျောင်းကဆရာတွေ လူကြီး တွေနဲ့တော့ ပြောပြီးသွားပါပြီ ဒီမှာက သခင်လေးကိုမပြောရသေးတာနဲ့"

"ဪ. . . ကျွန်တော်က လူကြီးမိဘမှမဟုတ်တာ၊ ခြံထဲမှာလုပ် မယ်ဆိုလုပ်ပါ၊ ကုန်ကျစရိတ်တာဝန်ယူဖို့ ဒယ်ဒီကဆန္ဒရှိခဲ့တယ်မဟုတ် လား။ ကျွန်တော်အားလုံးပေးပါ့မယ်"

"သ. . . သခင်လေး"

"အဘား"

ဖိုးလုံးက ကျေးဇူးတင်ကြောင်းပြော၏။ ဦးသံလုံးက ထင်ရှားရဲ့ ပျော့ပျောင်းညင်သာသွားသော ပြောင်းလဲမှုကိုအံ့သြနေသည်။

"ခြံထဲမှာလုပ်တယ်ဆိုပေမယ့် ခမ်းခမ်းနားနားလေးလုပ်ပေး လိုက်ပါ၊ ဆွဲ့အနားမကြားကျောင်းကလူတွေကိုလည်း အကုန်ဖိတ်ပေး လိုက်ပါ၊ အစားအသောက် ကုန်ကျစရိတ်နောက်ဆံမတင်နဲ့၊ ဒီခြံထဲမှာ နေတဲ့လူတွေအတွက် ဒယ်ဒီ့လိုပဲ ကျွန်တော့်မှာလည်း တာဝန်ရှိတာပဲ"

"ဟုတ်ကဲ့. . . ဟုတ်ကဲ့ သခင်လေး ကျေးဇူးတင်ပါတယ်ဗျာ"

"အဘား. . . အဘားဘား"

"ဖိုးလုံး. . . မင်းပြောတာ ငါနားမလည်ဘူး။ ငါ့ကိုကျေးဇူးတင် ဘယ်ပြောတာလား"

ဖိုးလုံးက ခေါင်းယမ်းသည်။ ဦးသံလုံးကပြန်မေးပြီးမှ

"အေမီက မကောင်းဘူးတဲ့၊ ကသစ်ဖြူကိုလက်ထပ်ပါလို့ ပြော တာ"

"ဪ. . . အေး မင်းအောင်သွယ်ပေးလေ"

"အဘား. . . အဘား"

ဖိုးလုံးက ခေါင်းတဆတ်ဆတ်ညိတ်ပြီး အောင်သွယ်ပေးမည်ဟု ဆိုသည့်သဘောဖြင့် လက်မထောင်ပြ၏။ စိတ်ထားကောင်းကြသည်မို့ စကားပြောရတာ ကြည်နူးစရာလေးပါ။ ဒါကြောင့် ပူလောင်မှုကင်းသော ဒီနေရာလေးကို ကသစ်ဖြူ ပြေးပြေးလာတာဖြစ်မည်။ ကိုယ်ကတော့ ရွှေအနှင့်တောင် တရုန်းရုန်းပွတ်သီးပွတ်သပ်နေချင်သည်ဆိုပြီး ကသစ်ဖြူ ကို အထင်သေးခဲ့တာပါ။ ဖိုးလုံးက သူ့ဘဝလေးနှင့်သူ ပျော်ရွှင်ရပေတော့ မည်။ ငါလည်း ပျော်ချင်ပါတယ်၊ စိတ်ချမ်းသာချင်ပါတယ် ကသစ်ဖြူ။ ဒါပေမဲ့ မင်းအနားမှာ ဇော်မင်းနဲ့ အောင်မျိုးသူက ဝန်းရံထားတယ်။

ဥပေက္ခာတွေနဲ့ ကန့်ထုတ်ခံနေရတဲ့ ငါက မင်းအနားကို ဘယ် လိုချဉ်းကပ်ရတော့မလဲ။ မာနတွေက အရှေ့ပျော်လုလုပါ ကသစ်ဖြူ။

***

www.burmeseclassic.com

# အခန်း (၃၇)

ရွှေအဖိုးလုံးနှင့် နားမကြားဘဲ စကားထစ်သူချိုချိုဦးတို့နှစ်ယောက်ရဲ့ မင်္ဂလာပွဲက စည်ကားသိုက်မြိုက်ခမ်းနားလှသည်။ အော်သူအော် ပြောသူပြော စားသူစားနှင့် ဆွံ့အနားမကြား ကျောင်းကညွှန်သည်တော်တွေအားလုံး ပျော်ရွှင်နေကြသည်။

နားမကြားသူနှင့် ဆွံ့အသူက တစ်ယောက်တစ်လှည့် မင်္ဂလာကျေးဇူးတင်စကားပြောကြတာလည်း ကြားရသူအပေါင်း ရယ်ရွှင်ကြည်နူးဖွယ်ပင်။ မျက်မမြင်ကျောင်းက ညွှန်သည်တော်ကြီးက ကလေးတွေကို ဒီလိုခမ်းခမ်းနားနား မင်္ဂလာဆောင်ပေးတာ ကျေးဇူးတင်ကြောင်း အတန်းအစားမခွဲခြားတဲ့ လူပီသခြင်းဖြစ်ကြောင်း စင်ပေါ်တက်ပြောပေးသည့်အခါမှာ ညွှန်ပရိသတ်တွေကို ကျောခိုင်းထား၍ အားလုံးရယ်မောပျော်ရွှင်ကြရပြန်သည်။

ထိုအဖြစ်အပျက်တွေကို ကသစ်ဖြူက ဝီတိတွေဖြင့် ကြည်နူးစွာကြည့်ရင်း မျက်ရည်ဝဲလို့ပါ။

ကသစ်ဖြူလှုပ်ရှားသမျှကိုတော့ ထင်ရှားက တခြားသူတွေသတိမထားမိအောင် ခပ်တည်တည်ချောင်းမြောင်းကြည့်ရှုလျက်ရှိသည်။ ဖော်မင်းနှင့် ကြီးကြီးက မြင်သွားလျှင် သူမဟုတ်သလို မျက်နှာလွှဲသွား



တတ်သည်။

ကသစ်ဖြူ ဖိတ်ထားသော အောင်မျိုးသူက ကသစ်ဖြူအနားကားလာပြောသည့်အခါမှာတော့၊ ထင်ရှားဘယ်သူ့ကို စိတ်တိုပေါက်ကွဲရမှန်းမသိဘဲ အံတကြိတ်ကြိတ်ဖြစ်နေလေသည်။

"ကိုအောင် ထိုင်ပါဦးနော်၊ ကျွန်မ စားစရာတွေယူလာပေးပါ့မယ်"

"အစားအသောက်ကအရေးမကြီးပါဘူး ကသစ်ရယ်၊ ဒီတစ်ပတ်နှစ်ရက် မင်္ဂလာဆောင်အတွက် အလုပ်ရှုပ်ပြီး ကသစ် ခွင့်ယူထားတော့၊ ကသစ်ကိုမတွေ့ရလို့ ကိုယ်သတိရနေတာ၊ ကသစ်က ကိုယ့်ဖုန်းဆက်တာတောင် မကိုင်နိုင်အောင် မအားမလပ် ပင်ပန်းနေတာလား"

"ဟုတ်တယ်၊ ဝတ်စုံကိစ္စကစပြီး အစစအရာရာ စီစဉ်ပေးနေရတာလေ၊ သူတို့ကိုလုပ်ကိုင်ပေးမယ့်သူမှ မရှိတာ၊ ဒီလိုလေးဖြစ်သွားတာ အကယ်ကြည်နူးမိတယ်"

ကသစ်ဖြူတို့ စကားပြောနေသည့်ဝိုင်းကို ဖိုးလုံးတို့မင်္ဂလာမောင်နှံလာပြီး ညွှန်ခံကြသည်။

"အဘား ဘား"

"သူဘာပြောတာလဲ ကသစ်"

"လာပြီး အားပေးတာကျေးဇူးတင်ပါတယ်တဲ့၊ ဖြည်းဖြည်းမှပြန်ပါတဲ့"

"သြော်. . ဟုတ်ပါပြီ၊ ဟုတ်ပါပြီ ကိုဖိုးလုံး"

အောင်မျိုးသူက ကသစ်ဖြူ မျက်နှာကြောင့် ဖော်ရွေစွာပင်ပြန်ပြောသည်။ ချိုချိုဦးကလည်း ခေါင်းလေးကိုရိုကျိုးစွာ ညိတ်ကာနှုတ်ဆက်၍ . . .

"ကောင်း. . ကောင်း. . ကောင်းကောင်းသုံး. . သုံးဆောင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ရှင်၊ လို့ . . လို့ . . လိုအပ်တာရှိ . . ရှိရင်ပြောပါ၊ ကျ . . ကျ . . ကျွန်မ
ကို . . အ . အ . . အခုလို . . လိုလာ . . အား . . အားပေးတာ . .
ကျေး . ကျေး . . ကျေးဇူး . . တင် . . တင်ပါတယ်''

''ဟုတ် . . . ဟုတ် . . ဟုတ်ကဲ့ပါ ခင်ဗျာ''

ချီချီဦးဦးပြောမှ အောင်မျိုးသူရောယောင်ပြီး စကားတွေထစ်ကု
သည်။ ထိုအဖြစ်ကို ချောင်းကြည့်နေသော ထင်ရှားက လှောင်သ
ရယ်၏။ ဇော်မင်းက ထင်ရှားကိုကြည့်ကာ ပခုံးတွန့်ပြီး ပြုံးနေသည်
ဘယ်လိုအထာဆိုတာ သဘောပေါက်နေလို့ပါ။

''သြော် . . ကသစ် ဒီမှာကိုအောင်မျိုးသူအတွက် ကျွန်တော်
စားစရာတွေယူလာတယ် သုံးဆောင်ပါဦး''

''ကျေးဇူးပဲ ကိုဇော်မင်း''

''ဖိုးလုံး ဟိုမှာထင်ရှားရဲ့ညီမသည် အေမီလာနေတယ် သွား
ပြီး ညှော်ခံလိုက်ပါဦး''

''ဟင်''

အေမီက ထင်ရှားဆီကို တည့်တည့်မတ်မတ်လျှောက်သွား
သည်။ ထင်ရှားက ကသစ်ဖြူကိုလှမ်းကြည့်ပြီး မလုံမလဲနှင့်ပါ။ ကသစ်
ဖြူ မျက်နှာလွှဲသွားပြီး အောင်မျိုးသူနှင့် စကားတွေဖောင်ဖွဲ့အောင်ပြော
နေသည်။

''အေ . . အေမီ ဒီခြံထဲမှာ မင်္ဂလာဆောင်ရှိတာ နင်ဘယ်လို
လုပ်သိတာလဲ''

''နင်မဖိတ်ပေမယ့် ဖိတ်တဲ့သူရှိလို့လာတာပေါ့ဟယ်၊ ငါ့လို
မိတ်ဆွေရင်းကို နင်ကချန်ထားခဲ့ချင်လို့လား''

''မ . . မဟုတ်ပါဘူး၊ ငါ့ပွဲမှမဟုတ်တာ''

''ဘာဖြစ်ဖြစ်လေ၊ နင်နဲ့ပတ်သက်လို့ နင့်ခြံထဲမှာလုပ်တာ ငါ့





ဖိတ်သင့်တာပေါ့၊ ဘာလဲ ဟိုကိစ္စအတွက် ငါ့ကိုစိတ်ဆိုးမပြေသေးဘူး
လား''

''အေး . . အဲဒီကိစ္စကို နင်ဘယ်လိုရှင်းပြရှင်းမှာလဲ၊ ငါသိပ်မစောင့်
နိုင်ဘူးနော်''

''နင်ကလည်း ငါရှိုးပွဲတစ်ခုလျှောက်ရဦးမှာပါ၊ အဲဒီအချိန်ကျ
ရင်တာဗျူးရင် ငါသေချာရှင်းပေးပါ့မယ်၊ နင်က သူငယ်ချင်းပါ၊ စနောက်
လိုက်တာပါလို့ မီဒီယာတွေရှေ့မှာပြောလိုက်ရင် နောက်နေ့နင်လိုချင်တဲ့
သတင်းပါလာမှာပါ စိတ်ချ''

''ပြီးရောလေ၊ ကဲ . . ရောက်လက်စနဲ့စားသွားဦး''

အစားအသောက်တွေက ဟိုတယ်ကမှာတာမို့ စားပွဲထိုးတွေ
လက်ထဲက စားစရာတွေကို အေမီရှေ့ထိုးပေးလိုက်သည်။

''စားပါ . . ဟိုတယ်ကမှာတာ''

''နင်ရောစားပြီးပြီလား''

''မပြီးသေးဘူး၊ မဆာလို့မစားသေးတာ''

''အဲဒါဆိုတစ်ခါတည်းထိုင်စားလေ ထိုင်''

''မထိုင်ဘူး၊ မ . . မဆာသေးဘူး''

''နင်နော် . . နင့်ပါးစပ်ထဲ ငါခွံ့ကျွေးရမှာလားပြော၊ နင့်ဘာသာ
စားရင်၊ ငါခွံ့ကျွေးတာ စားချင်လို့လို့ အောက်မေ့လိုက်မယ်နော်''

''အာ . . အေမီကလည်း''

အေမီ ဖွတ်တရွတ်လုပ်မှာစိုး၍ စားပွဲဝိုင်းတစ်ဝိုင်းတည်း ထိုင်
လိုက်ရသည်။ ထိုအချိန်မှာ ဖိုးလုံးတို့နှစ်ယောက်ရောက်လာကြ၏။

''အဘာ . . ဘား''

''သုံး . . သုံး . . သုံးဆောင်ပါ . . ပါရှင့်''

''ကျေး . . ကျေးဇူးတင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



အေမိပင် စကားတွေထစ်နေသည်။ ထင်ရှားမှာ ရယ်ချင်[...] မည့် မရယ်နိုင်ပါ။ အောင်မျိုးသူနှင့် ကသစ်ဖြူတို့ စကားတွေဖော[...] ရယ်မောနေတာကိုပဲ မျက်လုံးအကြည့်တို့ရောက်သွားလျက် စိတ်နှင့် ကိုယ် မကပ်ဖြစ်နေရသည်။

"အဘား...အဘား"

ဖိုးလုံးက ကသစ်ဖြူနဲ့ သွားစားပါလားဟုပြောနေသော်လည်[...] ထင်ရှားက နားမလည်ပေ။ အေမိက အားမလိုအားမရဖြစ်ကာ သ[...] သမီးကိုလက်တို့၍

"သူဘာပြောတာလဲ"

"က...က...ကသစ်ဖြူ...ဖြူနဲ့ အ...အ...အတူစား[...] လား။ ဘာ...ဘာလို့...အေ...အေမိနဲ့ စား...စားနေတာ...တ[...] လဲလို့...ပြော...ပြောတာ"

"အောင်...အောင်မာ...ရွှေ...ရွှေအက သူ့...သူ့လူဘာ[...] ပြော် ဒီပါးစပ်ကလည်း ရွှေအမျက်နာလိုက်တယ်...ကဲ...သွား...[...] နားက သွားတော့"

အေမိက အားမနာစွာပင် ဖိုးလုံးတို့ကိုနှင်လွှတ်သည်။ ထင်ရှ[...] စိတ်တိုသွားကာ

"သူတို့ကိုဘာလို့ အဲလိုပြောရတာလဲ အေမိ"

"ရွှေအက လူပါးဝလို့လေ၊ နင့်ကိုငါနဲ့အတူ ထိုင်စားနေတာ ကို မကြိုက်လို့ပြောသွားတာ နင်မကြားဘူးလား"

"မကြားပါဘူး။ သူ အဘား အဘားပဲအော်နေတာ၊ သူပြော[...] တာ နားမှမလည်တာ"

"ဒါဆို သူ့မိန်းမအထစ်က အပိုလုပ်ပြီး စကားပြန်သွားတာ ပေါ့"





"မသိဘူးကွာ၊ နင်က ငါမဖိတ်ဘဲနဲ့လာပြီး ပြဿနာတွေ ကျွေး[...]တယ်၊ ဒီမှာအာရုံတွေနောက်နေပြီ"

ထင်ရှားလည်း အားမနာနိုင်ဘဲ ပြောပစ်လိုက်သည်။ ကသစ်[...]နှင့် အောင်မျိုးသူကိုကြည့်ပြီး ရင်ထဲကျလိကျလိ ကလိကလိ နေမထိ [...]ထိုင်မသာဖြစ်နေရလို့ပါ။

တို့ကာထိကာ ရယ်ကာမောကာဖြင့် ပတ်ဝန်းကျင်ကိုတောင် [...]လျော့နေကြဟန်ရှိသည်။

"ထင်ရှား ဘယ်လဲ"

"ဟို...ဧည့်သည်တွေ"

"ထိုင်စမ်းပါဟယ် နင်ကလည်း မရိုးမရွနဲ့ ဘာဖြစ်နေမှန်း [...]သိဘူး"

အေမိက ထင်ရှားလက်ကို ဖွတ်အတင်းဆွဲကာ ထိုင်ခိုင်းသည်။ [...]သစ်အထင်လွဲမှာစိုး၍ အေမိ့လက်ကို ဆတ်ခနဲပုတ်ချလိုက်သည်။

"ငါ့ကို အဲလိုတွေမလုပ်နဲ့"

"နင်က ဘာအကဲပိုနေတာလဲ"

"ဂျာနယ်ယော်ကကီစွနဲ့ အားလုံးရဲ့မျက်လုံးက ငါတို့ဆီရောက်[...]တယ်၊ ငါထပ်ပြီး အထင်လွဲမခံနိုင်ဘူး"

"ထင်ရှား နင်တကယ်ပဲနော်"

"ဘာလဲ"

"ငါ့ကို ဒီလောက်ခါးခါးသီးသီးဖြစ်ရအောင် ငါကနူနေရွဲနေလို့ [...] ဟဲ့...ထင်ရှား၊ ငါပြောတာရော ကြားရဲ့လား"

"ဟင်...ဘာပြောတာလဲ"

အောင်မျိုးသူနှင့် ကသစ်ဖြူ ထရပ်လိုက်သည့်အချိန်မှာ သူ့စိတ်[...]ဘွ လှုပ်ရှားသွားတာမို့ အေမိပြောတာကို အာရုံမရောက်လိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့် အောင်မျိုးသူပြန်တာကို ကသစ်ဖြူက ကား[illegible]
အထိ လိုက်ပို့ရတာလဲ။ ပြီးတော့ အကြာကြီး။

တော်တော်နှင့် ပြန်မလာသေးတာမို့ အေမီကိုထားပြီး သူ[illegible]
လာခဲ့သည်။ ကသစ်ဖြူက အောင်မျိုးသူကားလေးလိမ့်ထွက်သွားသ[illegible]
တိုင်အောင် လက်ပြလို့ကောင်းနေဆဲပါ။

"မင်းတော်တော်လေး အသည်းပိုနေတယ်ပေါ့၊ တစ်ခါတ[illegible]
လိုက်သွားပါလား"

"ဟင်. . . ရှင်ဘာပြောတာလဲ"

ထင်ရှားအနားရောက်လာပြီး ပြောလိုက်တာကြောင့် ကသ[illegible]
လန့်ဖျပ်သွားသည်။ ထင်ရှားပုံစံက မထီတရီပါ။

"ကြည်နူးနေတာ မြင်မကောင်းလို့ပါ၊ ပတ်ဝန်းကျင်က မ[illegible]
နှစ်ယောက်ကို ဘယ်လိုထင်မလဲ"

"အဲဒါ ရှင်နဲ့ ဘာဆိုင်လို့လဲ"

"ဘာ"

"ကျွန်မတို့ကြည်နူးတာက ဂျာနယ်စာမျက်နှာပေါ်ထိ တက်[illegible]
တစ်တိုင်းပြည်လုံး သိအောင်ကြော်ငြာနေတာမျိုးမဟုတ်ဘူး၊ လူကြီး[illegible]
ကောင်းမို့ လူရှိသေရှင်ရှိသေညှိခံရုံပဲ"

"ဟား. . . လူ့ကွယ်ရာမှာဆို ဒီထက်ပိုဆိုးလိမ့်မယ်ထင်တ[illegible]
ဘယ်ကျားက ဥပုသ်စောင့်တယ်လို့ မင်းကြားဖူးလို့လဲ"

"အဲဒီ ဥပုသ်မစောင့်တတ်တဲ့ကျားကို ရှင်ပဲမွေးထားတာ"

"ဘာ. . . ငါက"

"ဟုတ်တယ်လေ၊ ရှင်မွေးတဲ့ကျားက ကျွန်မကို ရည်းစားစ[illegible]
ပြောတယ်၊ အဲဒီဖော်မင်းထက်စာရင် အောင်မျိုးသူလိုလူမျိုးက ကျွ[illegible]
အတွက် ပိုသင့်တော်တယ်၊ ပိုတင့်တယ်တယ်"



"ဒါဆို မင်းက"

"အောင်မျိုးသူကို လက်ခံရုံပဲရှိတာပေါ့၊ ရှင်က ကျွန်မကို
[illegible]ကျော်ဂျုံးတစ်ယောက်ယောက်နဲ့ အမြန်ဆုံးရသွားစေချင်နေတာမဟုတ်
[illegible] ဒါမှ ရှင်အမွေတွေရမှာလေ၊ စိတ်ချ. . . သတ်မှတ်ထားတဲ့ တစ်နှစ်
[illegible]ခင် ကျွန်မလက်ထပ်ဖြစ်အောင် လက်ထပ်မယ်၊ ပြီးရင် ဒီအိမ်က
[illegible]ထွက်သွားမယ်၊ ရှင့်ပိုင်ဆိုင်မှုတွေ မက်မောလို့ အခုချိန်ထိတွယ်ကပ်
[illegible]တယ်လို့ မထင်နဲ့"

"ဟာ. . . ကသစ်ဖြူ"

ခြေဆောင့်ကာ ထွက်သွားသော ကသစ်ဖြူနောက်ကို သူပြေး
[illegible]ချင်လှသည်။ ဒါပေမဲ့ ပတ်ဝန်းကျင်ကြောင့် သူ့ခြေလှမ်းတွေ တုံ့ဆိုင်း
[illegible]ရ၏။

မင်းပြောချင်တာတွေချည်းပြောလို့ မဖြစ်ဘူး ကသစ်ဖြူ။ ငါ့မှာ
[illegible]ည်း ပြောစရာတွေရှိနေတယ်။ ငါ့ရင်တွေ ဗလောင်ဆူနေတယ်။
ငါ့ဝေဒနာတွေကို ဘယ်သူက သနားသဖြင့် စာနာပေးလို့လဲ
[illegible]သစ်ဖြူ. . .။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

သူတစ်ယောက်တည်း ကြေကွဲနေရသည်။ ကသစ်ဖြူရဲ့ဥပေ
တွေကြောင့်ပါ။ သူကပဲ မှားယွင်းနေသလား။

ဥပုသ်မစောင့်သောကျားကို သူခေါ်လာတာတဲ့။ ဇော်မင်း ငါး
ထို။ ဒီကောင့်ကို ခေါ်ထားမိတာမှားသည်။ ကသစ်ဖြူကို ရည်း
စကားပြောဖို့ မြောက်ပင့်ပေးခဲ့မိတာလည်း အမှားကြီးမှား၏။ သူ
ကြောင့် ဟိုအရင်က ဒီစိတ်တွေဝင်ခဲ့မိတာလဲ။

မင်းမုန်းစရာကောင်းလို့ အမြင်ကတ်စရာကောင်းလို့ နာကြည်
မှုတွေနဲ့ ဒီလိုလုပ်ခဲ့တာပါ။

အခုမှ ငါ့စိတ်တွေက ထိန်းချုပ်လို့မရအောင်ပြောင်းလဲလာတာ
အချစ်ဆိုတာ သဝန်တိုခြင်း၊ မနာလိုခြင်းက စတာလား။ သူများတွေ
ဦးစားပေးတာ မခံမရပ်နိုင်ဖြစ်ရင်းက ငါမင်းကိုချစ်တတ်လာခဲ့တာ၊ ဒါပေ
ငါလည်း မာနနဲ့ကောင်ပါ။

"ချွမ်"

"အမယ်လေး"

"ဟာ . . ဘာဖြစ်တာလဲ"

အောက်ထပ်က အသံကြောင့် သူခုတင်ပေါ်က လူးလဲထထိုင်



ိုက်မိသည်။ ဒါကသစ်ဖြူအသံ။

ဘာဖြစ်တာလဲ။ နာနာကျင်ကျင်ဖြစ်သွားလို့ စူးစူးရှရှအော်
ိုက်တာ။ သူ့အခန်းတံခါးကိုဖွင့်ကာ အပေါ်ထပ်လှေကားထစ်တွေအတိုင်း
ပြေးဆင်းလာခဲ့သည်။

"သမီးလေး သွေးတွေအများကြီးကွယ်၊ လက်ကလေးတော်
တော်ကွဲသွားတယ်ထင်တယ်"

"ဖန်ကွဲစရှရုံလေးပါ ကြီးကြီးရဲ့ မများပါဘူး"

"ဒါကြောင့်ပစ္စည်းတွေ မသိမ်းပါနဲ့ဦးလို့ပြောတာပေါ့၊ မင်္ဂလာ
ဆောင်အတွက်က စိတ်ရောလူရော အအိပ်ပျက်အစားပျက်ပင်ပန်းထား
ရတာ၊ မူးမိုက်ပြီး လက်ထဲကဟာတွေလွှတ်ကျသွားတာပေါ့"

"နှမြောလိုက်တာ ကြီးကြီးရယ်"

"နှမြောမနေနဲ့ ဒါတွေက အကုန်ပြန်ဝယ်လို့ရတယ်၊ ကိုယ်လက်
က သွေးကိုတိတ်အောင်လုပ်ဦး။ ကြီးကြီးက သွေးမြင်ရင် ရင်တုန်တယ်"

"ကသစ်ဖြူ လာပါ၊ သွေးတွေကို ဘေစင်မှာဆေးလိုက်ရ
အောင်"

ဇော်မင်းက ကသစ်ဖြူသွေးစက်တွေ အောက်ကိုကျမှာစိုး၍
သူ့လက်နှင့်ခံကာ မီးဖိုခန်းဘက်ခေါ်လာခဲ့သည်။

"လာ ကသစ်ဖြူ။ ရေအေးနဲ့သွေးတိတ်အောင်ဆေးပြီးမှ လက်
ကိုဆေးထည့်ရင်သက်သာမှာပါ"

ဇော်မင်းက ရေဖွင့်ပေးပြီး

"ဒီအတိုင်းထားဦးနော်၊ ကျွန်တော်ဆေးသေတ္တာသွားယူလိုက်
ဦးမယ်"

"ဟုတ်ကဲ့"

ဇော်မင်း မီးဖိုခန်းထဲကထွက်လိုက်သည့်အခါမှာ အခန်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ချောင်းကြည့်နေသော ထင်ရှားနှင့် ဘွားခနဲဆုံလိုက်ရသည်။

"မင်းက ဒီမှာဘာလုပ်နေတာလဲ"

"ဘာမှမလုပ်ပါဘူး၊ ဗိုက်ဆာလို့ တစ်ခုခုစားမလို့လာတာ"

"ဟုတ်လား. . ဒါနဲ့ ဆေးသေတ္တာက ဘယ်မှာထားတာလဲ"

"စတိုခန်းထဲ သွားရှာကြည့်လေ၊ ငါလည်းသေချာမသိဘူး"

လက်ကိုနောက်ပစ်ထားကာ ကသစ်ဖြူရှိသော မီးဖိုခန်းထဲက ဝင်လာခဲ့သည်။ ဆေးသေတ္တာက သူယူခဲ့ပြီးသားပါ။ ဇော်မင်းဆေးသေတ္တာရှာနေချိန်မှာ ကသစ်ဖြူကို ဆေးထည့်ပေးရင်းနှင့် ရင်းနှီးမှုယူ စဉ်းစားထားသည်။

"မင်းကလေ လုပ်လိုက်ရင်နမော်နမဲ့နဲ့၊ လာ. . လက်ပေး ဆေးထည့်ရအောင်၊ ပြီးရင်ဆေးပလတ်စတာလေးကပ်ထားလိုက်"

"ဟင်"

ထင်ရှား ဆေးသေတ္တာကြီးကိုင်ကာ ပြောလိုက်တာကြောင့် ကသစ်ဖြူ အံ့အားသင့်သွားရသည်။ ဇော်မင်းအခုမှ သွားယူသောဆေးသေတ္တာက ထင်ရှားလက်ထဲ ဘယ်လိုလုပ်ရောက်နေရတာလဲ။ သူက ဘယ်လိုသိပြီး ချက်ချင်းဆေးသေတ္တာယူလာရတာလဲ။

"ဒဏ်ရာက မဖြစ်စလောက်ပါ၊ ဆေးတွေဘာတွေ ထည့်စရာမလိုပါဘူး"

"ဘာမလိုပါဘူးလဲ၊ မင်းက ဟိုဟာကိုင် ဒီဟာကိုင်နဲ့အလုပ်တွေလုပ်နေတာ ပိုးဝင်သွားမှာပေါ့၊ လာပါ စေတနာနဲ့လုပ်ပေးတာ"

လက်ကိုဖွတ်ဆွဲပြီး ကသစ်ဖြူမရုန်းနိုင်အောင်ချုပ်၍ ဆေးထည့်ပေးသည်။ ဆေးထည့်ပြီးမှ ပလတ်စတာနှင့် ပတ်တီးလိပ်က မတွေ့။ ပလတ်စတာနှင့် ပတ်တီးလိပ်ကုန်နေတာ သူမသိပါလား။

"မင်းရှာနေတာ ဒါလား"



"ဩော်. . အင်း ကျေးဇူးပဲ"

ဇော်မင်း ပြန်ဝင်လာပြီး ပလတ်စတာနှင့် ပတ်တီးလိပ်ပေးတော့ ထင်ရှား ရှက်ကိုးရှက်ကန်းဖြစ်သွားရသည်။ ဇော်မင်းကို သူကွက်ကျော်လာမိတာ မဟုတ်ပါလား။ ဒါပေမဲ့ သူခပ်တည်တည်ပင် ဇော်မင်းလက်ထဲက ပတ်တီးလိပ်ကိုယူပြီး

"မင်းဆေးသေတ္တာထဲက ညစ်ပတ်ပြီးထုတ်ယူထားတာ မဟုတ်လား"

"မင်း စေတနာစော်ကားတဲ့ကောင်ပဲ၊ အဲဒါတွေကုန်နေလို့ ကဝယ်ပြီး ဆေးသေတ္တာထဲမထည့်ရသေးတာလို့ ကြီးကြီးကပြောပြီး လိုက်တာ၊ မင်းက မွှန်ပြီးသေချာကြည့်မယူဘဲနဲ့"

"ငါက ဘာကိုမွှန်ရမှာလဲ"

"အဲဒါတော့ မင်းကိုယ်မင်းပဲ သိမှာပေါ့၊ ငါတို့က မင်းကိုယ်မင်း ကာက်တော့ သိမလား"

"ဘာမှန်းမသိဘူးကွာ၊ လျှောက်ပြောမနေနဲ့ ကသစ်ဖြူကို မင်း ပတ်တီးစည်းပေးလိုက်တော့"

ထင်ရှား ရှက်ရှက်နှင့် မျက်နှာနီမြန်းကာ အခန်းထဲကထွက်သွားသည်။ ကသစ်ဖြူလည်း ထင်ရှားဆုပ်ကိုင်ဆေးထည့်ပေးသွားသော လက်ကလေးကိုကြည့်၍ ထူထူပူပူကျန်ရစ်ခဲ့သည်။

ဇော်မင်းက ပြုံးစိစိဖြင့်

"ကသစ်ဖြူ ရင်တွေခုန်နေတာလား"

"ဘာကို ရင်ခုန်ရမှာလဲ"

"ဟိုကောင် ကသစ်လက်ကိုကိုင်ပြီး ဆေးထည့်ပေးသွားလို့ လေ"

"အို. . အဲဒါ ရင်ခုန်စရာလား၊ မုန်းလွန်းလို့"

www.burmeseclassic.com



မျက်စောင်းဝင့်ကာပြောလိုက်သော်လည်း မျက်ဝန်းထဲမှ အရောင်တစ်မျိုး လင်းလက်နေသည်ဆိုတာ ဇော်မင်း သတိထားမိလိုက် သည်။ ထင်ရှားနှင့် ကသစ်ဖြူတို့နှစ်ယောက်ဟာ မာနလက်ကျန်ရှေ ကြောင့် ဟန်ဆောင်မှုသိပ်နေကြသည်ဆိုတာ. . .။

***

## အခန်း (၃၉)

"မင်းငါ့ကိုအမှန်အတိုင်း ဝန်ခံသင့်တယ်ထင်တယ်နော် . . . ထင်ရှား"

"ငါက ဘာကိုဝန်ခံရမှာလဲ"

"ကသစ်ဖြူနဲ့ ပတ်သက်တာပေါ့၊ အပြင်ပန်းဆက်ဆံနေတာ တခြား၊ မင်းရင်ထဲရှိနေတဲ့ ဆန္ဒတွေကတခြားဖြစ်နေတယ် မဟုတ်လား"

"မင်း. . . မင်းဘယ်လိုသိတာလဲ"

ဇော်မင်း ဟက်ခနဲလှောင်သလို ရယ်ချသည်။ အရက်ဘီယာ တော့ ကသစ်ဖြူမကြိုက်မှန်းသိ၍ နှစ်ယောက်လုံးမသောက်ကြတော့ ပါ။ ဒါလည်း မသောက်တော့ဘူးကွာလို့ တိုင်ပင်ထားတာမဟုတ်ဘဲ၊ ဆိုင်ရောက်လာတာတောင် မမှာဖြစ်ကြတာပါ။

အာသာဖြေအနေနှင့် ကုတ်တစ္ဘူးဆီ မှာထားသော်လည်း မသောက်ဖြစ်ကြသေး။

ထင်ရှားရှက်ရမ်းရမ်းလျက်

"မင်းက ဘာရယ်တာလဲ"

"မင်းမေးတာ ငါမဖြေသေးဘူး၊ ငါသိချင်တာ မင်းကိုမေးမယ်၊ မင်းဘာလို့ ကသစ်ဖြူကိုကြိုက်ဖို့ ငါ့ကိုမြှောက်ပင့်ပေးခဲ့တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ဟို"

"ယောကျ်ားချင်းပဲ ပွင့်လင်းစမ်းပါကွာ"

"ဒယ်ဒီက သူနဲ့လက်ထပ်ဖို့ မသေခင်စီစဉ်ခဲ့တယ်၊ ငါပြန်ရောက်ပြီး တစ်နှစ်အတွင်း လက်ထပ်ရမယ်၊ ကလေးတစ်ယောက်ရမှ ရပိုင်ခွင့်တွေအားလုံး ငါလွှဲယူလို့ရမယ်"

"ဟ . . . အဲလိုလား၊ ကသစ်ဖြူကိုတော့ ဘာမှမပေးဘူးလား"

"ပေးသင့်သလောက် သူ့နာမည်နဲ့ပေးထားတယ်၊ ဒါပေမဲ့ ကသစ်ဖြူက မယူဘူး၊ မယူဘူးဆိုတာက သူ မသုံးဘူးပြောတာ၊ ငွေသားတွေ ဘဏ်မှာအပ်ထားတယ်၊ ငါနဲ့လက်မထပ်ရင် သူ့ရပိုင်ခွင့်လေးရှိအောင်ပေါ့၊ သူကငြင်းလို့မရလို့ လက်ခံထားပေမယ့် အဲဒီဘဏ်တိုးရသမျှ ပရဟိတအလှူအတန်းလုပ်ပစ်တာ"

"သူ့စိတ်ကူးကောင်းသားပဲ၊ ဒါပေမဲ့ လောဘမရှိတာတော့ ငါယုံသွားပြီ၊ သူသာလောဘရှိရင် မင်းကိုတွယ်ကပ်ပြီး လက်ထပ်ရအောင်ဆွဲဆောင်တော့မှာပေါ့၊ အခုက သူ့အာရုံထဲမှာ မင်းကိုမရှိတာ"

"အဲဒါကြောင့်လည်း ငါ့စိတ်တွေပြောင်းလာတာလို့ ငါထင်တယ်၊ သူလောဘမရှိဘူးဆိုတာရယ်၊ ငါ့ကိုဂရုမစိုက်တာရယ်၊ ငါက မင်းကို ဖြောက်ပင့်ပေးတာ သိသိကြီးနဲ့ မင်းရှေ့ဆက်မတိုးအောင် မေတ္တာနဲ့ ထိန်းချုပ်နိုင်တာရယ်"

"ပြီးတော့ . . ဆက်ပြောလေ ဘာလို့ရပ်သွားတာလဲ"

ထင်ရှား စကားလုံးတွေ တိုးလိုးတန်းလန်းဖြစ်သွားတာကို ဇော်မင်းအားမရသလိုမေးသည်၊ ထင်ရှားက သက်ပြင်းတွေကို မချတတ်ချတတ်ချရင်းနှင့် . . .

"လူတစ်ယောက်ရဲ့ ဥပေက္ခာက တော်တော်ရူးတယ်ကွ၊ အောင်မျိုးသူနဲ့ မင်းအပေါ်ဂရုစိုက်ပြီး ငါ့ကိုဥပေက္ခာပြုတာကို ငါမခံစားနိုင်ဘူး



ငါက ငါဥပေက္ခာပြုတာ မတူမတန်သလို ဆက်ဆံတာကိုပဲ သူ့ကိုခံရစေချင်တာ"

"မင်းစိတ်ပုပ်တာ၊ ယောကျ်ားမဆန်တာဘဲ၊ ငါလည်း သူ့နေရာမှာဆိုတဲ့ ကိုယ်ချင်းစာစိတ်မျိုးရှိသင့်တယ်"

"ငယ်ငယ်ကတည်းက အဲဒီစိတ်မျိုးမရှိခဲ့လို့ ငါတောက်လျှောက်မှားလာခဲ့တာပေါ့ကွာ၊ ငါအာဃာတတွေထားခဲ့တာကြောင့် ဒယ်ဒီ့နောက်ဆုံးချိန်ကိုတောင် ငါရောက်မလာခဲ့ဘူး၊ ရောက်လာချိန်မှာလည်း ဒယ်ဒီနောက်ဆုံးဆန္ဒတွေကို အခုချိန်ထိဖြည့်ဆည်းမပေးမိသေးဘူး၊ ငါက ကျေးဇူးကန်းခဲ့တဲ့ သားမိုက်ပါ"

"မင်း နောက်မကျသေးပါဘူး"

"ဘာ"

"အခုချိန်မှာ ကသစ်ဖြူကို မင်းလက်ထပ်ဖို့ကြိုးစားလိုက်ရင်၊ မင်းရင်ထဲက အစစ်အမှန်လည်းဖြစ်မယ်၊ မင်းဒယ်ဒီဆန္ဒကိုဖြည့်ဆည်းရာလည်း ရောက်တယ်၊ ဟုတ်တယ် မဟုတ်လား"

"ဇော်မင်း"

"ဘာလဲ"

"မင်းငါ့ကို တကယ်အားပေးနေတာလား၊ မင်းက ကသစ်ဖြူကို ချစ်ခွင့်ပန်ပြီးပြီဆို၊ အောင်မျိုးသူထက်နောက်မကျအောင်"

"အဲဒါကြောင့် မင်းက ငါ့ထက်နောက်မကျအောင် ကသစ်ဖြူကို ဆေးသေတ္တာယူပြီး ဂရုစိုက်ပြတာလား"

"အာ"

ထင်ရှား မျက်နှာနီနီဖြင့် မလုံမလဲရက်သွားလေသည်။ သူ့ကိုယ်သူ ဣန္ဒြေရပြီး လုံလုပြီထင်နေတာပါ။ ဘေးလူတွေရိပ်မိလောက်အောင် သူဣန္ဒြေမရ ဖြစ်နေခဲ့သည်လား။ ဇော်မင်းက သူ့ပခုံးကိုပုတ်ပြီး

www.burmeseclassic.com



"မင်းက မဟုတ်တဲ့နေရာမှာ မာနကြီးနေတာ၊ ကသစ်ဖြူက ပေါင်းသင်းဆက်ဆံရခက်တဲ့ မိန်းကလေးမဟုတ်ပါဘူး၊ ပြေပြေလည် လည်ဆက်ဆံတဲ့သူကို မချေမငံမလုပ်ဘူး။ ငါ့ကိုပဲကြည့်လေ၊ မင်းမြှောက် ပင့်ပေးထားတဲ့သူ၊ ရှင်းရှင်းပြောရရင် အိမ်ပေါ်တက်စော်ကားတာနဲ့ အရ တူပဲ၊ ဒါပေမဲ့ သူက ပညာတတ်စိတ်သဘောထားပြည့်ဝသူပီပီ၊ ရန်တွေ့ တာ ရန်စောင်တာမလုပ်ဘူး။ မြင့်မြတ်မှုနဲ့ ထိန်းချုပ်တယ်၊ သွေးအေး အေးနဲ့ သူ့ဘက်ပါအောင် သူ့ဆန္ဒအတိုင်းဖြစ်အောင် သိမ်းသွင်းတယ်"

"မင်း. . . မင်းကို သူဘယ်အချိန်အဖြေပေးမယ်ပြောလဲ"

"ငါသူ့ကိုရည်းစားစကားပြောလိုက်ပြီ၊ ချစ်တယ်လို့ ပြောလိုက် ပြီဆိုတဲ့ စကားကို မင်းယုံတယ်ပေါ့"

"ဒါဆို. . . မင်း"

"မပြောရသေးဘူး၊ ပြောဖို့လည်း ရည်ရွယ်ချက်မရှိဘူး"

"ဘာ"

"အောင်မျိုးသူလိုလူမျိုးကိုတောင် မစဉ်းစားသေးဘူးလို့ ပြော ထားတဲ့သူက ငါ့လိုကောင်မျိုးကို အချိန်ပေးစဉ်းစားမှာတဲ့လား"

"အောင်မျိုးသူနဲ့ရော ဟိုလိုဒီလို ပတ်သက်မှုမရှိသေးဘူးလို့ မင်းပြောချင်တာလား"

"အင်း. . . အဲဒါဘာကြောင့်လို့ မင်းထင်လဲ"

ထင်ရှား နားမလည်နိုင်စွာဘဲ ခေါင်းယမ်းလိုက်သည်။ တကယ် ကို မသိလို့ပါ။ ဒီလောက်ရင်းနှီးပတ်သက်မှုရှိနေတာ ချစ်သူတွေမဖြစ် ကြသေးဘူးဆိုတာ ဟုတ်နိုင်ပါ့မလား။ ဇော်မင်းက စကားတွေအများ ကြီးပြောနေရလို့ မောသွားဟန်ဖြင့် ကုတ်ဘူးကိုဖွင့်ဖောက်မော့သောက် ပြီး၊ ကုတ်ဘူးကို စားပွဲပေါ်ပြန်တင်ကာ

"အဲဒါ မင်းကြောင့်"





"ဘာလဲ ငါ့ကြောင့်"

"သူ့မှာ မင်းဒယ်ဒီအပေါ်ပေးထားတဲ့ကတိကြောင့် ဘယ်သူ့ကို မချစ်တတ်အောင်နေခဲ့တယ်၊ မင်းနဲ့လက်မထပ်ဖြစ်လည်း သူချစ်တတ် တာအောင် ကြိုးစားမှာမဟုတ်ဘူးနော်၊ ဒါပေမဲ့ မင်းကိုလက်ထပ်ဖို့လည်း ဘယ်တော့မှ ရေလာမြောင်းပေးလုပ်မှာ မဟုတ်ဘူး"

"အာ. . . ဘယ်လိုကြောင့်"

"မိန်းကလေးတစ်ယောက်ရဲ့မာနနဲ့သိက္ခာကြောင့်ပဲ၊ ယောကျ်ား တစ်ယောက်ကြောင့်၊ ကျေးဇူးတရားကြောင့် မာနကိုတော့ ထိခိုက်ခံမယ့် မိန်းကလေးမျိုးမဟုတ်ဘူး"

"ဟူး"

ထင်ရှား ဒီတစ်ခါမှ လေးလံသောလေပူတွေကို သက်ပြင်းမော တွေနှင့်အတူ မှုတ်ထုတ်မိလိုက်လေသည်။ နှုတ်ခမ်းဖတ်နှိုက် လက်သန်း ထိုက်ကာ ညစ်ပတ်သည့်မိန်းကလေးက ဒီလောက်မာနတရားတွေဖြင့် သိက္ခာရှိနေလိမ့်မည်ဟု မထင်မိ။ ကိုယ်ကပဲ သူမကိုအရင်ပုံစံအတိုင်း မြင်ပြီး အမြင်တွေမပြောင်းနိုင်ခဲ့တာလား။ ငယ်ငယ်က အဖြစ်အပျက်မို့ အမှတ်သည်းခြေကြီးခဲ့မိတာလား။ ဘဝနှင့်အသက်အရွယ်အသိဉာဏ် တွေက ဒီအတိုင်းမဟုတ်ဆိုတာ သူမေ့လျော့နေမိခဲ့တာကတော့ သေချာ သည်။

"ထင်ရှား"

"ဟင်"

"မင်းအေမ့်ကို ရင်ဖွင့်ပြီးပြီမဟုတ်လား"

"ငါက ဘာကိုရင်ဖွင့်လို့လဲ"

"ကသစ်ဖြူကို ချစ်တဲ့အကြောင်း လက်ထပ်မယ့်အကြောင်း လေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက… ဟို… အေးမိတွယ်ကပ်နေမှာစိုးလို့ တမင်တကာ"

"မင်းယောကျ်ားမဟုတ်ဘူးလား"

"ဘာ… ငါကယောကျ်ားမဟုတ်ရင် အခြောက်လား၊ ဂန်[illegible]
လား"

ဇော်မင်းပြောမှ ကန္တကလျှနှင့် ကိုယ့်ပုံစံကိုမြင်ယောင်ကြည့်[illegible]
ကြက်သီးထသွားမိသည်။ တကယ့် မိန်းမလျာအဝတ်အစားများနှင့် ကို[illegible]
ပုံစံက ဘာကိုမှပြတ်ပြတ်သားသား မဆုံးဖြတ်ရဲဘဲ နွဲ့လွန်းနေခဲ့သည်[illegible]

"အဲဒါက ဘာဖြစ်နေတာလဲ"

"ဟင်"

သူ့လက်မောင်းကို ဇော်မင်းဖျတ်ခနဲရိုက်လိုက်မှ စိတ်ကူး[illegible]
အပြင်မှာ သူတကယ်နွဲ့သလိုဖြစ်နေတာကို သတိထားမိသွားလေသည်[illegible]

"ဘာလဲ… မင်းပြောတာနဲ့ ငါ့ကိုယ်ငါခြောက်သွားသလို ခံစာ[illegible]
လိုက်ရလို့"

"အဲဒီအခြောက်တွေကမှ မင်းထက်မြင့်မြတ်ဦးမယ်၊ တကယ်[illegible]
တော့ သူ့ကိုလက်မထပ်ချင်တောင်၊ ငါ့ကိုအိမ်ခေါ်ထားပြီး သူနဲ့ရင်း[illegible]
ပတ်သက်သွားအောင် မလုပ်သင့်ဘူး၊ ကသစ်ဖြူသာ မင်းညီမဖြစ်ခဲ့မယ်[illegible]
ဆိုရင် မင်းတခြားယောကျ်ားနဲ့ငြိစွန်းအောင် အဲလိုလုပ်မှလား"

"ဇော်မင်း"

သူအခုမှ အတွေးပေါက်ကာ ကသစ်ဖြူကို အားနာသွားရသည်[illegible]
ဇော်မင်းပြောသလို သူမကိုလက်မထပ်ချင်တောင် သူဒီလိုမလုပ်ခဲ့သင့်[illegible]

"အေး… ငါမှားတယ်ကွာ၊ အခုမှ ငါတွေးမိတာ၊ ကြီးကြီးပြော[illegible]
ပြတုန်းကအထိ ငါဒီလောက်အထိမှားနေခဲ့မှန်း မသိသေးဘူး၊ အခုမင်းက[illegible]
နမချင်းစာနာဖို့တွေ သတိပေးမှ၊ ငါနောင်တရသွားမိတယ်ကွာ၊ ကသစ်ဖြ[illegible]
အပေါ် ငါတကယ်ဆိုးခဲ့တာပဲ"



"ကိုယ့်ကိုယ်ကိုယ် မှားမှန်းသိရင် ပြင်လို့ရပါတယ်ကွာ၊ ကသစ်
[illegible]က မင်းကိုမမျှော်လင့်ပေမယ့် သစ္စာရှိချင်တဲ့ပုံစံပါ၊ သူ့ကိုလိုချင်သူ
[illegible] ဝိုင်းနေတာတောင် ဘယ်သူ့ကိုမှ စိတ်ဝင်စားမှုမရှိဘူး"

"မင်းအဲလိုတွေပြောပေးနေတာ ငါအံ့ဩတယ်"

"ငါဖွဲ့မရှိတာမဟုတ်ပါဘူး၊ ကိုယ်လိုချင်ပြီဆိုရင် စိတ်ရှည်ရှည်နဲ့
[illegible]ဦးကပ်တတ်ပါတယ်၊ မိန်းကလေးတွေကလည်း စိတ်ရှည်သည်းခံပြီး
[illegible]င်နာတတ်တဲ့ယောကျ်ားလေးတွေဆိုရင် ကြာရှည်မမူနိုင်ဘဲ လက်ခံ
[illegible]က်ကြတာပဲ၊ သူတို့အတွက် အားကိုးရမယ့်ယောကျ်ားဆိုရင် နှလုံး
[illegible]းနဲ့ မတွေးဘဲ ဦးနှောက်နဲ့ ခပ်မြန်မြန်ဆုံးဖြတ်ချက်ချဖို့လည်း ဝန်မလေး
[illegible] ဒါပေမဲ့ ကသစ်ဖြူလို မိန်းကလေးကိုတော့ ငါတစ်သက်လုံးစောင့်
[illegible]လည်း ရဖို့မလွယ်ဘူး"

"ဟ… မင်းလိုကောင်စိတ်လျှော့ရတဲ့ မိန်းကလေးဆိုတာ ရှိ
[illegible]းလို့လား"

ခနဲ့ကာမေးခြင်းကို ဇော်မင်းက မချိုပြုံးပြုံး၏။

ကုတ်ဘူးကိုထပ်မော့သောက်ပြီး စားပွဲပေါ်ဖြစ်သလို ပစ်ချကာ

"အဲဒါကြောင့် ကသစ်ဖြူက တန်ဖိုးရှိတဲ့မိန်းကလေးပါလို့ ငါ
[illegible]ပြောတာပေါ့၊ သူ့ရင်ထဲမှာ သစ္စာတရားတွေရှိနေတယ်၊ သစ္စာပန်းကိုသား
[illegible]ာမဟုတ်ပေမယ့်၊ ဖောက်ပြန်ချင်တဲ့ အတွေးတွေမရှိဘူး၊ ဒါဟာ ကျေးဇူး
[illegible]ရားတစ်ခုတည်းကြောင့်တော့ မဟုတ်ဘူးနော်"

"မင်းဘယ်လောက်ထိ တွေးထားလဲ"

"မာနကခွင့်မပြုပေမယ့် သူ့ရင်ထဲမှာ မင်းရှိချင်ရှိနေနိုင်တယ်
[illegible]ို့ ထင်တယ်"

"ဟင်… တကယ်"

"တကယ်တော့ ဘယ်သိမလဲကွ၊ ထင်တာကိုပြောတာ"

www.burmeseclassic.com



"ဘာဖြစ်ဖြစ် ငါတော့အားရှိသွားပြီကွာ"

"ဝန်ခံတာလား"

"ဘာကိုလဲ"

"အေမီကို ကသစ်ဖြူနဲ့ပတ်သက်တာ ဝန်ခံသလိုမျိုး ဝန်ခံတ
လားလို့"

"အဟင်း. . . အင်း"

ထင်ရှား အခုထိ မာနမကင်းစွာ ရှက်နေဆဲဖြစ်သည်။ ယော
ရမ်းစွာ ကုတ်ဘူးကိုမော့သောက်လိုက်ချိန်မှာ နှာခေါင်းထဲက ပြန်ထွ
လောက်အောင် သီးသွားလေသည်။

"အဟွတ် ဟွတ်"

ဇော်မင်းက ထင်ရှားနောက်ကျောကိုထုပေးရင်းနှင့်

"အေး. . . ချောင်းဆိုးတာရယ်၊ နှာချေတာရယ်၊ ချစ်တတ်
တာရယ်က ဘယ်လိုမှအောင့်ထားလို့မရဘူးတဲ့၊ မင်းအခု ဝန်ခံရမှာစိုး
အောင့်ထားလည်း တစ်နေ့နေ့ မာနတွေခဝါချပြီး ပွင့်အန်ထွက်လာမှာ
အချစ်လောက် ဘယ်ဟာမှအရေးမကြီးဆိုတာမျိုးတောင် ဖြစ်လာ
မယ်၊ ငါ့စောင့်ကြည့်ဦးမယ်သိလား ထင်ရှား"

"ကြည့်ကွာ ကြည့်၊ ငါဝန်မခံတာမှမဟုတ်တာ၊ အဲဒီအချစ်
တာကို ငါ့ပါးစပ်က ပြောရမှာခက်နေတာ"

"ဟ. . . နိုင်ငံခြားမှာ ရည်းစားသုံးယောက်လောက်ထားပြ
မိန်းမကျမ်းကျေလာတဲ့ကောင်က အခုမှဘာမှမသိတဲ့ နုံပြည်စုတ်လို လ
လုပ်နေတယ်"

"အဲဒါတွေက အပျော်တွဲခဲ့တာကွ၊ အလေးအနက်မရှိတဲ့အတွ
ဘာမှမခံစားရဘူး"

"အဟင်း"

ရွှေပြည်သိမ်းစာအုပ်



ကိုယ့်ကိုယ်ကိုယ် ဝန်ခံနေလို့ ဝန်ခံမှန်းမသိသော ထင်ရှားကို
မင်း လှောင်ပြီးတော့သာရယ်လိုက်တော့သည်။ ဒီကောင့်မာနက
မပေးချင်သေးတာပါ။

အခုနေထပ်ပြောနေလည်း မော်ရုံသာရှိမည်။ တစ်နေ့နေ့ ဒီ
ာင်အရှက်မရှိ ဝန်ခံလာမည့်နေ့ဆိုတာ ရှိလာဦးမှာပါပဲ။

အဲဒီနေ့ရောက်လာဖို့အတွက်ပဲ. . .။

***

ရွှေပြည်သိမ်းစာအုပ်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၀)

"ကသစ် ကိုယ့်ကို လက်မခံချင်တဲ့အကြောင်းရင်းကို ကိုယ် သွားပြီ"

"ရှင်"

ကားစက်မနှိုးသေးဘဲ ပြောလိုက်တာကြောင့် ဒီစကားကိုအ ကြီးကိစ္စလို့ ပြောလိုက်တာမှန်း ကသစ်ဖြူ သိလိုက်သည်။ သူမင့်ဓေ ၍ လှည့်ကြည့်မိစဉ်မှာ အောင်မျိုးသူ မချိုပြုံးပြုံး၍

"ကိုယ်နဲ့စကားပြောနေတဲ့တစ်ချိန်လုံး ထင်ရှားနဲ့ အေမိ့ဆိ မျက်လုံးက ရောက်နေတယ်၊ စိတ်နဲ့ကိုယ်လည်း မကပ်ဘူး၊ စိတ်တွေ ပါ ထင်ရှားဆီရောက်နေတာ မဟုတ်လား။ အေမီနဲ့ပတ်သက်မှုကို သ တိုပြီး စိုးရိမ်ပြီးတော့လေ"

"ဟို. . . အဲဒါ. . . အဲ. . . အဲလိုမဟုတ်ပါဘူး"

"ကသစ် ငြင်းချင်တာလား၊ ကိုယ်ကတော့ ဒီနေရာမှာ က ဟန်ဆောင်မကောင်းဘူးလို့ထင်တယ်၊ ကသစ် စိတ်ထဲရင်ထဲမှာ ထင် ရှိနေတယ်ဆိုတာ ရိုးရိုးသားသား ပွင့်ပွင့်လင်းလင်း ဝန်ခံပေးပါ ကသစ်"

"ရှင်. . . မ. . . မဟုတ်ပါဘူး"





"သူ့ကြောင့် ကိုယ့်ကိုလက်မခံနိုင်တာပါဆိုတာက ကိုယ့်အတွက် သာမယ်ထင်လို့ပါ၊ ဒီအတိုင်းငြင်းနေတော့ ကိုယ်ကဘာအရည်အချင်း တန်ဖိုးမှမရှိသလိုပဲ၊ လိုအပ်ချက်များနေလို့ မိန်းကလေးတစ်ယောက် အငြင်းခံရသလိုမျိုး ခံစားရလို့ပါ"

အောင်မျိုးသူက တကယ်ကို အတင်းအကျပ်အစ်အောက်ထုတ် သလိုပင်။ သူမ တကယ်ပဲဟန်ဆောင်မကောင်းခဲ့ဘူးလား။

ထိုနေ့က ထင်ရှားနှင့် အေမီတို့ရဲ့ရင်းနှီးပတ်သက်မှုကို သူမ မိနေခဲ့တာတော့ အမှန်ပင်။ ဖြေရှင်းပါမည်ဆိုသည့်ကိစ္စဖြစ်မလာ းဘဲ ဒီလိုရင်းနှီးနေဆဲဆိုလျှင် ပတ်ဝန်းကျင်က ဘယ်လိုမြင်မလဲ။ ဘယ်ဟုတ်နေလို့ပဲလို့ ထင်ကြမှာပင်။

သူမ ဒေါသလည်းဖြစ်သည်၊ စိတ်လည်းဆိုးသည်။ ကြီးကြီး ရှိမနေလျှင် ထိုအိမ်ကနေ သူမထွက်သွားမိတော့မှာပါ။

သူမကို မုန်းနေသော သူ့ရဲ့အိမ်မှာ သူမအရှက်မရှိနေစရာလား။

"ကသစ်"

"ရှင်"

"ထင်ရှား အကြောင်းတွေးနေပြန်ပြီလား"

"ဟင်. . . မ. . . မဟုတ်"

"ကသစ်ရယ်၊ လူတစ်ယောက်ကို မုန်းနေမှ သူ့အကြောင်း တွေးဘဲ ဥပေက္ခာပြုနိုင်တာပါ၊ ကသစ်က တစ်ချိန်လုံးတွေးနေတာ၊ က ဒီအနားမှာမရှိဘူး။ ဒါတောင်မဟုတ်ဘူးလို့ ငြင်းနေတုန်းပဲ"

"အမှန်အတိုင်းဝန်ခံရရင် သူနဲ့ကျွန်မချစ်သူတွေမဟုတ်ပါဘူး။ က ကျွန်မကို ငယ်ငယ်ကတည်းက မုန်းခဲ့တာပါ၊ ပြောရရင် ကျွန်မက ကိုငယ်ငယ်ကတည်းက သနားခဲ့တာ"

"ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



"''သူ့အမေနဲ့ခွဲရလို့လေ၊ ကျွန်မကို ဘယ်လိုပဲအနိုင်ယူပြီး ဆ
ဆံဆက်ဆံ၊ အဖေတစ်ယောက်က သူ့ကိုမချစ်တော့ဘူးလို့ထင်နေ
ခံစားချက်ကို ကျွန်မနားလည်တယ်၊ နိုင်ငံခြားကိုထွက်သွားတဲ့တစ်
လုံးမှာလည်း မုန်းတယ်လို့ သူပြောသွားတဲ့စကားကို ကျွန်မ မမေ့
ဘူး၊ သားသမီးတစ်ယောက် မိဘနဲ့ဝေးရတဲ့ဝေဒနာကို ကျွန်မကိုယ်
စာနိုင်တယ်''

''ဒီခံစားချက်တွေရှိနေရဲ့နဲ့ သူ့ကိုဘာလို့မုန်းချင်ဟန်ဆော
နေတာလဲ ကသစ်၊ မင်းကိုကိုယ်နားမလည်တော့ဘူး''

''ကျွန်မလည်း ကျွန်မကိုယ်ကျွန်မ နားမလည်ပါဘူး၊ ဒါပေ
မိန်းကလေးမာနလို့တော့ ထင်တယ်၊ အစက ဖော်မင်းနဲ့ ပြောက်ပင့်
တဲ့ကိစ္စတွေကိုတောင် သည်းခံလို့ရသေးတယ်၊ ပြော်..ငါ့ကိုလက်မ
ချင်လို့ပဲလို့ ဖြေနိုင်သေးတယ်ပြောတာ၊ အေမိနဲ့ပတ်သက်မှ ဘယ်
သည်းခံလို့မရတော့ဘူး၊ သူ့ကိုတိုက်ခိုက်ချင်စိတ်၊ အရှုံးတိုက် တုံ့ပြန်
စိတ်တွေပဲ ဖြစ်လာခဲ့တယ်''

''အဲဒါ သူ့ကိုချစ်လို့ သဝန်တိုနေတာပေါ့ ကသစ်ရယ်''

''ရှင်''

အောင်မျိုးသူ ခန့်မှန်းချက်မှန်နိုင်တာမို့ မျက်နှာတစ်ခုလုံးရှ
အမ်းကာ ထူပူသွားသည်။ စကားသံနှုတ်ဆိတ်သွားလျှက် အောင်မျိုး
နှင့် မျက်နှာချင်းမဆိုင်ရဲတော့ဘဲ ကားပြတင်းပေါက်ရဲ့အပြင်ဘက်
ငေးမောမိသည်။

''ကသစ်..ကိုယ်ကျေနပ်ပါတယ်''

''ဟင်''

ဘာပြောလိုက်မှန်းမသိတာကြောင့် သူမ မျက်နှာလေးပြန်လှ
လာသည်။



''မငြင်းဆန်တာ နှုတ်ဆိတ်သွားတာ ကသစ်ဝန်ခံတာပဲ မဟုတ်
ဘူး၊ ကသစ်ပြောသလိုပါပဲ၊ ကသစ်က မျှော်လင့်ချက်မပေးဘဲ ကိုယ်က
မျှော်လင့်ခဲ့တယ်၊ အဲဒီအတွက် ကသစ်မချစ်နိုင်တော့တဲ့အခါ မိတ်ဆွေ
အပေါင်းလိုတော့ ဆက်ပြီးခင်မင်ခွင့်ပေးပါ ကသစ်''

''ကျွန်မနဲ့ ကိုအောင့်ကြားမှာ အဲဒါတွေပြောစရာမလိုပါဘူး၊
ခုလည်း အလုပ်ကိစ္စမဟုတ်ဘဲ၊ ကိုအောင့်အမေအတွက် လိုအပ်တဲ့
ည်းဝယ်မှာကို လိုက်လာခဲ့တာပေါ့''

''ကျေးဇူးပါ ကသစ်ရယ်၊ ကိုယ့်မှာတခြားမိန်းကလေးအဖော်
ရှိလို့ ကသစ်ကိုခေါ်ရတာပါ၊ မေမေ့ကျန်းမာရေးက နိုင်ငံခြားသွားကု
တာလည်း မထူးလာဘူး၊ အခုနောက်ဆုံးအချိန်ရောက်နေပြီဆိုတော့
ကိုယ်တိုင်လှူတဲ့ပုံစံမျိုးနဲ့ အလှူဒါနလေးတွေ လုပ်ပေးချင်လို့ပါ၊ ဖေဖေ
လည်း မေမေ့အနားမှာပဲ အချိန်ပြည့်နေနေရတယ်လေ၊ အခု ဘယ်
ကုန်တိုက်သွားမလဲ ကသစ်''

''သင်္ကန်းတွေ လှူဖွယ်ပစ္စည်းတွေက ဘယ်ကုန်တိုက်မဆိုရှိ
တယ်၊ ဆွမ်းကပ်ဖို့တွေလည်း ဝယ်မှာဆိုတော့ နီးစပ်ရာကိုပဲ ဝင်လိုက်
ဘယ်နေရာမဆို အဆင်ပြေတာပဲ''

''ဟုတ်ကဲ့..အဲဒီနေ့ကျ ကသစ်လည်းလာခဲ့ပါဦးနော်၊ အိမ်က
ကောင်မလေးတွေကို စီမံပြီးခိုင်းပေးပါ''

''ဟုတ်ကဲ့ပါ ကိုအောင်..စိတ်ချပါ''

အောင်မျိုးသူက အနီးဆုံးကုန်တိုက်ကိုပဲ မောင်းလာခဲ့သည်။
ကုန်တိုက်ရောက်သည့်အခါမှာ နှစ်ယောက်သားတွန်းလှည်းလေးဖြင့်
လိုအပ်တာတွေကို တိုင်ပင်ပြီးဝယ်ဖြစ်ကြ၏။

ပစ္စည်းတစ်မျိုးကို နှစ်ယောက်ယူမိလို့ရယ်ရတာလည်း အမေ
င်း၊ အောင်မျိုးသူက မျှော်လင့်လို့မရတော့တာတောင် ဒီလိုအပြုံးမျက်

www.burmeseclassic.com

www.burmeseclassic.com



အခင်အမင်မပျက် ဆက်ဆံပေးနိုင်တာ သဘောထားကြီးသူပဲဟု လေး
မိသေးသည်။

"ကသစ်ဖြူ"

"ဟင်. . . ထင်ရှား"

ဘယ်လိုကဘယ်လိုမြင်သွားပြီး သူမတို့အနားကို ထင်ရှ
ရောက်လာသည် မသိပေ။ လူက ရှုံးရှုံးရှားရှားဒေါသတွေ ထွက်
လျက် မျက်နှာကြီးလည်း သုန်မှုန်နီမြန်းနေသည်။

"ဟယ်. . . ဘာလုပ်တာလဲ"

လက်ကိုဖျတ်ခနဲဆောင့်ဆွဲလိုက်တာမို့ သူမလန့်ဖျပ်ကာ အေ
လိုက်မိသည်။ ထင်ရှားက ဘယ်သူ့ကိုမှ ဂရုမစိုက်ဟန်ဖြင့် သူမလက်
လုံးဝလွှတ်မပေးဘဲ. . .

"ကုမ္ပဏီအလုပ်ပိတ်ရက် အိမ်မှာမရှိလို့ အိမ်အတွက်လိုအ
တာ ဈေးဝယ်သွားသလားမှတ်တယ်၊ မင်းက ဒီကောင်နဲ့လာပြီး ပျော်
နေတာကိုး။ မင်းတို့ကိုယ်မင်းတို့ ညားခါစလင်မယားလို ကြည်ကြည်နူး
ဈေးလျှောက်ဝယ်နေကြတာလား"

"ရှင်ဘာတွေ လျှောက်ပြောပြီးစွပ်စွဲနေတာလဲ၊ ကျွန်မတို့
သူ့အိမ်ကုသိုလ်လုပ်ဖို့ လိုအပ်တာ လာဝယ်ကြတာ"

"အဲဒါပြောတာလေ၊ သူ့အိမ်ကိစ္စ မင်းနဲ့ဘာဆိုင်လို့လဲ၊ လ
အခု အိမ်ပြန်လိုက်ခဲ့"

"မလိုက်ဘူး၊ ရှင်လွှတ်နော် ကျွန်မလက်ကို"

"ဘာလို့လွှတ်ရမှာလဲ၊ မင်းအခု ပြန်လိုက်ခဲ့"

"လိုက်လို့မရဘူး၊ ဈေးဝယ်လို့ မပြီးသေးဘူး၊ ရှင်ကျွန်မ
အနိုင်မကျင့်နဲ့နော်၊ ကျွန်မ သည်းမခံဘူး"

"မင်းက ဒီကောင့်ကြောင့် မာန်တက်နေတာလား၊ ငါ့ကို ကယ်



ဘာဆန်ဆက်ဆံရေး မပြေပြစ်တာ ဒီကောင့်ကြောင့်လား၊ ဒီမှာ အောင်
မျိုးသူ ငါ့ရှယ်ယာတွေ အကုန်ပြန်ထုတ်မယ်၊ မင်းအဖေကိုပြောလိုက်၊
အမြန်ဆုံးစီစဉ်ပေးပါလို့"

"ထင်ရှား"

ကသစ်ဖြူ စိတ်တိုသွားကာ ထင်ရှားလက်ကို ပုတ်ချလိုက်သည်။
မျက်လုံးတို့ကလည်း အကြည့်စိမ်းနေကာ

"စီးပွားရေးကိစ္စနဲ့ လူမှုရေးကိစ္စ ဘာဆိုင်လို့လဲ၊ သူတို့က
အလကားယူထားတာမဟုတ်ဘူး။ အကျိုးအမြတ်ခွဲဝေပေးနေတာ"

"ဒီကောင့်ဆီကရမယ့်ဟာဆို ငါဘာမှမလိုချင်တော့ဘူး၊ အခု
မင်းမလိုက်ဘူးဆိုရင်လည်း တစ်ခါတည်းထားခဲ့လိုက်မှာ"

"ဘာ"

"လိုက်သွားလိုက်ပါ ကသစ်ရယ်၊ ဒီနေရာမှာ ဒီလိုတွေအော်
ကြီးဟစ်ကျယ်ဖြစ်နေတာ မကောင်းပါဘူး။ အိမ်ကျမှမဟုတ်တဲ့အကြောင်း
သူ့ကိုသေချာရှင်းပြလိုက်ပါ"

"သူ့လို အရိပ်အကဲသေချာမသိဘဲ ရမ်းသမ်းစွပ်စွဲပုတ်ခတ်
စော်ကားတတ်တဲ့လူမျိုးနဲ့ မလိုက်နိုင်ဘူး။ မလိုက်ဘူး ရှင်သွား"

"မင်းမလိုက်ရင် ငါဖွတ်ဆွဲခေါ်မှာပဲ၊ မင်းကို ဒီကောင်နဲ့တော့
မထားခဲ့နိုင်ဘူး"

"ကသစ်. . . လိုက်သွားပါ ကသစ်ရယ်၊ ကိုယ်လည်း ဒီကောင်
နှိုင်းစိုင်းနေတာ သည်းမခံနိုင်တော့ရင် ပြဿနာကပိုကြီးသွားလိမ့်မယ်"

"ဟုတ်. . . ကျွန်မသွားလိုက်ပါ့မယ်၊ ကျွန်မ ကိုအောင့်ကို အား
နာပါတယ်ရှင်"

"ရပါတယ် ကသစ်ဖြူ၊ ကိုယ့်ကိုအားမနာပါနဲ့ သူနဲ့သာအဆင်
ပြေအောင်ညှိလိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုခွင့်ပြုပါဦး"

သူမ ရှေ့ကနေပဲ ခြေဆောင့်၍ ခပ်မြန်မြန်ထွက်လာခဲ့သည်။ ဒီလိုရိုင်းစိုင်းပုံမျိုးနှင့် ထင်ရှားဆီက ဘာမှကိုမမျှော်လင့်ချင်တော့ပါ။

"မင်းက ဘယ်သွားမှာလဲ၊ ငါ့ကားပေါ်တက်"

သူမ တက္ကစီတားဖို့ပြင်လိုက်စဉ်မှာ ထင်ရှားက လက်ကိုလှမ်းဆွဲပြီး သူ့ကားတံခါးကိုဖွင့်၍ တွန်းတင်သည်။ ပြီးတော့ တံခါးကိုလော့ချပစ်လိုက်၏။ ထင်ရှားရဲ့ အပြုအမူများက လူမိုက်ဆန်လွန်းတာမို့ သူမ အသည်းတွေယားနေရသည်။

"ထင်ရှား ရှင်အရမ်းလွန်တယ်၊ အောက်တန်းကျလွန်းတယ် သိလား"

"မသိဘူး. . . ငါ့ကိုယ်ငါ ဘာဖြစ်နေတယ်ဆိုတာ မသိတော့ဘူး မင်းနဲ့ပတ်သက်လာရင် ငါဘာမှမမြင်တော့ဘူး။ ဘာကိုမှဂရုမစိုက်ချင်တော့ဘူး"

"အဲလို မိုက်ရိုင်းရတာကို ရှင့်ကိုယ်ရှင်ဟုတ်လှပြီ ထင်နေလား ငါဒီလိုလုပ်လိုက်လို့ တခြားသူ ဘယ်လိုဖြစ်သွားနိုင်လဲ၊ ဘယ်လိုခံစားသွားရနိုင်လဲလို့ ရှင်ဘယ်တော့မှကိုယ်ချင်းမစာတတ်ဘူး။ နားလည်မပေးတတ်ဘူး"

"အဲလိုတွေဖြစ်နေလို့ ငါ့ကိုယ်ငါလည်း အပြစ်ပေးချင်ပါတယ်၊ ငါ့ကိုယ်ငါ မှားနေမှန်းလည်း သိတယ်၊ ဒါပေမဲ့ မင်းတခြားကောင်တွေနဲ့ အဲလိုတွေ ကြည်နူးနေရင် ငါ့ဒေါသတွေက ထိန်းလို့မရဘူး။ သွေးဆူပွက်တာ မိုက်ရိုင်းတာ ချုပ်တည်းလို့မရဘူး၊ အဲဒါဘာကြောင့်လဲ သိလား"

"မသိဘူး၊ ရှင် ကျွန်မကို မုန်းနေလို့ပဲရှိမှာပေါ့၊ ငယ်ငယ်ကတည်းက အငြိုးတွေနဲ့မုန်းနေခဲ့တာပဲ"

"မဟုတ်ဘူး၊ ငါမင်းကိုချစ်နေခဲ့တာ"



"ဘာ"

"ဟုတ်တယ်၊ အဲဒါကြောင့် တခြားကောင်တွေနဲ့ပတ်သက်ရင် ငါသဝန်တိုနေခဲ့တာ၊ ဇော်မင်းနဲ့ ကြီးကြီးက ဖြေသိမ့်တဲ့အခါမှာ ငါ့ကိုယ်ငါ ဝန်ခံရမှာရှက်နေခဲ့တယ်၊ ငါမုန်းခဲ့တဲ့မင်းကို ချစ်တယ်လို့ပြောရမှာ ငါ့မာနက ခွင့်မပြုနိုင်ဖြစ်နေခဲ့တာ၊ ဒါပေမဲ့ ငါမင်းကိုချစ်နေခဲ့တာပါ ကသစ်မြူ တကယ်ပါ"

"တော်. . . တော် ရှင်လျှောက်ပြောနေတာ၊ ရှင်ကျွန်မကို အနိုင်ကျင့်ဖို့ အနိုင်ယူဖို့ ဒီလိုစကားတွေနဲ့ သိမ်းသွင်းနေတာ၊ ရှင်ချစ်တယ် လို့ပြောတာ ကျွန်မ မယုံဘူး"

သူမ ခါးခါးသီးသီးပင် ခေါင်းယမ်းကာ ငြင်းဆန်လိုက်သည်။ သူ့ရဲ့ချစ်စကားအတွက် ရင်တွေဖျပ်ဖျပ်ခုန်သွားသော်လည်း မယုံကြည်ရဲပါ။ အမုန်းတွေနဲ့ပဲ တိုက်ခိုက်နေခဲ့သူ မဟုတ်ပါလား။

သူမလက်ကို သူ့လက်နှင့် အုပ်မိုးဆုပ်ကိုင်လာချိန်မှာ သူမ ဆတ်ခနဲ ရင်တုန်ကာ ရှုန်းထွက်လိုက်မိသည်။

"ကျွန်မကို ကားတံခါးဖွင့်ပေး ထင်ရှား၊ အေမီနဲ့ ဟိုးလေး တကျော်ဖြစ်ထားတဲ့လူရဲ့စကားကို ကျွန်မဘာလို့ ယုံရမှာလဲ၊ ကျွန်မကို လက်မကောပ်ချင်လို့ ကိုဇော်မင်းနဲ့လွှတ်ပေးတယ်၊ အေမီနဲ့တွဲတယ်၊ ဒီလို တွေလုပ်နေရဲ့နဲ့ ကျွန်မကို ဘာတွေအယုံသွင်းပုံပြောနေတာလဲ၊ ကျွန်မ ကလေးမဟုတ်တော့ဘူး၊ သူငယ်နှပ်စားအရွယ်လေးမဟုတ်တော့ဘူး"

"မင်းယုံအောင် ငါတမင်ပုံပြောနေတာမဟုတ်ပါဘူး ကသစ်မြူ၊ တကယ်ပါ၊ တကယ်ပြောတာ"

"ဟင့်အင်း. . . ကျွန်မကို ကားတံခါးဖွင့်ပေး ထင်ရှား။ ရှင်ကျွန်မ အပေါ်လိုက်လျောမှုတွေရှိလာမှ ကျွန်မ ယုံနိုင်မယ်၊ အေမီနဲ့ကိစ္စပြတ်သားသားဖြစ်မှ ကျွန်မယုံနိုင်မယ်၊ ရှင့်မှာကျွန်မနဲ့ပတ်သက်ပြီး မာန

www.burmeseclassic.com

www.burmeseclassic.com



တွေမရှိတော့မှ ကျွန်မယုံကြည်နိုင်မယ်''

''ကောင်းပြီ၊ မင်းဆန္ဒတွေအတိုင်း မင်းဖြစ်ချင်တဲ့အတိုင်း ဖြစ်စေရပါ့မယ်၊ ကဲ. . မင်းသွားပါ''

သူမစိတ်တိုင်းကျ ကားတံခါးကိုဖွင့်ပေးလိုက်သည်။ ဝေးကွာသွားသော ခြေလှမ်းတွေ သူ့ကိုခွဲခွာထားခဲ့တာမျိုးမဖြစ်အောင် သူကြိုးစားရမှာပါ။

''တူ. . တူ''

ကသစ်ဖြူ စီးသွားသော တက္ကစီကားနောက်ကလိုက်လာခဲ့ရင်း သူ့ဖုန်းမြည်လာတာကြောင့် နားကြပ်တပ်ကာ နားထောင်လိုက်ရသည်။

''ဟယ်လို ထင်ရှားလား''

BURMESE CLASSIC

''ဩော်. . ဟုတ်ကဲ့ အန်ကယ်''

''မင်းအားရင် အန်ကယ့်ရုံးခန်းကို ခဏလာခဲ့ပါကွာ''

''ဗျာ. . ဟုတ်ကဲ့ ကျွန်တော်လမ်းပေါ်မှာဆိုတော့ အခုပဲလာခဲ့လိုက်ပါ့မယ်''

သူဖုန်းပိတ်ပြီး ရှေ့နေကြီးရုံးခန်းကို မောင်းလာခဲ့လိုက်သည်။ ရှေ့နေကြီးက ကော်ဖီတစ်ခွက်နှင့် အဆင်သင့်စောင့်နေ၏။

''ဘာများအရေးကြီးကိစ္စရှိလို့လဲ အန်ကယ်''

''မင်းအတွက် အချိန်တစ်လပဲလိုတော့တာ မေ့နေသလားလို့ပါ''

''ဗျာ. . တစ်လ''

''မင်းနဲ့ ကသစ်ဖြူ လက်ထပ်ဖို့လေ၊ မင်းကလက်မထပ်ချင်လို့ အချိန်ဆွဲနေတာလား၊ ဒါမှမဟုတ် ဂျာနယ်ထဲမှာပါတဲ့ အေမီဆိုတဲ့ ကောင်မလေးနဲ့ လက်ထပ်ဖို့ စီစဉ်နေတာကြောင့်လား''

''ဗျာ. . မဟုတ်ပါဘူး၊ ကျွန်တော် ကသစ်ဖြူကို လက်ထပ်မှာပါ၊ လက်ထပ်ဖို့အတွက် ကျွန်တော်ကြိုးစားနေပါတယ်''



''ဟုတ်လို့လား၊ ကသစ်ဖြူကတော့ အေမီနဲ့ပတ်သက်သမျှတွေ၊ မင်းရဲ့အပြုအမူတွေကြောင့် မင်းကိုလက်မထပ်နိုင်ဘူးလို့ ဖိုးလုံးတို့မင်္ဂလာဆောင်ပြီးနောက်နေ့မှာ လာပြောသွားတယ်''

''ဗျာ''

''ဘာပိုင်ဆိုင်မှုမှလည်း မမက်ဘူး၊ ဘာမှလည်းမလိုချင်ဘူး၊ သူ့ဘက်က ဘာမှချုပ်ကိုင်မထားတဲ့အတွက် မင်းလက်ထပ်ချင်တဲ့သူနဲ့ လက်ထပ်ပြီး ပိုင်ဆိုင်မှုတွေအားလုံး မင်းကိုလွှဲပေးလိုက်ပါတော့တဲ့၊ သူ အဲလိုလာပြောသွားတဲ့အတွက် သူတခြားတစ်ယောက်နဲ့ လက်ထပ်ခြင်း လက်မထပ်ခြင်းက ဘောင်မဝင်တော့ဘူး၊ မင်းသူ့ကိုလက်မထပ်လည်း ပိုင်ဆိုင်မှုတွေ မင်းပဲရတော့မှာ၊ ဘယ်လိုလဲ၊ အန်ကယ် ဘယ်လိုစီစဉ်ပေးရမလဲ''

''ဟာ. . ဘာမှမစီစဉ်ပါနဲ့၊ ဒယ်ဒီ့ဆန္ဒအတိုင်းပဲ ဆက်လုပ်သွားပါ၊ ကျွန်တော် ကသစ်ဖြူကိုလက်ထပ်ပြီး ကလေးတစ်ယောက်ရမှပဲ လွှဲပေးပါ''

''ဟိုက လက်မထပ်တော့ပါဘူးဆိုတဲ့ဟာကို မင်းကဘယ်လိုဖြစ်''

''ဖြစ်တယ် ဖြစ်အောင်လက်ထပ်မှာ''

ထင်ရှားဖွတ်တရွတ်ဖြစ်လာပုံကိုကြည့်ပြီး ရှေ့နေကြီးပြုံးလိုက်မိသည်။ ဒီလိုလောပေးမှ ထင်ရှား သွေးပူလာမှာပါ။

ထင်ရှားက ဘာတွေစိုးရိမ်နေမှန်းမသိဘဲ၊ နှုတ်ဆက်ဖို့ သတိမရစွာ ကောက်ခါငင်ခါ ပြန်သွားသည်။ လူတွေကမရနိုင်မှ ပိုလိုချင်ကြသည့်အမျိုးပါလား၊ ထင်ရှား ဘယ်လောက်ထိလိုချင်နေသည်ဆိုတာတော့. .။

***

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄၁)

"ကသစ်ဖြူရော ကြီးကြီး၊ ကသစ်ဘယ်သွားလဲ"

"သူ့အိမ်ဘက်မှ ဒီအိမ်က ထွက်သွားတော့မယ်ဆိုပြီး အထုပ်အပိုးပြင်နေတယ်"

"ဗျာ. . . သူက ဘာလို့ထွက်သွားမှာလဲ"

"အဲဒါတော့ မင်းဘာသာ သွားမေးကြည့်ပေတော့၊ ကြီးကြီးလည်း မတားနိုင်တော့ဘူး"

"ဟာဗျာ"

ထင်ရှား ဂျာနယ်ကိုကိုင်ထားလျက် ဟန်ဆောင်ထိန်းချုပ်မနေနိုင်ဘဲ ပြေးထွက်လာခဲ့သည်။ ကသစ်ဖြူ ဒီအိမ်ကထွက်သွားလို့မဖြစ်ပါ။ သူ့ကိုထားခဲ့လို့မဖြစ်ပါ။

"ကသစ်ဖြူ. . . မင်းဒါဘာလုပ်နေတာလဲ"

"ရှင်နဲ့ မျက်နှာချင်းဆိုင်ရမှာစိုးလို့ ရှင်နဲ့ဝေးတဲ့နေရာကို ထွက်သွားတော့မလို့"

"ဘာလို့လဲ၊ ဘာဖြစ်လို့လဲ"

"အေမီနဲ့ မပြတ်သေးဘဲ၊ ကျွန်မကိုချစ်တယ်လို့ပြောတာ ပိုင်ဆိုင်မှုတွေ လိုချင်လို့မဟုတ်လား။ စော်ကားခံရတယ်ထင်လို့ ရှင့်အရိပ်





ာမနေချင်တော့တာ ထင်ရှား၊ ရှင်သိပြီလား"

"မင်းထင်သလို ဖွတ်ပြောနေလို့မဖြစ်ဘူး ကသစ်ဖြူ၊ ဒီမှာ ဂျာနယ် အဲဒီထဲမှာ အေမီနဲ့ငါ ဘာမှမဖြစ်ပါဘူး၊ မဟုတ်ပါဘူးဆိုတဲ့ ဖြေရှင်းချက်တွေပါတယ်၊ အေမီနဲ့ငါက အရင်ကလည်း ဘာမှမဟုတ်ဘူး၊ အခုလည်း ဘာမှမဟုတ်ဘူး၊ သူ့အတွက် စပွန်ဆာလိုလို့ ငါ့ကိုချဉ်းကပ်တာ ဒါပဲ၊ အခုမင်း ဒီဂျာနယ်ကိုဖတ်ကြည့်"

"ဟင်"

မဟုတ်ဘဲနှင့်တော့ ထင်ရှား ရဲရဲတင်းတင်းပြောမည်မထင်။ သက်သေခိုင်လုံစွာ ဂျာနယ်ကိုတောင်ယူလာမှတော့ ဒီကိစ္စကိုအရှက်ပြေနှင့်လွှတ်လိုက်လို့ ဖြစ်မလား။

"အဲဒါရှင့်ကိစ္စပဲ၊ ကျွန်မ စိတ်မဝင်စားတော့ဘူး ထင်ရှား၊ ရှင်ကျွန်မကိုချစ်တယ်လို့ပြောတာ၊ တစ်နှစ်ပြည့်တော့မှာမို့ ပိုင်ဆိုင်မှုတွေရတော့မှာလည်း စိုးရိမ်နေတယ်မဟုတ်လား"

"ကသစ်ဖြူ မင်းငါ့ကိုအပြစ်ရှာလို့ မပြီးတော့ဘူးလား၊ မင်းကို အကယ်ချစ်မိသွားလို့ ငါ့မာနတွေကိုတောင် ခဝါချထားလိုက်တာပါ၊ မင်းမယုံရင် ငါဘာလုပ်ပြရမလဲပြော"

"ကျွန်မ အောင်မျိုးသူနှင့် လက်ထပ်တော့မှာပါ"

"ဘာ"

"ကုန်တိုက်က အဖြစ်အပျက်က သူ့ကိုအရမ်းအားနာဖို့ကောင်းတယ်၊ ရှင်စိတ်ထင်သလို စွပ်စွဲနေတာတွေက တစ်ဖက်သားကို ထိခိုက်စော်ကားသလိုဖြစ်တယ်ဆိုတာ ရှင်မသိဘူးမဟုတ်လား"

"ဒါကတော့ မင်းကိုချစ်တဲ့ စိတ်နဲ့တခြားသူတွေကို အကောင်းမမြင်နိုင်တာ ငါဘာတတ်နိုင်မှာလဲ ကသစ်ဖြူ၊ အဲဒါငါမှားသလား"

"ရှင်သူတို့ဆီက ရှယ်ယာတွေ တကယ်ထုတ်မှာလား"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါပြောပြီးသားပဲလေ၊ မင်းလည်းသူ့ဆီမှာ အလုပ်မလု
ရတော့ဘူး။ ဒီကောင်နဲ့ လုံးဝစိတ်မချဘူး။ ဘယ်ကောင်နဲ့မှကို စိတ်မ
တာ"

ထိုစကားကိုကြားရချိန်မှာ သူမရင်တွေ တဆတ်ဆတ်ခုန်သွား
သည်။ အချစ်ဆိုတာ ဒီလိုသဝန်တိုတတ်မှုမျိုးကစတာမဟုတ်ပါလား
သူမလည်း သူနှင့်အေမီကို ဒီလိုပဲ သဝန်တိုမိတာပါ။ ဒါဆို သူမတို့
ယောက်လုံးရဲ့ရင်ထဲမှာ အချစ်တွေရှိနေကြသည်ပေါ့။

"ကသစ်"

"ဟင်"

သူမရှေ့မှာ ထင်ရှား ဒူးထောက်ထိုင်ချလိုက်၍ သူမအံ့အား
သင့်ထိတ်လန့်သွားရလေသည်။

"ရှင်. . . ရှင် ဒါဘာလုပ်တာလဲ"

"မင်းကိုချစ်မိလို့ ငါ့မာနတွေ ဘယ်လောက်ချထားတယ်ဆို
တာ မင်းသိစေချင်လို့ပါ၊ ငါ့အချစ်တွေကို ယုံကြည်ပေးပါ ကသစ်ဖြူ"

"ထ. . . ထပါ ခုံပေါ်မှာထိုင်"

"မင်း ငါ့အချစ်တွေကို ယုံကြည်တယ်လို့ပြောပေးပါ ကသ
ဖြူ။ ပြီးတော့ ငါ့ကိုထားခဲ့ပြီး ဒီအိမ်ကထွက်မသွားပါဘူးလို့လည်း က
ပေးပါ"

ထင်ရှားက ပေကပ်စွာထိုင်နေဆဲပင်၊ အရှင်သခင်လိုဖြစ်ခဲ့သည်
လူက ဒီလိုမျိုးတွေလုပ်နေတော့၊ သူမ မနေတတ် မထိုင်တတ်ဖြင့် အားန
နေမိရသည်။ သူမလည်း သူ့လိုပင် ဒူးထောက်ထိုင်ချ၍ သူနှင့်မျက်န
ချင်းဆိုင်လိုက်ကာ

"ရှင် ကျွန်မကို တကယ်ချစ်တယ်ဆိုရင် အဲလိုမလုပ်ပါနဲ့ ထင်
ရှား။ ကျွန်မရဲ့နှလုံးသားက ရှင်အရှုံးပေးတာကို မခံစားနိုင်လို့ပါ၊ အချ



ွနဲ့ဆိုရင် ရှင်ကျွန်မကိုအနိုင်ယူပါ၊ ကျွန်မအပေါ် ဆိုးချင်သလောက်
ပါ"

"ကသစ်"

"ကျွန်မ ရှင့်ကိုတိုက်ခိုက်နေခဲ့တာ ရှင့်ကိုမုန်းလို့ မဟုတ်ပါ
။ ရှင်လုပ်ခဲ့သမျှ အပြုအမူတွေကို စိတ်ဆိုးလို့လည်း မရပါဘူး။ အေမီနဲ့
သက်တာကိုသာ သဝန်တိုမိတာပါ"

"ဒါဆို မင်းလည်းငါ့ကိုချစ်တာပေါ့"

"အင်း"

"ဟား"

သူမ ခေါင်းညိတ်ပြမိစဉ်မှာ ထင်ရှားက သူမကိုယ်လေးကို
ဖက်လာသည်။ ရင်ခုန်နေတာမို့ သူမ မရုန်းဖယ်မိတော့၊ အနွေးဓာတ်
နှင့် သူ့ရင်ခွင်ကျယ်မှာ ငြိမ့်ညောင်းစွာ ခိုဝင်နေလိုက်သည်။

ဟန်ဆောင်ထိန်းချုပ်ရတာ ပင်ပန်းလှသည်မဟုတ်လား။

ဒီနေ့ကစပြီး ကျွန်မ ဟန်မဆောင်တော့ဘူး ထင်ရှား။ ရှင်လည်း
န်မဆောင်ပါနဲ့တော့။

ကျွန်မတို့ ပွင့်လင်းစွာ ချစ်ကြမယ်လေနော်. . .။

❄❄❄

www.burmeseclassic.com